www.burmeseclassic.com

# နှင်းကျမြိုင်

# တောင်များပေါ်ကတိမ် တိမ်များပေါ်ကငှက်



BURMESE CLASSIC

www.burmeseclassic.com

Graphic Design Wai Yan

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၄၄၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၉၈၀၆၀၂

ထုတ်ဝေသူ

ဒေါ်ငွေးငွေးမြင့် (မြ-၀၃၀၄၁)

ရင်သွေးငယ်စာပေ

၁၁၄/စီ၊ မီးရထားရိပ်သာ၊

စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံ၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း

ဝေယံ (လင်းထက်ဦး)

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဧပြီလ

တန်ဖိုး - ၇၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

www.burmeseclassic.com

www.burmeseclassic.com

# ၁ တောင်များပေါ်တတိမ် တိမ်များပေါ်ကငှက်

ရာသီက မိုးနှောင်းကာလ။ အနောက်တောင်ပင်လယ်များဆီကနေ အရှေ့နှင့် မြောက်ဘက်မြေပြန့်နှင့် တောင်တန်းကုန်းပြင်မြင့်များအထိ မိုးရာသီတစ်ခုလုံး ကျူးကျော်ဝင်ရောက် လွှမ်းမိုးခဲ့သော မုတ်သုံလေသည် မိမိသယ်ဆောင်ခဲ့သော မိုးစက်ရေစများတို့ ပြည်မြန်မာတစ်ခွင်လုံး ရွှဲရွှဲစိုအောင် စိတ်တိုင်းကျ ကြဲပက်ချပြီးနောက် မိမိလာရာအရပ်ဖြစ်သော အဏ္ဏဝါ ပင်လယ်သမုဒ္ဒရာများဆီ ပြန်လည်ဆုတ်ခွာနေသောရာသီ။

အချိန်က ညနေငါးနာရီ ပတ်ဝန်းကျင်။

တော်သလင်းနေ ပူစွန်သေဆိုသော စကားအတိုင်း မိုးမရွာသော နေ့တစ်နေ့လုံး ကျဲကျဲတောက် ပူပြင်းခဲ့သော ရှင်နေမင်းတစ်ယောက် မိမိရောင်ဝါများကို အပြီးတိုင် မရုပ်သိမ်းသေးသော်လည်း နေ့ခင်းကလိုတော့ မာန်မတင်းနိုင်တော့။

အနောက်ဘက် ကောင်းကင်တစ်ခွင်တွင် ဆည်းဆာနေအဖြစ် တိမ်တိုက်တိမ်စိုင်တစ်ချို့၏ နောက်ကွယ်မှာ မှိန်ဖျော့ဖျော့ [illegible]ရင်း နောက်ဆုံးကျန်ရှိသည့် စွမ်းအင်တန်ခိုးသတ္တိ [illegible] အနောက်လောကဓာတ်ကို ရွှေရောင်၊ ဆနွင်းရောင်၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်၊ ပုစွန်ဆီရောင် ပန်းချီဆေးများဖြင့်သာ ရေးပက်နေတော့သော အချိန်။

ထိုရာသီ ထိုအချိန်သည် ဧရာဝတီမြစ်ကမ်းနံဘေး၌လည်း ရှိသော၊ ရန်ကုန်မြို့မှ မိုင်တစ်ရာ့ခြောက်ဆယ်ကျော် တစ်ရာ့ခုနှစ်ဆယ်နီးပါးမျှလည်း ဝေးသော သရေခေတ္တရာခေါ် ပြည်မြို့၏ အဝင်၊ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ ဖိုးဦးတောင်နှင့် ဖီလာဘက်၊ မြစ်အရှေ့ဘက်ကမ်းမှ အလောင်းတော် ကဿပတောင်ဟု အများကသိသည့်အရပ်ခေါ် မင်းကြီးတောင်အတွက် အလှပဆုံးအချိန်ဟစ်အိချိန် ဖြစ်သည်။

မိုးရက်များကို အစအဆုံးနီးပါး ကျကျနနဖြတ်သန်းပြီးခဲ့ပြီမို့ ဒေသပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း စိမ်းလန်းစိုပြည်နေလေသည်။

တစ်နေ့ကာ အစာရှာချိန် ကုန်ဆုံးပြီး အိပ်တန်းတက်ချိန်လည်း နီးကပ်နေသည့်အတွက် ကျနေ၏နေပြောက်တချို့သာ တိုးတိုးဝှေ့ဝှေ့ ဝင်ရောက်ဖောက်ထွင်းနိုင်သော သစ်ပင်တောအုပ်ကြီးငယ်များမှာ ကျေးသံငှက်သံများကလည်း တစီစီတစာစာ ကြားနေရသည်။ ထိုကျေးငှက်သံတို့မှ လွဲလျှင်တော့ မင်းကြီးတောင်၏တောင်ဘက် ကားလမ်းတစ်လျှောက်မှာ တိတ်ဆိတ်အေးချမ်းနေသည်။

တောင်တက်လမ်းဟု လမ်းအစတွင် ကမ္ပည်းရေးထိုးဆိုင်းဘုတ်ချိတ်ဆွဲထားသော ထိုကတ္တရာလမ်းလေးက မင်းကြီးတောင်၏ အနောက်ဘက်တောင်ခြေမှ ရန်ကုန်ပြည်သွား ကားလမ်းမကြီးကဲ့သို့ ကားအသွားအလာ များပြားသော လမ်းမဟုတ်



အများအားဖြင့် ထိုလမ်းကို တောင်ပေါ်ရှိ မိုက်ကရိုဝေ့ဆက်သွယ်ရေးစခန်းမှ ကားများနှင့် တောင်ပေါ်မှ ဇေဒါရီဂူ၊ အလောင်းတော်ကဿပဂူ၊ အစရှိသော ဘုရားများကိုလာဖူးသော ဘုရားဖူးကားတစ်ချို့သာ အသုံးပြုကြသည်။

သည်အချိန်မှာတော့ ဘုရားဖူးကားများလည်း မလာသလောက်ရှိသွားပြီ။ ဆက်သွယ်ရေးစခန်းနှင့် အစိုးရအရာရှိနေအိမ်များမှ ကားများကလည်း တစ်စီးနှင့်တစ်စီး အချိန်အတော်ကြာခြား၍သာ ဆင်းတက်ကြသဖြင့် ကားအသွားအလာ မရှိသလောက်ဟုပင် ဆိုနိုင်၏။ ထို့အတူ လူသွားလူလာလည်း အတော်လေးနည်းနေပြီ ဖြစ်သည့်အချိန်။

ထိုအချိန်တွင် ထိုငြိမ်သက်တိတ်ဆိတ် အေးချမ်းနေသည့် တောင်တက်လမ်းအတိုင်း မင်းကြီးတောင်ပေါ်သို့ တက်လာသည့် လူသားနှစ်ဦးကတော့ ပတ်ဝန်းကျင် တောတောင်သဘာဝကဲ့သို့ မဟုတ်ဘဲ ရယ်မောပျော်ရွှင်၍ မြူးတူးသွက်လက်နေကြသည်။

တစ်ချက်တစ်ချက်တွင်လည်း တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်မှ ကျေးသံငှက်သံများကို ကျော်လွှားပြီး ဆယ်ကျော်သက်မိန်းကလေးတစ်ဦး၏ ခိုးခိုးခစ်ခစ်ရယ်သံနှင့် လွင်လွင်စာစာ စကားသံလေးများ ထွက်ပေါ်လာသည်။ ထိုအသံနှင့် မရှေးမနှောင်းသို့တည်းမဟုတ် ရောထွေးလျက်လည်း အသက်သုံးဆယ်မပြည့်တပြည့် ယောကျ်ားလူရွယ်တစ်ယောက်၏ ယောကျ်ားဆန်ဆန် အသံလုံးကြီးကြီးနှင့် ရယ်မောလိုက်သံ၊ စကားသံများကို ကြားနိုင်နေသည်။

သူတို့နှစ်ဦးသည် သက်တူရွယ်မျှ ရှေ့သွားနောက်လိုက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အညီဟု ပြောနိုင်သော ချစ်သူများတော့မဟုတ်။

သို့သော် အသက်အရွယ်ကွာခြားသည့်တိုင် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြသော ချစ်သူများဖြစ်သည်ဟုကား အလွယ်နှင့် ဆုံးဖြတ်နိုင်သည်။

ဆယ်ကျော်သက်မိန်းကလေးငယ်သည် အသက်သုံးဆယ်ခန့်အရွယ် သူမ၏ချစ်သူကို လမ်းလျှောက်လာရင်းနှင့်ပင် လွတ်ထွက်ပျောက်ဆုံးသွားမှာ အရမ်းစိုးရိမ်နေသည့်အလား လမ်းတစ်လျှောက်လုံး ကုတ်ကတ်ဖက်တွယ်ထားလျက် ရယ်လိုက် မောလိုက်၊ စလိုက်နောက်လိုက်ဖြင့် စကားတွေတရစပ် ပြောလာသည်။

လူရွယ်ကလည်း သူ့ကို ကုတ်ကတ်ဖက်တွယ်ထားသည့် ချစ်သူမိန်းကလေးကို ပြန်၍ပွေ့ချီထားလုမတတ် ယုယတွဲဖက်လျက် မိန်းကလေး၏ စကားလေးများကို အရမ်းကျေနပ်နေသော မျက်နှာနှင့်နားထောင်လိုက် ရယ်လိုက်၊ တချို့နေရာများတွင် တုံ့ပြန်ဖေးမ ဝင်ပြောပေးလိုက်ဖြင့်သာရှိပြီး၊ ဘေးပတ်ဝန်းကျင် ဘာကိုမှ အာရုံမစိုက်။ တစ်လောကလုံးကို နှစ်ယောက်လုံးက မေ့လျော့ထားလိုက်ကြပုံရသည်။

သည်နေရာ၊ သည်ဒေသ၊ သည်ရာသီ သည်ကာလနှင့် တွဲစပ်လျက် သည်မြင်ကွင်းလေးသည် စိတ်ဝင်စားဖွယ်၊ ကြည်နူးဖွယ်၊ ရင်ခုန်ဆွတ်ပျံ့ဖွယ်နှင့် အားကျဖွယ်လည်း ကောင်းလှသည်။

အကယ်၍သာ တစ်စုံတစ်ယောက်သောသူသည် အကြောင်းတစ်စုံတစ်ရာဖြင့် ထိုအချိန်ထိုနေရာသို့ ရောက်ရှိသွားပြီး သူတို့နှစ်ဦး၏အပါးသို့ တစ်နည်းနည်းဖြင့် သူတို့မသိအောင် ချဉ်းကပ်သွားခွင့်ရမည်ဆိုပါက သူတို့၏အမူအရာနှင့် သူတို့၏ပြော



ဆိုနေသော စကားများကို အရင်းအတိုင်းကြားသိမြင်တွေ့ခွင့်ရကြမည်ဖြစ်ပေသည်။

ထို့အပြင် ထိုမှနေ အစပြု၍ သူတို့နှစ်ဦး ကြုံတွေ့သွားကြရတော့မည်ဖြစ်သော ရင်နာကြေကွဲ သနားစာနာဖွယ် ကောင်းလှသည့် စိတ်ဝင်စားစရာ ဒဏ္ဍာရီနတ်သမီးပုံပြင်ဆန်လှစွာသော သူတို့နှစ်ဦး၏ ဇာတ်လမ်းလေးတစ်ပုဒ်ကိုလည်း မိတ်ဆက်မြည်းစမ်းခွင့် ရလိမ့်မည်ဖြစ်ပေ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(တစ်)

## စတင်ခြင်းနှင့် ပြောင်းလဲခြင်း



### အခန်း (၁)

"ဟား. . . ဟား၊ ကိုကြီးက သိပ်ရယ်ရတာပဲကွာ၊ ဒါလေး ပြောတာများ သူ့မှာဖင်တုံးလုံးနဲ့ လမ်းမပေါ်လျှောက်ပြေးရတာ ကျနေတာပဲ၊ မျက်နှာကြီးရဲတွတ်ပြီး ရှက်နေလိုက်တာ၊ လုပ်ပါဦး၊ နောက်တစ်ခေါက်လောက် ထပ်ပြောပါဦး"

"ဟာ. . . တော်ပြီ ဖူးမွန်ရာ၊ ဒီစကားချည်း ကိုကြီး ပြောလာရတာ အခေါက်တစ်ရာလောက်ရှိပြီ၊ ဒီ့ပြင်အကြောင်းပြောနိုင်းဦး၊ အဲဒီစကားကြီးက ခဏခဏ ထပ်ပြောလို့ကောင်းတာမဟုတ်ဘူး"

"အမယ်. . . ဘာလို့မကောင်းရမှာလဲ၊ ကောင်းတယ်၊ ခဏခဏလဲ ပြောရမှာပဲ၊ တစ်သက်လုံးလဲ ပြောရမှာပဲ၊ အခါတစ်ရာမကလို့ အခါကုဋေရှစ်ဆယ်ရှိလဲ နားထောင်ရတာမဝဘူး၊ ထပ်ပြောဦး၊ နော်. . . ကိုကြီးနော်"

"ဟား. . . ဟား၊ ဒုက္ခပါပဲ၊ ငါတော့ ဒီကလေးမနဲ့ ခက်နေပြီ အဲဒါ ကလေးကလားစကားကွ၊ ကိုကြီးက လူကြီးဖြစ်နေပြီ၊ ခဏ

www.burmeseclassic.com

www.burmeseclassic.com



ခဏ မပြောခိုင်းနဲ့၊ ရှက်တယ်"

"ဟင့် . . . မရှက်ရပါဘူး ကိုကြီးရာ၊ သူများတွေကြား အောင်ပြောခိုင်းတာမှမဟုတ်ဘဲ၊ ကိုကြီးနဲ့ဖူးမွန်နှစ်ယောက်တည်း ပြောရတာ၊ ကိုကြီးနဲ့ဖူးမွန်ကြားမှာ လူကြီးလဲမရှိဘူး၊ လူငယ်လဲ မရှိဘူး၊ ရှက်တာလဲမရှိဘူး၊ ကြောက်တာလဲမရှိဘူး၊ ပြောပါ ကိုကြီးရာ၊ ဖူးမွန်ကြားချင်လို့ ထပ်ပြောစမ်းပါ၊ ကိုကြီးပြောရမှာ ရှက်နေရင် ဖူးမွန်က ပြန်မေးပေးမယ်နော် . . . နော်လို့"

"ကဲ . . . ကဲ . . . အဲလောက်ဖြစ်နေရင်လဲ မေး . . . မေး"

"ကိုကြီး ဖူးမွန်ကို ချစ်ရဲ့လား"

"ဟင်း . . . ချစ်တယ်၊ ချစ်တယ်၊ ကိုကြီး ဖူးမွန်ကို အများကြီးချစ်တယ်"

"အများကြီးဆိုတာကော တကယ်အများကြီးလား"

"အင်း . . . မရေမတွက်နိုင်အောင် အများကြီး"

"အင်္ဂလိပ်လိုပြော"

"**Infenity** အသင်္ချေ အနန္တ မရေမတွက်နိုင်သော . . ."

"နောက်တစ်ခုရှိပါသေးတယ် ကိုကြီးကလဲ"

"အဲဒါက အရေအတွက်မဟုတ်ဘူး ဖူးမွန်ရဲ့ အဆုံးမရှိတဲ့ ကာလအထိ ချစ်မယ်လို့ပြောတာ၊ အဆုံးမရှိတဲ့ကာလ . . . . **Eternity** အထိ"

"ကိုကြီး ဖူးမွန်ကိုချစ်တာ **Infenity** လား၊ **Eternity** လား"

"နှစ်ခုစလုံးပဲ၊ **Infenity** အချစ်နဲ့ **Etrnity** ချစ်တာ"

"ဟား . . . ဟား၊ နားထောင်လို့ကောင်းလိုက်တာ ကိုကြီးရာ၊ နောက်တစ်ခေါက် ထပ်ပြောပါဦး၊ ဒီတစ်ခါ အပြည့်အစုံ



ဖူးမွန်ကို ကိုကြီးက **Infenity** အချစ်နဲ့ **Eternity** အထိချစ်တယ်လို့"

"ဖူးမွန်ကို ကိုကြီးက **Infenity** အချစ်နဲ့ **Eternity** အထိချစ်တယ်ဗျာ"

"အဲဒါဆို ဖူးမွန်ကလဲ ပြောပြမယ်၊ နားထောင်၊ ဖူးမွန်ကျတော့ ကိုကြီးကို အဲဒီထက်မိုချစ်တယ်၊ ဖူးမွန်က ကိုကြီးကို **Infenity** မကတဲ့အချစ်နဲ့ **Eternity** ထက်လွန်ပြီးတောင် ချစ်တယ်၊ သိလား"

"လုပ်လိုက်လေ၊ ကြာသလားလို့၊ ဖူးမွန်တို့ကတော့ ဟုတ်တာမဟုတ်တာ အပထား၊ သူများထက်တော့ နည်းနည်းလေး ပိုလိုက်ရမှ ကျေနပ်တာလေ"

"ဒါပေါ့၊ ဖူးမွန်ချစ်တာ ကိုကြီးထက်သာတယ်၊ ဗြဲ ဟဲ"

"ဟား . . . ဟား၊ ပြောလဲပြောသေးတယ်၊ ကိုယ့်ဟာကိုယ် လဲမဟုတ်မှန်းသိတော့ ရယ်ချင်နေတယ် မဟုတ်လား"

"အမယ် . . . မဟုတ်ပါဘူးနော်၊ ဖူးမွန်က ကိုကြီးထက် သာအောင် ချစ်တဲ့အကြောင်း ပြောပြနိုင်လို့ရယ်တာ၊ အချစ်ချင်း ပြိုင်ရင် ဖူးမွန်ကို ကိုကြီး ဘယ်တော့မှမနိုင်စေရဘူး"

"ပြောတော့ဖြင့် ကိုကြီးစကားလုံးတွေ ယူပြောပြီး"

"ယူပြောတာဘာဖြစ်လဲ၊ ဒါပေမယ့် ဖူးမွန်နိုင်တာပဲ မဟုတ်လား"

"ကောင်းတယ်ကွာ၊ ကဲ . . . နိုင် . . . နိုင်၊ ဖူးမွန်နာမည်ပါ တစ်ခါတည်းပြောင်းလိုက်၊ နိုင်နိုင်ဖူးမွန်လို့"

"ဟာ . . . သိပ်ကြိုက်သွားပြီ၊ ဒါကြောင့် ကိုကြီးကိုချစ်တာ၊ လာ . . . လာ၊ ဒီနားလာ၊ သိပ်ချစ်စရာကောင်းတဲ့ ကိုကြီးအ

www.burmeseclassic.com

www.burmeseclassic.com



တွက်. . ."

"ဟဲ့. . . အို. . . ဒီကောင်မလေးနဲ့ ခက်နေပါပြီ၊ လူတွေမြင်ကုန်မှဖြင့်. . ."

ဖူးမွန်ကတော့ ဘာမှဂရုစိုက်ပုံမရဘဲ သူ့မစိတ်ကြိုက် ထင်ရာလုပ်လိုက်ရခြင်းကို ကျေနပ်သွားသည့်ပုံစံဖြင့် တဟားဟားရယ်သည်။

မင်းထက်လည်း ဖူးမွန်ကိုကြည့်ပြီး သဘောကျစွာရယ်၏။

မင်းကြီးတောင် တောင်တက်လမ်းတစ်လျှောက်မှာ သူတို့နှစ်ယောက်ကလွဲ၍ မည်သူမှမရှိ။

❋ ❋ ❋ ❋

တောင်ပေါ်မှနေ၍စီးကြည့်လိုက်သောအခါ ဧရာဝတီမြစ်ရေပြင်ကြီးက မျှော်လင့်ထားသည်ထက် ပို၍ကျယ်ပြောနေသည်ကိုတွေ့ရသည်။

မိုးမကုန်မီ ရေအတက်ဆုံးအချိန်မို့ မြစ်ပြင်ကြီးက မိမိပိုင်နက်နေရာလောက်နှင့်ပင် မလုံလောက်တော့ဘဲ ကုန်းပေါ်ကမ်းပေါ်ပင် လျှံတက်လုနီးနီး ဖြစ်နေသည့်အချိန်။

သည်ဘက်ကမ်းမှာဆိုလျှင်လည်း ခါတိုင်းလို မြစ်နှင့်ကမ်းအလှမ်းဝေးမနေတော့။ မြစ်ရေက အဟုန်ပြင်းစွာ စီးဆင်းရင်းကမ်းပါးကုန်းမြင့်ကို ကျော်လွန်၍ ကားလမ်းမပေါ်ပင် ရောက်လုလုဖြစ်နေပြီ။

ဟိုးတစ်ဖက်ဆိုလျှင်လည်း ဖိုးဦးတောင်ခြေကို ဒုတ်ဒုတ်ထိ



ရောက်နေပြီထင်ရ၏။

ဖိုးဦးတောင်၏ ဟိုမှာဘက်အဝေး အနောက်မိုးကုတ်စက်ဝိုင်းဆီမှာတော့ တိမ်များ၊ မြူများ ရစ်သန်းခိုတွဲနေကြသည့် ရခိုင်ရိုးမတောင်တန်း မှုန်မှုန်များ. . .။

တိမ်များ၊ တောင်များ၊ တောင်ခိုးများ ရောထွေးလိပ်ယှက်၍ ဘယ်ဟာတိမ်၊ ဘယ်ဟာတောင်၊ ဘယ်ဟာတောင်ခိုး စသည်ဖြင့်ပင် မခွဲခြားနိုင်တော့။ မင်းထက်ခေါင်းထဲတွင် "ဂျနီဗာကမ်းနံပေါ်မှာ" အမည်ရှိသော ဆရာမင်းသုဝဏ်၏ ကဗျာလေးကိုပြေးအမှတ်ရမိသည်။

တောင်ခိုးနှင့်တိမ်
ရောယှက်လိမ်၍
တိမ်နှင့်တောင်ခိုး
တောင်ကိုမိုးသည်
မိုးကိုမမြင်
ကန်ရေပြင်တွင်
ငွေသွင်တိမ်ရိပ်ကူးသတည်း။

အလားတူပင် အမြင်တစ်ဆုံး ကျယ်ပြန့်စွာရှိနေသည့် ဧရာဝတီနှင့် တိမ်တောက်ချိန်မကုန်ဆုံးမီ မှိန်ဖျော့ဖျော့ ကျန်နေသေးသော အလင်းရောင်၊ ကောင်းကင်တိမ်ယံအထက်မှ အိပ်တန်းတက်ရန် အုပ်ဖွဲ့ပျံသန်းပြီး ပြန်လာကြသော ငှက်ကလေးများကိုကြည့်ပြီး ခင်ဝမ်း၏ ဧရာဝတီသီချင်းမှ စာသားတချို့ကိုလည်းသတိရသည်။

တိမ်တိုက်တွေရဲ့အဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဟိုးအနောက်ဘက်အဝေး မိုးကုပ်တစ်နေရာမှာ
နေရောင်တချို့ ရှိနေသေးတယ်
မြူတွေဆိုင်းနေတဲ့
ရခိုင်ရိုးမရဲ့အရိပ်
ဟိုး တစ်ဖက်ကမ်းခြေ. . .
မြစ်ရိုးမှာ မှောင်မိုက်နေပြီ. . .

ပြည်သား အဆိုတော် သီချင်းရေးဆရာ 'ခင်ဝမ်း' သည် သည်လိုအချိန်၊ သည်နေရာက' သည်မြင်ကွင်းကိုကြည့်ပြီး သည်သီချင်းရေးခဲ့သည်ပဲဖြစ်မည်ဟု မှန်းဆ ထင်ကြေးပေးမိသည်။

"ကိုကြီး၊ ဘာတွေတွေးနေတာလဲ"

"အစုံပဲ ဖူးမွန်၊ ဒီကနေမြင်နေရတဲ့ ရှုခင်း၊ မြင်ကွင်းတွေနဲ့ ဆက်စပ်ပြီး ဆရာမင်းသုဝဏ်ရဲ့ကဗျာရော၊ ခင်ဝမ်းရဲ့ သီချင်းရော သတိရနေမိတာ"

မင်းကြီးတောင်ပေါ် ရောက်ပြီးနောက် ညနေစောင်းလေးမှာပင် ဗေဒါရီဂူနှင့် အလောင်းတော် ကဿပဂူကို ကမန်းကတန်း ဝင်ပြီး ဘုရားဖူးသည်။ ထို့နောက် တောင်ထိပ်မှနေ ဧရာဝတီမြစ်ဘက်မျက်နှာမူ၍ သဘာဝထိုင်ခုံလေးလိုဖြစ်နေသော သစ်မြစ်ဆုံကြီးတွင် ထိုင်နေခြင်းဖြစ်သည်။

မင်းထက် စကားအဆုံးတွင် ဒါမျိုးကို လုံးဝလက်မခံနိုင်သောဖူးမွန်က ရှုံ့မဲ့၍. . .

"အဓိပ္ပာယ်မရှိတာ ကိုကြီးကလဲ၊ အနားမှာ ဖူးမွန်တစ်ယောက်လုံးထားပြီး ဘာကိစ္စ အဝေးကြီးကလူတွေ သွားသတိရနေရတာလဲ၊ ဖူးမွန်ဆို ဒီ့ပြင် ဘာမှသတိမရဘူး၊ သတိရစရာရှိရင်



ကိုကြီးအကြောင်းပဲ သတိရတယ်"

မင်းထက်က ရယ်၍. . .

"မဟုတ်ပါဘူး၊ ဒီကနေမြင်ရတဲ့ရှုခင်းလေးကလဲ အရမ်းလှနေလို့ပါ"

"ဟင်း. . . မလှပါဘူး၊ ဖူးမွန်တော့ ဘာရှုခင်းမှလဲ မကြည့်ဘူး၊ ကိုကြီးမျက်နှာပဲ ထိုင်ကြည့်နေတာ၊ ကိုကြီးသာ ဖူးမွန်ကို ချစ်လို့ ဖူးမွန်ကိုမကြည့်ပဲ ရှုခင်းပဲ ကြည့်နေတာပေ့ါ၊ ဟုတ်တာပေ့ါလေ၊ ဖူးမွန်က အဲဒီရှုခင်းလောက်မှမလှဘဲ။ သွား. . . သွား၊ အဲဒီရှုခင်းပဲ ကိုကြီးသွားယူတော့၊ ဖူးမွန်ကို မယူနဲ့တော့"

သဝန်တိုစရာ ပြိုင်စရာမရှိ ရှုခင်းနှင့်လိုက်သဝန်တို ပြိုင်နေသော ဖူးမွန်ကိုကြည့်၍ မင်းထက်ရယ်ပြီးရင်း ရယ်လိုက်သည်။ ပြီးမှ. . .

"မလုပ်ပါနဲ့ ဖူးမွန်ရာ၊ ကိုကြီးဖူးမွန်ပဲ ယူပါရစေ၊ ရှုခင်းကြီးတော့ သွားမယူပါရစေနဲ့၊ ရှုခင်းထဲက မိုးကောင်းကင်နဲ့တိမ်တွေရယ်၊ တောင်ကြီးတွေရယ်၊ မြစ်ကြီးရယ်ပဲရှိတာ၊ မိုးကောင်းကင်နဲ့ တိမ်တွေကိုလဲ ဖက်ထားလို့မရဘူး၊ တောင်ကြီးလဲ ကိုကြီးက မပွေ့နိုင်၊ ဧရာဝတီမြစ်ကြီး သွားနမ်းရင်လဲ ကိုကြီးမျက်နှာ ရေတွေနဲ့ ရွှဲနစ်မှာပေ့ါ"

"ဖြစ်ပစေပေ့ါ၊ ကိုကြီးကဖူးမွန်ကိုမှမချစ်ဘဲ၊ အဲဒီရှုခင်းကြီးပဲ ချစ်တာကိုး"

"ဟင်. . . ကိုကြီးက ရှုခင်းကြီးကို မချစ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့ချစ်လဲ"

"ဖူးမွန်ကိုပဲ ချစ်တာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အဲဒါကိုကြီးညာတာ၊ ဒါဆိုရင် ဘာဖြစ်လို့ ဖူးမွှန်ကိုမကြည့်ဘဲ ရှုခင်းကြီးပဲ ကြည့်နေတာလဲ"

"မဟုတ်ပါဘူး ဖူးမွှန်ရဲ့ ဒီအချိန် ရှုခင်းလေးက အရမ်းလှနေလို့ပါ"

"ဪ . . . ဒါဖြင့် ဖူးမွှန်ကတော့ မလှဘူးပေါ့"

မင်းထက်ပြုံးပြီး . . .

"မလှဘဲနေမလား ဖူးမွှန်ရဲ့ ဒီအချိန်က တိမ်တောက်ချိန်ပဲ၊ ဖူးမွှန်လဲ အရမ်းလှနေတာပေါ့"

"ဘာ. . . ဘာ ကိုကြီး၊ အဲဒါဘာပြောတာလဲ၊ တိမ်တောက်ချိန်ဆိုတာ အကျည်းတန်တဲ့လူတွေ လှတဲ့အချိန်၊ အဲဒီအချိန်မှာ ဖူးမွှန်က လှနေတယ်ဆိုတော့ အကျည်းတန်တယ်လို့ ပြောလိုက်တာပေါ့၊ ဟုတ်လား"

ပြောရင်းနှင့်ဖူးမွှန်က မင်းထက်ရင်ခွင်ထဲဝင်၍ ဗလုံးဗထွေး ထုလိုက်ရင်း ပြောသည်။ မျက်နှာကလည်း ငိုတော့မယောင်ယောင်။

သည်တော့မှ မင်းထက်က ဖူးမွှန်လက်နှစ်ဖက်ကို လက်တစ်ဖက်တည်းဖြင့် ချုပ်နှောင်၍ ကျန်လက်တစ်ဖက်ဖြင့် ဖူးမွှန်ကိုယ်လေးကို ဖက်ထားလိုက်ပြီး . . .

"အလကားစတာပါ ဖူးမွှန်ရယ်၊ ကိုကြီးဘဝမှာ ဖူးမွှန်လောက်လှတာ ဘယ်သူမှမရှိပါဘူး၊ ဖူးမွှန်ကလွဲပြီးလဲ ကိုကြီး ဘယ်သူ့ကိုမှမချစ်ပါဘူး၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲ ကိုကြီး"

"ဒါပေမယ့် ကိုကြီးက ဖူးမွှန်လို ကလေးသာသာ အရွယ်



မဟုတ်တော့ဘူး ဖူးမွှန်၊ ဖူးမွှန်က ဘဝတစ်ခုလုံးကို အချစ်ထဲမှာပဲ မြှုပ်နှံပြီး အချစ်အကြောင်းပဲပြော၊ အချစ်အကြောင်းပဲတွေး၊ အချစ်ရေးတစ်ခုပဲ စိတ်ဝင်စားပြီး လွတ်လွတ်လပ်လပ် ပျော်နေလို့ရပေမယ့် ကိုကြီးကျတော့ အဲလိုလုပ်လို့ မရဘူးလေ"

"ဘာလဲ၊ အခု ကိုကြီးက မပျော်လို့လား"

"အဲလိုတော့ မဟုတ်ပါဘူး၊ အခုကိုကြီး ပျော်ပါတယ်၊ ဘဝမှာ တစ်ခါမှအဲလောက်ပျော်စရာကောင်းတဲ့ ဘဝမျိုးကိုကြီး တစ်ခါမှ မရဖူးပါဘူး၊ ဒါပေမယ့် . . ."

"ဟော . . . လုပ်ပြန်ပြီ ဒါပေမယ့်၊ ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ပျော်တဲ့ကြားကပဲ တစ်ချက်တစ်ချက်တော့ ကိုကြီး ရင်လေးတာလေးတွေရှိတယ်"

"ဘာလဲ၊ ကိုကြီးနဲ့ဖူးမွှန် လက်ထပ်ဖို့ကိစ္စလား"

"ဆိုပါတော့ ဖူးမွှန်၊ အဲဒါကတော့ အဓိကပေါ့"

"အဲဒီကိစ္စ ကိုကြီးက ဘာရင်လေးနေရတာလဲ၊ ဘာမှ ရင်လေးစရာလဲ မရှိဘဲနဲ့၊ ကိုကြီးနဲ့ဖူးမွှန် လက်ထက်ဖို့ ကိစ္စက မေမေ့လဲပြောပြီးပြီ၊ မေမေကလဲ ဖူးမွှန်တို့သဘောပဲဆိုပြီး ခွင့်ပြုသား၊ သီတင်းကျွတ်ပြီးတာနဲ့ နေ့ကောင်းရက်သာရွေး ကြိုက်တဲ့အချိန်လက်ထပ်လိုက်၊ ပြီးတဲ့ဥစ္စာ၊ ကိုကြီးကလဲကွာ၊ ဘာမှန်းလဲ သိဘူး"

"အဲဒါကြောင့် ဖူးမွှန်နဲ့ကိုကြီး အရွယ်ချင်းမတူဘူးလို့ ပြောတာပေါ့၊ ဖူးမွှန်အသက်အရွယ်နဲ့ ဒီကိစ္စကို ဒီလောက်ပဲတွေးနိုင်ပေမယ့် ကိုကြီးအသက်နဲ့ကျတော့ အဲလောက်လေးတွေးရုံနဲ့ မလောက်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ဒီအသက်အရွယ်ကိစ္စ၊ အသက်အရွယ်က ဘာဖြစ်လဲ၊ ဖူးမွန်က ဆယ့်ခုနှစ်နှစ်၊ ကိုကြီးက သုံးဆယ်၊ ဖူးမွန်လဲ ကလေးမဟုတ်တော့ဘူး၊ ကိုကြီးလဲ အဘိုးကြီးဖြစ်ပြီးအိုနေတာ မဟုတ်ဘူး၊ အသက်ဆယ့်နှစ်နှစ်လောက်ကွာတာ ဘာပြဿနာ ကြီးကြီးကျယ်ကျယ်ရှိလဲ၊ တချို့ဆို ဒီ့ထက်မကတောင် ကွာသေး တယ်"

မင်းထက်ကရယ်ပြီး. . .

"သုံးဆယ်နဲ့ ဆယ့်ခုနှစ်နှစ် ဆယ့်နှစ်နှစ်ကွာတာမဟုတ် ပါဘူး ဖူးမွန်ရယ်၊ ဆယ့်သုံးနှစ်ပါ။ ဖူးမွန်ဂဏန်းသင်္ချာက ညံ့လှ ချည်လား"

"မဟုတ်ပါဘူး၊ ဖူးမွန်က ဆယ့်နှစ်နှစ်ပြည့်ပြီးပြီ၊ မတ်လ ထဲကပြည့်ခဲ့တာ၊ ကိုကြီးက ခုမှနှစ်ဆယ့်ကိုးနှစ်ကျော်ရုံပဲ ရှိသေးတယ်၊ နိုဝင်ဘာကျမှ သုံးဆယ်ပြည့်မှာ၊ ဘယ်လိုလုပ် ဆယ့်သုံးနှစ်ကွာရမှာလဲ၊ ညံ့တာက ကိုကြီး"

ပြောရင်းနှင့် ဖူးမွန်မျက်နှာ ငိုမဲ့မဲ့ဖြစ်လာပြန်သည်။

အင်းလေ. . . ခုချိန်မှာ သူပျော်နေတာ ပျော်ပါစေဦး။ စိတ်ညစ်စရာတွေဆိုတာကလည်း ခုချက်ချင်း ရောက်လာဦးမှာမှ မဟုတ်တာဟု တွေး၍ မင်းထက်က လေသံရော မျက်နှာအမူအရာ ပါပြောင်းလိုက်ပြီး. . .

"ဟုတ်တယ် ဖူးမွန်၊ ကိုကြီးက ဖဲဒီလိုပဲ တစ်ခါတစ်ခါ ကျရင် ဘယ်လိုညံ့မှန်းကိုမသိအောင် ညံ့တာ၊ ကိုကြီးအပြစ်၊ ကိုကြီး တောင်းပန်တယ်၊ ကဲ. . . အဲဒါတွေ ထားလိုက်တော့၊ ကိုကြီးတို့ ပြန်ရအောင်၊ ခဏနေရင် နေဝင်ပြီး အရမ်းမှောင်သွားတော့မှာ၊



သိပ်မှောင်သွားလို့ မဖြစ်ဘူး၊ ဒီလမ်းက လူပြတ်တယ်"

"အင်း. . . ပူရပြန်ပြီ၊ ပူ. . . ပူ. . . ကိုကြီးရေ၊ ဘာလေး ဖြစ်ဖြစ်နည်းနည်းလေး ပူပင်ကြောင့်ကြလိုက်ရမှ စားလို့ဝင် အိပ်လို့ ပျော်တဲ့လူဆိုတော့ ကိုကြီးနာမည်လဲ ပြောင်းလိုက်တော့"

"ဘယ်လိုပြောင်းရမှာလဲ ဖူးမွန်"

"ပူပူမင်းထက်လို့"

ခဏအကြာတွင် မင်းကြီးတောင်ပေါ်၌ ပြန်တိတ်ဆိတ် သွားပြီး တောင်တက်လမ်းအတိုင်း ထိုအသံလေးများ ပြန်ဆင်းလာ ကြ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အိမ်မက်. . .

ဖူးမွန်ညသန်းခေါင်ကျော်မှ အိပ်မက်မက်ပြီး လန့်နိုးလာခြင်းဖြစ်၏။

အိပ်မက်က ထူးတော့ထူးဆန်းသည်။

ဘာနှင့်မှမဆက်စပ်ဘဲ ရုတ်တရက် ကောက်မက်သော အိပ်မက်။ တချို့နေရာများမှာ အဆက်အစပ်မရှိသောကြောင့် အိပ်မက်အစအဆုံးကိုတော့ ဖူးမွန်ပြန်မပြောပြတတ်။

သို့သော် အိပ်မက်ထဲမှာ ဖေဖေနှင့်တွေ့ရသည်ဟုတော့ မှတ်မိသည်။

ဟုတ်သည်။ အိပ်မက်ထဲမှာ ဖေဖေနှင့်ပြန်တွေ့ရသည်။

ဖေဖေ့အသွင်သဏ္ဍာန်က မှုန်တော့မှုန်ဝါး၏။ ဖေဖေဟု စိတ်ထဲမှာ သိနေရုံမှအပ အိပ်မက်ထဲမှာပင် ဖေဖေ့ရုပ်ပုံလွှာက မပီပြင်။ ဖေဖေမရှိတော့။ မေမေနှင့်ဖေဖေ ဖူးမွန်သုံးနှစ်သမီး လောက်မှာ ကွဲသွားပြီး နောက်ပိုင်းမှာ မေမေက ဖေဖေသေသွား



ပြီဟု ပြောသည်။

တကယ်လည်း ခု ဆယ့်ခုနှစ်နှစ်အရွယ်ရောက်သည့်အထိ ဖေဖေ့ကို ပြန်မတွေ့ရတော့။

အခုအိပ်မက်ထဲကျမှ ဖေဖေ့ကို ပြန်တွေ့ရသည်။

သို့သော် အရင်ကလည်း သည်အိပ်မက်မျိုး သုံးလေးငါးခါလောက် မက်ဖူးရာ ဟိုတုန်းကမက်သလိုပင် အိပ်မက်ထဲမှာ ဖေဖေ့ရုပ်ပုံလွှာက မသဲကွဲ။

ခုတစ်ခါ အိပ်မက်ထဲမှာတော့ ဖေဖေနှင့်ဖူးမွန် စကားပြောရသည်။ ထူးဆန်းသော ဥယျာဉ်ကြီးလို တစ်နေရာမှာလား၊ ဒါမှမဟုတ် ညနေကကိုကြီးနှင့်သွားခဲ့သော မင်းကြီးတောင်လို တောင်ထိပ်ပေါ် တစ်နေရာမှာလာတော့ မပြောတတ်။ ထူးဆန်းသောနေရာတစ်နေရာကို ဖူးမွန် ရောက်သွားသည်။

ထူးဆန်းသောနေရာမှာ တိမ်တွေလို၊ နှင်းတွေလို မှုန်ဝါးဝါးကျဆင်းနေသည့် အရာတွေလည်းရှိသည်။

ထိုထူးဆန်းသော နေရာ၏ မှုန်ဝါးဝါးအလယ်ကောင်မှာ ဖေဖေက ရပ်နေခြင်းပင်။

ဖေဖေ့မျက်နှာကို, ဖူးမွန် မရမကကြည့်သည်။ သို့သော် မမြင်ရ။ ဒါမှမဟုတ် ဖေဖေ့မျက်နှာကိုပီပြင်အောင် ပြန်တွေးဖို့ ဖူးမွန် မှတ်ဉာဏ်အသိစိတ်က အမှတ်မိတော့တာလည်း ဖြစ်မည်။

ခုချိန် အိပ်မက်မဟုတ်ဘဲ အပြင်မှာ ဖေဖေနှင့်ဖူးမွန် မျက်နှာချင်းဆိုင် ပြန်တွေ့လျှင်လည်း ဘယ်လိုမှ မှတ်မိတော့မှာ မဟုတ်။ ဖူးမွန် သိပ်ငယ်လွန်းသောအချိန်က ဖေဖေဆိုသော လူတစ်ယောက် ရှိခဲ့ဖူးသည်။ ဖေဖေကဖူးမွန်ကို ပွေ့ချီချော့မြူမည်ဆိုသော ပိုးတစ်ဝါး

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိခြင်းမျိုးသာ ဖူးမွန်မှာ ရှိသည်။

မေမေကလည်း ဖေဖေနှင့်ပတ်သတ်သော ဓာတ်ပုံဘာညာ ခြေရာလက်ရာ တစ်ခုမှချန်မထား။ လင်မယားကွဲသွားပြီး မကြာမီ ဖေဖေသေသွားသည့်သတင်း ကြားရသည်ဟုသာပြောသည်။ သည်မှအပ ဖေဖေ့အကြောင်း တခြားဘာမှ မေး၍မရ။

ခုန အိပ်မက်ထဲမှာ ဖေဖေ့မျက်နှာက ဝါးနေသည်။

သို့သော် ဖေဖေဆိုသောအသိဖြင့် ဖူးမွန်က ဖေဖေဟု ခေါ်သည်။ ထိုအခါ ငြိမ်သက်နေသော ဖေဖေ့ပုံလွှာက လှုပ်ရှားလာပြီး. .

"သမီးဖူးမွန်"

ဟု ပြန်ခေါ်၏။

ဖူးမွန်ဝမ်းသာလိုက်တာ။ ဝမ်းသာအားရစိတ်ဖြင့်

"ဖေဖေ. . . ဖေဖေက သမီးဖေဖေနော်၊ ဖေဖေမသေဘူးနော်"

ဟု ဖေဖေ့ကို အားရပါးရ ပြေးဖက်ရင်းပြောသည်။

သည်တော့မှ ဖူးမွန် ကိုကြီးနှင့်မေမေ့ကို သတိရသည်။

သို့အတွက် ဖေဖေ့ကို မေးသည်။

"ဖေဖေ. . . မေမေကော၊ ကိုကြီး ကော" ဖေဖေက

"မသိဘူး သမီး၊ သူတို့တစ်တွေ ဒီမှာမရှိဘူး"

ဟု ဖြေသည်။

ထိုအခါ ဖူးမွန်က "ဟင်. . . မေမေနဲ့ကိုကြီး မရှိလို့မဖြစ်ဘူး။ သမီး သူတို့ကို လိုက်ရှာမယ်"

ဟု ဆိုကာ ဖေဖေ့အနားက ခွာသည်။ ဖေဖေက သူမကို



လှမ်းခေါ်သည်။ သို့သော် ဖူးမွန်က မေမေနှင့် ကိုကြီးကိုသာ တွေ့ချင်ဇောနှင့် ဖေဖေ့ဆီမပြန်တော့ဘဲ လိုက်ရှာသည်။ ဝက်ပါလို အကွေ့ကြီးတွေ တစ်ကွေ့ပြီးတစ်ကွေ့ ကျော်ဖြတ်ရ၏။

ရေတွေပြည့်လျှံနေသော မြစ်ကြီးတစ်ခုကိုလည်း ရောက်သည်။ မေမေ့ကိုမတွေ့။ ကိုကြီးကိုမတွေ့။

"မေမေ. . . မေမေ၊ ကိုကြီး. . . ကိုကြီး"

ဟု တစာစာခေါ်ရင်း ဖူးမွန်မောဟိုက်နေအောင် ပြေးလွှား၍ လိုက်လံရှာဖွေသည်။ထိုနေရာမှ အိပ်မက်က ပြတ်တောက်၍ ဖူးမွန် လန့်နိုးလာ ခြင်းဖြစ်၏။

✵ ✵ ✵ ✵

အိပ်မက်လန့်နိုးနိုးချင်း ဖူးမွန် ရုတ်တရက် ကြောင်နေသေးသည်။ ပြီးမှ သူမရောက်နေသော နေရာသည် အိပ်မက်ထဲက ထူးဆန်းသောအရပ်ဒေသ မဟုတ်ပါ။

ခါတိုင်း မေမေနှင့်အတူ သူမတို့ငှားနေသော မင်္ဂလာဒုံဈေးနားရှိ ရပ်ကွက်လေးထဲမှ အိပ်ခန်းကျဉ်းလေးထဲမှာလည်း မဟုတ်ဘဲ ပြည်မြို့ရွှေဆံတော်ဘုရားနားမှ ကိုကြီးသူငယ်ချင်း ကိုနိုင်မြင့်တို့နေအိမ် အိပ်ခန်းလေးထဲမှာ ကိုကြီးနှင့်အတူ ပြည်မြို့လာလည်ရင်း ရောက်နေကြောင်း အမှတ်ရသည်။

ဖူးမွန်နံဘေးမှာတော့ မင်းထက်သူငယ်ချင်း၏ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



က ခွေခွေလေး အိပ်မောကျနေသည်။ မင်းထက်ကတော့ သူ့သူငယ်ချင်းနှင့်အတူ ဘုရားခန်းမှာ သွားအိပ်နေသည်။ မင်းထက် သူ့ငယ်ချင်း၏ မိဘများက ဖူးမွန် တို့နှင့်ကပ်လျက် ခေါင်းရင်းခန်းမှာ။

ခုနအဖြစ်အပျက်သည် တကယ်မဟုတ်ဘဲ အိပ်မက်မျှသာဖြစ်ကြောင်းသိလိုက်ရသော်လည်း ဖူးမွန်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်ကျန်ခဲ့သည်။ ကိုကြီးနှင့်မေမေကို ခုချက်ချင်း ထသွားတွေ့ချင်စိတ်များ ဖြစ်လာသည်။

အထူးသဖြင့် မေမေ။

ကိုကြီးကတော့ ထားပါတော့၊ တစ်အိမ်တည်းမှာလည်းရှိသည်။ နောက်ဆုံး မနေနိုင်၍ အိပ်ရာမှသွားနိုးရင်တောင် အိမ်ရှင်တွေအားနာဖို့ကောင်းသည်မှအပ ရတော့ရသည်။ မေမေ့ ကျတော့ ခုချက်ချင်း ဘယ်လိုမှ တွေ့ချင်၍မရ။ မေမေနှင့်က မိုင်ပေါင်းရာကျော်ဝေးကွာသော အရပ်မှာ ရောက်နေသည်။

"ဘုရား. . . ဘုရား၊ မေမေ နေမှကောင်းရဲ့လား"

ကိုကြီးနှင့်လိုက်ချင်လွန်း၍သာ လိုက်လာရသော်လည်း ဖူးမွန်မေမေ့ကို တစ်ယောက်တည်းထားခဲ့ရသည့်အတွက် စိတ်ကိုမချ။ အိမ်က အဖော်ကောင်မလေးဆိုတာကလည်း တကယ်တမ်းကျတော့ သိပ်အားကိုးလို့ရတာမဟုတ်။

သည်အသက် သည်အရွယ်အထိလည်း မေမေနှင့် ခုလိုညဉ့်အိပ်ညဉ့်နေ တစ်ခါမှ မခွဲဖူးခဲ့။ ဖူးမွန် သိတတ်စကတည်းက မေမေနှင့်အတူ တစ်အိပ်ရာတည်း အိပ်ပြီး မေမေ့ရင်ခွင်ထဲမှာသာ သူမ အိပ်ခဲ့သည်။



ခုလို တစ်ရပ် တစ်ကျေး ခွဲအိပ်ဖို့နေနေသာသာ တစ်အိမ်ထဲမှာပင် တစ်အိပ်ရာစီ ခွဲအိပ်လေ့မရှိ။ မေမေ့ကျန်းမာရေးကလည်း သိပ်အကောင်းကြီး မဟုတ်။ စိတ်ကြောင့်လား၊ အစားအသောက် အနေအထိုင်ကြောင့်ပဲလား မပြောတတ်၊ မေမေ မကြာခဏ သွေးပေါင်ကျပြီး မူးတတ်သည်။ မေမေ မူးပြီဆိုလျှင် လူမှန်းသူမှန်း သိပ်မသိတော့။

ခုလိုညမျိုး အိမ်မှာ သူမ မရှိသည့်အချိန် မေမေများ မူးနေခဲ့လျှင်. . . .

ဖူးမွန်ရင်ထဲပူလာပြီး နေထိုင်မရ ဖြစ်လာသဖြင့် အိပ်ရာပေါ်မှထထိုင်လိုက်သည်။ ခုချိန်မှာ ဘာမှတော့ မတတ်နိုင်တော့။

လုပ်လို့ရတာ တစ်ခုပဲရှိတယ်။ ကိုကြီးကို သွားနှိုးချင်သည်။ ကိုကြီးကိုသည်အကြောင်းတွေ ပြောပြပြီး ကိုကြီးထံမှ အားပေးစကားများကြားနာရလျှင် သို့တည်းမဟုတ် ကိုကြီးရင်ခွင်ထဲမှာ ခိုဝင်ပြီး ခဏဖြစ်ဖြစ် ငိုရှိုက်လိုက်ရလျှင်လည်း အားငယ်ပူပန်မှုများ အတော်လေး သက်သာသွားနိုင်သည်။

သို့သော် ခုချိန်ကျမှ ကိုကြီးကို သွားနှိုးလျှင် သင့်တော်ပါ့မလား။ အိမ်ရှင်တွေက တလွဲတွေ ထင်ကုန်နိုင်သည်။ သူများတွေ အထင်လွဲမှာသာ စိုးရိမ်ရခြင်းဖြစ်ပါသည်။

ကိုကြီးကိုတော့ ဘာမှ စိတ်မချစရာမရှိ။

ကိုကြီးကြောင့် သူမဘဝမှာ ဘာမှ ထိခိုက်နစ်နာစရာမဖြစ်ဆိုတာကတော့ ဖူးမွန် မင်းထက်အပေါ် အကြွင်းမဲ့ယုံသည်။ တကယ်တမ်းပြောရလျှင် မင်းထက်ကို သူမ သည်လောက်ချစ်သည်မှာ ချစ်သူတစ်ယောက်အဖြစ်သာမက အစ်ကိုလိုရော၊ အဖေလို

www.burmeseclassic.com

www.burmeseclassic.com



ရော အစစယုံကြည်အားကိုးစွာ ချစ်နိုင်ခြင်းကြောင့် ဖြစ်သည်။

မင်းထက်နှင့်စတွေ့ကတည်းက ဖခင်မရှိသော သူ့ဘဝမှာ သူ့ကိုပင် အစစမှီတွယ်အားထားခဲ့ရသည်ပဲ မဟုတ်ပါလား။

ကိုကြီးနှင့် မတွေ့ခင်က လင်ယောကျ်ား ဖခင်အားထားစရာမရှိသော သူတို့သားအမိနှစ်ယောက် ဘဝသည် စင်စစ် အားငယ်စရာကောင်းလှ၏။

❋ ❋ ❋ ❋



## အခန်း (၃)

မေမေနှင့်ဖေဖေသည် ဖူးမွန် သုံးနှစ်သမီးလောက်ကပင် ကွဲသွားခဲ့သည်ဟု ဆိုသည်။

သို့သော်ယနေ့အထိ ဖူးမွန် လုံးဝမသိသော ကိစ္စမှာ ဖေဖေနှင့်မေမေ ဘာကြောင့်ကွဲသွားရသည်ဆိုသော အကြောင်းပင်ဖြစ်၏။

မေမေကလည်း ထိုအကြောင်းတွေ လုံးဝပြောမပြ။ မရအရ မေးကြည့်ဖို့ ကြိုးစားလျှင်လည်း မေမေက

ဘယ်တော့မှ မဖြေဘဲ စိတ်မရှည်စွာ အော်ဟစ်ငေါက်ငမ်းနှင်ထုတ်တတ်သည်။

ဖေဖေနှင့်ပတ်သတ်၍ ဖူးမွန် ဘာမှ မသိသလောက်ပင်။ ကျောင်းနေစာရင်းနှင့် မှတ်ပုံတင်သန်းခေါင်စာရင်းများအရ ဖေဖေနာမည် ဦးချစ်အောင်ဟု သိရသည်။

ဖူးမွန်၏ အမည်အပြည့်အစုံကိုလည်း "ဖူးမွန်ချစ်အောင်" ဟု မေမေက အမည်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မကွယ်လွန်မီက အလုပ်အကိုင်ဘာညာလည်း ဖူးမွန်မသိ။ ကျောင်းကိစ္စအခြားကိစ္စ ဘာပုံစံ၊ ဘာဖောင်ပဲ ဖြည့်ဖြည့်အဘနာမည် ဦးချစ်အောင်ဆိုတာ ရေးပြီးလျှင် ကျန်တာအားလုံး "ကွယ်လွန်" ပဲ ဖြည့်ခဲ့ရသည်။

သို့သော် တစ်ခါတစ်ခါ အိမ်မှာ ငွေကြေးကျပ်တည်းလွန်းသဖြင့် မေမေညည်းတွားပြောဆိုလျှင် ဖေဖေနှင့်ပတ်သတ်၍ ပါလာတတ်တာလေးတွေတော့ရှိသည်။

"ပိုက်ဆံလည်းမရှိဘူး ဖူးမွန်၊ ငါစိတ်ညစ်တယ်၊ ညည်းလဲ ငါနဲ့ကျန်ခဲ့တာ ကံဆိုးတာပဲ၊ ညည်းအဖေမသေဘဲ ငါသေပြီး ညည်းအဖေနဲ့သာ ကျန်ခဲ့ရင် ညည်းလဲ ဒီလိုနေရမှာ မဟုတ်ဘူး၊ ငါလဲ ဒီပိုက်ဆံမရှိတာကြီးကို ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ ထိုင်ညည်းပြီး စိတ်ညစ်ခံနေရမှာ မဟုတ်ဘူး၊ အမှန်က ငါ သေသွားခဲ့ဖို့ကောင်းတာ"

ထိုအခါမျိုးမှာ ဖူးမွန်က သိချင်စိတ်ဖြင့်. . .

"ဖေဖေမသေခင်က ချမ်းသာလို့လား"

"ချမ်းသာတယ်၊ ချမ်းသာလွန်းလို့လဲ ဒီလိုတွေ ဖြစ်ကုန်တာပဲပေါ့"

"အဲဒါများ မေမေရယ်၊ ဖေဖေက သူသေသွားတော့ မေမေနဲ့ကွဲနေလို့ မေမေ့ကို ဘာမှမပေးခဲ့ဘူးဆိုရင်ထားပါဦး၊ သမီးအတွက်တော့ ပစ္စည်းဥစ္စာလေးဘာလေး နည်းနည်းပါးပါး ပေးခဲ့ဖို့ကောင်းပါတယ်၊ ဘာလဲ. . . ဖေဖေက သမီးကိုလဲ မချစ်တော့လို့လား"

"မချစ်ဘဲတော့ နေမလားဟယ်၊ သမီးအရင်းပဲ၊ အင်းလေ



ညည်းနဲ့ငါ ဘယ်မှာရှိတယ်ဆိုတာ သူသိရင်တော့ သူချမ်းသာသလောက် အကုန်လုံးတောင် ပေးချင်ပေးခဲ့မှာပေါ့၊ ဒါပေမယ့် ငါကမှ ညည်းနဲ့ငါ ဘယ်မှာရှိတယ်ဆိုတာ သူ့ကိုအသိမပေးခဲ့တာ"

ဒါအကုန်ပဲ ဖြစ်သည်။

သည့်ထက်လည်း မေမေဘာမှ မပြောတော့။

ဖူးမွန်မှတ်မိသလောက် မေမေ့ဘဝမှာ ငွေကြေးပြည့်စုံအဆင်ပြေနေသော အချိန်ဟူ၍လည်း သည်နေ့အထိ မရှိသလောက်။

သူတို့သားအမိနှစ်ယောက် မင်္ဂလာဒုံဈေးနားက ရပ်ကွက်ရှိ သုံးခန်းတွဲ အိမ်တန်းလျားကြီးတစ်ခု၏ ခြေရင်းခန်းမှာ မျက်နှာသယ်ငယ်နှင့် ငှားပြီးနေခဲ့ရသည်။

သည်အိမ်က ဖူးမွန်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်သမီးလောက်ကမှ ပြောင်းနေခြင်းဖြစ်သည်။ သည့်အရင်က ပဲခူးမှာနေခဲ့ဖူးသေးသည်ဆို၍ ဖူးမွန်မှတ်မိသည့် အရွယ်လောက်ရောက်တော့ ထောက်ကြံ့မှာ သည်လိုပဲ သူတို့ အိမ်ခန်းလေးတစ်ခုငှားနေခဲ့ကြသည်။

တောက်လျှောက် မှတ်မိသမျှ မေမေသည် စက်ချုပ်သောအလုပ်ကလွဲ၍ ဘာမှမလုပ်တတ်။ မေမေအသက်မွေးဝမ်းကျောင်းအလုပ်က စက်ချုပ်တာပဲ ဖြစ်သည်။

စက်ချုပ်ရာတွင်လည်း ဘယ်တုန်းကမှ ဆိုင်နှင့်ကနားနှင့် ဆိုင်းဘုတ်တွေ ဘာတွေတင်ပြီး စက်ချုပ်ဆိုင်ဖွင့်တာမျိုးမဟုတ်။ မေမေ့စက်ချုပ်လုပ်ငန်းက အိမ်ရှေ့ဖိနပ်ချွတ်မှာ စက်တစ်လုံးချပြီး ကျောင်းကျောင်းနှင့် ချုပ်နေတာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲနှင့် အိမ်နီးပါးချင်းက ပုဆိုး၊ လုံချည်ကစ၍ လွယ်အိတ်အပြဲ ကလေးအနီး၊ လက်သုတ်ပဝါ နှုတ်ခမ်းလုံး စသဖြင့် ချုပ်စရာ လုပ်စရာလေးများရှိလျှင် လာပေးသည်။

မေမေက ဘာလာပေးပေး ချုပ်လို့ရသမျှ အကုန်ချုပ်ပေးသည်။ တစ်ယောက်စီက ပိုက်ဆံတစ်ကျပ်၊ နှစ်ကျပ်ကနေ လေးငါးခြောက်ကျပ်အထိ ပေးသွားသည်။

ညနေစောင်းလျှင် မေမေ့မှာ အစိတ်သုံးဆယ်ဆိုတာ ပြေးမလွတ်။

တစ်ခါတလေ ခြင်ထောင်တို့၊ အိပ်ရာခင်းတို့၊ ခန်းဆီး၊ တစ်အိမ်လုံးစာတို့ လာအပ်လျှင် မေမေတစ်နေ့တည်း လေးငါးခြောက်ဆယ်၊ တစ်ရာရသည်။

နောက်ပိုင်းကျတော့ ဈေးထဲကအပ်ချုပ်ဆိုင်ကြီး တစ်ချို့က သူတို့မှာ အလုပ်ကျပြီး မနိုင်ဖြစ်လာလျှင် သူတို့လက်ခံထားသော အဝတ်အထည်များကို ညှပ်ရုံသာညှပ်ပေးပြီး ချုပ်တာတို့၊ ကြယ်သီးတပ်တာတို့ကျတော့ မေမေ့ဆီလာအပ်သည်။

သည်လိုနှင့် မေမေ့မှာ အလုပ်တော့မပြတ်။

သည်ဘက်ပိုင်းမှာ ကျန်းမာရေးမကောင်းတာကော၊ အိမ်မှာ ကူဖော်လောင်ဖက် မရှိတာကောပေါင်း၍ ရွာထဲဘက်မှ မိဘမဲ့ကောင်မလေးတစ်ယောက်ကို အိမ်မှာခေါ်ထားသည်။ စက်ချုပ်လက်ချုပ်၊ ကြယ်သီးတပ် သင်ပေးထားသဖြင့် ကိုယ်ခွဲတော့ရသည်။

မေမေချုပ်နေလျှင်လည်း ထမင်းဟင်း ချက်ပြုတ်တာမျိုး ကူလုပ်ပေးသည်။



မေမေက ဖူးမွန်ကိုတော့ ဘာမှမခိုင်း၊ အဓိက ကျောင်းတက်ဖို့နှင့် စာကြိုးစားရန်သာ လောဆော်ပြီး အိမ်မှုကိစ္စများကို တက်နိုင်သလောက် မခိုင်းဘဲနေသည်။

လုပ်စရာရှိလျှင် မေမေက သူကိုယ်တိုင်နှင့် အဖော်ကောင်မလေး မြမူနှင့်သာလုပ်သည်။

စောစောက ပြောသလိုမေမေ့မှာ အလုပ်တော့မပြတ်။

သို့သော် ပိုက်ဆံကတော့ ဘယ်တော့မှ ပြည့်စုံလုံလောက်သည်မရှိ။ နည်းနည်းရှာရတုန်းကလည်း နည်းနည်းမို့ မလောက်ငံ၊ များများရှာရတော့လည်း များများမို့ အိမ်လခ၊ ကျောင်းစရိတ်၊ အဝတ်အစားစရိတ်၊ တစ်စတစ်စ ထိုးတက်လာသော ကုန်ဈေးနှုန်းစသည်တို့နှင့် မေမေ့ဘတ်ဂျက်သည် လိုငွေပြသောအဆင့်က မတက်နိုင်။

အပိုသုံးဟူ၍မထားနိုင်ဘဲ လစဉ် အလျဉ်မီအောင် ဖက်သီလိုက်ရှာနေရတာပဲရှိသည်။ ထိုသို့သော မေမေ့ဒုက္ခများကို မြင်နေရသည့် ဖူးမွန်အတွက်လည်း ဘာမှပြည့်ပြည့်စုံစုံမရှိ။

ကျောင်းမှာဖြစ်ဖြစ် အရပ်ထဲမှာဖြစ်ဖြစ်၊ ရှိသရွေ့ ဖြစ်သရွေ့ဖြင့် ခြိုးခြိုးခြံခြံပဲ နေခဲ့ရသည်။

ထို့အတွက် ဖူးမွန်စိတ်ထဲမှာ တစ်ခါတစ်ခါ ပေါ်လာသောဆန္ဒမှာ ခုနေခါ ဖေဖေရှိလျှင်သိပ်ကောင်းမှာပဲဆိုသော စိတ်နှင့်အကယ်၍သာ ဖေဖေသည်မေမေပြောသလို သူမတို့သားအမိကို မြန်တွေ့သွားလျှင် သိပ်ကောင်းမှာပဲဆိုသော စိတ်တို့ပင်ဖြစ်၏။

ထိုအချိန်မှာ မင်းထက်ဆိုသော ကိုကြီးက သူမဘဝထဲ ရုတ်တရက်ဝင်ရောက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်အကြာကြီးတော့ မဟုတ်သေး။ လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်လောက်ကမှ ကိုကြီး သူ့မဘဝထဲ ရောက်လာခြင်းဖြစ်သည်။

❋ ❋ ❋ ❋

မှတ်မှတ်မိမိ ထိုနေ့က တနင်္ဂနွေနေ့ကြီး။ ဖူးမွန်ကျောင်းပိတ်သဖြင့် နံနက်အိပ်ရာထကတည်းက အိမ်ဝင်းထဲမှာ "ချေပီး" နှင့် ဆော့နေခဲ့သည်။

ချေပီးဆိုသည်မှာ တခြားမဟုတ်။ ဖူးမွန် သိပ်လိုချင်လွန်းလှသဖြင့် သူများအိမ်မှ တောင်းယူပြီး မွေးထားသော ကြောင်ပေါက်စလေး ဖြစ်သည်။

မူလတုန်းက သူ့နာမည်က ချေပီးမဟုတ်။ ကြောင်ကလေးက အဖြူနှင့်အနက်ကွက်ကျား အထီးလေး။

နို့ခွဲပြီးခါစ ဖူးမွန် ယူလာချိန်မှာ ချစ်စရာကောင်းလွန်းလှသဖြင့် "ဖိုးချစ်" ဒါမှမဟုတ် "ဖြူကြား" ဟု နာမည်ပေးဖို့ စဉ်းစားထားခဲ့သည်။

သို့သော် ချေပီးက ထိုအရွယ်ကတည်းက ဆော့၏။ ဘယ်သောအခါမှ အငြိမ်မနေဘဲ ဟိုပြေးသည်လွှားလုပ်နေသည့်အပြင် ထိုအရွယ်ကတည်းက စာကလေးမြင်လျှင် မနေနိုင်။

သူ့အရွယ်လေးနှင့် မိအောင်မဖမ်းနိုင်သော်လည်း စာကလေးမြင်လျှင် လိုက်လိုက်ဖမ်းသည်။

တစ်ရက် ဖူးမွန်ကျောင်းသွားတုန်း ထိုအချိန်က ဖိုးချစ်



စာကလေးလိုက်ဖမ်းသည်။ လိုကဖမ်းရင်းနှင့် ဘယ်လိုကဘယ်လိုဖြစ်သည်မသိ။ ခြေရင်းအိမ်ခြံဝင်းထဲ ရောက်သွားပြီး ထိုအိမ်မှ မနက်တနက် အိမ်သာတွင်းထဲ ကျလာခဲ့သည်။

ဖူးမွန်ကျောင်းကပြန်လာတော့ မေမေက ဆီးကြို၍. . . .

"ဖူးမွန်၊ နင့်ကြောင်တော့ အဆော့လွန်ပြီး ဟိုမှာ ဒုက္ခရောက်နေပြီ၊ ခြေရင်းအိမ်က ချေးတွင်းထဲကျပြီး တစ်ကိုယ်လုံး ပေကျံနေတာပဲ၊ ငါတို့တော့ ရွံလို့ ကိုင်လဲမကိုင်ဘူး၊ အိမ်ပေါ်လဲ အတက်မခံဘူး၊ အိမ်နောက်ဖေးမှာ တောင်းနဲ့အုပ်ထားတယ်၊ ညည်းဟာညည်း ဆေးကြောပြီးမှ အိမ်ပေါ်ပြန်တင်၊ မဆေးမကြောချင်ရင်လဲ အဲဒီအတိုင်း တောင်းနဲ့ထည့်ခေါ်သွားပြီး တစ်နေရာရာ သွားပစ်လိုက်တော့၊ အဲဒီကြောင်ချေးပေကို ဒီအတိုင်းတော့ အိမ်ပေါ်ခေါ်မလာနဲ့တော့"

ဖူးမွန် သွားကြည့်လိုက်တော့လည်း တကယ်ပင် ဖိုးချစ်တစ်ကိုယ်လုံး ကြောင်ရုပ်မပေါ်တော့ဘဲ ပေကျံညစ်ပတ်နေတော့သည်။ ရွံတော့ရွံသော်လည်း ဖိုးချစ်ကိုမပစ်ရက်သဖြင့် စိတ်ညစ်ညစ်နှင့် ဖူးမွန် သည်ကောင့်ကို ရေဆေးပေးရသည်။

ကံအားလျော်စွာ ရေဆေးရေလောင်းအပြီးမှာ ဖိုးချစ်ပြန်၍ ချစ်စရာကောင်းလာသော်လည်း ဖိုးချစ်နာမည်ကတော့ ပျောက်သွားသည်။

သူများအိမ် ချေးတွင်းထဲကျပြီး ချေးပေလာသောကြောင့် "ချေးပေ" ဆိုသော နာမည်ကို တခြားလူမသိအောင် "ချေပီး" ဟု တစ်အိမ်လုံးက ခေါ်တော့သည်။

ဖူးမွန် ချေပီးကို အရမ်းချစ်၏။ အိမ်မှာ ဆော့စရာအဖော်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မရှိသည်မို့ တစ်နေ့တစ်နေ့ဖူးမွန် ချေပီးနှင့် အဖော်လုပ်ရသည်။

ထိုနေ့ကလည်း သူတို့ငှားနေသော သုံးခန်းတွဲ တန်းလျားအိမ်ကြီးရှိရာ ခြံကြီးကလည်း အကျယ်ကြီးမို့ ခြံထဲမှာပဲ ချေပီးနှင့် ဆော့နေခြင်းဖြစ်သည်။

ထိုအချိန်မှာ ထုံးစံအတိုင်း သူ့အနားမှာ လာနား၍ ပကျစ် ပကျစ် လာမြည်သော စာကလေးကို ေ့ သောအခါ ချေပီး မနေနိုင်။ ဖူးမွန်နှင့် ကစားနေရာကနေ လှစ်ခနဲပြေးခုန်ထွက်၍ စာကလေးနောက်လိုက်တော့၏။

"ဟဲ့ . . . ဟဲ့ . . . ချေပီး၊ ဘယ်သွားမလို့လဲ၊ မသွားနဲ့"

ဖူးမွန်လှမ်းခေါ်လိုက်သေးသည်။

သို့သော် ချေပီးကို မမီတော့။ စာကလေးကို လှမ်းခုန်အုပ်သည်။ ဘယ်ရမလဲ။

ဟိုက စာကလေးပဲဟာ။ လှစ်ခနဲထပျံပြေးသည်။

ထို့နောက် မလှမ်းမကမ်းမှာ သွားနားသည်။

ပြီးတော့ ပကျစ်ပကျစ် အော်သည်။

ချေပီး မခံချင်စိတ်နှင့် ထလိုက်ပြန်၏။

စာကလေးက ဝိုးကနဲထပျံပြီး ခြံထဲရှိ ပိတောက်ပင်အကိုင်းမှာနားပြီး ပကျစ်ပကျစ်နှင့်အော်သည်။ ချေပီး သည်တစ်ခါ ဘာစိတ်ကူးပေါက်သည်မသိ။ ခါတိုင်းလို သစ်ပင်ပေါ်ပျံပြေးလျှင် မလိုက်ဘဲ မနေတော့ဘဲ လှစ်ခနဲ ပိတောက်ပင်စည်ကို ကုတ်ကတ်တွယ်၍ တက်လိုက်သွားသည်။

"ဟဲ့ . . . ချေပီး၊ မလိုက်နဲ့တော့၊ တော်ပြီ ဆင်းခဲ့"



မရ။ ချေပီးအလိုက် စာကလေးက အပေါ်တစ်ကိုင်းကူး၊ ချေပီးက တက်လိုက် စာကလေးက နောက်ထပ်အပေါ်တစ်ကိုင်း ထပ်ကူးနှင့်တဖြည်းဖြည်း ချေပီး ဟိုးသစ်ကိုင်းထိပ်ဖျား ရောက်သွားသည်။

"ပကျစ် . . . ပကျစ်"

သည်ကြားထဲ စာကလေးက လွတ်လွတ်ကင်းကင်း ပျံမပြေးဘဲ သစ်ပင်အပေါ်ဆုံးထိပ်ဖျားမှနေ ခုန်ဆွခုန်ဆွလုပ်၍ ချေပီးကိုစသောအခါ ချေပီး မနေနိုင်ဘဲ ကိုင်းဖျားအထိ ပြေးလိုက်သည်။

ချေပီး ကိုင်းဖျားရောက်မှ စာကလေးက ပျံထွက်သွားသောအခါ ချေပီးခမျာ စာကလေးလဲမရ။ ပိတောက်ပင်ထိပ်ဖျားမှာ ပြန်လည်းမဆင်းရဲတော့ဘဲ ကိုးလိုးကန့်လန့်ဖြစ်ကျန်ခဲ့သည်။

"ညောင် . . . ညောင်"

ကိုင်းဖျားက ညွတ်ပက်ညွတ်ပက်နှင့် ချေပီးအလေးချိန်ကြောင့် လှုပ်စိလှုပ်စိဖြစ်လေ ချေပီး ထိုအခါမှ ကြောက်လန့်ပြီး အော်လေ ဖြစ်တော့သည်။

"ဒုက္ခပါပဲ၊ ချေပီးမဆင်းတတ်တော့ဘူး၊ မေမေရေ . . . လုပ်ပါဦး၊ ချေပီး ဟိုးသစ်ပင်ထိပ်ရောက်သွားပြီ၊ ပြန်မဆင်းတတ်တော့ဘူး ဖြစ်နေပြီ၊ လုပ်ပါဦး"

"ညောင် . . . ညောင်"

ထိုအချိန်မှစပြီး ခြံဝင်းထဲမှာ ကမ္ဘာပျက်တော့သည်။ အပေါ်ကကြောင်ကအော်၊ အောက်ကလူကအော်၊ အိမ်ပေါ်က အခန်းထဲက ရှိသမျှလူအားလုံးလည်း ပြေးထွက်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘယ်သူမှ ဘာမှမလုပ်တတ်။

မလုပ်တတ်တာလည်း မပြောနှင့်၊ ဖူးမွန်တို့အိမ်မှာက ဖူးမွန်၊ မေမေနှင့် ချာတိတ်မလေး မြမူသာရှိသည်။

အလယ်ခန်းက အိမ်ရှင်တွေဆိုတာကလည်း အသက်ခြောက်ဆယ်ကျော် အဘိုးကြီးနှင့်အဘွားကြီး လင်မယား၊ ခေါင်းရင်း အစွန်းခန်းမှာကျတော့လည်း လွန်ခဲ့သည့် တစ်ပတ်လောက်ကတည်းက ငှားနေသည့် ရှေ့နေနှင့် ကျောင်းဆရာမ လင်မယားက ကျောင်းသွား၊ နောက်လူတွေကလည်း ပြောင်းမလာသေး။ အခန်းလွတ်။

"ဟဲ့ . . . အရမ်းတွေအော်မနေနဲ့လေ ဖူးမွန်၊ နင့်ကြောင်က ဆင်းသာမဆင်းတတ်သေးတာ၊ ပြုတ်ကျလို့ သေမသွားနိုင်သေးဘူး"

"မဟုတ်ဘူး မေမေရဲ့၊ ဟိုမှာ ချေပီးအရမ်းကြောက်နေပြီ၊ ပြုတ်ကျလို့မသေဘဲ အပေါ်မှာ အကြောက်လွန်ပြီး သေသွားမှာစိုးလို့၊ လုပ်ပါဦး၊ ဖူးမွန့်ကြောင်လေးကို ကယ်ကြပါဦး"

ဆယ့်ငါးနှစ်သမီးဖူးမွန် ငယ်သံပါအောင် ကုန်းအော်သည်။

မေမေက ဖူးမွန်ကိုကြည့်၍ စိတ်ပျက်သွားပုံရသည်။

အရုပ်ပျက်မတတ် အော်နေသည်ကိုလည်း ရှက်ပုံရသည်။

"ဟဲ့ . . . မအော်ပါနဲ့ဆို၊ ဘယ်လိုဖြစ်နေရတာလဲ၊ သေပစေ၊ နင့်ကြောင်ကိုက ဆတ်ဆတ်ဆော့ဆော့လုပ်ပြီးတတ်တာ သေတာတောင်နည်းသေးတယ်၊ အော်မနေနဲ့၊ နင်မရှက်ဘူးလား"

"မရှက်ဘူး . . . မရှက်ဘူး၊ အော်မှာပဲ၊ မေမေတို့သာ



အကြင်နာမရှိဘဲ ချေပီးလေးကို သေပစေ ပြောရက်တာ၊ ဖူးမွန့်ကြောင်လေး အသေမခံနိုင်ဘူး၊ ဟီး"

ပြောရင်းနှင့်ကလေးမဟုတ် သူငယ်မဟုတ် ဝမ်းနည်းပက်ယက်ရှိုက်ကြီးတငင် ငိုချသည်။

ထိုစဉ် အိမ်ရှေ့ခြံဝင်းအပြင်မှာ ကားတစ်စီး ထိုးဆိုက်သည်။

ဖူးမွန် သူ့သောကနှင့်သူ အော်ဟစ် ငိုကြွေးနေသဖြင့် ကားပေါ်မှ ဘယ်သူတွေဆင်းလာသည်ဆိုသည်ကိုပင် မသိလိုက်။

❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်တာလဲ အဒေါ်၊ သူကကော ဘာဖြစ်လို့ ငိုနေတာလဲ"

သူမတစ်ခါမှ မကြားဖူးသော ယောကျာ်းအသံတစ်သံ ဖူးမွန် ကြားလိုက်ရသည်။

ငိုနေရင်းနှင့် အမှတ်တမဲ့ လှည့်ကြည့်လိုက်သောအခါ သူမ တစ်ခါမှမမြင်ဖူးသော ယောကျာ်းတစ်ယောက်။

အသက်အစိတ်ကျော်ကျော်ရှိမည်။

ထောင်ထောင်မောင်းမောင်း၊ အသားလတ်လတ်၊ ရင်အုပ်ကျယ်ကျယ်၊ သပ်ရပ်သန့်ရှင်းသော မျက်နှာ၊ တည်ကြည်ပြီး ယောကျာ်းပီသသော မျက်နှာပိုင်ရှင် အစ်ကိုကြီးတစ်ယောက်။

ဖူးမွန်တို့ ရပ်ကွက်ထဲကလည်းမဟုတ်။

"သူ့ကြောင်လေး ဟိုးသစ်ပင်ထိပ်ဖျား ရောက်နေလို့တဲ့ကွယ်၊ ကြောင်ကလဲ ဆတ်ဆတ်ဆော့ဆော့ အဲဒီအထိရောက်အောင် တက်ပြီးမှ ပြန်မဆင်းတတ်ဘူး ဖြစ်နေတယ်"



"ဟာ. . . မေမေကလဲ၊ ချေပီးက ဆတ်ဆတ်ဆော့ဆော့ တတ်တာမဟုတ်ပါဘူး၊ စာကလေးလိုက်ဖမ်းရင်း အပေါ်ရောက်သွားတာပါ"

"ဟဲ့. . . ဘာထူးလဲဟဲ့၊ အဲဒါ ဆတ်ဆော့တာပေါ့၊ ငှက်ဆိုတာက အတောင်ပံနဲ့ပျံတတ်တဲ့အမျိုး၊ သစ်ပင်ထိပ်မဟုတ်ဘူး၊ တောင်ထိပ်လဲ တက်လို့ရတယ်. .

. . ညည်းကြောင်က ငှက်မဟုတ်ဘဲ ငှက်လိုက်တုတော့ ဖြစ်တာပဲကောင်းတယ်၊ ငါတော့ မသနားဘူး"

"မသနားပါနဲ့၊ မသနားပါနဲ့၊ သေချင်သေပစေဆိုပြီး ပစ်ထားကြပါ၊ သမီးကတော့ သနားတယ်၊ ပစ်လဲမထားနိုင်ဘူး၊ ချေပီး အောက်ပြန်မရောက်မချင်း ငိုနေမှာပဲ၊ ဟီး"

ဖူးမွန်ပြောပုံဆိုပုံနှင့် ငိုပုံဟန်အမူအရာကြည့်၍ ခုနဝင်မေးသောလူရွယ် ပြုံးတုံ့တုံ့ဖြစ်သွားသည်။

ပြီးမှ မေမေ့ဘက်လှည့်၍ တည်ငြိမ်သောလေသံဖြင့်. . .

"ကဲပါ အဒေါ်ရယ်၊ ကလေးစိတ်မကောင်းအောင် ဆူပါနဲ့၊ ဒီကိစ္စ ကျွန်တော်ပဲကြည့်ရှင်းပါ့မယ်. .

. . . ကဲ. . . ညီမလေး၊ တိတ် . . . တိတ်၊ မငိုနဲ့၊ ညီမလေးကြောင်ကို အစ်ကိုကြီး ရအောင်ပြန်ယူပေးမယ်၊ ခုလဲ သူ ပြုတ်မကျပါဘူး၊ ခဏလေးစောင့်"

"အေးကွယ်၊ လုပ်တတ်ရင်လဲ မင်းညီမ အငိုတိတ်အောင် ကြည့်လုပ်ပေးလိုက်ပါဦး၊ နို့မို့ အရပ်ထဲ မကြီးမငယ်အော်အော် ငိုယိုနေသော သူ မရှက်ပေမယ့် အဒေါ်ကရှက်တယ်၊ ဒါနဲ့ ငါ့တူက ဘယ်ကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီခေါင်းရင်းခန်းမှာနေမလို့ ပြောင်းလာတဲ့လူပါ၊ ကျွန်တော့်နာမည်က မင်းထက်၊ ဩော်. . . အဘနဲ့ကြီးကြီး၊ ကျွန်တော် ပစ္စည်းတွေချလိုက်တော့မယ်နော်"

ပြောရင်းနှင့် အိမ်ရှင်အဘိုးကြီး၊ အဘွားကြီးတို့ဘက်ပါ လှမ်းပြောသည်။

အဘိုးကြီး၊ အဘွားကြီးက ခေါင်းညိတ်၍. . .

"အေး. . . အေး၊ ချလိုက်တော့လေ၊ ကြီးကြီး အခန်းသော့ဖွင့်ထားပြီးသား"

"ကဲ. . . မောင်လှိုင်နဲ့ မောင်ညွန့်ဝေ၊ မင်းတို့နှစ်ယောက် ပစ္စည်းတွေသယ်ပြီး ချထားနှင့်လိုက်ကွာ၊ မောင်မြင့်က ငါ့ဆီခဏလာခဲ့၊ မင်းနဲ့ငါ ဒီကြောင်ကို အောက်ပြန်ရောက်အောင် ချပေးလိုက်ရအောင်"

သူ့ဟာနှင့်သူ သူနှင့်ပါလာသောလူများဟို ခွဲတမ်းချစီစဉ်ပေးပြီး ဖူးမွန်နားကနေ သစ်ပင်ပေါ်မော့ကြည့်သည်။

စိတ်ဝင်စားစွာ ဝင်ဆောင်ရွက်ပုံရသော သူ့အမူအရာကြောင့် ဖူးမွန်ပင် အငိုရပ်ပြီး သူ့ကိုကြည့်နေမိသည်။

ဖူးမွန်မှတ်မိသလောက်ထိုအချိန်ပိုင်းလေးသည် ကိုကြီးကို စတွေ့ဖူးခြင်းနှင့် ပထမဆုံး အားကိုးမိသောအဖြစ်ပင်ဖြစ်၏။

"အင်း. . . သိပ်တော့မလွယ်ဘူး၊ ဒီကောင်ရောက်နေတဲ့ အကိုင်းကသိပ်သေးလွန်းနေတယ်၊ လူလဲတက်လို့ရမှာမဟုတ်ဘူး၊ လှေကားအဲလောက်အမြင့်ကြီးလဲ ဒီနားရှိမှာမဟုတ်ဘူး"

သူ့ကိုယ်သူ 'မင်းထက်' ဟု မေမေ့ကိုပြောပြသော လူကြီး၏အမူအရာက အလုပ်တစ်ခုကို ခေါင်းအေးအေးနှင့် တည်တည်



ငြိမ်ငြိမ်လုပ်တတ်ကြောင်း သိသာသည်။

ပြီးတော့ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိနေပုံရသည်။

ဖူးမွန်စိတ်ဝင်စားစွာနှင့် သူ့ကိုစောင့်ကြည့်နေသည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဆရာ"

"အင်း. . . ပြော၊ ဘယ်လိုလုပ်ရမလဲ"

"ဒီနားမှာတယ်လီဖုန်းရှိရင် မီးသတ်ဖြစ်ဖြစ်၊ လျှပ်စစ်ကဓာတ်တိုင်ပြင်တဲ့ လှေကားကြီးဖြစ်ဖြစ် လှမ်းခေါ်ပြီး အကူအညီတောင်းကြည့်ပါလား"

မင်းထက်ဆိုသော လူကြီးကပြုံးသည်။

"မင်းကြီးတော်တဲ့မှပဲ မောင်မြင့်ရာ၊ မင်း အဲဒါကြီးတွေတာ မီးလောင်တာတို့၊ ဓာတ်တိုင်က ဝါယာရှော့ဖြစ်တာတို့တောင်နည်းရှိခိုးဦးတင်လှမ်းခေါ်မှ မရောက်ချင်ရောက်ချင်နဲ့ ရောက်လာတဲ့ဥစ္စာ၊ သစ်ပင်ပေါ်ကကြောင် အောက်ချဖို့များ လှမ်းခေါ်မိရင် အဆဲတောင်ခံရဦးမယ်"

"ဒါဖြင့် ကျွန်တော်တို့က ဘယ်လိုလုပ်မလဲ"

"နေပါဦး၊ ငါ စဉ်းစားပါ့မယ်၊ ဒီလိုလုပ်ကွာ၊ မင်းဒီနားမှာဝါးလုံးရှည်ရှည်တစ်ချောင်းလောက် ရှာကြည့်စမ်းပါ"

"ဘာလုပ်မလို့လဲဆရာ၊ ကြောင်ကို အောက်ကနေ ဝါးလုံးနဲ့ထိုးချမလို့လား"

"ဝါးလုံးနဲ့ထိုးချလို့ ကြောင် ပြုတ်ကျသေသွားမှာပေါ့၊ ရှာမှာသာ ရှာစမ်းပါကွာ၊ စကားမများစမ်းပါနဲ့"

"ဝါးလုံးကရှိတယ်ဆရာရဲ့၊ ဆရာလိုချင်တဲ့ အရှည်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သာ မသိတာ"

"ဘယ်မလဲ"

"ဟိုမှာ မီးကပ်နဲ့မီးချိတ် ထောင်ထားတဲ့ဝါးလုံးနှစ်လုံး"

"အာ. . . အေး. . . မဆိုးဘူး၊ ဒီလိုလုပ်၊ အဲဒီဝါးလုံးတစ်လုံးယူလိုက်၊ ပြီးတော့ အဲဒီထိပ်မှာခြင်းဖြစ်ဖြစ်၊ တောင်းဖြစ်ဖြစ် ခပ်သေးသေးတစ်လုံး ပူးချည်လိုက်မယ်. .

. . နေဦး. . . ညီမလေး. . . ညီမလေးတို့အိမ်မှာ ဈေးခြင်းတောင်းဖြစ်ဖြစ်၊ ပလပ်စတစ်ခြင်း ဖြစ်ဖြစ် မရှိဘူးလား"

ဖူးမွန်က သွက်လက်စွာ ခေါင်းညိတ်၍. . .

"မေမေ ဈေးဝယ်တဲ့ခြင်းတောင်းရှိတယ်"

"အေး. . . အဲဒါ ခဏသွားယူလိုက်"

ဖူးမွန်ခြင်းတောင်းယူလာသောအခါ မင်းထက်က ခြင်းတောင်းကို မီးချိတ်ချည်ထားသော ဝါးလုံးထိပ်မှာချိတ်၍ ကြိုးနှင့်ထပ်ချည်သည်။

ပြီးမှ. . .

"မောင်မြင့်၊ မင်း သစ်ပင်တက်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ငါပြောမယ်၊ အဲဒီကြောင်ရှိတဲ့ကိုင်းရဲ့အောက်က ဒီဝါးလုံးနဲ့လှမ်းမီတဲ့ အကိုင်းကြီးတစ်ခုရှိတဲ့အထိ မင်းတက်သွား၊ သိပ်တော့ အတင့်မရဲနဲ့၊ မင်းတစ်ကိုယ်စာ ကောင်းကောင်းတောင့်ခံနိုင်တဲ့ အကိုင်းကြီးကြီးမှာပဲနေ၊ ငါ အောက်ကနေ ဒီဝါးလုံးလှမ်းပေးလိုက်မယ်၊ အဲဒီခြင်းကို ကြောင်နားရောက်အောင် ကပ်ပေးလိုက်၊ ကြောင်သဘောပေါက်ပြီး သူ့ဟာသူခုန်ဝင်လာလိမ့်မယ်၊ ကြောင်ဝင်လာ



ရင်ဝါးလုံးကို ငါ့ဆီဖြည်းဖြည်းပြန်ချပေး၊ ငါပြောတာနားလည်လား"

"ဟုတ်ကဲ့. . . နားလည်တယ်ဆရာ"

"အေး. . . အဲဒါဆို မင်း သစ်ပင်ပေါ်တက်တော့"

ဤနည်းဖြင့် ခဏကြာသောအခါ ဖူးမွန်၏ ချေပီးလေး မြေကြီးပေါ် ပြန်ရောက်လာသည်။

ဒါတောင် ကြောင်လေးကို ခြင်းထဲဝင်နိုင်ရန် ဝါးလုံးလှမ်းထောက်ပေးရင်း ကိုမောင်မြင့် ပုဆိုးကျွတ်သဖြင့် စိတ်ပူစိတ်ညစ် တထိတ်ထိတ်ဖြစ်နေသည့်ကြားက ဖူးမွန် ရှက်ရှက်နှင့် ရယ်လိုက်ရသေးသည်။

အားလုံးပြီး၍ ချေပီး မြေကြီးပေါ် စိတ်ချလက်ချရောက်မှ မင်းထက်က ခြင်းတောင်းထဲကကြောင်လေးကို တယုတယ ထုတ်ယူပွေ့ချီ၍ ဖူးမွန်လက်ထဲ အပ်ရင်း. . .

"ရော့. . . ညီမလေး၊ ဘယ်တော့ဖြစ်ဖြစ် အဲလို ထပ်ဖြစ်ရင် အခု ကိုကြီးပြတဲ့နည်းတိုင်းပဲ ပြန်လုပ်ပေးလိုက်၊ ညီမလေး ကြောင် ဘာမှမဖြစ်ဘူး၊ နောက်တစ်ခါအသံပြုကြီးနဲ့ အော်ငိုမနေနဲ့ ကြားလား၊ မကြီးမငယ်နဲ့ အော်ငိုနေတာ ရှက်ဖို့ကောင်းတယ်၊ နောက်ကို ဘာပြဿနာပဲကြုံကြုံ၊ ခုန မောင်မြင့် ပုဆိုးကျွတ်ကျတုန်းက ရယ်သလိုပဲ ရယ်နေနိုင်အောင်ကြိုးစား၊ ငိုရှိုငိုရှိ ဆန်နှစ်ပြည် ငိုမဲ့ငိုမဲ့ ဆန်တစ်ခွက် မလုပ်နဲ့နော်၊ ခုလဲ ပါးပေါ်မှာ နှပ်ချေးတွေပေ ေဘယ်၊ သုတ်လိုက်ဦး"

"အိုး. . ."

"ဖူးမွန်ကအလန့်တကြားနှင့် ပါးကို လက်နှင့်ပွတ်သည်။ ပြီးမှရှက်ကိုးရှက်ကန်းနှင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အဲဒီအစ်ကိုကြီးကလဲ ဘာမှန်းလဲမသိဘူး"

ဟုဆိုကာ ရှက်ရှက်နှင့် ခြင်းတောင်းတစ်ဖက် ကြောင်လေးတစ်ဖက်ပွေ့ကာ အိမ်ထဲဝင်ပြေးတော့သည်။

မင်းထက်က ဖူးမွန် အမူအရာကိုကြည့်၍ သဘောကျစွာ ရယ်နေလိုက်၏။

❋ ❋ ❋ ❋



## အခန်း (၅)

"အား. . . နာလိုက်တာ"

ရှက်ရှက်ဖြင့် ကမူးရှူးထိုးပြေးဝင်လာသော ဖူးမွန်ဖိနပ်ချွတ်ကနေ အိမ်ပေါ်အတက်ခါးပန်းနှင့် ခလုပ်တိုက်မိသွားသည်။

သို့သော် ဒါတွေဂရုမစိုက်အား၊ ထော့နဲ့နဲ့နှင့်ပင် အိမ်ထဲအထိ ပြေးဝင်သည်။

ထို့နောက် မီးဖိုချောင်အပေါက်ဝတွင် ခြင်းတောင်းကိုချပြီး ကြောင်ကိုပွေ့လျက်နှင့် အိမ်ခန်းထဲ ပြေးဝင်ပြန်သည်။

ပထမဆုံးအရေးတကြီး ပြေးလုပ်သောအလုပ်ကတော့ မေမေနှင့်သူမ သနပ်ခါးလိမ်းလျှင် ကြည့်နေကျ မှန်ထဲကို ကမန်းကတန်း ပြေးကြည့်ခြင်းပင်။

"အို"

မှန်ထဲက ကိုယ့်ရုပ်ရည်ကိုယ်ကြည့်ပြီး ဖူးမွန် ရှုံ့မဲ့သည်ည်း သွားလိုက်၏။ ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံးက ပြောလည်းပြောစရာ ညစ်ပတ်ပေပွနေသည်။ စိတ်ညစ်ညစ်နှင့် အော်ငိုပြီး မျက်ရည်တွေရော နှပ်တွေရော လက်ဖနောင့်နှင့် ပွတ်ဆွဲထားသောကြောင့် မျက်နှာတစ်ခုလုံး ကြောင်ချေးရုပ်။

ဆံပင်တွေကလည်း ရှုပ်ပွပြီး သရဲမဖြစ်နေသည်။ စိတ်တိုတိုနှင့် လက်ထဲက ကြောင်ကို ကုပ်မှနေ ဆွဲကိုင်မသည်။ ကြောင်နှင့်သူမ မျက်နှာချင်းဆိုင်မိမှ. . .

"ချေးပေ. . . သေနာ၊ နင် မေမေပြောသလို ဆတ်ဆတ်ဆော့ဆော့လျှောက်လုပ်လို့ ငါ ငိုရတာ၊ ခုတော့ ဘယ်လိုလုပ်မလဲ၊ ဟင်. . . ငါရှက်လိုက်တာ၊ ဟိုလူကြီးက ငါ့ကို ဘယ်လိုအောက်မေ့မလဲ၊ ဒီကောင်မလေး အရုပ်ကလဲဆိုး၊ ညစ်လဲညစ်ပတ်လိုက်တာလို့ ထင်သွားတော့မယ်၊ ငါ့ရုပ်ကလှတယ်ဟဲ့၊ ငါ့သူငယ်ချင်းတွေကရော၊ မေမေကရော ငါ့ကို ကော်ပတ်ရုပ်လေးလိုပဲ သိပ်လှတာပဲ အမြဲပြောနေကျ၊ ခု. . . နင်လုပ်တာနဲ့ ငါလှတာကို ဟိုလူကြီး မသိတော့ဘူး၊ နင့်ကို ငါ သတ်မယ်သိရဲ့လား၊ ချေးပေစုတ်ရဲ့ နင့်ကို ငါသတ်မယ်"

ပြောပြောဆိုဆိုနှင့် ချေပီးကို ဖူးမွန် သုံးလေးငါးချက်လောက်လက်ဝါးနှင့် တွယ်ထည့်သည်။

ကြောင်လေးက တညောင်ညောင်အော်ဟစ်ပြီး လူးလွန့်ရုန်းကန်သည်။

ကြောင်ကအော်၊ ဖူးမွန်ကရိုက်နှင့် စောစောပိုင်း အိမ်ရှေ့က ကမ္ဘာပျက်ခြင်းက အခန်းထဲ အလိုလိုရောက်သွားသည်။

"ဟဲ့. . . ဟဲ့. . . ဖူးမွန်၊ အို. . . ဘယ်လိုဖြစ်ပြီး ကြောင်ကို



ဒီလောက်ရိုက်နေရပြန်တာလဲ၊ ဒီအရူးမနဲ့တော့ ငါစိတ်ညစ်ပါတယ်"

"ရိုက်ရမယ် မေမေရဲ့၊ ရိုက်ရုံမကဘူး သတ်တောင်ပစ်မလို့၊ သူ့ကြောင့် သမီးအရှက်ကွဲတာ၊ အခု ဟိုလူကြီးက သမီးကို ဘာပြောသွားတယ်မှတ်လဲ၊ ညီမလေး မျက်နှာမှာ နှပ်ချေးတွေ ပေနေတယ်တဲ့၊ အဲဒါ သင်းကြောင့်"

မေမေကရယ်သည်။

ရယ်ရင်းနှင့် ဖူးမွန်လက်ထဲက ချေပီးကို ဝင်လုဆွဲပြီး. . .

"ကဲပါဟယ်၊ တော်ပါတော့၊ သူ့ခမျာ သစ်ပင်ပေါ်မှာတုန်းက ကြောက်ပြီး သေမလိုဖြစ်ရ၊ ခုလဲ အရိုက်ခံရနဲ့ မသက်သာပါဘူး၊ ဒါတောင် မောင်မင်းထက် ရောက်လာလို့၊ နို့မို့ခုထိ သစ်ပင်ပေါ်ကဆင်းရဦးမှာ မဟုတ်ဘူး၊ ဒါနဲ့သမီးကလဲ မောင်မင်းထက်ကို ကျေးဇူးတင်ပါတယ်လို့ တစ်ခွန်းတောင် မပြောခဲ့ဘူး မဟုတ်လား"

"ဘယ်ပြောမလဲ၊ ပြောမလို့လုပ်တုန်းရှိသေးတယ်၊ သူက သမီးကိုနှပ်ချေးတွေပေနေတယ်လို့ ပြောတာကိုး၊ အဲဒီတော့ သမီးလဲ ရှက်ပြီး အိမ်ထဲဝင်ပြေးတာပေါ့၊ အဲဒါ ခုနလဲ ခါးပန်းနဲ့ခလုတ်တိုက်မိသေးတယ်၊ အား. . . အခုမှခြေထောက်ကနာလာပြန်ပြီ၊ ခြေမများ ကျိုးသွားပလားတောင် မသိဘူး မေမေရယ်"

"အေး. . . အေး၊ တစ်လောကလုံးမှာ ညည်းတစ်ယောက်ထည်းပဲ ပြဿနာရှုပ်တွေးနေ ဟုတ်လား ဖူးမွန်၊ ကဲပါ. . . သွားပါ၊ မျက်နှာသွားသစ်၊ ရေချိုးပါဟာ၊ ရေမိုးချိုးပြီး သန့်သန့်ရှင်းရှင်းနေ၊ တော်ကြာကျရင် မောင်မင်းထက် အိမ်လာဦးမှာ"

"ဟင်. . . အဲဒီလူကြီးက အိမ်လာဦးမယ်ဟုတ်လား၊ ဘာကိစ္စလာမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော့ . . သူ့ ကျေးဇူးတင်စကားလေးဘာလေး ပြောပြီး အိမ်အလည်ခေါ်ခဲ့ရသေးတာပေါ့ဟဲ့၊ သူတို့က ဒီနေ့အိမ်ပြောင်းလာတော့ ပင်ပင်ပန်းပန်းအလုပ်များနေကြတာ၊ အဲဒါ ခဏနားတဲ့အချိန် အိမ်လာရေနွေးသောက်၊ လက်ဖက်စားပါဦးလို့ ပြောရတာပေါ့"

"သူက လာမယ်တဲ့လား"

"ပစ္စည်းတွေနေရာချပြီးရင် လာခဲ့မယ်တဲ့"

"အဲဒါဆိုမဖြစ်ဘူး၊ ရေသွားချိုးတော့မယ်"

"ဟဲ့ . . ခြေထောက်နာနေတယ်ဆို၊ နေဦးလေ"

"နာပစေ နာရုံမကလို့ ကျိုးကျိုး၊ အဲဒီလူကြီး အိမ်လာရင် ရေမချိုးထားလို့ ဖြစ်ကိုမဖြစ်ဘူး"

ဖြစ်မှဖြစ်ရလေ သမီးကိုကြည့်ရင်း မေမေရယ်သည်။

မြီးကောင်ပေါက်တို့၏ သဘာဝ နည်းနည်းတော့ ရူးတာပဲဟုလည်း စိတ်ထဲက တွေးလိုက်မိ၏။

❋ ❋ ❋ ❋

ထိုနေ့ကပင်ကိုကြီးနှင့် ပတ်သတ်သော အချက်အလက်တော်တော်များများ ဖူးမွန်သိခွင့်ရလိုက်သည်။

ဖူးမွန် စပ်စပ်စုစု လျှောက်မေး၍တော့မဟုတ်။ မေးလည်း မမေးရဲပါ။



ထိုနေ့က ညနေခင်းလောက် ကိုကြီး ရောက်လာချိန်မှာ ဖူးမွန် ရေချိုး သနပ်ခါးလိမ်း၍ ဖုံနေအောင်ပြင်ထားပြီး မရဲတရဲ ထွက်ဧည့်ခံသော်လည်း ဘာကြောင့်မှန်းမသိ ကိုကြီးမျက်နှာလည်း စေ့စေ့မကြည့်ရဲ။

စကားလည်း များများမပြောရဲဘဲ ရှက်သလိုဖြစ် နေမိသည်။

မေမေကသာ ဒိုင်ခံစကားပြော၏။

မေမေ စကားပြောတတ်သဖြင့် ကိုကြီး၏ ကိုယ်ရေးရာဇဝင် အချက်အလက် တော်တော်များများကို ရိုက်မစစ်ရဘဲ ကြားခွင့်ရလိုက်သည်။

"ကျွန်တော့်အလုပ်က သတင်းစာ အယ်ဒီတာပါ၊ အယ်ဒီတာဆိုပေမယ့် နိုင်ငံခြားသတင်းကိုင်တော့ အများအားဖြင့် နိုင်ငံခြားသတင်းတွေ ဒိုင်ခံ ဘာသာပြန်ပေးနေရတာ များပါတယ်၊ တစ်ခါတလေ လိုအပ်ရင်လဲ မြန်မာသတင်းကို အင်္ဂလိပ်ဘာသာပြန်ပြီး အင်္ဂလိပ်သတင်းစာထဲ ထည့်ဖို့တွေဘာတွေလဲ လုပ်ရတာပေါ့၊ ရုံးအလုပ်က မြို့ထဲ သိမ်ဖြူလမ်းမှာပါ . . ."

"ကျွန်တော့်မိဘတွေကတော့ မရှိကြတော့ဘူး၊ အဖေက မနှစ်ကဆုံးသွားတာ၊ ဆွေမျိုးသားချင်း အရင်းအချာထဲက အစ်မတစ်ယောက်တော့ရှိတယ်၊ ဒါပေမယ့် အစ်မကလဲ ဒီမှာမရှိဘူး၊ သူ့ယောကျ်ားက သံရုံးအတွင်းဝန်ဆိုတော့ နိုင်ငံခြားမှာပဲ အနေများတယ်၊ ဒီမှာတော့ ကျွန်တော်တစ်ယောက်တည်းပဲ၊ အိမ်ထောင်လဲ ကျွန်တော့်မှာ မရှိပါဘူး၊ ဒါကြောင့် ပထမတော့ မြို့ထဲမှာပဲ အခန်းတစ်ခန်းငှားပြီး ဖြစ်သလိုနေခဲ့တာပဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ခုကျတော့ မြို့ထဲမှာနေရတာ စရိတ်စကကလဲကြီး၊ နေမှု ထိုင်ရတာလဲ ကျဉ်းကျပ်တာနဲ့ ကျွန်တော့်တပည့်လေး မောင်မြင့် နဲ့အတူတူ ဒီမှာလာနေမယ်ဆိုပြီး ပြောင်းခဲ့တာ၊ အလုပ်ကို သွား ရလာရတာတော့ ဝေးသွားတာပေါ့ ဒါပေမယ့် ဒီမှာ ခြံလေးဝင်း လေးနဲ့ နေရတာ ကျွန်တော်ပိုသဘောကျပါတယ်. . ."

"ကျွန်တော်နဲ့ ပတ်သတ်လို့ ကျေးဇူးတင်စရာ ဘာညာ မလိုပါဘူး အဒေါ်ရယ်၊ အဒေါ်ပြောပြတဲ့အတိုင်းဆို အဒေါ်တို့ အိမ်မှာက ယောကျ်ားသားလဲမရှိ၊ နောက်ပြီး ဒီခြံတစ်ခြံလုံးမှာ လူငယ်လူရွယ် ယောကျ်ားလေးဆိုလို့ ကျွန်တော်တို့ပဲရှိတာ၊ သား ချင်းလိုပဲ သဘောထားပြီး အကြောင်းကိစ္စရှိရင် အားကိုးပါ"

မေမေပြောပြသဖြင့် ဖတဆိုးလေးဖြစ်ကြောင်းကိုလည်း ကိုကြီး သိသွားသည်။

နောက်ပိုင်းကျတော့ ကိုကြီး ဖူးမွန်တို့မိသားစုနှင့် ပိုရင်းနှီး သွားသည်။ ဖူးမွန်တို့မိသားစုအခြေအနေကိုလည်း ပိုသိသွားပြီး တွေ့စကထက် ဂရုစိုက်မှုလေးတွေ ပိုများလာသည်။

ကိုကြီးကျေးဇူးတွေ ဖူးမွန်တို့ မိသားစုအပေါ် အများကြီးရှိ၏။

❋ ❋ ❋ ❋

ကိုကြီးတို့ ပြောင်းလာခါစက ဖူးမွန်ရှစ်တန်းပဲ ရှိသေး သည်။ ကိုကြီး ပြောင်းလာသည့်အချိန်က ဖူးမွန်တို့ ရှစ်တန်းကို ဒုတိယအစမ်းများပင် ဖြေပြီးနေသည့်အချိန်။



တစ်ရက်ညဦးပိုင်းမှာ ကိုကြီး ဖူးမွန်တို့အိမ်ဘက် ကူးလာ သည်။

ကိုကြီး အလုပ်ကပြန်လာလျှင် အရေးကြီးသော ကိစ္စတို့ အချိန်ပိုတို့မရှိလျှင် ပုံမှန်ငါးနာရီခွဲ၊ ခြောက်နာရီဆို အိမ်ပြန်ရောက် နေကျ။ အိမ်ပြန်ရောက်ရေမိုးချိုးပြီး၍ ကိုကြီးတပည့် ကိုမောင်မြင့် ချက်ပြုတ်ထားသော ထမင်းစားပြီးလျှင် ဆရာတပည့်နှစ်ယောက် နှပ်ရှင်ရုံဘက်လမ်းလျှောက်ထွက်လျှင်ထွက်၊ မထွက်လျှင် ဖူးမွန်တို့ အိမ်ခန်းဘက်လာ၍ စကားစမြည်ပြောတတ်သည်။

ထိုနေ့က အိမ်လာသောအခါ တိုက်တိုက်ဆိုင်ဆိုင် မေမေ သ ဖူးမွန်ကို ဆူနေသည့်အချိန်နှင့် သွားတိုးသည်။

ဆူသည့်ကိစ္စက ဖူးမွန် ဒုတိယအစမ်းစာမေးပွဲမှာ အင်္ဂလိပ်စာတစ်ဘာသာ ကျနေ သည့်အတွက်။

"ဘယ်လိုဖြစ်တာလဲ အဒေါ်၊ ဖူးမွန် ဘာဖြစ်ပြန်ပြီလဲ"

"မပြောနဲ့တော့ မောင်မှင်းထက်ရေ၊ ဒီနေ့ သူ့ကျောင်းက ဆရာအရည်အချင်းမှတ်တမ်းပေးလိုက်တယ် အင်္ဂလိပ်စာ ကျနေ ပြန်ပြီ၊ အဲဒီအင်္ဂလိပ်စာက ပထမအစမ်းတုန်းကလည်း ကျတယ်၊ သချာလုပ်ပါ၊ အင်္ဂလိပ်စာကို ဖိကျက်ပါ ပြောနေတဲ့ကြားက အမြဲ ဆမ်း အဲလိုပဲ"

"မေမေကလဲ ကျတာသာပြောတာ၊ အစကတည်းက သမီး ပြောသားပဲ၊ အင်္ဂလိပ်စာ ဘယ်လိုမှ သမီးမလိုက်နိုင်ဘူး၊ ကျမှာပဲ ဆို အဲဒါကြောင့် နှစ်စကတည်းက ကျူရှင်ထားပေးပါပြောတော့လဲ ကျောင်းစရိတ်အပြင် ကျူရှင်လခမတတ်နိုင်ဘူးဆိုပြီး မေမေမှ ထား ပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ကျူရှင်ခမတတ်နိုင်လို့ မတတ်နိုင်ဘူး ပြောတာ ပေါ့၊ အိမ်မှာက စားဖို့တောင် မနည်းပတ်လည်အောင်လုပ်နေရ ကြားက ညည်းကို မဖြစ်ဖြစ်အောင် ကျောင်းထားပေးရတာ၊ ညည်း တစ်ယောက် ကုန်ကျစရိတ်ကတင် ဒီအိမ်မှာနည်းတာမဟုတ်ဘူး သူများတွေထဲမှာလဲ ကျူရှင်မယူဘဲနဲ့ အောင်နေကြတာတွေ ရှိ သတ်လို့တောင် မကုန်ဘူး၊ ကိုယ့်ဟာကိုယ်လဲ ကြိုးစားဦးမှ ကျောင်းမှာလဲ ဆရာဆရာမတွေက သင်ပေးနေတဲ့ဥစ္စာ"

"ဒို့မြင်ဘာသာတော့ ရတယ်၊ အင်္ဂလိပ်စာတော့ ရတိုမ ဘူး ကျောင်းကသင်တာလဲ နားမလည်ဘူး၊ ကိုယ့်ဟာကိုယ်လဲ မဖ တတ်ဘူး၊ ကျမှာပဲ၊ ဒီနှစ်အစိုးရစစ်လဲ အဲဒီအင်္ဂလိပ်စာနဲ့ပဲ အော မှာမဟုတ်ဘူး"

"ကောင်းတယ်၊ မအေကတော့ သမီးလေး ထွန်းထွ ပေါက်ပေါက်ဖြစ်ပါစေဆိုပြီး မရှိတဲ့ကြားက ကျောင်းထားပေးတ အိမ်ကအလုပ်တောင် ဝင်မလုပ်ခိုင်းဘူး၊ ဒီကြားထဲ ကျူရှင်မထ နိုင်တာနဲ့ စာမေးပွဲကျဦးမယ်ဆိုတော့ မထူးပါဘူးအေ၊ ကျော သာ ထွက်လိုက်တော့"

"မေမေ တကယ်ပြောတာလား၊ အဲဒါဆိုရင် မနက်ဖြန် စပြီး သမီးကျောင်းမတက်တော့ဘူး၊ ဟုတ်တယ်၊ သမီး ဒီနှ တကယ်ကျမှာ သေချာတယ်"

"ကဲ. . . နေပါဦး ဖူးမွန်ရယ်၊ အဲဒီပညာရည်မှတ်တ ကိုကြီးကို ပြစမ်းပါဦး၊ ကိုကြီးလဲ အခြေအနေလေး သိရအောင်

မင်းထက်က မနေသာတော့သော ပုံစံဖြင့် ပညာရ မှတ်တမ်းကတ်ပြားကို တောင်းယူသည်။



ဖူးမွန်က လှမ်းပေးရင်း. .

"အခြေအနေ ဖူးမွန်ပြောသလိုအမှန်ပဲ ကိုကြီး၊ မယုံရင် ကိုကြီးကြည့်၊ ဒို့မြင်ဘာသာတွေမှာ ခြောက်ဆယ်မကျော်ရင် ဖူးမွန် ကို ပြောချင်တိုင်းပြော"

ယူကြည့်လိုက်တော့လဲ ဖူးမွန်ပြောသည့်အတိုင်း ဖြစ်နေ သည်။

သည်တွင် ကိုကြီးက ဆုံးဖြတ်ချက်တစ်ခုချလိုက်ဟန် ဖြင့်. .

"ဒီလိုလုပ် ဖူးမွန်၊ အင်္ဂလိပ်စာတစ်ခုတည်း လိုအပ်နေတာ ဆိုတော့ အဒေါ်လဲစိတ်ညစ်မခံစေနဲ့တော့၊ ကျူရှင်လဲ ယူစရာမလို ဘူး၊ ကိုကြီးက ဒီအင်္ဂလိပ်စာနဲ့ပဲ အသက်မွေးဝမ်းကျောင်း လုပ်နေ ရတဲ့လူ၊ ကိုကြီးပဲ ပြပေးမယ်၊ ဖူးမွန်တို့ စာမေးပွဲက မတ်လနော်"

"ဟုတ်ကဲ့ကိုကြီး"

"အင်း. . . နှစ်လလောက်တော့ အချိန်ရပါသေးတယ်၊ ဒီလိုလုပ်လေ၊ ဖူးမွန်ဒို့မြင်ဘာသာတွေကို အချိန်လွှဲပြီး ကျက်တာ တွက်တာလုပ်၊ ည ခုနှစ်နာရီကနေ ကိုးနာရီလောက်အထိ အချိန်ကို အင်္ဂလိပ်စာအတွက် ဖယ်ထားလိုက်၊ အဲဒီနှစ်နာရီကို ညတိုင်း အချိန်ယူပြီး ကိုကြီးသင်ပေးလိုက်မယ်၊ မနက်ဖြန်ကျရင် ကိုကြီး သတင်းစာတိုက်က **Sunday Supplement** တွေလဲ ယူလာခဲ့မယ်၊ အင်္ဂလိပ်စာ အောင်ဖို့အတွက်တော့ ကိုကြီး တာဝန်ထားလိုက်ပါ"

"ကိုကြီး တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့၊ ကိုကြီးသင်ပေးရင် အောင်နိုင်မယ် လို့ ဖူးမွန် ထင်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးလောက်တတ်တဲ့လူက သင်ပေးရင် ဖူးမွန်ဘာမအောင်စရာရှိမလဲ ကိုကြီးရာ. . . ဖူးမွန် နားမလည်တာရှိရင်လဲ ကိုကြီးကို မေးမှာပေါ့"

"ဒါပေါ့၊ အဲဒါကောင်းတယ်၊ မနက်ဖြန်ကျရင် အဲဒီ အစီအစဉ်စမယ်"

အမှန်တကယ်ပင် ကိုကြီးကောင်းမှုကြောင့် ဖူးမွန် ရှစ်တန်းအောင်ခဲ့ခြင်းဖြစ်၏။



## အခန်း (၆)

ထိုအချိန်လောက်ကစပြီး ဖူးမွန်၏ဘဝကို ကိုကြီးလွှမ်းမိုးခဲ့သည်ဟု ဆိုနိုင်သည်။ ကိုကြီးဘဝက သိပ်ပြည့်စုံချမ်းသာလှန်းလှ၍တော့ မဟုတ်။ ကိုကြီး ရှာဖွေ၍ရနေသော လစာငွေကြေးဆိုတာက ကိုကြီး၏ တစ်ကိုယ်ရေဘဝလေး အဆင်ပြေသည် ဆိုရုံမျှသာရှိသည်။

ထိုအဆင်ပြေရုံ ငွေကြေးထဲမှပင် ခြိုးခြံချွေတာပြီး ဖူးမွန်အတွက် လိုအပ်တာလေးတွေ လိုက်လံရှာကြံဖြည့်ဆည်းပေးခဲ့သည်မှာ ကိုကြီး၏ ဖူးမွန်အပေါ်ထားရှိသော မေတ္တာစေတနာကြောင့်ဟု ဖူးမွန်နားလည်ပါသည်။

ကိုးတန်းလောက်ကပင်စပြီး ဖူးမွန် တာဝန်တော်တော်များများကို မေမေ့ဆီမှနေ ကိုကြီး ဖွဲယူပေးခဲ့သည်။

"ဘာသာတိုင်း လူမျိုးတိုင်းမှာ အမေကို ဘုရားနဲ့ တန်းတူထား စကားပြောကြတာချည်းပဲ"

ဖူးမွန်အင်္ဂလိပ်စာညံ့မှန်းသိ၍ ကိုကြီးက အင်္ဂလိပ်စာ

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးရုံမက ဆုံးမစကားလေးတွေပြောလျှင်လည်း အင်္ဂလိပ်လို ဆိုရိုးစကားပုံ ကောက်နုတ်ချက်လေးများဖြင့် တွဲပြောသည်။ ပြီးတော့ ထိုစကားလေးတွေကိုလည်း သေချာစွာ အဓိပ္ပာယ်ရှင်းပြ၍ စာအုပ်လေးတစ်အုပ်နှင့် ရေးမှတ်ခိုင်းသည်။

သို့အတွက် ဖူးမွန်၏ မှတ်စုစာအုပ်လေးထဲတွင် ရွတ်ဆိုလို့ကောင်းသော၊ လွယ်လွယ် တိုတိုနှင့် အဓိပ္ပာယ်လှပသော ဆိုရိုးစကားလေးတွေ ပြည့်နှက်နေသည်။

ကြာတော့ ဖူးမွန် တော်ရုံတန်ရုံ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားလုံးလေးများကို မြင်ရုံနှင့် အဓိပ္ပာယ်ပေါက်အောင် ယဉ်ပါးလာသည်။ တချို့စကားလေးများဆို အလွတ်ရအောင် ကျက်ထားမိ၏။

**"We never know the worth till the well is dry"**

"ရေတွင်း မခန်းမချင်း ရေရဲ့တန်ဖိုးကို ကျွန်ုပ်တို့ မသိနိုင်"

**"Put not your trust in money but put your money in trust"**

"သင့်ယုံကြည်မှုကို ငွေကြေးထဲမှာ မထားပါနှင့်၊ ယုံကြည်မှုထဲမှာသာ သင့်ငွေကြေးကို ထားပါ"

**"Love that reason of all unreasonable actions"**

"အချစ်ဆိုသည်မှာ အကြောင်းပြချက်မခိုင်လုံသော လှုပ်ရှားမှုအားလုံး၏ အကြောင်းပြချက်ဖြစ်၏။

❋ ❋ ❋ ❋



သို့သော် တကယ်တမ်းကျတော့ ဖူးမွန် ကိုကြီးကို ချစ်သွားရသည်မှာ ထိုအချက်များကြောင့်မဟုတ်ပါ။ ကိုကြီးကို ယုံကြည်ခြင်းတွေသီးခြားရှိသည်။ ကိုကြီးကို အားကိုးခြင်းတွေသီးခြားရှိသည်။ ကိုကြီးကို လေးစားခင်မင်မှုတွေလည်း သီးခြားရှိသည်။

ထို့အတူ ကိုကြီး၏ ကူညီထောက်ပံ့မှုများအပေါ် ကျေးဇူးတင်ခြင်းတွေလည်း သီးခြားရှိပါသည်။

သို့သော် ဖူးမွန် ဒါတွေကြောင့် ကိုကြီးကို ချစ်မိသည်တော့ လုံးဝမဟုတ်။

ကိုကြီးနှင့်သူမ ချစ်သူများအဖြစ် ကူးပြောင်းခဲ့သည့်ကာလသည် စင်စစ်ဘာမှမကြာသေး။ ကိုကြီးနှင့်အတူ မောင်နှမလို နေထိုင်လာခဲ့ကြသော ကာလများက ဖူးမွန်ဆယ်တန်းအထိ ကြာရှည်ခဲ့သည်။

ဖူးမွန်နှင့်ကိုကြီး ချစ်သူများ ဖြစ်ကြသည်မှာ ဆယ်တန်းဖြေပြီးသော ကာလကျမှဖြစ်၏။ ထိုကာလကျမှလဲ အချစ်ဆိုသော အရာအကြောင်း ဖူးမွန်တိတိကျကျသိသည်။

ထိုအချိန်ကျမှ ဖူးမွန် ကိုကြီးကို အစကတည်းက တိတ်တခိုးတွယ်တာ ချစ်နေမိမှန်း ပြန်သုံးသပ်လို့ရသည်။ ကိုကြီးကို ဖူးမွန် ချစ်သည်မှာ အချစ်ကြောင့်သာဖြစ်၏။

ခုချိန်မှာကိုကြီး လေးစားအားကိုးယုံကြည်စရာ မကောင်းလျှင်လည်း ဖူးမွန်ချစ်နေမိမည်သာဖြစ်သည်။ ကိုကြီးထံမှ ဘာအကူအညီ ဘာအထောက်အပံ့မှ မရလျှင်လည်း ဖူးမွန်အချစ်က တစ်ပြားသားမှ လျော့လိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အဆုံးစွန်ပြောရလျှင် ကိုကြီးဘက်က ဘာတွေလုပ်လုပ်၊ ဘာတွေပြောင်းလဲပြောင်းလဲ သူမ အပေါ်တွင် အခုနှင့်ဆန့်ကျင်စွာ ဆိုးရွားရက်စက်မှုတွေ ပြုလျှင်ပင် ဖူးမွန် ကိုကြီးကို သေသည်အထိ ချစ်သွားတော့မှာ သေချာသည်။

ကိုကြီးကိုချစ်သည့်အချစ်သည် ကိုကြီးသင်ပေးဖူးသော အင်္ဂလိပ်ဆိုရိုးစကားလေးလိုပင်။ အကြောင်းပြစရာမရှိသော အချစ်ဖြစ်၍ အကြောင်းပြစရာမရှိသော အဖြစ်အားလုံး၏ အကြောင်းပြချက်လည်း ဖြစ်နေသည်။

သို့အတွက် ဆယ်တန်းစာမေးပွဲဖြေပြီးသောနောက်တစ်နေ့ ကိုကြီးက အလုပ်ကနေခွင့်ယူပြီး ဖူးမွန်သွားချင်၊ လည်ချင်သော နေရာများကို လိုက်ပို့ရင်း. . .

"ဖူးမွန်"

"ရှင်. . . ကိုကြီး"

"ကိုကြီး ဖူးမွန်ကို စကားတစ်ခွန်းပြောချင်တယ်"

"ပြောလေ. . . ကိုကြီးကလဲ၊ ဖူးမွန်ကို စကားတစ်ခွန်းပြောမှာ ကိုကြီးက ဖူးမွန်ဆီက ခွင့်တောင်းနေရသေးလား"

"မဟုတ်ဘူး ဖူးမွန်၊ ကိုကြီးပြောမယ့်စကားကို ကိုကြီးကိုယ်တိုင် လိပ်ပြာမသန့်ဖြစ်နေလို့"

"လွယ်ပါတယ် ကိုကြီးရဲ့၊ လိပ်ပြာမသန့်ရင် အဲဒီလိပ်ပြာကို ဆပ်ပြာတိုက်ပြီး ရေမိုးချိုးပေးလိုက်ပေါ့၊ ဖူးမွန် ကြောင်လေးချေပီး အိမ်သာတွင်းထဲကျတုန်းကလဲ ဖူးမွန် ဒီလိုပဲ လုပ်ပေးခဲ့တာပဲ"

"ဟာ. . . ဖူးမွန်ကလဲ၊ အရေးထဲနောက်နေပြန်ပြီ"



"ဟား. . . ဟား"

အမှန်တော့ ဖူးမွန်ပျော်နေခြင်းသာ ဖြစ်သည်။ သည်လိုသွားဖို့ ကိုကြီးကို အစောကြီးကတည်းက ပူဆာထားခဲ့ရ၏။

ရှစ်တန်းအောင် ကိုးတန်း၊ ကိုးတန်းအောင်ရက်တွေတုန်းကမှ ကိုကြီးက ဖူးမွန်လည်သွားချင်သည့်နေရာ လိုက်ပို့ခဲ့သေးသည်။ ဆယ်တန်းကျတော့ စာမေးပွဲအရေးကြီးလို့ဆိုကာ ဘယ်မှမပို့တော့။ ရှားရှားပါးပါး ပထမအစမ်း စာမေးပွဲကြီးတုန်းကသာတစ်ခါ ရုပ်ရှင်လိုက်ပြဖူးသည်။

ဒါလည်း မြို့ထဲတွေဘာတွေမဟုတ်။ နီးနီးနားနား မင်္ဂလာဒုံ တိုက်ခန်းမရုံ၌သာ။

သို့အတွက် ဖူးမွန် သည်ရက်ကို နှစ်တစ်ပတ်လည်လုနီးပါးအားခဲ စောင့်မျှော်နေခဲ့ခြင်းဖြစ်သည်။

စာမေးပွဲ နောက်ဆုံးနေ့ဆိုလျှင် နေ့တစ်ဝက်ပဲ အချိန်ရမှာမို့ ထိုနေ့ လိုက်မပို့နိုင်းဘဲ နောက်နေ့ကျမှ နံနက်မိုးလင်းကတည်းကအချိန်ယူပြီး တစ်နေကုန်နေရာအနှံ့ လိုက်ပို့ခိုင်းခြင်းဖြစ်သည်။

ဖူးမွန်ဘယ်လောက်သွားချင်သလဲဆိုသော် ညက အိပ်မက်သုံးခါမက်သမျှ ကိုကြီးနှင့် လျှောက်လည်သည်ဟုပဲ မက်ခဲ့သည်။ တစ်ခါမက် တစ်ခါလန့်နိုးတိုင်းလည်း မိုးလင်းပြီမှတ်ပြီး ထမျက်နှာသစ်ရန် ပြင်မိသေးသည်။

ညကလည်းအိပ်ရာမဝင်ခင် သည်နေ့ ကိုကြီး နေထိုင်မကောင်းဖြစ်၍ မသွားနိုင်တာမျိုး၊ အလုပ်က အရေးတကြီးလှမ်းခေါ်၍ အစီအစဉ် ဖျက်လိုက်ရတာမျိုး မဖြစ်ရန် ဘုရားရှိခိုးပြီး ဆုတွေ မတရားတောင်းခဲ့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း နံနက်ကတည်းက တစ်နေကုန် ဘုရားဖူး၊ ပြည်သူ့ဥယျာဉ်တို့၊ တိရစ္ဆာန်ရုံတို့ လျှောက်သွား၊ မြို့ထဲရောက် စကော့ဈေးပတ်၊ နေလဟာပြင်ဝင် ထမင်းစား၊ ရုပ်ရှင်ကြည့်၊ ညနေစောင်း ကရဝိတ်ဝင်၊ ရေခဲမုန့်စား၊ ကန်တော်ကြီးပန်းခြံထဲထိုင် စကားပြော၊ တဝကြီးပျော်နေချိန် ကိုကြီးစကားက အလေးအနက် ဖြစ်နေမှန်း ရုတ်တရက် သတိမထားမိ။

ကိုကြီးစကားကို ပြန်ရှုတ်ပြီး ဟားနေမိသည်။ ကိုကြီးက ဖူးမွန်ရယ်နေတာကြည့်ပြီး စိတ်ဓာတ်ကျသလို ဖြစ်သွားမှ . . .

"ကဲပါ. . . ကိုကြီး ပြောစရာရှိပြောစမ်းပါ၊ ဖူးမွန် လျှောက်စ,နေတာနဲ့ စိတ်ညစ်မသွားနဲ့၊ ဘာပြောမလို့လဲပြော"

"ဖူးမွန် ကိုကြီးနဲ့ အဲလိုလျှောက်သွားနေရတာ ပျော်လား"

"အင်း. . . ပျော်တာပေါ့၊ အားကြီးပျော်၊ **very** ပျော်၊ **mony** ပျော်၊ **more** ပျော်၊ **most** ပျော်ပျော်၊ **to the power one thousand** ပျော်၊ ပျော်ဆိုတဲ့ စကားလုံးကို အလုံးတစ်ထောင် မြှောက်ထားသလောက် ပျော်တယ်၊ တကယ်ပြောတာ သိရဲ့လား ကိုကြီးရဲ့"

"ကိုကြီးလဲ ပျော်တယ်"

"အဲဒီတော့"

"အဲဒီတော့ နောက်လဲ တစ်သက်လုံး ဖူးမွန်နဲ့အဲလိုပဲ မခွဲဘဲအတူတူပျော်နေချင်တယ်ကွာ၊ ကိုကြီးပြောတာ သဘောပေါက်လား"

"ဟင်. . . ကိုကြီးက ဘာ သဘောမပေါက်စရာရှိလဲ၊ နောင်လဲ တစ်သက်လုံးဖူးမွန်နဲ့ကိုကြီး မခွဲဘဲအတူတူ ပျော်ချင်တယ်ဆိုတာ အင်္ဂလိပ်လို ပြောတာမှ မဟုတ်ဘဲ၊ ဖူးမွန်နားလည်တာပေါ့၊



အင်္ဂလိပ်လိုပြောရင်တောင် ခုချိန်မှာ နားလည်တယ်၊ ကောင်းတာပေါ့ ကိုကြီးရဲ့ ဖူးမွန်က ကိုကြီးစိတ်ထဲ အဲလိုမဖြစ်မှာတောင် စိုးတာ"

"ကိုကြီးပြောတဲ့ အဓိပ္ပာယ်ကို ဖူးမွန်နားမလည်ဘူး ထင်တယ်၊ ကိုကြီးဆိုလိုတာက ဖူးမွန်နဲ့ကိုကြီး တစ်သက်လုံး မခွဲဘဲ အတူတူနေချင်တယ်လို့ပြောတာ၊ ပိုတိကျအောင်ပြောရရင်တော့ ဖူးမွန်ကို ကိုကြီးချစ်တယ်လို့ ပြောတာ၊ ကိုကြီး ဖူးမွန်ကို ရည်းစားစကားပြောတာ"

"ဟင်. . . ရည်းစားစကားဟုတ်လား၊ ဟာ. . . ကိုကြီးကလဲ"

တည့်တည့်ပြောမှရိပ်မိတော့သည်။ ဖူးမွန် ရုတ်တရက် ကြောင်သွား၏။

ပြီးမှ မျက်နှာတစ်ခုလုံးလဲ ပူထူနွေးထွေးသွား၏။ သည်အသက်အရွယ်အထိ ရည်းစားစကား အပြောမခံရဘူးတော့ မဟုတ်။

ကျောင်းက ကောင်တွေ၊ အရပ်ထဲက အစုတ်ပလုတ်တွေ၊ ဖုန်းမှာလိုက်ပြီး ရည်းစားစကားပြောတာ၊ စာပေးတာ ဖူးမွန်အတွက် အထူးအဆန်းမဟုတ်။ တော်ရုံတန်ရုံ လူလောက်ကို. . .

"ဟား. . . ဟား၊ ဘာတွေ လာပြောနေတာလဲ၊ သောက်ကေါင်ကြီး" ဟု ပြန်ပတ်ရဲလောက်အောင် ဖူးမွန် သတ္တိရှိသည်။ စာပေးတာမျိုးကြုံလျှင်လည်း. . .

"စာ. . . ဟုတ်လား၊ ဘာလဲ၊ အဲဒါရည်းစားစာမဟုတ်လား ဖတ်မနေနဲ့ပြန်ယူသွား၊ ငါ့ဆီ ပေးလိုက်လို့ကတော့ ငါက ဖတ်မှာမဟုတ်ဘူး၊ ချေးကုန်းပစ်မှာ"

ဟု ပေါ်ပေါ်ထင်ထင် ရိုင်းပစ်ရဲသည့်သတ္တိရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုႉႉႉခုကျတော့။

ဖူးမွန်ဘာလုပ်ရမှန်းမသိဘဲ ခြေဖျားလက်ဖျားများပင် အေးလာ၏။

ကိုကြီးကိုလည်း ရဲရဲမကြည့်ဝံ့တော့။ ကိုကြီးကျတော့ တော်ရုံလူလည်းမဟုတ်၊ အစုတ်ပလုပ်လဲ မဟုတ်။

ဖူးမွန် ဘာလုပ်ရမှန်း ရုတ်တရက်မသိတော့။

❋ ❋ ❋ ❋



## အခန်း (၇)

"ဖူးမွန်"

"ရှင်ႉႉႉကိုကြီး"

"ဘာလဲ ဖူးမွန် ကိုကြီးကို စိတ်ဆိုးသွားလား၊ ဒါမှမဟုတ် ဖူးမွန်က ရိုးရိုးသားသား ခင်တာကို လူကြီးတန်မဲ့ အခွင့်အရေး ယူတယ်ဆိုပြီး ကိုကြီးကို အထင်သေးသွားလား၊ ကိုကြီး အခွင့်အရေး ယူတာမဟုတ်ပါဘူး ဖူးမွန်ရယ်၊ ဖူးမွန်ကို ကိုကြီး တကယ်ချစ် တကယ်မြတ်နိုးနေမိလို့ပါ"

"ကိုကြီး"

"ဘာလဲ ဖူးမွန်"

"ကိုကြီးဘာတွေ လျှောက်ပြောနေတာလဲ၊ အခွင့်အရေး ယူတာတွေ ဘာတွေ ဖူးမွန်နားတောင်မလည်ဘူး၊ ကိုကြီးကို စိတ်ဆိုး လို့လဲ မဟုတ်ဘူး၊ အခုဟာက ဖူးမွန် စဉ်းစားနေတာ"

"ဘာကို စဉ်းစားနေတာလဲ ဖူးမွန်"

"ကိုကြီးပြောတဲ့ ကိစ္စကိုပေါ့၊ ဖူးမွန်စိတ်ထဲမှာ ကိုကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဖူးမွန်ကို အဲလိုအချစ်မျိုးနဲ့ ချစ်နေတယ်ဆိုတာ အစက သိမှမသိတာ၊ ဖူးမွန်ကို ကိုကြီးချစ်မှန်း သိပေမယ့် ညီမလေးလိုချစ်တယ်ပဲ အောက်မေ့တာပေါ့၊ ဖူးမွန်လဲ ကိုကြီးကို မချစ်တာမှ မဟုတ်ဘဲ၊ ဒါပေမယ့် ဒီလိုမျိုးမဟုတ်ဘူးလေ၊ ရိုးရိုးတန်းတန်းပဲ ချစ်တဲ့အချစ်"

ဖူးမွန် စကားကိုခဏရပ်သည်။ ပြီးမှ တွေးတွေးဆဆ အမူအရာဖြင့်. . . . .

"အင်း. . . အခု ကိုကြီးပြောမှပဲ ကိုကြီးက ဖူးမွန်ကို ရည်းစားလိုချစ်တာ သိရတယ်၊ အဲဒီတော့ ဖူးမွန်ကလဲ ကိုကြီးကို အဲလိုပြန်ချစ်မချစ် ဖူးမွန်စဉ်းစားနေတာ၊ ကိုကြီးခဏစောင့်နော်၊ ဖူးမွန်ခဏစဉ်းစားလို့ ရမယ်မဟုတ်လား"

"ဟာ. . . ရပါတယ် ဖူးမွန်ရဲ့၊ ကိုကြီးကဘာလို့ လောရမှာလဲ"

"မသိဘူးလေ၊ တော်ကြာ ကိုကြီးက ဖူးမွန်ကို စိတ်တိုသွားမှာစိုးလို့"

ဖူးမွန် အမှန်တကယ် ရိုးရိုးနှင့်မှန်မှန်ပြောလိုက်ခြင်းသာဖြစ်ပါသည်။ ကိုကြီးကိုကျတော့ ဒီ့ပြင်လူတွေလို ပိုးစိုးပက်စက်ပြန်ပြောလို့မဖြစ်။ ဖူးမွန်ကိုကြီးကို ချစ်တာကတော့ချစ်သည်။ သို့သော် ချစ်သူလိုသဘောထား၍ကား တစ်ခါမှ မစဉ်းစားခဲ့ဖူးခဲ့။ ခုကျမှ ကိုယ့်ကိုယ်ကို သေချာပြန်မေးရတော့မှာမို့ ဖူးမွန် အချိန်ယူလိုက်ခြင်းဖြစ်သည်။

"ဒီလို. . . ကိုကြီးရာ၊ ကိုကြီးပြောတဲ့စကားကို ဖူးမွန်စဉ်းစားကြည့်တယ်၊ ကိုကြီးကပြောတယ်မဟုတ်လား၊ ဖူးမွန်နဲ့ကိုကြီးတစ်သက်လုံးမခွဲဘဲ အတူတူဒီလိုနေသွားချင်တယ်လို့၊ အင်း. . .



းမွန်လဲ နေချင်တာပေါ့ ကိုကြီးရယ်၊ အဲလိုနေရင် ဖူးမွန်က ပိုပြီးတော့တောင်ပျော်မှာ၊ အဲလိုနေဖို့က. . ."

ဖူးမွန်ကမျက်မှောင်လေးကြုတ်၊ မျက်စိလေးမှေးပြီးကားကို ခဏရပ်ဆိုင်းသည်။ ပြီးမှ. . .

"ဟုတ်တယ်နော်၊ အဲလိုနေဖို့က ကိုကြီးနဲ့ဖူးမွန် မောင်နှမလိုနေလို့ ဘယ်ရမယဲ၊ မောင်နှမဆိုတာ အချိန်တန် အိမ်ထောင်တွေဘာတွေကျရင် ကိုယ့်အိမ်ထောင်နဲ့ကိုယ် ခွဲနေရတာနော်၊ အင်းလ မိဘနဲ့သားသမီးတောင် ခွဲနေရတာဖဲ၊ တစ်သက်လုံး အတူနေသွားလို့ရတာက လင်မယားတွေပဲရှိတာ၊ လင်မယားလိုနေဖို့ည်းစားလိုချစ်ရမယ်"

"နေဦး ဖူးမွန်၊ ဖူးမွန် ခေါင်းအရှုပ်သွားပြီလား"

"ဟာ. . . ကိုကြီးကလဲ နေစမ်းပါ၊ ဒီမှာ စဉ်းစားနေပါတယ်ဆိုမှ ဘာဖြစ်လို့ဝင်ဝင်ပြီး မေးရတာလဲ၊ ဒါကြောင့်စောစောကတည်းကပြောတာ၊ ခဏစောင့်ပါလို့၊ ကိုကြီးသိပ်ရှုပ်တာပဲ၊ ခဏလေးနေဦး၊ ဒီမှာ ဖူးမွန် စဉ်းစားလို့ရခါနီးနေပြီ"

မင်းထက် ဘလိုင်းကြီး အပေါက်ခံလိုက်ရသည်။ ပြီးမှးမွန်အမူအရာကို သဘောကျစွာဖြင့် မပြုံးရဲပြုံးရဲ ကျိတ်ပြုံးလိုက်သည်။ ပြီး ဖူးမွန်နှုတ်မှ မြွက်ဟလာသည့် ဆုံးဖြတ်ချက်များကိုထိတ်ထိတ်ဖြင့် နားခံသည်။

ဖူးမွန်က ကန်ရေပြင်ကိုကြည့်ပြီး အကြိတ်အနယ် ဆက်ဉ်းစားသည်။ ထို့နောက် ဆတ်ကနဲ ကိုကြီးဘက်လှည့်လျက်. . .

"ဟုတ်ပြီ ကိုကြီး၊ ဖူးမွန်လဲ အခုမှသိတယ်၊ ဖူးမွန်လဲ ကိုကြီးချစ်သလိုချစ်နေတာ ကြာပြီ၊ ဖူးမွန်ဟာ ဖူးမွန်မသိလို့၊ ဟုတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖူးမွန်လဲ ကိုကြီးကို ရည်းစားလိုပဲချစ်တာ ကိုကြီးရဲ့"

"ဟင်"

"ဟုတ်တယ်လေ ကိုကြီးရဲ့၊ ကိုကြီးပဲ စဉ်းစားကြည့်၊ မော
နှမဆိုတာ မောင်နှမလိုပဲနေမှာပေါ့၊ အခုလို ဟိုအတူတူလျှောက်
သွား၊ ဒီအတူတူလျှောက်သွား၊ အဲလိုသွားရတာ ပျော်ပြီး တစ်သက်
လုံး အတူတူနေချင်စိတ် ဘယ်ရှိမလဲနော့"

ကိုကြီးက ဖူးမွန်ကို ကြောင်ကြည့်နေသည်။ ဖူးမွန်က
ဆက်၍...

"ဖူးမွန်က မောင်နှမမရှိတော့ ရှုတ်တရက် အဲလို ဘယ်
တတ်ပါ့မလဲ၊ ခုကျတော့ မောင်နှမရှိတဲ့ သူငယ်ချင်းတွေ ပြန်စဉ်း
စားကြည့်တာ၊ သူတို့က အဲလိုမနေဘူး၊ နေချင်စိတ်လဲ မရှိဘူး
ဖူးမွန်သူငယ်ချင်းမှာ နှင်းသက်ရည်တို့မောင်နှမဆို ကျောင်းမှာ
မျက်နှာချင်းဆိုင် တွေ့တာတောင် ရယ်မပြဘူး၊ နှုတ်မဆက်ဘူး
ဖူးမွန်ကိုသာ ကိုကြီးအဲ့လိုနှုတ်မဆက်ရင် ဖူးမွန် အဲဒီနေရာမှာတင်
ထိုင်ငိုမှာ"

ကိုကြီးက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဖူးမွန်ကျတော့ ကိုကြီးနားမှာပဲ အမြဲနေချင်ပြီး ကိုကြီး
နဲ့ပဲလျှောက်သွား၊ ကိုကြီးကိုပဲ အမြဲတွေ့ချင်နေတာ၊ ကိုကြီးမရှိရင်
ဖူးမွန် မနေတတ်တော့ဘူး"

"ဒါဖြင့် ဖူးမွန်စဉ်းစားလို့ရပြီပေါ့"

"အင်း... ရပြီ"

"ခုတော့ဘယ်လိုဖြစ်လဲ၊ ကိုကြီးကိုလဲ ဖူးမွန် ကိုကြီး
ချစ်သလိုပဲ ချစ်တယ်ပေါ့"



"အင်း... ချစ်တယ်၊ ကိုကြီးကိုလဲ ဖူးမွန် ကိုကြီး ချစ်သလို
ချစ်တယ်"

"ဟာ... တော်ပါသေးရဲ့ ဖူးမွန်ရာ၊ ကိုကြီးက ဖူးမွန်များ
င်းလိုက်မလားဆိုပြီး အရမ်းစိုးရိမ်ပူပန်နေတာ၊ နောက်ပြီး
ကားတွေ မပြောသင့်သေးဘူးထင်လို့ ခုချိန်ထိလဲ အောင့်အည်း
င့်နေခဲ့တာ၊ ခုမှပဲ ကိုကြီး စိတ်အေးတော့တယ်"

"အေးတော့ ကိုကြီး၊ အေးတော့၊ ကိုကြီးထက်တောင်
မွန်က ကိုကြီးကိုပိုချစ်ဦးမယ်၊ ဪ... ဒါနဲ့ နေပါဦး၊ ဖူးမွန်
ကြီးကို မေးမလို့"

"မေးလေ၊ ဘာလဲ"

"အဲဒါဆို အခု ကိုကြီးနဲ့ဖူးမွန် ရည်းစားတွေ ဖြစ်သွားကြ
ပြီပေါ့နော်၊ ဖူးမွန်က ကိုကြီးကို အဖြေပေးပြီးပြီလေ"

မင်းထက်က ရယ်၍....

"ဒါပေါ့ ဖူးမွန်၊ ကိုကြီးနဲ့ဖူးမွန်ဟာ သိပ်ချစ်ကြတဲ့ ချစ်သူ
တွေ ဖြစ်သွားပြီပေါ့"

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အချစ်ဆိုတာကို ဖူးမွန် ယုံကြည်တယ်။

အချစ်ဆိုသည်မှာ ကိုကြီး သင်ပေးသော အင်္ဂလိပ်စာသား လေးထဲကလို ကျိုးကြောင်းဖော်ပြချက် မခိုင်လုံသော လူပ်ရှား များ၏ ကျိုးကြောင်းဖော်ပြချက်ဟုသာမက အချစ်ဆိုသည်မှ ဘဝတွင် လစ်ဟာလျက်ရှိသော အခြားလိုအပ်ချက် အားလုံး ပြည့်စုံအောင် ဖြည့်စွမ်းပေးနိုင်သည့်အရာဟုလည်း ဖူးမွန် ဖြည့်စွ ယုံကြည်သည်။

အဘယ်ကြောင့်ဆိုသော် ကိုကြီးနှင့်အတူ ရှိနေသော လမှာ ဖူးမွန်အဖို့ ဘာမှမလိုအပ်တော့သောကြောင့်ပင်။ သို့သေ မေမေကျတော့ ဤအယူအဆကို လုံးဝလက်မခံ။

အထူးသဖြင့် ကိုကြီးနှင့် ဘဝမှာ အတူလက်တွဲသွားလိုက် က ဘဝမှာ လိုအပ်ချက်တွေ အများကြီး ရှိလာလိမ့်မည်ဟု မေ က ယုံကြည်သည်။

ပြင်းပြင်းထန်ထန်ကြီး မကန့်ကွက်သော်လည်း လုံး



လျှားလျှား ကျေနပ်လက်ခံတာမျိုးတော့ မဟုတ်။

မေမေ သည်ဘက်ပိုင်းမှာ မကြာခဏ ပြောဆိုလေ့ရှိသော စကားတချို့ရှိသည်။

"ငါ့သဘောပြောရရင် ညည်း မောင်မင်းထက်ကို ယူဖို့ စဉ်းစားတာဟာ မှားတယ် သမီး"

"ဟာ. . . မမှားပါဘူး မေမေကလဲ၊ ကိုကြီးက သမီးကို အရမ်းချစ်တဲ့ ဉစ္စာ၊ ဘာဖြစ်လို့မှားရမှာလဲ"

"မှားတယ်သမီး၊ သမီးက ငယ်သေးတော့ ဘာမှမစဉ်းစား တတ်သေးဘူး၊ ညည်းတို့နှစ်ယောက် ယူလိုက်ရင် ညည်းတို့အိမ် ထောင်ရေး အဆင်ပြေမယ်ထင်လို့လား"

"အဆင်မပြေစရာ မရှိပါဘူးမေမေရယ်၊ သမီးတို့နှစ် ယောက်ကြားမှာ ဘာပြဿနာမှ မရှိတာ"

"ရှိတာပေါ့၊ ရှိတဲ့ပြဿနာကို သမီးက မမြင်တော့လဲ မရှိ ဘူးဘဲ အောက်မေ့နေတာပေါ့"

"ဘာတွေပြဿနာရှိလို့လဲ"

"ပထမအချက်က သမီးနဲ့သူ အသက်ချင်းကွာတယ်၊ အဲဒီ တော့ သူစဉ်းစားတာမျိုး သမီးစဉ်းစားတတ်မှာ မဟုတ်သလို သမီး စဉ်းစားတာမျိုးလဲ သူ စဉ်းစားတတ်မှာ မဟုတ်ဘူး"

"ဒါကျတော့ ခုလဲရှိတာပဲ မေမေ၊ သမီးမမြင်တာ မဟုတ် ပါဘူး၊ သူ လူကြီးဆန်ပြီး မေမေ့လိုပဲ ဟိုကြောင့်ကြ၊ ဒီပူပင်တာမျိုး သမီးစိတ်နဲ့ ရမှမရတာ၊ ဒါပေမယ့် အဲဒါကြောင့်တော့ အိမ်ထောင် ရေးကြီးတစ်ခုလုံး ပြိုပျက်သွားစရာ အကြောင်းမရှိပါဘူး"

"နောက်တစ်ခုက မောင်မင်းထက်နဲ့ယူရင် သမီး ခုလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတွင်းထဲက တက်နိုင်မှာမဟုတ်ဘူး၊ ကောင်လေးက လူကောင်း စိတ်ကောင်းလေးတော့ မှန်ပါတယ်၊ ဒါပေမယ့် သူ့အလုပ်နဲ့ သူ့ဝင်ငွေက သူတစ်ကိုယ်ရေစာ လောက်ငရုံပဲရှိတာ၊ နှုတ်ခမ်းပွဲချင်း မီးမှုတ်လို့ကတော့ သမီး ဒီတစ်သက် လူမွေးလူရောင် ပြောင်တော့မှာ မဟုတ်ဘူး"

"ဘာလဲ မေမေဆိုလိုချင်တာက ကိုကြီးကဆင်းရဲတယ်၊ ဒါကြောင့် သမီးသူ့ကိုယူရင် သမီးလဲ ဆင်းရဲမှာပဲလို့ ပြောချင်တာလား"

"အင်းပေါ့၊ အဓိပ္ပာယ်ကတော့ ဒါပဲပေါ့၊ သမီးအရွယ် သမီးရုပ်ရည်လေးနဲ့ ဒီထက် အဆင့်အတန်း မြင့်မြင့်ထားနိုင်တဲ့ လူတစ်ယောက်ယောက်ကို ရွေးသင့်တယ်"

"ဒါပေမယ့် အချစ်ဆိုတာကရှိသေးတယ် မေမေရဲ့"

"ဒါတွေက တကယ်တမ်းကျတော့ လောကမှာရှိလဲမရှိ၊ အသုံးလဲမဝင်ပါဘူး သမီးရယ်၊ အိမ်ထောင်ရက်သားကျသွားတဲ့ အခါကျတော့ ပိုက်ဆံမရှိရင် ဘယ်လောက်စိတ်ဆင်းရဲရတယ် မှတ်လဲ၊ ဘဝရဲ့ပျော်စရာဆိုတာကလဲ ပိုက်ဆံရှိမှဖန်တီးလို့ရတာ၊ ပိုက်ဆံမရှိတဲ့ မိသားစုဘဝဆိုတာ တခြားပြေးကြည့်စရာတောင် မလိုဘူး၊ ကိုယ့်အိမ်ကိုပဲ ကိုယ်ပြန်ကြည့်၊ ပိုက်ဆံမရှိတဲ့အတွက် မေမေတို့ ဘယ်လောက်စိတ်ဆင်းရဲရလဲ"

"ပိုက်ဆံဆိုတာ ရှာယူလို့ရပါတယ် မေမေရယ်၊ မေမေတောင် ဆင်းဆင်းရဲရဲဘဝနဲ့ သမီးကို ဒီအရွယ်အထိတောင် ကျွေးမွေးစောင့်ရှောက်လာနိုင်သေးတာပဲ၊ ဘဝမှာ ကိုယ်တကယ်ချစ်တဲ့ သူနဲ့ ဆုံစည်းရဖို့ဆိုတာကမှ နောက်တစ်ခု ထပ်ရှာလို့ မရတဲ့ ကိစ္စ"



မေမေကရယ်သည်။

"သမီးအသက်နဲ့ သမီးချစ်တဲ့လူတစ်ယောက် နောက်ထပ်ထပ်မတွေ့ဘူးလို့ ပြောနိုင်လို့လား၊ ခုမှ သမီးအသက်က ငယ်ငယ်လေးပဲရှိသေးတယ်၊ အချစ်ဆိုတာတောင် ဘာမှန်းမသိဘဲနဲ့ ကိုယ့်ကို ဝရှတစိုက်ပြုစုစောင့်ရှောက်ပေးတဲ့ ယောကျာ်းတစ်ယောက်နဲ့ အနေနီးစပ်ပြီး ချစ်တယ်လို့ ထင်နေတာကော မဖြစ်နိုင်ဘူးလား"

"အဲဒါတော့ မဖြစ်နိုင်ဘူး မေမေ၊ သမီး ကိုကြီးကို တကယ်ချစ်တာ"

"တကယ်ချစ်မချစ် သမီးက ဘယ်သူနဲ့နှိုင်းယှဉ်ကြည့်ဖူးသေးလို့လဲ၊ ဒါတွေဟာ ပတ်ဝန်းကျင်၊ လူအများနဲ့ တွေ့ကြုံပြီးမှ ဆုံးဖြတ်နိုင်တဲ့ကိစ္စ၊ သမီးက ခုထက်ထိ တကယ့်လူ့လောကကြီးထဲ ဝင်ရဖူးသေးတာ မဟုတ်ဘူး၊ နောက်တစ်ခုက. . ."

"နောက်တစ်ခုက ဘာလဲ မေမေ"

"နောက်တစ်ခုက မောင်မင်းထက်ကိုယ်တိုင်တောင် သမီးကို တကယ်ချစ်တာ ဟုတ်ချင်မှဟုတ်မှာ"

"ဘာဖြစ်လို့လဲ"

"လူဆိုတာ အနေနီးရင် သံယောဇဉ်တွယ်တက်တာပဲ၊ ကိုယ် ပြုစုကျွေးမွေးထားတဲ့ ခွေးလေး၊ ကြောင်လေးတွေလို သဘောထားပြီး ကလေးချစ်တတ်တဲ့လူတစ်ယောက် ကလေးလေးကိုချစ်တဲ့ အချစ်မျိုးနဲ့ချစ်တာ ဖြစ်ချင်ဖြစ်နေမှာ"

"ဟင်း"

မေမေနှင့် အစအဆုံး ငြင်းခုံနေ၍ ပြီးတော့မည် မဟုတ်ဟု မှန်သဘောပေါက်သည်။ မိဘနှင့်ခွန်းတုံ့ပြန်နေလျှင်လည်း သူမပဲ

www.burmeseclassic.com

www.burmeseclassic.com



ငရဲကြီးမည်။

သို့အတွက် သက်ပြင်းတစ်ချက်ချပြီးတော့သာ ငြိမ်နေလိုက်၏။

သို့သော် မေမေ့ နောက်ဆုံးထင်ကြေးနှင့် ပတ်သတ်၍မူ ကိုကြီးကို ပြန်မမေး၍မဖြစ်။

ကိုကြီးကရယ်ပြီး. . . .

"အဒေါ်က ဒီလိုပဲပြောလား"

"ပြောတာပေါ့၊ အဲဒါကိုကြီးကတော့ ဟုတ်လား၊ ဖူးမွန်ကို ခွေးလေးကြောင်လေးလို၊ ဒါမှမဟုတ် ကလေးလေးတစ်ယောက်လို့ချစ်တာလား"

"မဟုတ်ပါဘူး ဖူးမွန်ရယ်၊ ကိုကြီးလဲ ငယ်တဲ့သူမှမဟုတ်ဘဲ၊ ဒီအသက်အရွယ်နဲ့ ကိုယ်ချစ်တာ ဘယ်အချစ်မျိုးလဲ ခွဲခြားနိုင်တဲ့ အရည်အချင်းတော့ ရှိပါတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် အဒေါ်ပြောတဲ့ ရှေ့အချက်နှစ်ချက်ကတော့ ဟုတ်တယ်၊ ကိုကြီးလဲ အဲဒီအတွက် နှစ်ချက်ကို အမြဲတမ်း ခေါင်းထဲ ထည့်စဉ်းစားနေတာပါပဲ"

"ဘယ်လိုစဉ်းစားလို့လဲ"

"ဩော်. . . ဖူးမွန်က ငယ်သေးတယ်"

"လာပြန်ပြီလား ဒီငယ်တာ၊ တစ်ယောက်ကလဲ ဒါ၊ နောက်တစ်ယောက်ကဘဲ ဒါ၊ ဖူးမွန်ငယ်တာပဲ အားလုံးက ပြဿနာလုပ်နေတယ်၊ ငယ်လို့ချစ်တာပေါ့၊ ကြီးမှတော့ အချစ်ကိစ္စ စဉ်းစားနေတော့မလား၊ တရားရိပ်သာဝင်ပြီး ဝိပဿနာပဲလုပ်နေတော့မှာပေါ့"



ဖူးမွန်အပြောကို ကိုကြီးက သဘောကျစွာ ရယ်သည်။ ပြီးမှ. . .

"ဖူးမွန်ကငယ်တော့ ကိုကြီးကို လူတွေက ကလေးမုန့်ပေးကြိုက်တယ်၊ ဘာမှနားမလည်တဲ့ ကလေးလေးကို လှည့်ဖြားဖြားယောင်းပြီး ကြိုက်တယ်လို့ ပြောမှာပေါ့"

"ပြောပစေပေါ့၊ အဲဒါကြီးက နာစရာလား၊ လာစမ်းပါ၊ အဲလိုပြောတဲ့လူတွေ အဲဒီကလေးကိုပဲ မုန့်သေးသေး မဟုတ်ဘူး၊ မုန့်တိုက်ကြီးတစ်တိုက်လုံးပေးပြီး လာကြိုက်ကြည့်စမ်းပါ၊ ပြန်မကြိုက်တဲ့အပြင် ပါးတောင်ရိုက်လွှတ်လိုက်ဦးမယ်၊ ဖူးမွန်သူငယ်နှပ်စားလေးမဟုတ်ဘူး ကိုကြီး၊ ဖူးမွန်လဲ ဖူးမွန်အရွယ် ဖူးမွန်အသိဉာဏ်နဲ့ ချင့်ချိန်တိုင်းထွာတတ်တယ်"

"ကိုကြီးနဲ့ယူရင် ဆင်းရဲမယ်ဆိုတာ အမှန်ပဲ၊ ကိုကြီးမှာ လစာကလွဲရင် ဘာအပိုဝင်ငွေမှ မရှိဘူး၊ အပြင်မဂ္ဂဇင်းမှာရေးတဲ့ စာမူခဆိုတာကလဲ ဘာမှဖြစ်လောက်တဲ့ ပိုက်ဆံမဟုတ်ဘူး"

"နေပါဦး ကိုကြီး၊ ဖူးမွန်တို့က ယူပြီးရင် ခုလောက်နေသလိုလေးတောင် မနေနိုင်တော့ဘူးလား"

"အင်း. . . နည်းနည်းတောင် လျော့သွားနိုင်တယ် ဖူးမွန်"

"အဲဒါဆို ဖူးမွန် ကျောင်းထွက်ပြီး ဈေးရောင်းမယ် ကိုကြီးရာ၊ နှစ်ယောက်ရှာရင် ထမင်းတော့ မငတ်နိုင်ပါဘူး"

"ထမင်းကတော့ ဖူးမွန်မရှာလဲ မငတ်ပါဘူး ဖူးမွန်ရယ်၊ ဒါပေမယ့် တခြား အပိုသုံးစရိတ်မရှိတဲ့အခါကျတော့ ကျပ်တည်းမှာပေါ့။ ဖူးမွန်လဲ ခုလောက် ဝတ်ချင်စားချင်လို့ မရတော့ဘူး ဖြစ်သွားမှာပေါ့၊ အဲဒီအခါကျရင် ဖူးမွန်က ကိုကြီးကို တပြူပြူတစူစူ

www.burmeseclassic.com



လုပ်ရင် လင်မယားတကျက်ကျက် ဖြစ်နေမှာပေါ့"

"ကိုကြီးကို ဖူးမွန် ဘယ်တော့မှ တဲပြူပြူတစူစူ မလုပ်ပါဘူး မရှိတဲ့ဟာကို အတင်းရှာကြံခိုင်းတဲ့ အလုပ်မျိုးကိုလဲ ဖူးမွန် ဘယ်တော့မှ မလုပ်ဘူး"

"တစ်နှစ်လုံးနေမှ အဝတ်အစားအသစ်လေး တစ်စုံလောက်ပဲ ဖူးမွန်အတွက် ကိုကြီးက ဖျစ်ညှစ်ဝယ်ပေးနိုင်မှာ ဆိုရင်ကော"

"အဲဒီတစ်စုံတောင် ဝယ်မပေးနဲ့တော့ ကိုကြီးရယ်၊ အသစ်မရှိအဟောင်းပဲ ဝတ်နေမှာပေါ့"

"အင်း. . . အဲလို တကယ်နေနိုင်ရင်တော့ ဘာပြဿနာမှမရှိပါဘူး၊ ကိုကြီးက သူများသားသမီးယူပြီး လူတန်းစေ့မထားနိုင်မှာဘဲ စိုးရိမ်တယ် ဖူးမွန်"

"အဲဒါပဲ ကိုကြီးနဲ့ဖူးမွန်ကြားမှာ ပြဿနာရှိတယ်၊ ကိုကြီးတို့လူကြီးတွေဟာ ဘာဖြစ်လို့ ဖူးမွန်တို့ လူငယ်တွေလောက် သတ္တိမရှိကြတာလဲ"

မင်းထက်ကရယ်သည်။

"အင်း. . . မပြောရတာကြာတဲ့ အင်္ဂလိပ်စကားလေးတွေ ထပ်ပြောရဦးမှာပေါ့၊ စတီဗင်ဆင် **STEVENSON** ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ပြောဖူးတယ် ဖူးမွန်၊ **"Youth is the time to go flashing one end of the world to the other both in mind and body"** တဲ့၊ အဓိပ္ပာယ်က လူငယ်ဘဝ ဒါမှမဟုတ် ငယ်ရွယ်နုပျိုခြင်းဆိုတာ ကမ္ဘာတစ်ဘက်စွန်းကနေ အခြားတစ်ဖက်စွန်းကို တစ်ပြိုင်တည်း စိတ်ရောကိုယ်ပါ လျှပ်ပြတ်သလို သွားနေတဲ့ အချိန်



ကိုပြောတာပဲ" တဲ့။

ဒါကြောင့် ရှိတ်စပီးယား **SHAKESPEARE** ကလဲ **"Crabble age and youth cannot, live together; youth is full of pleasance, age is full of care"** တဲ့။

အဓိပ္ပာယ်က ပေါင်းသင်းရခတ်တဲ့ လူကြီးနဲ့လူငယ်ဟာ ဘယ်တော့မှ အတူတကွ မနေနိုင်ဘူး၊ လူငယ်ဆိုတာက ကျေနပ်ပျော်ပါး ခံစားစရာတွေနဲ့ပြည့်နေတယ်၊ လူကြီးဆိုတာက ပူပန်သောက စိုးရိမ်စိတ်၊ ရတက်မအေးစိတ်တွေနဲ့ ပြည့်နေတယ်" တဲ့.

"ပူပန်သောကတွေ၊ စိုးရိမ်စိတ်တွေ၊ ရတက်မအေးမှုတွေနဲ့ ပြည့်နေတဲ့ လူကြီးတွေဟာ လူငယ်တွေလို ဘယ်လိုလုပ်သတ္တိရှိနိုင်မှာလဲ ဖူးမွန်ရယ်"

"အဲဒီတော့ ဖူးမွန်က အခုဘာလုပ်ရမှာလဲ၊ ကိုကြီးကို မယူတော့ဘဲ ဖူးမွန်ထက်တောင်ငယ်တဲ့ မွေးစပေါက်ကလေးလေး တစ်ယောက်ကို သွားယူရမှာလား"

ကိုကြီးက သည်လိုတော့လည်း ရယ်သည်။

"မဟုတ်ပါဘူး၊ ဖူးမွန်က ကိုကြီးကို သတ္တိမရှိဘူးဆိုလို့ ပြောပြတာပါ၊ ကိုကြီးကလည်း ကြိုတင်ပြောပြထားသင့်တဲ့ အချက်တွေ ပြောပြထားဖို့ လိုအပ်တယ်ထင်လို့ တချို့အချက်တွေကို ကြိုပြောပြထားတာပါ၊ ဖူးမွန် ဘာမှလုပ်စရာမလိုပါဘူး၊ အဲဒါတွေ သိပြီး နားလည်ပြီးလို့မှ ကိစ္စမရှိဘူးဆိုရင် 'အချိန်တန်တဲ့အခါ ကိုကြီးနဲ့ ဖူးမွန် လက်ထက်လိုက်ရုံပေါ့"

"အချိန်က ဘယ်တော့တန်မှာလဲ"

"ဟား. . . ဟား၊ အခုတော့ ဝါတွင်းကြီး၊ လက်ထပ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရသေးဘူး၊ သီတင်းကျွတ်တာနဲ့ တစ်ပြိုင်နက် အဲဒီကနေစပြီး ကြိုက်တဲ့အချိန်တန်လို့ရတယ်၊ ကိုကြီးလဲ တတ်နိုင်သလောက် ဒီကြားထဲမှာ ဖူးမွန် တင့်တင့်တယ်တယ် နေနိုင်အောင် လမ်းစရှာပြီး ကြိုးစားဦးမှာပါ၊ ဒီတိုင်းကြီးတော့ ကိုကြီးလဲ ငြိမ်မနေပါဘူး"

"အဲဒါဆိုပြီးပြီ၊ နောက်ထပ်စကားမရှည်နဲ့တော့၊ သိပ်လူကြီးတွေ စကားများနေရင် သီတင်းကျွတ်တာနဲ့ တစ်ရက်တောင် မဆိုင်ဘူး၊ ဖူးမွန်ကတော့ ယူမှာပဲ"

"အင်း. . . စကားမရှည်နဲ့ဆိုတာတောင် စကားနည်းနည်းတော့ရှည်ရဦးမယ်၊ ကိုကြီး အလုပ်တစ်ခုထပ်လုပ်ဖို့ စဉ်းစားနေတယ် ဖူးမွန်၊ အဲဒီအတွက်ရွှေလထဲမှာ ကိုကြီး ပြည်ကို ခဏသွားမယ်၊ သုံးလေးရက်လောက်ကြာမယ်"

"ဘာသွားလုပ်မှာလဲ"

"အလုပ်ကိစ္စပေါ့"

"အဲဒါဆို ဖူးမွန်လဲ လိုက်မယ်"

"အဒေါ်က ထည့်ပါ့မလား၊ သုံးလေးရက်ကြာမှာ"

"အို. . . မရရအောင် ပြောမှာပေါ့၊ ဒီမှာနေခဲ့လဲ ဖူးမွန်က အလုပ်ရှိတာမှတ်လို့"

ဤနည်းဖြင့် ဖူးမွန် ကိုကြီးနှင့်အတူ ပြည်ရောက်နေခြင်းဖြစ်သည်။ ရောက်သည့်ညနေမှာပင် မင်းကြီးတောင် သွားလည်ပြီး ကိုကြီး သူငယ်ချင်းကိုရဲမြင့်အိမ်မှာ တည်းခိုညအိပ်သည်။

အိပ်ရင်းနှင့်အိပ်မက်က လန့်နိုးလာသော ဖူးမွန် ငုတ်တုတ်ကြီးထိုင်ပြီး ထိုအကြောင်းတွေ လျှောက်စဉ်းစားနေခြင်း ဖြစ်၏။



အခန်း (၉)

"အဲဒါဆို ဘယ်လိုလုပ်ချင်လဲ ဖူးမွန်၊ ဖူးမွန်သဘောပဲလေ၊ အဒေါ်ကို တစ်ယောက်တည်း စိတ်မချလို့ အမြန်ပြန်ချင်တယ်ဆိုရင် ကိုကြီးအလုပ်ကိစ္စရှိတာ နေ့ခင်းအပြီးလုပ်ပြီး ညရထားနဲ့ ပြန်ကြမယ်၊ ဒီက ညဆယ်နာရီထွက်တဲ့ ရထားဆို ရန်ကုန်ကို မနက်အစောကြီးဝင်မယ်"

ညက အိပ်မက်နှင့် ဆက်စပ်၍ တစ်ညလုံးဆက်အိပ်မရတော့ဘဲ လျှောက်စဉ်းစားနေမိကြောင်း နံနက်ခင်းမှာ ပြောပြသောအခါ မင်းထက် ပျာပျာသလဲဖြစ်သွားသည်။

ဖူးမွန်က ရယ်ပြီး. . .

"ဟာ. . . အဲလောက်ကြီးတော့ မဟုတ်ပါဘူး ကိုကြီးရယ်၊ ဖူးမွန်က အဖြစ်ကိုပြောပြတာပါ၊ ဖူးမွန်လဲ ကိုကြီးနဲ့ပေါင်းပြီး စိတ်ပူပန်စိုးရိမ်တတ်တဲ့ ရောဂါတွေ ကူးစက်လာတဲ့အကြောင်း သိစေချင်လို့၊ အိမ်မှာ မေမေတစ်ယောက်တည်းလဲ မဟုတ်ပါဘူး၊ ပြူလဲ ရှိတာပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အကြောင်းရှိလဲ ကိုကြီးအခန်းမှာ မှောင်မြင့်ရှိပါတယ်"

"ဟုတ်ပါတယ်၊ ကိုကြီးအလုပ်ကိစ္စ စိတ်အေးလက်အေး လုပ်ပါ၊ တစ်ရက်နှစ်ရက်နဲ့ ဘာမှအကြောင်းမထူးပါဘူး၊ ညနေ အားရင်တော့ မင်းကြီးတောင်ပေါ်တက်မယ်နော်"

"ရတယ် သွားတာပေါ့၊ အမှန် ကိုကြီးကိစ္စက စကားနည်းနည်းပါးပါးပြောရုံပါပဲ၊ ဒီလိုဖူးမွန်ရာ၊ အခုကိုကြီးတို့ တည်းနေတဲ့ သူငယ်ချင်းရဲမြင့်ရဲ့ ဦးလေးက ပြည်ကပဲ၊ ပိုက်ဆံတော်တော်ရှိတယ်၊ အဲဒါ သူ့သားတစ်ယောက်က အလုပ်မရှိဘာမရှိ စိတ်လေနေတော့ ဆေးစွဲဘာစွဲဖြစ်လာတယ်"

"အင်း"

"အဲဒီတော့ ရဲမြင့်ကို အကူအညီတောင်းပြီး သူ့သားနဲ့ အတူတူ အလုပ်တစ်ခုခုလုပ်ကြဖို့ပြောတယ်၊ အဲဒီတော့ ရဲမြင့်ကလဲ သူ့ဝါသနာအခံနဲ့ ရန်ကုန်မှာဆင်းပြီး မဂ္ဂဇင်းတစ်စောင်ထုတ်မယ်လို့ပြောတယ်၊ သူပြောတာကို ဦးလေးသားကပါ သဘောကျတယ်၊ အဲဒီမှာ တကယ်လုပ်ဖို့ကျတော့ ရဲမြင့်က ကိုကြီးကို အားကိုးပြန်ရော"

"အားကိုးတော့"

"အားကိုးတော့ ရဲမြင့်က တစ်ခါကိုကြီးကိုပြန်အကူအညီတောင်းတာပေါ့၊ ကိုကြီးလက်ရှိအလုပ်ကထွက်ပြီး သူတို့မဂ္ဂဇင်းကို ဦးစားပေးနိုင်မလား၊ သူတို့ထုတ်ချင်တဲ့ မဂ္ဂဇင်းပုံစံက အဓိက နိုင်ငံခြားသတင်းတွေဘာတွေ ဘာသာပြန်ပြီး ဓာတ်ပုံဝေဝေဆာဆာနဲ့ထည့်ပြီး ထုတ်မယ့်စာအုပ်ဆိုတော့ ကိုကြီး လုပ်တတ်တာတွေနဲ့



အံကိုက်လဲဖြစ်နေတယ်"

"အဲဒီတော့ သူတို့က ကိုကြီးကို ဘယ်လောက်ပေးမှာလဲ"

"လတ်တလောမှာလဲ လက်ရှိကိုကြီးရတဲ့ လစာထက် ပိုပေးမယ်ပေါ့၊ နောက်တဖြည်းဖြည်းမဂ္ဂဇင်း အောင်မြင်လာလေ ကိုကြီးအတွက် ပိုရလေပဲဖြစ်ရမယ်တဲ့"

"အဲဒါကြောင့် ကိုကြီးက ပြည်ကိုလာတာပေါ့"

"အင်း . . . ရဲမြင့်ရော၊ ရမြင့်ဦးလေးရော၊ ရဲမြင့်ညီဝမ်းကွဲ အဲဒီဦးလေးရဲ့သားနဲ့ရော အားလုံး လူစုံစကားပြောကြည့်ဖို့ပါ၊ လုပ်ဖြစ်မလုပ်ဖြစ် မသေချာသေးတာနဲ့ ဖူးမွန်ကိုဘာမှ ပြောမပြသေးတာ"

"ဒီနေ့ စကားပြောကြမှာလား"

"ဟုတ်တယ်၊ ညကရဲမြင့်စီစဉ်ထားတယ်လို့ ပြောတယ်၊ ဒီနေ့မနက် ကိုးနာရီဆယ်နာရီလောက် အားလုံးစုံဖို့"

"ဘယ်မှာဆုံမှာလဲ"

"ဦးလေးအိမ်မှာပဲ၊ တော်ကြာကျရင် ရဲမြင့်နဲ့ ကိုကြီးအဲဒီကို ခဏသွားမယ်၊ ဖူးမွန်ရဲမြင့်ညီမလေးနဲ့ပဲ နေခဲ့နော်၊ ဟိုမှာ အလုပ်ကိစ္စ စကားပြောနေရင် ဖူးမွန် ပျင်းနေလိမ့်မယ်"

ဖူးမွန်က ခေါင်းညိတ်သည်။

သူ့အစီအစဉ်နှင့် သူစီစဉ်ပြီးသားတွေဖြစ်နေသည်မို့ ဖူးမွန်ဘာမှ မပြောဘဲ ငြိမ်နေလိုက်သည်။ သို့သော် ဖူးမွန်ခေါင်းထဲမှာတော့ မေးခွန်းတစ်ခု ကိုကြီးကို တအားမေးကြည့်ချင်စိတ်ပေါ်နေမိ၏။

"ကိုကြီး ဒီကိစ္စ ဘာဖြစ်လို့ လုပ်ချင်ရတာလဲ" ဟု။

www.burmeseclassic.com

www.burmeseclassic.com



❋ ❋ ❋ ❋

"ကိုကြီး ဒီကိစ္စဘာဖြစ်လို့ လုပ်ချင်ရတာလဲ ဟုတ်လား ဖူးမွန်"

"ဟုတ်တယ်လေ၊ ဖူးမွန်မေးတဲ့ မေးခွန်းရဲ့ စကားလုံး အတိအကျက အဲဒါပဲ၊ ကိုကြီး ဒီကိစ္စကိုဘာဖြစ်လို့ လုပ်ချင်ရတာလဲ"

ခဏာဟုဆိုသော်လည်း မင်းထက်ဆွေးနွေးပွဲက တစ်နေ ကုန်နီးပါးကြာသွားသည်။ ပြန်ရောက်သောအခါ ဖူးမွန်က အခြေ အနေမေးကြည့်သည်။ မင်းထက်က အကြမ်းဖျင်းတော့ သဘောတူ ကြပြီ၊ အသေးစိတ်ကိစ္စတွေ ပြောဖို့ပဲ ကျန်တော့သည်ဟု ပြောသည်။ ဖူးမွန်ဘာမှ ဆက်မမေးတော့။

ယခု မင်းကြီးတောင်ပေါ်ကျမှ နံနက်ကတည်းက သူမ မေးချင်နေသော မေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။ ဖူးမွန်၏ စကားအဆုံးမှာ မင်းထက်က အံ့အားသင့်စွာဖြင့်. . .

"ဘာကိစ္စလုပ်ချင်ရတာလဲ၊" အဲဒီမေးခွန်းကို ကိုကြီး နားမလည်ဘူး ဖူးမွန်"

"ရှင်းရှင်းလေးပါ ကိုကြီးကလဲ၊ အခုလဲ ကိုကြီးမှာ အလုပ် မရှိတာမဟုတ်ဘူး၊ အလုပ်နဲ့အကိုင်နဲ့ အတည်တကျရှိနေလျက်သား နဲ့ နောက်အလုပ်တစ်ခုပြောင်းပြီး ဘာလို့လုပ်ချင်တာလဲလို့ မေး တာ"

"ဩော်. . . ဒါလား၊ ဒါကတော့ ပိုများအဆင်ပြေမလား လို့ပေါ့ ဖူးမွန်ရယ်၊ အခု ကိုကြီးလုပ်နေတာက အစိုးရအမှုထမ်း၊ ဝန်ထမ်းအလုပ်၊ ဘဝအတွက် အာမခံချက်တွေ ထိုက်သင့်သ လောက်ရှိပေမယ့် ပြင်ပပုဂ္ဂလိကလုပ်ငန်းလိုတော့ နေ့ချင်း ညချင်း



ကြီးပွားလာနိုင်တာမျိုးမရှိဘူးပေါ့၊ အပြင်မှာ မဂ္ဂဇင်းတစ်ခု အောင် မြင်ရင် ရလာနိုင်တဲ့ ဝင်ငွေက အခုထက် နှစ်ဆသုံးဆ ဖြစ်သွားနိုင် တယ်"

"ဒါဖြင့် ဖူးမွန်တစ်ခုမေးဦးမယ်၊ တစ်သက်လုံးကတော့ ဒီလိုပဲနေလာပြီး ခုကျမှ ဘာဖြစ်လို့ ချက်ချင်းကြီးပွားချင်စိတ် ပေါ်လာရတာလဲ"

မင်းထက်မျက်နှာ တည်ငြိမ်သွားသည်။ အဝေးတစ်နေရာ ဖြစ်၏ တစ်ဖက်ကမ်း တောင်တန်းများဘက်သို့ ခပ်ငေးငေး လှမ်းကြည့်ရင်း. . .

"အမှန်အတိုင်းပြောရရင်တော့ ဖူးမွန်အတွက်ပါ၊ ဘယ်လို ပဲဖြစ်ဖြစ် အနေးနဲ့အမြန်ဆိုသလို ကိုကြီးနဲ့ဖူးမွန် လက်ထပ်ကြတော့ မယ်မဟုတ်လား၊ အဲဒီအခါမှာ ကိုယ်နဲ့ယူရလို့ ဖူးမွန်ပိုပြီး ချို့တဲ့ သွားစေချင်ဘူး၊ ဖြစ်နိုင်ရင် ဖူးမွန်ကို ကိုကြီး လှလှပပတင့်တင့် တယ်တယ်ထားချင်တယ်"

"မှန်မှန်ပြော ကိုကြီး၊ ကိုကြီး ဖူးမွန်ကို လက်ထပ်ဖို့ကိစ္စ အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ် မဟုတ်လား"

"အဲဒီလိုတော့မဟုတ်ပါဘူး၊ ကိုကြီး အခုထက်ပိုပြီး ကြိုးစား သင့်တယ်လို့ နားလည်နေတာပါ"

"ကိုကြီး မပင်ပန်းဘူးလား"

"တစ်ခုခုဖြစ်ချင်လို့ကြိုးစားရင် နည်းနည်းတော့ ပင်ပန်း မှာပေါ့ ဖူးမွန်ရ၊ လူမပင်ပန်းတောင် ကြံစည်စဉ်းစားရတာ စိတ်တော့ ပင်ပန်းမှာပေါ့"

"ဆင်းရဲတော့ ဘာဖြစ်လဲကိုကြီး၊ ဖူးမွန်ချမ်းသာမှ ပျော်

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ကိုကြီး ဘာလို့ထင်နေရတာလဲ၊ ကိုကြီးနဲ့ အတူတူနေရရင် ဘယ်လိုနေရနေရ ဖူးမွန်ပျော်ပါတယ်၊ ဖူးမွန်အတွက် ကိုကြီး အဲလောက်အပင်ပန်းမခံစေချင်ဘူး"

ဖူးမွန် စကားအဆုံးမှာ မင်းထက်က ခေါင်းခါသည်။

"မဟုတ်ဘူး ဖူးမွန်၊ ဆင်းရဲနဲ့ချမ်းသာဆိုတာ ဒုက္ခနဲ့သုခ၊ စကားလုံးချင်း ဆန့်ကျင်သလိုပဲ ဘဝချင်းကလဲ ဆန့်ကျင်တာပဲ၊ ကိုကြီးတစ်ခါပြောဖူးတဲ့ အင်္ဂလိပ်စကားလေးတစ်ခုရှိတယ်လေ၊ ရေရဲ့တန်ဖိုးကို ရေတွင်းတွေခန်းကုန်မှ သိမယ်ဆိုတဲ့စကား၊ အဲလိုပဲ၊ ချမ်းသာခြင်းရဲ့ တန်ဖိုးကို ဆင်းရဲမှ သိရမှာ၊ အဲဒီလို သိတဲ့အထိ ဖူးမွန်ကို ကိုကြီး ခေါ်မသွားရဲဘူး"

"ဖူးမွန်ကတော့ ဘယ်လိုဒုက္ခမျိုးဖြစ်ဖြစ် ကိုကြီးနဲ့အတူတူဆိုရင် ရင်ဆိုင်ရဲတယ်၊ မကြောက်ဘူး"

"ဖူးမွန်သတ္တိကို ကိုကြီးနားလည်ပါတယ်၊ ဒါပေမယ့် ဒီလိုတော့ ရှိပါသေးတယ် ဖူးမွန်ရယ်၊ ဟိုးမှာကြည့်စမ်း၊ တောင်တန်းကြီးတွေ၊ တောင်တန်းကြီးတွေပေါ်မှာ လွင့်မျောနေတဲ့ တိမ်တွေ၊ အဲဒီတိမ်တွေပေါ်ကနေ ပျံသန်းလာနေတဲ့ ငှက်တွေ"

ဖူးမွန်က ကိုကြီးပြသည့်နေရာသို့ လှမ်းကြည့်သည်။

ကိုကြီးပြသောအရာကိုလည်း မြင်ရသည်။

ဖူးမွန်နားထောင်ပြီး စိတ်ဝင်စားနေပြီဆိုမှ မင်းထက်က သူ၏ ရှည်လျားသော စကားစုကြီးကို စတင်ပြော၏။

"ဒီမြင်ကွင်းကို အဓိပ္ပာယ်ပေါက်အောင်ကြည့် ဖူးမွန်" သေချာကြည့်ရင် သေချာမြင်ပါတယ်။

တောင်ကြီးတွေ ဘယ်လောက်မြင့်လှပါတယ် ဆိုပေမယ့်



အဲဒီတောင်တွေရဲ့အပေါ်မှာ တိမ်တွေရှိနေတယ်၊ အဲဒီတိမ်တွေရဲ့ အပေါ်မှာကျတော့ ပျံသန်းနေတဲ့ငှက်တွေ။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ တောင်ဆိုတာက သက်မဲ့လေ။ သက်မဲ့ထဲမှာမှ ဘာမှမလှုပ်ရှားနိုင်တဲ့ ပုံသေသက်မဲ့၊ အဲဒီတော့တောင်ဆိုတာဟာ မြင့်ချင်သလောက်မြင့်၊ ဒါပေမယ့် သူ့ဘဝတပုံသေပဲ၊ အနိမ့်အမြင့် မပြောင်းနိုင်ဘူး၊ ရွေ့လျားလှုပ်ရှားခြင်းလဲမရှိဘူး။

အဲ. . . တိမ်ကျတော့ကော၊ တိမ်ကျတဲ့သက်မဲ့ပေမယ့် သူမှာ ရွေ့လျားလှုပ်ရှားနိုင်တဲ့ အစွမ်းသတ္တိတွေရှိလာပြီ။ သည်တော့ သက်မဲ့ချင်းအတူတူ တိမ်ဟာ တောင်ရဲ့ ခါးလယ်လောက်ကစပြီး တောင်အပေါ် ကြိုက်တဲ့နေရာမှာ နေနိုင်တယ်၊ သဘာဝရဲ့ အကန့်အသတ်ဖြစ်တဲ့ လေထုဖိအားက ခွင့်ပြုတဲ့ အတိုင်းအတာအတွင်းမှာ သူဟာကြိုက်သလို ရွေ့လျားနိုင်တယ်။ အဲ. . . လေထုဆိုတဲ့ သဘာဝရဲ့ အကန့်အသတ်ကိုတော့ ကျော်လွန်ပြီး သူ ဘာမှမလုပ်နိုင်ဘူး။

ငှက်. . .

ငှက်ကျတော့ သက်မဲ့မဟုတ်တော့ဘူး။ အသက်ရှိတဲ့ သတ္တဝါ ဖြစ်လာပြီ၊ ရွေ့လျားနိုင်ရုံမက သဘာဝရဲ့ အတားအဆီးတို့ နောက်ထပ် အတိုင်းအတာတစ်ခုအထိ ကျော်လွန်ချေဖျက်နိုင်တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေပါ ပါလာပြီ။

တောင်ပံတွေလေ။

ဒါ့ကြောင့် သူတို့ကျတော့ တောတောင်မြေပြင်ကနေ တောင့်ပေါ် ဝေဟင်အထိ သူ့ခွန်အားစိုက်ထုတ်မှုနဲ့ သူ ရွေ့လျား

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တယ်။ တောင်အပေါ်တင်မကဘူး၊ တိမ်အပေါ်အထိ ရောက်အောင်လဲ ထွင်းဖောက်ပျံသန်းတက်လာနိုင်တယ်။

စဉ်းစားကြည့်ဖူးမွှန်။

ကိုယ်တို့ကျတော့ လူတွေလေ။

တောင်နဲ့တိမ်လို သက်မဲ့မဟုတ်တဲ့အပြင် သက်ရှိဖြစ်တဲ့ ငှက်ရဲ့တောင်ပံသက် အများကြီးအစွမ်းထက်တဲ့ ဦးနှောက်နဲ့ လက်တွေရှိနေတယ်။ အဲဒါတွေရှိနေလျက်နဲ့ တောင်ကြီးလို ငြိမ်သက်နေမယ်ဆိုရင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ အနည်းဆုံး တိမ်လို ရွေ့လျားပြီး ငှက်လို ပျံတက်နေရမယ်။

ဦးနှောက်နဲ့ လက်တွေသုံးပြီး ငှက်ထက်မြင့်တဲ့အရပ်အထိ လဲလိုအပ်ရင် ရောက်အောင်သွားတတ်ရမယ်။ တောင်ခြေတောင်အောက်မှာချည်း ထာဝရနေဖို့ စဉ်းစားတာဟာ လူမပီသတာပဲ။

တိမ်တွေငှက်တွေထက်မြင့်အောင် မပျံသန်းနိုင်ရင်တောင်မှ တောင်ပေါ်ကတိမ်၊ တိမ်ပေါ်ကငှက်တွေလောက်တော့ ဘဝက ပေးလာတဲ့ အခြေအနေကို မြင့်နိုင်သလောက်အမြင့်ဆုံးဘဝကို ရအောင် ရုန်းကန်ဆန့်တက်ရဲရမှာပေါ့။

ဒါမှလဲ လူ့ဘဝမှာ လူလာဖြစ်တယ်ဆိုတဲ့ ဂုဏ်နဲ့အသက်ရှိတယ်၊ ဦးနှောက်ရှိတယ်၊ လက်ရှိတယ်ဆိုတဲ့လူ့ရဲ့ အစွမ်းသတ္တိတွေကိုလဲ လေးစားအသုံးချပြီးသား ဖြစ်မှာပေါ့၊ ဒါမှလဲ လူဖြစ်ရကျိုးနပ်မယ်။

တောင်ခြေကနေရာလိုဖြစ်နေတဲ့ ကိုကြီးတို့ရဲ့ ဘဝနိမ့်နိမ့်လေးဟာ ကိုကြီးတို့ဘဝ ထာဝရ ရပ်တည်သွားမယ်လို့ ဆုံးဖြတ်ထားရမယ့် အရပ်တစ်ခုမဟုတ်ပါဘူး ဖူးမွှန်ရယ်။ ဒါကြောင့် ကိုကြီး



အစွမ်းရှိသလောက် ကြိုးစားလိုက်ဦးမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ဖူးမွှန်နားလည်မလားတော့ မသိဘူး။

❋ ❋ ❋ ❋

သည်နေ့တောင်ပေါ်က ပြန်ဆင်းလာချိန်က မနေ့ကထက်စောသည်။ တောင်တက်လမ်းအတိုင်း ပြန်ဆင်းလာစဉ် တီဗွီကြော်ငြာကဏ္ဍမှာ ဟိုးတုန်းက 'တောင်တက်လမ်း မင်းကြီးတောင်ခြေပြည်မြို့' ဟု အသံလေးကြီးဖြင့် ကြော်ငြာတတ်သော ပန်းတစ်ရာဆေးတိုက် မရောက်ခင်လေးမှာ သူတို့နောက်သို့ အမောတကောလိုက်လာသည့် ရဲမြင့်နှင့် ဆုံသည်။

ရဲမြင့်မောဟိုက်နေသည့် ပုံကိုကြည့်ပြီး အလွန်အရေးကြီးသောကိစ္စတစ်ခုကြောင့် သူတို့နောက်သို့ အပြေးအလွှားလိုက်လာမှန်း မင်းထက်သိလိုက်သည်။

"မင်းထက်. . . ဖူးမွှန်၊ မင်းတို့ဆီ ငါလိုက်လာတာ"

"ပြော. . . ရဲမြင့်၊ ဘာဖြစ်လို့လဲ၊ ဘာအရေးကြီးတဲ့ကိစ္စရှိလို့လဲ"

"ရှိတယ်၊ အရမ်းအရေးကြီးလို့ ငါလိုက်လာတာ"

ပြောရင်းနှင့်ရဲမြင့် အသက်တဝရှူပြီး အမောဖြေရသည်။ ပြီးမှဆက်၍. . .

"မင်း. . . မင်းတပည့် မောင်မြင့် ရန်ကုန်ကနေ ဖုန်းဆက်တယ်"

"ဟင်. . . ဖုန်းဆက်တယ်၊ သူက မင်းဆီရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်တာလဲ"

"ငါ့ဆီ တိုက်ရိုက်ဆက်တာမဟုတ်ဘူး၊ ငါ့အိမ်မှာ ဖုန်းမှ မရှိတာ၊ သူက သတင်းစာတိုက်ကနေ ပြည် သုခစာပေကို ဆက်တယ်၊ ပြီးတော့မှ ငါ့လိပ်စာ ပြောပြပြီး သုခစာပေက ဦးခင်မောင်သားကိုလွှတ်ပြီး ပြောခိုင်းတာ"

"ဘာတဲ့လဲ"

"ဟို. . . ဟို"

ရဲမြင့်က ပြောရမှာခက်နေသည့် ပုံစံဖြင့် ချက်ချင်းမပြောသေးဘဲ ဖူးမွန့်ကို တစ်ချက်လှမ်းကြည့်သည်။

ပြီးမှ မင်းထက်ဘက်လှည့်၍. . .

"မင်းတို့နှစ်ယောက် ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးရန်ကုန်ကို ပြန်ခဲ့ကြပါတဲ့၊ ဟိုမှာ ဖူးမွန့်အမေ ဆုံးသွားပြီလို့ ပြောတယ်"

"ဟင်"

ဖူးမွန်ရော မင်းထက်ပါ နှစ်ယောက်စလုံးနှလုံးသွေးများ ပြိုင်တူရပ်တန့်သွားသည်ဟု ထင်လိုက်ရသည်။

"မေမေဆုံးသွားပြီ ဟုတ်လား ကိုရဲမြင့်"

ဒါပဲပြောနိုင်ပြီး ဖူးမွန် ပျော့ခွေကျသွား၏။

❋ ❋ ❋ ❋



## အပိုင်း(နှစ်)

## ပြောင်းလဲခြင်းနှင့် နာကြည်းမှု

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"မငိုပါနဲ့ ဖူးမွန်ရယ်၊ တကယ့်အစစ်အမှန်သတ္တိဆိုတာ ဒီလိုနေရာမျိုးမှာမှ ထုတ်သုံးရတာပါ၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနဲ့ ဖြစ်အောင်လုပ်ယူရတာမျိုးမှ "သတ္တိ"ခေါ်တာ မဟုတ်ဘူး၊ ကံကြမ္မာကြောင့် ကိုယ်မဖြစ်ချင်တာတွေ ဖြစ်လာတာကို အားတင်းပြီး ခံနိုင်ရည်ရှိအောင် လုပ်တာကလဲ သတ္တိပါပဲ၊ ဒီလိုသတ္တိမျိုးက ပထမ သတ္တိမျိုးထက်တောင် ပိုခက်ခဲနက်နဲ တန်ဖိုးရှိပါသေးတယ်"

"ဖူးမွန်တော့ ခံနိုင်ရည်ရှိဖို့ မလွယ်ဘူး ကိုကြီး၊ မေမေ မရှိတော့ဘူးဆိုတာ တွေးလိုက်တိုင်း ဖူးမွန် အရမ်းအားငယ်သွားတယ်၊ ဒါတောင် မေမေဆုံးတာ စ,သိလိုက်ရတဲ့အချိန်ကနေ ခုထိ တောက်လျှောက် ကိုကြီးအနားမှာ ရှိနေလို့၊ နို့မို့ ဖူးမွန်တစ်ယောက်တည်းသာဆိုရင် ရူးသွားတာ ကြာပြီ"

"မပူပါနဲ့ ဖူးမွန်ရယ်၊ နောက်လဲ ဖူးမွန်နားမှာ ကိုကြီး တောက်လျှောက်အမြဲရှိနေမှာပါ၊ ဖူးမွန်ဘဝမှာ ဘာမှ အားငယ်



စရာ မရှိပါဘူး"

မေမေဆုံးသည်ဆိုသည့် သတင်းကြားသည်နှင့် သတိလစ်သွားသောဖူးမွန်ကို ကိုကြီးက သတိရအောင် ပြုစုဖေးမခေါ်လာပြီး ရန်ကုန်အမြန်ဆုံးပြန်နိုင်ရန် စီစဉ်ပေးသည်။ သို့တိုင် နောက်နေ့နံနက်လင်းအားကြီးကျမှ ရန်ကုန်ပြန်ရောက်သည်။ ပြည်ကနေ သတင်းစာတိုက်ကို လှမ်းအကြောင်းကြားချက်အရ ဘူတာရုံတွင် မောင်မြင့်နှင့် တပည့်သုံးလေးယောက် လာစောင့်နေသည်။

ဖူးမွန်မေမေ့ကို ရန်ကုန်ဆေးရုံကြီး၊ အအေးတိုက်မှာ သွားတွေ့ရသည်။ ကိုကြီးက ဖူးမွန်ကို ခဏသာ မေမေနှင့်တွေ့ပေး၍ သတင်းစာတိုက်မှ သူ့တပည့်လေးများကို သတင်းစာတွင် နာရေးသတင်းထည့်ရန် မေမေ့ရုပ်ကလာပ်ကို ကြံတောအအေးတိုက်ပို့ရန် စသည့်ပြင် လိုအပ်သည်များ စီစဉ်ပြီး ဖူးမွန်နှင့်အတူ မင်္ဂလာဒုံအိမ်သို့ ပြန်သည်။

ရက်က ကပ်သွားပြီမို့ အိမ်ရောက်ကတည်းက တောက်လျှောက်မနားတော့ဘဲ လိုအပ်တာမှန်သမျှ သူကပဲ ဦးဆောင် စီစဉ်ပေးသည်။ နောက်တစ်နေ့မှာ အသုဘချသည်။

အားလုံးကိစ္စပြီးမှ ထိုညတွင် ဖူးမွန်နှင့် ခုလို အေးအေးဆေးဆေးထိုင်ပြီး ကိုကြီး စကားပြောနိုင်တော့သည်။

နောက်ပိုင်းကျန်ရှိသော ကိစ္စက ရက်လည်ဆွမ်းသွတ်ဆွမ်းကျွေးကိစ္စလောက်သာ ရှိတော့သည်မို့ ခေါင်းတော့အတော်အေးသွားသည်။ အိမ်မှာ ဘယ်သူမှ ဘာမှမလုပ်တတ်ဘဲ ဖြစ်နေချိန် တစ်ယောက်တည်းဦးဆောင်ပြီး လုပ်ငန်းအားလုံးကို စောင့်ရှောက်အောင် ကျကျနနဖြစ်အောင် ဆက်တိုက်စီမံသွားနိုင်သော ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်၍ ဖူးမွန်ပင် အံ့ဩသည်။

ကိုကြီး၏ တကယ့်အစွမ်းအစကိုလည်း အရေးကျမှ ဖူးမွန် မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရခြင်း ဖြစ်၏။

အစစအားကိုးရသော ယောကျ်ားတစ်ယောက်ဆိုသည့် ရုပ်လုံးကလည်း အတော်လေး ပီပြင်လာသည်။

ခုလည်း . . .

"နောက်လဲ ဖူးမွန်နားမှာ ကိုကြီး တောက်လျှောက်အမြဲ ရှိနေမှာပါ" ဆိုသော စကားတစ်ခွန်းက ဖူးမွန်ကို ခွန်အားများစွာ ဖြည့်ပေးလိုက်သလို ဖြစ်သွားသည်။

ဖူးမွန်က မင်းထက်ကို မရဲတရဲ လှမ်းကြည့်ပြီး . . .

"တကယ်ပြောတာလား ကိုကြီး၊ နောင်လဲ ဖူးမွန်နားမှာ ကိုကြီး တောက်လျှောက်အမြဲရှိနေမှာပါဆိုတာ တကယ်ပြောတာ လား"

မင်းထက်က ခေါင်းညိတ်၍ . . .

"တကယ်ပြောတာ ဖူးမွန်၊ ခုတိုင်းဆို ကိုကြီး မူလ အစီ အစဉ်တွေ အကုန်ပြောင်းပစ်ရတော့မယ်၊ သီတင်းကျွတ်တာနဲ့ ဖူးမွန်ကို ကိုကြီးလက်ထပ်တော့မယ်"

"ဟင်"

"မဟင်နဲ့ ဖူးမွန်၊ ပြည်က ပြန်လာကတည်းက ဖူးမွန်တစ် လျှောက်လုံး ငိုနေချိန်မှာ ကိုကြီး အားလုံးကို ချင့်ချိန်စဉ်းစားပြီးနေ ပြီ၊ အဲလိုမလုပ်လို့ မရတော့ဘူး၊ နို့မို့ တစ်ယောက်တည်း ဖြစ်နေတဲ့ ဖူးမွန်ကို ကိုကြီး ဘယ်လိုစောင့်ရှောက်မလဲ"

"ဖူးမွန်က ကိုကြီး အဲလိုမှ စဉ်းစားပါ့မလားလို့ စိုးရိမ်နေ



တာ"

"အဲဒီလမ်းကလွဲပြီး တခြားစဉ်းစားစရာမရှိဘူး ဖူးမွန်၊ ဖူးမွန်နဲ့ကိုကြီး သွေးမတော်သားမစပ်ဘူးဆိုတာ တစ်ရပ်လုံးက သိ နေကြတာ၊ လက်မထပ်သေးဘဲ သန့်သန့်ရှင်းရှင်းနဲ့ တစ်အိမ်တည်း နေပြီး စောင့်ရှောက်မယ်ဆိုရင်တောင် အရပ်က ကိုကြီးတို့ကို ယုံမှာ မဟုတ်ဘူး၊ သွားပုပ်လေလွင့်ပြောရင် ဖူးမွန်ပဲ နစ်နာအရှက်ရမယ်၊ တစ်အိမ်စီနေပြီးတော့ ဖူးမွန်ကို အစအဆုံး စောင့်ရှောက်ဖို့ဆိုတာ ကျတော့လဲ မလွယ်ဘူး"

"ပြည်မှာ ကိုကြီး စီစဉ်နေတဲ့ အလုပ်ကိစ္စတွေကော ဘယ် လိုလုပ်မလဲ"

"အဲဒါတွေအားလုံး ခဏရပ်ထားလိုက်ရတော့မှာပဲ ဖူးမွန်၊ ခုချိန်မှာ လက်ရှိအခြေချပြီးသား အလုပ်ကိုပစ်ပြီး အပြောင်းအလဲ တစ်ခုခုစမ်းလုပ်ဖို့ အခြေအနေက ခွင့်မပြုတော့ဘူး"

ဖူးမွန်က မင်းထက်အနားမှာ ထောက်ထားသော ဒူးလေး ပေါ်မှာမေးတင်ရင်း ခေါင်းလေးတညိတ်ညိတ်လုပ်၍ နားထောင် သည်။

အိမ်ခေါင်းရင်းဘက်မှာတော့ အိမ်ရှင်အဘိုးကြီးအဘွား ကြီးလင်မယားနှင့် အရပ်ထဲကလူကြီးတချို့ စကားပြောနေကြ သည်။

အိမ်ရှေ့ကနားဖျင်းအောက် မီးချောင်းရောင်အောက်မှာ ရပ်ကွက်ထဲက လူငယ်လေးငါးယောက် တစ်စုစီ ချက်စ်ထိုး၊ ဖဲယ် တောက်လုပ်ပြီး ညဘက်လူမပြတ်အောင် စောင့်ပေးနေကြသည်။

ဒါတွေအားလုံးက မင်းထက် အစီအစဉ်တွေပဲ ဖြစ်၏။

www.burmeseclassic.com



ခုထိ ဖူးမွန့်ဘာတစ်ခုမှ ပူပန်စဉ်းစားစရာ မလိုသေး။ ရန်ကုန်မြို့ရောက်ကတည်းက မေမေ့အတွက် လွတ်လပ်စွာ ပူဆွေးငိုကြွေးခွင့် ရနေခဲ့သည်လေ။

❋ ❋ ❋ ❋

"ဒါဖြင့် မေမေ့ကိစ္စပေါ်လာတာ ကိုကြီး အစီအစဉ်တွေ အကုန်လုံးပျက်ကုန်တာပေါ့"

မင်းထက် ခေါင်းညိတ်၍. . .

"လောကမှာ ဖူးမွန့်ပြောသလို ကိုကြီး သတ္တိမရှိဘူး ကြောက်တယ်ဆိုတာ အဲဒါတွေကြောင့်ပဲ ဖူးမွန့်၊ ဘဝမှာအရာရာကို ပုံသေကားကျ ဘယ်တော့မှ တွက်ထားလို့မရဘူး၊ ကိုယ်ဖြစ်ချင်တာကတစ်မျိုး၊ ဖြစ်လာတာက တစ်ခု၊ အဲဒါမျိုးတွေ အများကြီးရှိတယ်၊ အဲဒီတော့ လတ်တလော ကြုံတွေ့နေရတာလေးကြည့်ပြီး နောက်လဲ ဒီလိုပဲဖြစ်လာမှာပဲဆိုတဲ့ ထင်ကြေးမျိုးနဲ့ နေရာတကာ ဆုံးဖြတ်ဖွတ်တိုးလို့ မရဘူး၊ မနေ့က အခြေအနေနဲ့ ဒီနေ့၊ ဒီနေ့နဲ့ မနက်ဖြန် အခြေအနေချင်းက တူချင်မှတူတာ"

"ကိုကြီးကို ဖူးမွန့် အဲလိုပြောမိတာ တောင်းပန်ပါတယ် ကိုကြီးရယ်"

"အဲလိုမဟုတ်ပါဘူး ဖူးမွန့်၊ ကိုကြီးကို တောင်းပန်ဖို့ မလိုပါဘူး၊ အသက်အရွယ်နဲ့အတွေ့အကြုံဆိုတာ ဒီလိုပဲ ကွာခြားတတ်တာပဲ၊ ကိုကြီးလဲ ဖူးမွန့်ထက် အသက်ဆယ်နှစ်ကျော်ကျော် ကြီးတယ်ဆိုပေမယ့် လူကြီးရင့်မာကြီး မဟုတ်သေးပါဘူး၊ ကြုံလို့



အင်္ဂလိပ်စကားလေးတစ်ခု ထပ်ပြောရရင် **VICTOR HUGO** ဗစ်တာဟူးဂိုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ပြောခဲ့ဖူးတဲ့ စကားလေးရှိတယ်"

"Forty is the old age of youth fifity is the youth of old age"

"အသက်လေးဆယ်ဆိုတာ လူငယ်ဘဝရဲ့သက်ကြီးပိုင်း၊ အသက်ငါးဆယ်ဆိုတာ သက်ကြီးပိုင်းရဲ့ လူငယ်ဘဝ" တဲ့။

ကိုကြီးအသက်က ခုမှ သုံးဆယ်၊ လူငယ်ဘဝရဲ့ သက်ကြီးပိုင်းကိုတောင် ရောက်ဖို့ အဝေးကြီးလိုပါသေးတယ်၊ ဒါပေမယ့် ကိုကြီးရဲ့ လူငယ်ဘဝဟာ လောကဓံ အထောင်းအထုတွေ အများကြီးကြားက ကြီးပြင်းခဲ့ရတာ၊ ဘဝမှာ မထင်မှတ်ဘဲနဲ့ ကံဆိုးမိုးမှောင်ကျခဲ့ရတဲ့အဖြစ်တွေရော၊ ကံကောင်းထောက်မလို့ အဆင်ပြေခဲ့ရတဲ့ အဖြစ်တွေရော တော်တော်လေး ကြုံခဲ့ရဖူးတယ်.

မထင်မှတ်တဲ့ ခုလို အပြောင်းအလဲမျိုးတွေ ကြုံဖူးနေတော့ တော်ရုံတန်ရုံ မသေချာတဲ့အဖြစ်မျိုးမှာ မလိုအပ်ဘဲ မစွန့်စားချင်တော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်။ လိုအပ်လာရင်လဲ မလွှဲမရှောင်သာတော့ဘူး ဆိုရင်တော့ ကိုကြီး ဘာကိုမှ မကြောက်တော့ဘူး၊ ဒါဟာ ရှောင်မရတော့တဲ့ ကံကြမ္မာဆိုးပဲဆိုတာ သိပြီဆိုတာနဲ့ အဲဒီလောကဓံကို အပြုံးမပျက် ရင်ဆိုင်နိုင်ဖို့ ကိုကြီး အဆင်သင့်ဖြစ်သွားပြီ၊ အဲဒါပါ ဖူးမွန့်၊ ကိုကြီး အလကားနေရင်း သွေးကြောင်တတ်တဲ့ လူမျိုးမဟုတ်ပါဘူး"

"ဖူးမွန့်သဘောပေါက်ပါတယ် ကိုကြီး၊ ဒြေဉ် . . . ဒါနဲ့ ကိုကြီးကို တစ်ခုမေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖူးမွန်"

ဖူးမွန်က ချက်ချင်းမဖြေသေးဘဲ အိမ်အတွင်းခန်းဘက် ဝင်၍ သူမအပြင်သွားလျှင် လွယ်နေကျ စလင်းဘက် လွယ်အိတ်လေးယူလာသည်။

ပြီးမှ မင်းထက်ကို အိတ်လေးကို လှမ်းပေးရင်း. . .

"အဲဒီမှာ မေမေနဲ့ ဖူးမွန်ရဲ့ လက်ဝတ်လက်စားလေးတွေနဲ့ ဒီရက်ပိုင်းမှာ အသုဘလာတဲ့လူတွေ ကူထားတဲ့ ငွေတွေရှိတယ် ကိုကြီး၊ အဲဒါတွေ ကိုကြီးယူထားပါ၊ အဲဒါ ဖူးမွန်တို့မှာရှိတဲ့ စည်းစိမ်အကုန်ပဲ ကိုကြီး၊ ဒါလေးနဲ့ပဲ မေမေ့အတွက် လုပ်စရာရှိတာလေးတွေ လောက်အောင် ချိန်ဆလုပ်ပေးပါ၊ ကိုကြီး စိုက်ထားတဲ့ ငွေတွေလဲ အဲဒီထဲက ပြန်ယူပါ"

မင်းထက် ခေါင်းခါ၍ အိတ်ကိုပြန်ပေးလိုက်ပြီး. . .

"မလိုဘူး ဖူးမွန်၊ အဲဒါတွေ ဖူးမွန် ပြန်သိမ်းထား၊ ဒီကိစ္စတွေအားလုံး ကိုကြီး တာဝန်ယူလုပ်ပေးမယ်၊ ရုံးက ငွေစုငွေချေး အသင်းမှာ ကိုကြီးစုထားတဲ့ငွေတွေ ရှိပါတယ်၊ လိုအပ်ရင်လဲ ထပ်ချေးလို့ ရပါသေးတယ်"

"မဟုတ်ပါဘူး၊ ဒါတွေယူထားလိုက်ပါ ကိုကြီးရယ်၊ ကိုကြီးစောင့်ရှောက်နေသရွေ့ ဖူးမွန်တို့မှာ ဘာမှမလိုအပ်တော့တာဘဲ"

"ယူထားလိုက် ဖူးမွန်၊ ဘာမှအသုံးမလိုရင် ကိုကြီးနဲ့ မင်္ဂလာဆောင်ကျရင် ဝတ်ဖို့ဆင်ဖို့ ဖူးမွန် အဲဒီထဲက သုံးလိုက်"

"သီတင်းကျွတ်ရင် ကိုကြီးနဲ့ဖူးမွန် တကယ် မင်္ဂလာဆောင်ရတော့မှာပေါ့နော်၊ ဝမ်းသာလိုက်တာ ကိုကြီးရယ် ဖူးမွန် အားကိုးရာရသွားတာ တစ်ခုတည်းနဲ့ ဝမ်းသာတာ မဟုတ်ပါဘူး၊ ဖူးမွန်



သိပ်ချစ်တဲ့ ကိုကြီးနဲ့ တစ်သက်လုံး အတူတူနေသွားရတော့မှာ သေချာသွားလို့ပါ"

"ဖူးမွန်ရယ်"

ထိုညလေးက သာယာချမ်းမြေ့ပျော်ရွှင်ဖွယ်ရာ မင်္ဂလာညလေးတစ်ညတော့မဟုတ်။

သို့သော် တစ်ယောက်အချစ် တစ်ယောက်စေတနာကို နားလည်ခွင့်ရသည့် ဘဝမှာ မေ့မရသော အမှတ်တရ ညလေးတစ်ညတော့ ဖြစ်သွားခဲ့ပါ၏။

✱ ✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

တစ်ခုခုတော့ မှားယွင်းနေပြီဟု ဖူးမွန် သေချာသိသည်။

သို့သော် ဘာမှားယွင်းနေမှန်းတော့မသိ။ သိအောင် ကြိုးစားသမျှလည်း အချည်းနှီးသာ ဖြစ်နေသည်။

ပြဿနာက မနေ့က နံနက်ထိ ဘာမှဖြစ်ပုံမရသေး။

မနေ့ကနံနက် အလုပ်သွားချိန်အထိ ကိုကြီး လန်းလန်းဆန်းဆန်း ရွှင်ရွှင်ပျပျပင် ရှိသေးသည်။ အသုဘကိစ္စကလည်း ရက်လည်ဆွမ်းသွတ်ပြီးသည်ပင် တစ်ပတ်လောက်ရှိပြီမို့ စိတ်ရောကိုယ်ပါ အနားရနေကြပြီ။

သို့အတွက် အလုပ်သို့သွားခါနီး အိမ်မှာ ထမင်းကြမ်းပဲပြုတ်နှင့် ရေနွေးကြမ်း နံနက်စာ စားသောက်ရင်း ကိုကြီးက. . .

"ကိုကြီး မနေ့က လမ်းငါးဆယ်ဘက်မှာတောင် တိုက်ခန်းတစ်ခန်း ငှားမယ်ကြားလို့ သွားကြည့်သေးတယ် ဖူးမွန်၊ လက်ထပ်ပြီးရင် အဲဒီပြောင်းနေရ ကောင်းမလားလို့၊ ဒါပေမယ့် ဈေးက အရမ်းကြီးတယ်ကွာ၊ နောက်ပြီး ဒီဘက်မှာနေရသလိုလဲ အသက်



ရှူမဝဘူး"

"အဲဒါ ဘာကိစ္စသွားကြည့်လဲ ကိုကြီးရဲ၊ ဈေးလဲသက်သာ အသက်ရှူလဲဝတဲ့ ဒီမှာပဲနေတာ ဟုတ်နေရဲ့သားနဲ့"

"ဝေးလို့ ဖူးမွန်၊ ကိုကြီး အလုပ်လုပ်နေတဲ့နေရာနဲ့ ဖူးမွန်တစ်ယောက်တည်း ကျန်နေခဲ့ရတဲ့ နေရာက ဝေးလွန်းလို့၊ အလုပ်ကိုသာ ဒီနားရွှေ့ယူလို့ရရင် ကိုကြီး ဒီနေရာက ဘယ်ပြောင်းမလဲ၊ အလုပ်က ရွှေ့မရတော့ အလုပ်ရှိတဲ့နေရာပဲ ကိုကြီးတို့က ရွှေ့ရမှာပဲ၊ ဘယ်တတ်နိုင်မလဲ"

"မြို့ထဲတိုက်ခန်းက တစ်လ ဘယ်လောက်တဲ့လဲ"

"တစ်လ သုံးထောင်၊ နှစ်ချုပ်နဲ့ ပေးရမှာတဲ့"

"ဟင်. . . အဲဒါဆို ဘယ်လိုလုပ်သွားနေမလဲ၊ ကိုကြီးလခက အခန်းခ တစ်ဝက်တောင် မရှိဘူး"

"အဲဒါကြောင့်ပေါ့"

"အဲဒါကြောင့်ပေါ့တွေ ဘာတွေလုပ်မနေနဲ့ ကိုကြီး၊ မထူးပါဘူး၊ ဒီမှာ အိမ်လခက တစ်လမှ နှစ်ရာ ပေးရတာ၊ နှစ်ခန်းပေါင်းမှ လေးရာ၊ နောက်ဆို လေးရာတောင်မကုန်တော့ဘူး၊ တစ်ခန်းပြန်အပ်ပြီး တစ်ခန်းတည်း ပေါင်းနေရမှာ၊ ဒီမှာပဲ ကောင်းတယ်၊ ဝေးလဲ ဘယ်တတ်နိုင်မလဲ၊ အရေးအကြောင်းရှိရင် ကိုယ့်ဘာသာဖြေရှင်းတတ်အောင် ဖူးမွန် ကြိုးစားရမှာပေါ့"

"ကိုကြီးက ဖူးမွန်တစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့ရင် အားငယ်နေမှာ စိုးလို့ပါ"

"ကိစ္စမရှိပါဘူး ကိုကြီးရယ်၊ မြမူလဲရှိတယ်၊ ကိုအောင်မြင့်တစ်ကော့ ဖူးမွန်တို့ လက်ထပ်ပြီး သူ့မိဘတွေဆီ သူပြန်နေတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ်တယ်"

"ဒါဆို ရပါတယ်၊ အိမ်မှာ စုစုပေါင်းမှ စားမယ့်သောက်မယ့်လူ သုံးယောက်တည်း ရှိတော့တာပဲ၊ ဖူးမွှန်လဲ အခု မြမူနဲ့ တူတူ စက်ဝင်ချုပ်နေပြီပဲဟာ၊ ဒီမှာနေရတာ သူ့ဟာနဲ့သူ ဘာမှ အခက်အခဲမရှိဘူး၊ မပြောင်းပါနဲ့ ကိုကြီးရာ"

"အင်း. . . အဲလိုဆိုလဲ ဟုတ်ပါတယ်၊ ဒီတိုင်းလဲ ကောင်းပါတယ်"

ဘာညာပြောရင်း ရယ်မောရွှင်ပျနေသေးသည်။ အလုပ်က ပြန်လာသောညနေကျမှ ကိုကြီး အမူအရာများ ပြောင်းလဲသွားခြင်းဖြစ်၏။

❋ ❋ ❋ ❋

ကိုကြီး အမူအရာပြောင်းလဲသွားမှုက ဖူးမွှန် သိသာအောင်တော့မဟုတ်။ သို့သော်ဘယ်လိုပြောမလဲ။ ဖူးမွှန်သည် ကိုကြီးမျက်နှာကိုသာ ထာဝရ အရိပ်ကြည့်နေသူဖြစ်သည်။

စာတစ်အုပ်ဖတ်လျှင် ထိုစာအုပ်ထဲမှ စကားလုံးတိုင်း၊ စာပိုဒ်တိုင်း၏ အဓိပ္ပာယ်ကို ပီပီသသ ဖော်နိုင်ချင်မှ ဖော်နိုင်မည်ဖြစ်သော်လည်း ကိုကြီးမျက်နှာမှ အမူအရာတိုင်းကိုတော့ ဖူးမွှန်ကောင်းစွာ အဓိပ္ပာယ်ဖော်နိုင်သည်။ နားလည်သည်။

မနေ့ညနေက ရုံးကပြန်လာသော ကိုကြီး၏ မျက်နှာမှာ စိတ်မချမ်းမြေ့ဖွယ် တစ်ခုခုပါလာကြောင်း ဖူးမွှန် စက္ကန့်ပိုင်း



အတွင်းမှာ ဖတ်လိုက်လို့ရသည်။

ကိုကြီးကတော့ အပူရုပ်ကို ဟန်လုပ်၍ ဖုံးထား၏။

"ကိုကြီးဘာဖြစ်လာတာလဲ၊ မျက်နှာလဲ မကောင်းပါလား" ဆိုသော အမေးကို ဟန်လုပ်ထားသော ချည့်ချည့်နဲ့နဲ့ အပြုံးဖြင့် တုံ့ပြန်ရင်း. . . .

"မဖြစ်ပါဘူး ဖူးမွှန်၊ ကိုကြီး နည်းနည်း အလုပ်ပင်ပန်းသွားလို့ပါ၊ တိုက်မှာ ဒီနေ့ အလုပ်အရမ်းများသွားလို့"

ပြောရင်းနှင့် ကိုကြီးက သက်ပြင်းတစ်ခုကို မသိမသာချသည်။

ကိုကြီး ညာတာဟု ဖူးမွှန် သိလိုက်၏။

ဖြစ်နိုင်လျှင် ကိုကြီး၏ အလုပ်ပင်ပန်းသောမျက်နှာကသည်လို၊ ခုမျက်နှာက ဒါမျိုးမဟုတ်ဘူး၊ ဟောသလိုဖြစ်ပြီး စိတ်ထိခိုက်နေတာ စသဖြင့် ကိုကြီးမျက်နှာကို နမူနာပုံတူတစ်ခုစီ လုပ်ပြပြီး ကိုကြီးကို မရအရ မေးလိုက်ချင်သည်။

သို့သော်လည်း နဂိုကမှ ကိုကြီးက စိတ်ထိခိုက်နေ အဲဒါကို သူ မပြောချင်သည့်ကိစ္စ အတင်းမေး၍ ထပ်စိတ်ညစ်သွားမှာကိုလည်းစိုးသည်။ သို့အတွက် နောက်မှပဲ အေးအေးဆေးဆေး မေးကြည့်ပါတော့မည်ဟုတွေးပြီး ကိုကြီးညာတာကို မသိချင်ယောင်ဆောင်နေလိုက်သည်။

ညဘက် ထမင်းစားတော့လည်း ကိုကြီး ဟန်ပြသာစားသည်။ ရင်ပြည့်နေသလိုလို၊ စားမကောင်းသလိုလို၊ နေမကောင်းဖြစ်နေသလိုလို စကားတွေလျှောက်ပြောပြီး တစ်လုတ်နှစ်လုတ်ထက် ပိုစားမသွား။

www.burmeseclassic.com

www.burmeseclassic.com



ညဘက်အိပ်တော့လည်း သည်အတိုင်း။

ကိုကြီးက အသုဘရက်ကတည်းက ဖူးမွန်နှင့်မြမူ မိန်းကလေးနှစ်ယောက်တည်း မနေရဲဖြစ်နေသည့်အတွက် ဖူးမွန်တို့အခန်းအုရားစင်ရှေ့မှာ တစ်ယောက်တည်း လာအိပ်ပေးသည်။

ဖူးမွန်နှင့် မြမူက ထုံးစံအတိုင်း အတွင်းခန်းမှာ. . .

ညတစ်ညလုံး အိပ်မပျော်ဖြစ်နေသည်ကို အခန်းထဲကနေ ဖူးမွန် ရိပ်မိသည်။

ခဏတစ်ဖြုတ် ငြိမ်သက်သွားလိုက်၊ ဘယ်လိုမှ်ညာစောင်းလှပ်လိုက်သံ ချိုးချိုးချွတ်ချွတ်ကြားလိုက်၊ တော်ကြာ သက်ပြင်းချသံ ကြားလိုက်နှင့် ညသန်းခေါင် ဖူးမွန် တစ်ရေးနိုးတော့လည်း သည်အတိုင်း၊ မိုးလင်းခါနီး ဖူးမွန် တစ်ချက်နိုးပြန်တော့လည်း သည်အတိုင်း။

နံနက်ကျရင်တော့ ကိုကြီးစိတ်ဒုက္ခကို မရအရမေးတော့မည်ဟု ဆုံးဖြတ်သည်။ မနက်မြန်က အလုပ်လည်း အလုပ်ပိတ်ရက်၊ ကိုကြီး အိမ်မှာ တစ်နေကုန်ရှိသည်။

သို့သော် နံနက်ကျတော့ ဖူးမွန် အိပ်ရာထချိန်မှာ ကိုကြီး မရှိတော့။

ကိုကြီးအိပ်ရာနေရာမှာ အိပ်ရာကို ခေါက်သိမ်းထားပြီး စာရွက်လေးတစ်ခု ရှိနေသည်။

စာက ခပ်တိုတိုပင်။

ဖူးမွန်. . . .

ကိုကြီး ကိစ္စတစ်ခုရှိလို့ အပြင်ကိုထွက်သွားတယ်။ နေ့လယ်ပြန်ရောက်မလား၊ ညနေကျမှ ပြန်



ရောက်မလား မသိဘူး။

ကိုကြီးကို စောင့်မနေနဲ့၊ နံနက်စာ ကိုကြီး အပြင်မှာပဲ စားမယ်၊ စိတ်မပူနဲ့နော်၊ ကိုကြီး ဘာမှ မဖြစ်ဘူး။

ကိုကြီး

ဒါပဲဖြစ်သည်။

ထိုအချိန်ကစပြီး ဖူးမွန် ကိုကြီး ပြန်အလာကို ထိုင်စောင့်နေသည်မှာ ခုချိန် နေ့လည်ဆယ့်တစ်နာရီ ထိုးပြီဖြစ်၏။

❋ ❋ ❋ ❋

နံနက်ကလည်း ဖူးမွန် ဘာမှမစားနိုင်။

ခုလည်း ထမင်းချိန်ဟု သိနေသည့်တိုင် ဆာလောင်မွတ်သိပ်မှုက အဝေးစကြဝဠာတစ်ခုထဲ ထွက်ပြေးသွားရောက်နေသည်။

ဖူးမွန်အာရုံက အိမ်ရှေ့လမ်းပေါ် သာရောက်နေသည်။

လူရိပ်တစ်ခုမြင်လိုက်တိုင်း ကိုကြီးများလား ထကြည့်မိသည်။

"ကိုကြီး ဘယ်သွားတာလဲ၊ ဘာလုပ်တာလဲ၊ ဘာပြဿနာတွေနဲ့များ ကိုကြီး စိတ်ဆင်းရဲစရာ တွေ့နေပါသလဲ၊ ဖူးမွန်နှင့် ပတ်သက်နေလား၊ ဒါမှမဟုတ် ကိုကြီးရဲ့ သီးခြားပြဿနာလား

နှမ်းခွန်းပေါင်းမြောက်မြားစွာက ဖူးမွန်၏ ပူပန်နေသော စိတ်ဖို ပျာများအောင် နှိပ်စက်ပေးနေကြသည်။ သည်အဖြစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မဖြစ်ဖူးခဲ့။ အရာရာကို တည်ကြည်ရဲဝံ့စွာသာ ရင်ဆိုင်ဖို့ ကြိုးစားတတ်သည့် ကိုကြီးရင်တွင်းမှာ လျှို့ဝှက်ချက်ဟု ဘာမှမထားသလောက် ပွင့်လင်းကြည်လင်သည့် ကိုကြီး။ ကိုကြီး ခုဖြစ်နေသည့်အဖြစ်ကို ဖူးမွှန် ဘယ်လိုမှ နားမလည်။

"ဟော"

ထိုစဉ် အိမ်ရှေ့လမ်းအတွင်းသို့ ကားတစ်စီးဝင်လာသံကြားသဖြင့် ဖူးမွှန် ခေါင်းဆတ်ခနဲ မတ်သွားသည်။

သည်ရှေ့လမ်းက ကားအသွားအလာ များတတ်သောလမ်းမဟုတ်။ အရေးကြီးကိစ္စရှိမှ ကားသွားသာရုံ လုပ်ထားသောမြေကြီးလမ်း။ သည်လမ်းထဲမှာ ရုံးချိန်မဟုတ်သော အချိန်နှင့် ရုံးပိတ်ရက်များမှာ ကိုကြီးအလုပ်တိုက်က အရေးကြီးပါက ကားလွှတ်ခေါ်ပေးတတ်သည့်အချိန်နှင့် ရပ်ကွက်ထဲမှာ အခြားကိစ္စတွေရှိမှ ကားလာတတ်တာများသည်။

ကိုကြီး အလုပ်က ကားများလား။

ဒါမှမဟုတ် ကိုကြီးများ ကားနှင့် ပြန်လာတာလား။

ဖိနပ်ချွတ် သံဆန်ခါကြားကနေ ဖူးမွှန် အသည်းအသန်ပြေးထွက်ကြည့်သည်။

ခဏကြာသောအခါ ကားကို သေချာမြင်ရ၏။

ကားက အလွန့်အလွန် အဖိုးတန်သောကားကြီး၊ ဖူးမွှန်တော့ သေချာမသိသော်လည်း တစ်ခါမြို့ထဲသွားရင်း ကိုကြီး ပြထား၍ မှတ်မိနေသော ခုခေတ်ပေါက်ဈေးနှင့် သိန်းခြောက်ဆယ်၊ ခုနှစ်ဆယ်တန် မာစီဒီးကားအသစ် နံပါတ်အသစ်မျိုးကြီး။

အရောင်ကလည်း လှလိုက်သည့်အရောင်၊ နက်ပြာရောင်



ရင့်ရင့်၊ သစ်စက်နေသော အပျံစားကားကြီး။

ကားကြီးက ဖူးမွှန်တို့ အိမ်ရှေ့တည့်တည့်မှာ ရပ်သည်။

ကားပေါ်မှ ဒရိုက်ဘာနှင့်တူသော လူတစ်ယောက် ရှေ့မှဆင်းလာသည်။ ထို့နောက် သံဆန်ခါကြားမှ ရပ်ကြည့်နေသောဖူးမွှန်ကိုလှမ်းကြည့်ပြီး ဝါးပင်များ ကျိုးတိုးကျဲတဲ ပေါက်နေသည်မှအပ စည်းရိုးမရှိသော ခြံဝင်းထဲအထိဝင်လာ၍ . . .

"ဒါ . . . မဖူးမွှန်ချစ်အောင်တို့ အိမ်လား"

"ဟုတ်ပါတယ်"

"ဪ . . . ကျွန်တော့်ဆရာက မဖူးမွှန်ချစ်အောင်နဲ့ တွေ့ချင်လို့ပါ"

"ရှင်"

ဖူးမွှန် အရမ်း အံ့အားသင့်သွားသည်။

သူ့ဆရာဆိုသော ပုဂ္ဂိုလ်ကို ခုထိ ဖူးမွှန် မမြင်ရသေး။

သို့သော်လည်း ထိုသို့သော ကားပိုင်ရှင်သူ့ဆရာနှင့် ဖူးမွှန်နှင့် ဘယ်လိုမှ ပတ်သက်စရာမရှိ။

ဖူးမွှန် အံ့ဩခြင်းကြီးစွာဖြင့် ဘာပြန်ပြောရမည် မသိအောင်ပင် ဖြစ်သွားတော့၏။

✹ ✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟုတ်. . . ဟုတ်ကဲ့၊ အိမ်ပေါ်ကို ကြွပါရှင်"

ဘယ်သူမှန်းလည်းမသိ၊ ဘာကိစ္စမှန်းလည်းမသိ။ သည်မှာလည်း ကိုကြီးကိစ္စနှင့် ဆက်စပ်ပြီး သိချင်စရာတွေ အများကြီးဖြစ်နေသည်မို့ ဖူးမွန် ကြံရာမရရှာပင် သည်အတိုင်းပြောလိုက်သည်။

"ဟုတ်ကဲ့. . . ခဏလေးနော်၊ ဆရာ့ကို ပြန်ပြောလိုက်ပါ့မယ်"

ထိုပုဂ္ဂိုလ်က ခြံထဲမှ ပြန်ထွက်သွားသည်။

ထို့နောက် ဖူးမွန် စိတ်ဝင်စားစွာ လှမ်းကြည့်နေဆဲမှာပင် ကားကြီး၏ နောက်ခန်းတံခါးကို ဖွင့်ပေးပြီး တစ်စုံတစ်ခု လှမ်းပြောသည်။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။

အသက်လေးဆယ့်ငါး ပတ်ဝန်းကျင်လောက် ရှိမည်ဖြစ်သော လူတစ်ယောက်။ အဖိုးတန်အသားဖြင့် သေချာချုပ်လုပ်



ထားသော အနောက်တိုင်းဝတ်စုံအပြည့်ကို ကျနသေသပ်ခံ့ညားစွာ ဝတ်ဆင်လျက် မျက်နှာမှာလည်း ရေဗင်မျက်မှန်အကောင်းစားတစ်လက် တပ်ဆင်ထားသည်။

လူချမ်းသာပုံစံဖြစ်သော်လည်း ဝပြဲပြဲပုံပျက်ပန်းပျက် သူဌေးကြီးမျိုးမဟုတ်။ အနေတော် ကိုယ်လုံး၊ အနေတော် အရပ်အမောင်းဖြင့် အသားလတ်လတ် လူခန့်ခန့်။

ထိုပုဂ္ဂိုလ်က ကားပေါ်မှ ဆင်းဆင်းချင်း ခြံထဲ ဒါရိုက်တန်းဝင်မလာသေးဘဲ ရပ်ကွက်အနေအထား၊ လမ်းအနေအထား၊ အိမ်ဝတ်ဝန်းကျင် အနေအထားတို့ကို ဟိုသည်ကြည့်လျက် အကဲခတ်သည်။

ပြီးမှ သံဆန်ခါကြားမှနေ သူ့ကို လှမ်းကြည့်နေသော ဖူးမွန်ကို ခဏ စူးစူးစိုက်စိုက် တစ်ချက်လှမ်းကြည့်ပြီးမှ ခြံထဲကို ဝင်လာသည်။

ထို့နောက် လက်ထဲက သောက်လက်စ DUNHILL စီးကရက်တိုကို လှေကားရင်းတွင် မြေပေါ်လွှတ်ချ၍ ပြောင်လက်နေသော ရှူးဖိနပ်ဦးချွန်ဖြင့် မီးငြိမ်းသတ်ထိုးခြေပြီး ဖူးမွန် အသင့်ဖွင့်ထားပေးသော တံခါးမှနေ အိမ်ခန်းထဲဝင်လာသည်။

ဖူးမွန်က ဧည့်ခန်းခြေရင်းဘက် စက်ခုံတွင်ထိုင်၍ အခြေအနေအကဲခတ်နေသော မြမူကို တစ်ချက်လှမ်းကြည့်ပြီး ဧည့်သည်ဘက်ပြန်လှည့်ကာ. . .

"ကြွပါဦး၊ ဘာကိစ္စများရှိလို့ပါလဲ၊ ကျွန်မ ဖူးမွန်ချစ်ဇော်ပါ"

ထိုပုဂ္ဂိုလ်ကြီးက ဘာမှပြန်မပြောသေးဘဲ ဖူးမွန်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက် မြှုံး၍ကြည့်သည်။ ပြီးမှ အခန်းခေါင်းရင်းဘက် ဖိနပ်ချွတ်မှာ ပင် ဧည့်သည်ထိုင်ရန်ချထားသော ကြိမ်ကုလားထိုင် ခပ်နွမ်းနွမ်း လေးဆီ လျှောက်သွား၍ ဝင်ထိုင်သည်။

ဖူးမွန်က ဆူနှင့်မျက်နှာချင်းဆိုင် အိမ်ခါးပန်းမှာ ဝင်ထိုင် လိုက်စဉ် ဧည့်သည်ပုဂ္ဂိုလ်ကြီးက. . .

"သမီးက မဖူးမွန်နော်"

"ဟုတ်ပါတယ် ဦး"

"အင်း. . . သမီး အံ့သြနေတယ်ထင်တယ်၊ ခု သမီးရှေ့မှာ ရောက်နေတဲ့သူဟာ ဘယ်သူလဲဆိုတာ အရမ်းသိချင်နေပုံပဲ"

"ဟုတ်ပါတယ် ဦး၊ ဦးဘယ်သူလဲဆိုတာ ကျွန်မ သိပါရစေ"

"အင်း"

ပုဂ္ဂိုလ်ကြီးက သက်ပြင်းတစ်ချက် အရင်ချ၏။ ပြီးမှ. . .

"ဦး မဟုတ်ပါဘူး သမီးရယ်၊ အခု သမီးရှေ့မှာရောက် နေတာ သမီးရဲ့ဖေဖေပါ၊ သမီးရဲ့အဖေအရင်း ဦးချစ်အောင်ပါ"

"ရှင်. . ."

❋ ❋ ❋ ❋

"ရှင်"

ဖူးမွန် အံ့သြခြင်းဆိုသော အဆင့်၏ဟိုမှာဘက်သို့ အံ့ တော်များများလွန်သွားပြီး တုန်လှုပ်ချောက်ချားစွာ အာမေဋိတ် ပြုလိုက်သည်။

ဖေဖေဆိုသော လူကြီးကဆက်၍. . .



"ဖေဖေ အရမ်းစိတ်မကောင်းဘူးသမီး၊ သမီးတို့သားအမိ ဖေဖေနဲ့ကင်းကွာနေတဲ့ ဆယ့်ငါးနှစ်လောက်ကာလမှာ အတော် လေး ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲ နေခဲ့ရတာပဲ"

"ဒါ. . . ဒါပေမယ့် မေမေက ဖူးမွန် ဖေဖေမရှိတော့ဘူး၊ ဆုံးသွားပြီလို့ ပြောပါတယ်"

"ဟုတ်လား၊ အေးလေ၊ သူကတော့ ဒီလိုပဲ ပြောမှာပေါ့၊ တုတ်လဲဟုတ်တာပါပဲ၊ ဖေဖေကိုယ်တိုင်လဲ သေရွာသွားခဲ့သလို ဖြစ်ပြီး ဒီတစ်သက် သမီးနဲ့ပြန်ဆုံမယ်တောင်မှ မထင်တော့တာပဲ၊ အင်း. . . ခဏလေးသမီး၊ ခဏလေး၊ ဟုတ်ပါတယ်၊ ဖေဖေဟာ သမီးရဲ့ဖေဖေအစစ်ဖြစ်ကြောင်း တစ်ခုခုတော့ သက်သေပြသင့် တာပေါ့"

ပြောရင်းနှင့် ဖေဖေဆိုသောလူက သူ့ကားဘက် လှည့် ကြည့်သည်။ ကားနားမှာရပ်နေသော ဒရိုင်ဘာကို လှမ်းလက်ပြ ရင်း. . .

"မောင်ကျော် ကားထဲက ငါ့ကွေ့စ်ယူခဲ့ကွာ"

"ဟုတ်ကဲ့"

မောင်ကျော်ဆိုသော ကားဆရာက နောက်ခန်းတံခါးဖွင့် ပြီး ကားထဲမှနေ အတက်ချီကွေ့စ် အသေးစားလေးတစ်ခု ထုတ်ယူ လာသည်။

ထို့နောက် အိမ်ပေါ်တက်၍ ထိုလက်စွဲအိတ်ကို ရိုရိုသေ သေလှမ်းပေးသည်။ ဦးချစ်အောင်က သူ့ကွေ့စ်လေးကိုဖွင့်ပြီး အထဲ မှနေ ဓာတ်ပုံအယ်လ်ဘမ်အကောင်းစား ခပ်သေးသေးတစ်ခု ထုတ် ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖူးမွန်ကို လှမ်းပေး၍...

"သမီး၊ အဲဒါ ဖေဖေနဲ့ ကိုယ်မကွာ အမြဲရှိနေတဲ့ ဓာတ်ပုံ မှတ်တမ်းလေးပဲ သမီး၊ ကြည့်..ကြည့်ပါလား"

ဖူးမွန် စိတ်ဝင်စားစွာ လှမ်းယူကြည့်လိုက်သည်။

"ဟင်"

ပထမဆုံးစမြင်လိုက်ရသည့် ဓာတ်ပုံက ဖူးမွန်ဘဝမှာ ဒါမျိုးရှိနေမည်ဟု မထင်သော မိသားစုသုံးယောက် ဓာတ်ပုံလေး။ မေမေက သူမပုံဟု ဖူးမွန်သိနေသော ကလေးငယ်တစ်ယောက်ကို ချီထားသည်။ မေမေနှင့် ကပ်လျက်ရပ်နေသူက အခု သူမရှေ့မှ ဖေဖေဆိုသောလူ။

အရွယ်တွေကွာခြားသော်လည်း ဓာတ်ပုံထဲက မေမေ့ကို မေမေဟုလည်းကောင်း၊ ဖူးမွန်ကိုဖူးမွန် ဖူးမွန်ဟုလည်းကောင်း၊ ဓာတ်ပုံထဲက အဖေနေရာမှာ ရှိနေသော သူသည် အခု သူမရှေ့မှလူဟုလည်းကောင်း သိသာသည်။

သုံးယောက်စလုံးပါသည့်ပုံ ဖူးမွန်မှာ မရှိသော်လည်း မေမေ ဒီအတွက်နှင့် သူမ ဒီအရွယ်က ရိုက်ထားသည့်ပုံလေးတွေ တော့ အိမ်မှာလည်း ရှိသည်။

နောက်စာမျက်နှာများမှာတော့ မေမေ ငယ်ငယ်က ပုံတချို့၊ မေမေနှင့်ဖေဖေ တွဲလျက် ပုံတချို့၊ ပြီးတော့ မွေးခါစကနေ သုံးနှစ်သမီးလောက်အထိ ဖူးမွန်ကို ရိုက် ထားသော ဓာတ်ပုံတော်တော်များများ။

တချို့ မေမေ့ပုံနှင့် ဖူးမွန်ပုံများက ဖူးမွန်ဆီမှာလည်းရှိ သည်။ ဖူးမွန် တစ်ခါမှမမြင်ဖူးသော ဖေဖေနှင့်မေမေ လက်ထပ်စဉ်



က လက်ထပ်ပွဲမှာ ရိုက်ခဲ့သော ဓာတ်ပုံများလည်း တွေ့သည်။

အံ့သြစရာ ကောင်းလှသည်။ ယခု ဖူးမွန်ရှေ့မှာ ရောက် နေသော ဖူးမွန်အဖေဆိုသူသည် ဖူးမွန်၏ ဖေဖေအစစ်ဖြစ်နေပါ လား။

ဖူးမွန်စိတ်ထဲ လှစ်ခနဲ မေမေ့ကို သတိရစွာဖြင့်...

"မေမေကတော့ တကယ်ဆုံးသွားပြီ ဖေဖေ"

ဖေဖေကခေါင်းညိတ်ပြီး....

"ဟုတ်တယ် သမီး၊ အဲဒါကြောင့်လဲ သမီးနဲ့ဖေဖေ ပြန်တွေ့ တာပေါ့၊ နို့မို့ သမီးဘယ်မှာရှိမှန်း ဖေဖေ ဘယ်လိုလုပ်သိမလဲ၊ ဒီ အရွယ်ရောက်နေတဲ့သမီးကိုလဲ ဒီတိုင်း ဖေဖေ ဘယ်လိုလုပ်မှတ်မိ မလဲ၊ သမီးမေမေဆုံးတဲ့ နာရေးသတင်း သတင်းစာကြော်ငြာကို တွေ့ပြီ...."

ဟုတ်သားပဲ။ အဲဒီတုန်းက ကိုကြီး သတင်းစာမှာ နာရေး ကြော်ငြာထည့်ခဲ့သည်ပဲ၊ ထိုကြော်ငြာ ထည့်တုန်းက ဖူးမွန်ကပင်

"ဖူးမွန်တို့မှာ ဆွေမျိုးသားချင်းလဲ မရှိဘဲနဲ့ ထည့်မနေပါနဲ့ ကိုကြီးရာ"

ဟု ပြောခဲ့သေးသည်။

ကိုကြီးက "ဘယ်ဟုတ်မလဲ ဖူးမွန်၊ မရှိတာမဟုတ်ဘဲ မသိတာ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ကြည့်ရတာ ဖူးမွန်ပြောပုံအရ အဒေါ်က တမင်ဇာတ်မြှုပ်နေသလို ဖြစ်နေတယ်မဟုတ်လား၊ ဒီ ကြော်ငြာတွေ့ရင် ဆွေမျိုးအရင်းအချာတွေ သိပြီး ဖူးမွန်နဲ့ ပြန် ဆက်စပ်မိချင် ဆက်စပ်မိကြမှာပေါ့" ဟု ပြောသည်။

တကယ်လည်း ခုတော့ ထိုကြော်ငြာကြောင့် ဖေဖေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်စပ်ခွင့်ရနေပြီ။

ကိုကြီးအကြောင်း စဉ်းစားမိမှ ကိုကြီးကိုလည်း ဖျတ်ခနဲ သတိရသည်။ ကိုကြီး ခုထိ ပြန်မလာသေးပါလား။ ခုနေ ကိုကြီး ရှိရင် သိပ်ကောင်းမှာပဲ။ သည်လောက် အံ့ဩစရာကောင်းသည့် ကိစ္စများ ဖြစ်ပွားနေချိန်မှာ ကိုကြီး ဘယ်ရောက်နေပါလိမ့်။

"ဩော်. . . ဒါနဲ့ မောင်မင်းထက်ကော သမီး"

"ရှင်. . . ကိုကြီးကိုလဲ ဖေဖေသိတယ်. . . ဟုတ်လား"

"သိပါတယ် သမီး၊ ဖေဖေ သမီးနဲ့ ပတ်သတ်တဲ့ ကိစ္စတွေ အားလုံးကို တော်တော်များများနဲ့ ပြည့်ပြည့်စုံစုံ သိပြီးမှ သမီးနဲ့ လာတွေ့တာပါ၊ မနေ့က မောင်မင်းထက်ကို ဖေဖေသူ့သတင်းစာတိုက်မှာ သွားတွေ့တယ်၊ ဒီနေ့မနက်လဲ ဖေဖေ့ဆီ သူလာသွားပါတယ်"

အံ့ဩစရာတွေ များလွန်းသောကြောင့် ဖူးမွန်နောက်ထပ် ဘယ်လိုအံ့ဩရမည်မှန်းပင် မသိတော့။

ကိုကြီးနဲ့ဖေဖေ မနေ့ကတည်းက တွေ့ခဲ့တယ်ဆိုပါလား။

မနေ့က ညနေက အလုပ်မှနေ ညှိုးငယ်စွာပြန်လာသော ကိုကြီး၏ အမူအရာကို သတိရလိုက်မိ၏။

* * * *



## အခန်း (၄)

"ဖေဖေနဲ့ ကိုကြီးတွေ့ပြီး ဘာတွေပြောကြ၊ ဘာတွေဖြစ်ကြလို့လဲ"

ဖေဖေက ရယ်သည်။

"နေပါဦးလေ သမီး၊ အဲဒီအကြောင်းတွေလဲ သမီးကို ပြောပြမှာပါ၊ ဒါပေမယ့် ဆယ့်ငါးနှစ်လောက် သေပြီလို့ထင်ပြီး ပျောက်ဆုံးနေတဲ့ အဖေတစ်ယောက် ပြန်ရောက်လာတဲ့အခါ ပထမဆုံး မေးသင့်တဲ့မေးခွန်းဟာ အဲဒီဆယ့်ငါးနှစ်လုံး ဖေဖေ ဘယ်ရောက်နေလဲ၊ ဘာဖြစ်နေလဲ၊ အခုမှ သမီးဖြစ်တဲ့သူဆီ ဘာကြောင့် ပြန်လာရတာလဲ ဆိုတာတွေ မဖြစ်သင့်ဘူးလား"

ဖူးမွန်သက်ပြင်းချသည်။ ပြီးမှ ခေါင်းညိတ်၍. . .

"သမီး အဲဒီကိစ္စတွေလဲ သိချင်ပါတယ်"

ဖေဖေကပြုံး၍ သူ့မျက်နှာမှ နေကာမျက်မှန်ကို ဖြုတ်ပြီး အနားရှိ စားပွဲပေါ် တင်သည်။ ထို့နောက် စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိဖွာရှိုက်လိုက်ပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသမီး" အစချီကာ သူ့ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြသည်။

ဖေဖေနှင့်မေမေ လက်ထပ်ပြီးနောက် ဖူးမွန် သုံးနှစ်သမီးအရွယ်အထိ မြန်မာပြည်မှာ လုပ်ကိုင်စားသောက်ရင်း လုပ်ငန်းဝင်ငွေအဆင်မပြေလာသောအခါ ဖေဖေက နိုင်ငံခြား ထွက်ဖို့ပြင်သည်။

ဖေဖေ့မိဘနှင့် ညီအစ်ကို မောင်နှမများအားလုံးကလည်း ဖေဖေ မေမေနှင့် လက်မထပ်ခင်ကတည်းက နိုင်ငံခြားတွင် သွားရောက်အခြေချနေထိုင်ကြပြီး ဖြစ်သည်။ ဖေဖေသာ မေမေ့သံယောဇဉ်ဖြင့် မြန်မာပြည်မှာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

သို့သော် တကယ်တမ်း စီးပွားရှာရ အဆင်မပြေ၊ မိသားစုဘဝ ချို့တဲ့လွန်းအားကြီးလာတော့ ဖေဖေလည်းမခံနိုင်။ သူပါနိုင်ငံခြားထွက်လိုက်သွားဖို့ပြင်ပြီး မေမေ့ကို ဆွေးနွေးသည်။

မေမေက လုံးဝလက်မခံ။ နဂိုကမှ မေမေနှင့် သဘောမတူ။ မေမေနှင့်လက်ထပ်ပြီး မြန်မာပြည်မှာ နေခဲ့ခြင်းအတွက် မေမေ့ကို မကျေနပ်ကြသော ဖေဖေ့အသိုင်းအဝိုင်းရှိရာ မသွားချင်ဟု ငြင်းသည်။

ဤတွင် ဖေဖေနှင့်မေမေ အကြီးအကျယ် စကားများသည်။ နောက်ဆုံး ဖေဖေက မေမေ့ကို "မင်း မလိုက်ချင်နေ၊ ငါ့သမီးပဲ ငါ ခေါ်သွားမယ်၊ ငါ့သမီးကိုတော့ ဒီဆင်းဆင်းရဲရဲဘဝမှာ မထားခဲ့နိုင်ဘူး" ဆိုသောစကား ပြောဖြစ်သည်။

အမှန်ကတော့ သမီးပါလာလျှင် မေမေ လိုက်လာမှာပဲ ဆိုသော တွက်ကိန်းနှင့်ဖေဖေက အကျပ်ကိုင်လိုက်ခြင်း ဖြစ်သည်။



သို့သော် မေမေက ဤစကားကို အရမ်းစိုးရိမ်သွားကာ ဖေဖေမရှိခိုက် ဖူးမွန်နှင့် ငွေကြေးပစ္စည်းအချို့ကိုယူပြီး ဖေဖေမသိအောင် အိမ်မှ ထွက်ပြေးဆင်းသွားသည်။

သမီးကို ခင်ပွန်းဖြစ်သူက သူမနှင့်တကွဲတပြား အတင်းခေါ်သွားမည်ကို စိုးရိမ်သောကြောင့် မေမေက ဖေဖေနှင့် လုံးဝအဆက်အသွယ်မလုပ်ပဲ ဖတ်မြှုပ်နေလိုက်သည်။

ဖေဖေက ပြန်လိုက်ရှာသေးသည်။ ဘယ်လိုမှ ရှာမရသည့်အဆုံးကျမှ ဖေဖေတစ်ယောက်တည်း နိုင်ငံခြား အပြီးအပိုင် ထွက်သွားခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်ကိုလည်း ဘယ်တော့မှ ပြန်လာဖြစ်တော့မည်မဟုတ်ဟု ထင်ခဲ့သည်။

သို့သော် မြန်မာပြည်မှာ ခေတ်တွေပြောင်း၊ စနစ်တွေပြောင်းသွားသောအခါ သမီးလည်းရှာရင်း မြန်မာပြည်ကိုလည်း ပြန်လာနိုင်ရန် လမ်းစဖွင့်ရင်း ဟိုမှာ ကြီးပွားချမ်းသာနေသော ဖေဖေ နိုင်ငံခြားသား အဖြစ်ဖြင့်ပင် မြန်မာပြည်မှာ ပုဂ္ဂလိကဟိုတယ် တစ်ခုဖွင့်၍ ငွေရင်းမြှုပ်နှံသည်။

သည်ဘက်ပိုင်းကျတော့ ဖေဖေ့လို မြန်မာပြည်မှ အပြီးအပိုင်ထွက်သွားသူများ မြန်မာနိုင်ငံသားအဖြစ် ပြန်ခံယူခွင့်ကို နိုင်ငံတော်က ခွင့်ပြုလိုက်သဖြင့် မြန်မာနိုင်ငံသားအဖြစ်လည်း ပြန်ခံယူ မြန်မာပြည်မှ အစိုးရပိုင် ဟိုတယ်ကြီးတစ်ခုကိုလည်း နှစ်သုံးဆယ် ခွင့်ပြုချက်ဖြင့် အပြီးဝယ်ယူ၍ သည်မှာ လုပ်ငန်းတော်တော်များများ အခြေချရန် ဆုံးဖြတ်လိုက်သည်။

သည်အကြောင်းအရာများကတော့ သက်ဆိုင်ရာဌာနမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်း နိုင်ငံခြားသားအဖြစ် လာရောက်ရင်းနှီးမြှုပ်နှံ စဉ်ကပင် မေမေနှင့်ဖူးမွန့်သတင်းကို အချိန်ရသလောက် ရှာဖွေ စုဆောင်းသည်။

သူ နိုင်ငံခြား ပြန်ထွက်ချိန်မှာလည်း သူ့ကိုယ်စားလှယ် မန်နေဂျာကို လိုအပ်သော အချက်အလက်များပေး၍ စုံစမ်းထား ရန် မှာခဲ့သည်။

မေမေ့နာရေးသတင်း သတင်းစာမှာ ပါလာသောအခါ ဖေဖေ ရန်ကုန်မှာမရှိဘဲ ပြည်ပရောက်နေသည်ဟု ဆို၏။

သို့သော် သတင်းတွေ့သော မန်နေဂျာက ဖေဖေ့ဆီလှမ်း အကြောင်းကြားသည်။ ဟုတ်နိုင် မဟုတ်နိုင်လည်း လှမ်းအတည် ပြုသည်။ ဖေဖေက ဟိုမှနေ သေချာကြောင်းပြောပြီး သူ နိုင်ငံခြားမှ ပြန်မလာခင် သမီးနှင့် ပတ်သက်သော အချက်အလက်များ လေ့ လာစုဆောင်းထားရန် မှာသည်။

လွန်ခဲ့သော နှစ်ရက်ကမှ ဖေဖေ မြန်မာပြည် ပြန်ရောက် သည်။ ရောက်ရောက်ချင်း သူ့မန်နေဂျာ စုဆောင်းထားသော အ ချက်အလက်များကို လေ့လာ၍ ပထမဆုံး ကိုကြီးနှင့် သွားတွေ့ ခြင်းဖြစ်သည်ဟု ဆို၏။

* * * *

"အဲဒါပဲ သမီး၊ ဖေဖေက သမီးကို ရှာနေတဲ့ အဓိက အချက်ကတော့ ဖေဖေ့မှာ တစ်ဦးတည်းသော မျိုးဆက်အဖြစ် ရှိနေတဲ့ သမီးလေးကို တွေ့ချင်လို့ရယ်၊ တခြားအမွေဆက်ခံမယ့်လူ



မရှိတဲ့ ဖေဖေ့ရဲ့ပိုင်ဆိုင်မှုအားလုံးကို သမီးလေး ပြည့်ပြည့်စုံစုံနဲ့ တင့်တင့်တယ်တယ် နေနိုင်အောင်လွှဲပြောင်းပေးဖို့ရယ်၊ ဒါတွေ ကြောင့်ပဲ၊ ခုတော့ သမီးနဲ့ဖေဖေ ဆိုက်ဆိုက်မြိုက်မြိုက်ကို တွေ့နေ ရပါပြီ၊ ဒါပေမယ့်. . ."

ဒါပေမယ့်ဆိုပြီး ဖေဖေက စကားကို ခဏရပ်သည်။

ဖူးမွန်လည်း ထိုဒါပေမယ့်ကို စိတ်ဝင်စားသွားသဖြင့်. .

"ဒါပေမယ့် ဘာဖြစ်လဲ ဖေဖေ"

"ဒါပေမယ့် ဖေဖေတွေ့ချင်တာ သမီးကို ဒီပုံစံမျိုးနဲ့ မဟုတ် ဘူးသမီး၊ ဒီပြင်ဟာအားလုံး ဘာမှအပြစ်ပြောစရာမရှိပေမယ့် သမီးကို ဘဝသစ်တစ်ခု ဖေဖေ ဖန်တီးပေးဖို့ကိစ္စမှာ မောင်မင်း ထက်ကိစ္စဟာ ဖေဖေ့အတွက် အနှောင့်အယှက်ကြီး တစ်ခုဖြစ်နေ တယ်"

"ရှင်. . . ကိုကြီးနဲ့ သမီးက ဒီသီတင်းကျွတ်မှာ လက်ထပ် တော့မှာ ဖေဖေ"

"ဖေဖေ သိပါတယ်၊ ပထမတုန်းက ဖေဖေ့မန်နေဂျာ စုံစမ်း သလောက် သမီးတို့နှစ်ယောက် အတူတူအိမ်ထောင်ကျနေပြီ လို့တောင် ထင်မိတာ၊ ဒါပေမယ့် မင်းထက်နဲ့တွေ့တော့ ဒီကိစ္စ ရှင်းသွားပါတယ်။ သမီးတို့ လက်မထပ်ရသေးဘူး၊ သမီးနဲ့သူ သန့်သန့်ရှင်းရှင်းပဲ နေထိုင်ကြသေးကြောင်း ပြောပြပါတယ်၊ အဲဒီ မှာ ဖေဖေလဲ စိတ်သက်သာရာရပြီး မနေ့က တစ်နေ့လုံး မောင်မင်း ထက်နဲ့ အပြတ်ဆွေးနွေးခဲ့တယ်"

"ကိုကြီးနဲ့ ဘာတွေဆွေးနွေးကြတာလဲ ဖေဖေ"

"သမီးနဲ့သူ သီတင်းကျွတ်ရင် လက်ထပ်ဖို့ အဲဒီအစဉ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပေးဖို့ ကိစ္စပေါ့"

"ရှင်"

ဖူးမွန် မျက်လုံးလေး ပြူးဝိုင်းသွားသည်။ ထို့နောက် ပျာပျာ သလဲ မေးခွန်းတစ်ခု မေးလိုက်သည်။

"အဲဒီတော့ ကိုကြီးက ဘာပြောလိုက်လဲ"

"မနေ့ကတော့ မောင်မင်းထက်က ဘာမှ အဖြေမပေး လိုက်ပါဘူး၊ သူ ဒီတစ်ည စဉ်းစားပြီး မနက်ကျမှ ဖေဖေ့ဆီ သူလာ ပြီး အဖြေပေးမယ်လို့ပြောတယ်၊ ဒီမနက် သူလာပါတယ်၊ ဖေဖေ့ကို လဲ အဖြေပေးသွားတယ်"

"ကိုကြီးက ဘယ်လိုအဖြေပေးလဲ"

"လက်ထပ်ဖို့ အစီအစဉ်ကို ဖျက်ပေးပါ့မယ်တဲ့"

"ဟာ. . . မဖြစ်နိုင်တာဘဲ၊ သမီးလက်မခံဘူး ဖေဖေ၊ ဘယ်လိုပဲဖြစ်ဖြစ် သမီး ကိုကြီးနဲ့ လက်ထပ်မယ်"

"အေးလေ၊ ဒါကတော့ သမီးအပိုင်းနဲ့ သမီးဆိုတော့ ဖေဖေ အတင်းအကျပ် ဘာမှမပြောပါဘူး၊ ဒါပေမယ့် ဖေဖေ့သ ဘောကတော့ သမီး အသက်ငယ်ငယ်လေးရှိသေးတယ်၊ ဒီအ ရွယ်ဟာ အိမ်ထောင်ပြုဖို့ သိပ်စောလွန်းနေပြီး သမီးဘဝမှာ မပြည့် စုံသေးတဲ့ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစစ သင်ကြားနေသင့် သေးတဲ့အချိန်လို့ ဖေဖေ ထင်တယ်"

"ဘာလဲ ဖေဖေ၊ ကိုကြီးနဲ့ သဘောမတူလို့လား"

"ဖေဖေ အဲဒါတွေ ပြောနေတာမဟုတ်ဘူး သမီး၊ သမီး အိမ်ထောင်ဖက်ကို ဖေဖေကိုယ်တိုင် ဝင်ရွေးပေးဖို့ အစီအစဉ်လဲ မရှိပါဘူး၊ ဒါတွေဟာ သမီးစိတ်ကြိုက် လုပ်ခွင့်ရှိတာတွေချည်းပဲ၊



ဖေဖေပြောတာက သမီးငယ်သေးလို့"

"ကိုကြီးကိုတော့ ဖေဖေ ဘာပြောလိုက်လဲ"

"ဒါတွေပဲ ပြောတာပါသမီး၊ ဖေဖေလဲ သူ့ကို ဒီအတိုင်း ပြောပြီး စဉ်းစားခိုင်းတာပါပဲ"

"သူဘာလို့ မနေ့ကတည်းက သမီးကို ဒီအကြောင်းတွေ မပြောမပြတာလဲ"

"အဲဒါကတော့ သူနဲ့တွေ့တဲ့အခါ သူ့ကိုမေးကြည့်ပေါ့ သမီး၊ ဖေဖေကတော့ သူနဲ့ တွေ့ဆုံဆွေးနွေးပြီးမှ သမီးနဲ့တွေ့သင့်တယ် ထင်လို့ သူ့ကို အရင်သွားတွေ့တာပဲ"

"ဖေဖေ သူ့ကို တစ်ခုခု ခြိမ်းခြောက်တာမျိုးတော့ မရှိပါ ဘူးနော်"

ဖေဖေက ရယ်၍. . .

"မရှိပါဘူးသမီး၊ ဖေဖေ ဘယ်သူ့ကိုမှ မခြိမ်းခြောက်ပါဘူး၊ သမီးကိုလဲ သမီးစိတ်ကြိုက် ရွေးချယ်ခွင့်ပေးမှာပါ"

"သမီး သူနဲ့ပဲ လက်ထပ်မယ်ဆိုရင်ကော"

"အဲဒါဆို ဖေဖေ့မှာ သမီးကို ပြုစုပျိုးထောင်ပေးဖို့ ဘဝ သစ်တစ်ခု ဖန်တီးပေးဖို့ ဘာတာဝန်ရှိတော့မှာလဲ၊ ဖေဖေ့အုပ်ထိန်း မှုက ကင်းလွတ်တဲ့ သီးခြားဘဝတစ်ခု သမီး စိတ်ကြိုက် ဖန်တီးလိုက် ပြီ၊ သမီးဘဝရဲ့ အနာဂတ်ကို မောင်မင်းထက်ကပဲ စီမံပေးမှာ ပေါ့"

"သမီး သူနဲ့ပဲ လက်ထပ်မယ် ဖေဖေ"

"ကောင်းပြီလေ၊ ဒီနေ့အဖို့ သမီးစိတ်တွေ အရမ်းပင်ပန်း နေပြီ၊ ဖေဖေလဲ အလုပ်ကိစ္စရှိသေးတော့ ပြန်ရဦးမယ်၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



သမီး ဖေဖေနဲ့ တစ်ခါတည်းလိုက်ခဲ့မလား၊ ဒါမှမဟုတ် စဉ်းစားတိုင်ပင်သင့်တာတွေ အကုန်စဉ်းစားတိုင်ပင်ပြီး နောက်နေ့မှ ဖေဖေ့ဆီ လာခဲ့မလား"

"ခုတစ်ခါတည်းတော့ သမီးမလိုက်သေးဘူး၊ သမီး ကိုကြီးနဲ့တွေ့ချင်သေးတယ်၊ ဒါပေမယ့် မနက်ဖြန် သမီးလာတွေ့ဖို့က ဖေဖေက ဘယ်မှာရှိမှန်းမှ သမီးမသိတာ၊ နောက်ပြီးတော့လဲ. . ."

"ဖေဖေ 'ပန်းဖူးမွန်ဟိုတယ်' ဆိုပြီး ပုဂ္ဂလိကဟိုတယ်တစ်ခု လွန်ခဲ့တဲ့ လေးငါးလကတည်းက ဖွင့်ထားတာရှိတယ်၊ ပန်းဖူးမွန်မှာပဲ ဖေဖေရှိမယ်၊ ဒါပေမယ့် သမီးဟာသမီး လာဖို့မလိုပါဘူး၊ မနက်ဖြန် ဖေဖေ ကားလွှတ်ပေးလိုက်မှာပါ၊ ကဲ. . . သမီးပြော၊ နောက်ပြီးတော့လဲ ဘာဖြစ်လဲ"

"တကယ်လို့ ကိုကြီးကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတဲ့အတိုင်း အတည်ဖြစ်ရင်ကော ဖေဖေ့ဆီ သမီးလာခဲ့ရဦးမှာလား"

ဖေဖေကရယ်၍. . . .

"လာခဲ့ပါသမီး၊ ဖေဖေ့ကို သမီး နားလည်မှုတွေ လွဲနေပုံရတယ်၊ မောင်မင်းထက်နဲ့လက်ထပ်ရင် ဖေဖေ သမီးကို သမီးအဖြစ်က စွန့်လွှတ်ပြီး အမွေဖြတ်မယ်လို့ ပြောနေတာ မဟုတ်ဘူးနော်၊ ဒါမျိုး ဖေဖေ ဘယ်တော့မှမလုပ်ဘူး၊ သမီး အခု တစ်ခါတည်းလိုက်ခဲ့ပြီး နောက်နေ့ကျမှ မောင်မင်းထက်နဲ့ လာတွေ့လဲရတယ်၊ ဒါမှမဟုတ် မောင်မင်းထက်နဲ့ လက်ထပ်ပြီးမှ ဖေဖေ့ဆီမှာ လာနေချင်လဲနေ၊ ဒါလဲရတယ်၊ ဖေဖေ ဘာတစ်ခုမှ သမီးကို ချုပ်ချယ်ကန့်သတ်တာ မရှိဘူး၊ ဖေဖေဖြစ်စေချင်တဲ့ ဆန္ဒကိုပဲ ဖေဖေပြောပြနေတာ"



"သမီး မနက်ဖြန်ကျမှ လာခဲ့ပါ့မယ်"

"ရတယ်လေ၊ အဲဒါဆို ဖေဖေသွားမယ်"

ဖူးမွန်က ခေါင်းညိတ်သည်။

ဖေဖေ့ကားကြီး သူမမြင်ကွင်းက ပျောက်ကွယ်သွားသည်အထိ ဖေဖေပြောသွားသည့်စကားများ၏ ဆိုလိုရင်းကို ဖူးမွန် လုံးဝနားမလည်။

ဖေဖေ ဘာဖြစ်စေချင်တာလဲ၊ ဖူးမွန်က ဘာလုပ်ရမှာလဲ။

ဖေဖေကရော ဖူးမွန်မသိအောင် ဘာတွေလုပ်ထားနှင့်ပြီးပြီလဲ။

ဖူးမွန်ခေါင်းထဲမှာ မသိတာတွေချည်း ပြည့်နှက်နေ၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဟုတ်တယ် ဖူးမွန်၊ ကိုကြီးတို့ သီတင်းကျွတ်မှာ လက်ထပ်မယ့်အစီအစဉ်ကို ဖျက်လိုက်ပြီ၊ ကိုကြီး ဆုံးဖြတ်ပြီးပြီ"

ထိုနေ့မှာလည်း အတော်လေးညနေစောင်းမှ ကိုကြီး ပြန်လာသည်။

ဖူးမွန်က အကျိုးအကြောင်းပြောပြပြီး၊ ကိုကြီး ဖေဖေ့ကို ပြောလိုက်သည့်စကား ဟုတ်မဟုတ်မေးသည်။

ကိုကြီးအဖြေကြောင့် ဖူးမွန် တော်တော်နှင့် စကားမပြောနိုင်ဘဲ ငြိမ်သက်သွားသည်။

အတော်လေးကြာမှ. . .

"ဘာဖြစ်တာလဲ ကိုကြီး၊ အခု ဘာတွေဖြစ်ကုန်တာလဲ၊ ဖူးမွန်ကို ရှင်းပြပါဦး၊ ဖူးမွန် ဘာမှနားမလည်တော့ဘူး"

"ဘာမှထွေထွေထူးထူးတော့ မဖြစ်ပါဘူး ဖူးမွန်၊ ဖြစ်တာက ရှင်းရှင်းလေးပါ၊ မမျှော်လင့်ဘဲနဲ့ ဖူးမွန်ရဲ့ဖေဖေနဲ့ ပြန်တွေ့တယ်၊ ဖူးမွန်ရဲ့ဖေဖေဟာ ခုချိန်မှာ အလွန်ချမ်းသာကြွယ်ဝနေတဲ့ သူဌေး



ကြီးတစ်ဦး၊ အမေသေဆုံးပြီးတဲ့နောက် အားကိုးရာမဲ့သလိုဖြစ်နေတဲ့ ဖူးမွန်ရဲ့ဘဝကို ဘာတစ်ခုမှ လိုလေသေးမရှိအောင် တာဝန်ယူစောင့်ရှောက်ပေးနိုင်တဲ့သူ၊ ဖူးမွန်ကိုလည်း အရမ်းချစ်တယ်၊ သူ့ခုမှာ ဖူးမွန်ကို ခုလိုပြန်တွေ့ရဖို့ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတာ၊ သူပိုင်ပစ္စည်းဥစ္စာအားလုံးကိုလဲ ဖူးမွန်ကိုပဲ သူပေးမှာ၊ အဲဒီလိုအချိန်မှာ ဖူးမွန်နဲ့ ကိုကြီး အရေးတကြီး လက်ထပ်ဖို့ဆိုတဲ့ကိစ္စဟာ မလိုအပ်တော့ဘူး"

"ဘာဆိုင်လို့လဲ ကိုကြီး၊ ကိုကြီးကို ဖူးမွန် လက်ထပ်တာ ဖူးမွန်အားကိုးရာမဲ့နေလို့ အရေးပေါ်လက်ထပ်ဖို့ စဉ်းစားတာမှ မဟုတ်တာဘဲ"

"အကြောင်းတစ်ချက် အနေနဲ့တော့ပါတယ် ဖူးမွန်၊ နို့မို့ဆိုရင် ဒီလို ကမန်းကတန်း လက်ထပ်ဖို့ စဉ်းစားစရာမလိုသေးဘူး"

"မဟုတ်သေးဘူး ကိုကြီး၊ ဖူးမွန် ကိုကြီးကို ချစ်တာ"

"ကိုကြီးလဲ ဖူးမွန်ကို မချစ်တာမှ မဟုတ်တာ၊ နောက်တစ်ခုက ကိုကြီး အခုပြောနေတာ ဖူးမွန်နဲ့ ဘယ်တော့မှ လက်မထပ်တော့ဘူးလို့ ပြောနေတာ မဟုတ်ဘူး၊ လောလောဆယ် လက်ထပ်ဖို့ အစီအစဉ်ကိုပဲ ဖျက်ဖို့ပြောနေတာ"

"ဒါဖြင့် ဘယ်တော့လက်ထပ်မှာလဲ"

"အချိန်နည်းနည်းစောင့်ရမယ် ဖူးမွန်၊ ဖူးမွန်ဖေဖေရဲ့ စောင့်ရှောက် အုပ်ထိန်းမှုအောက်မှာ ဖူးမွန် ပညာရှာရဦးမယ်၊ ပတ်ဝန်းကျင်သစ် လောကသစ်မှာ ကျင်လည်ပြီး ဘဝအတွေ့အကြုံ ဆိုက်သင့်သလောက် ပြည့်စုံစေချင်သေးတယ်၊ အဲဒီလို အားလုံး ရင့်ကျက်ပြည့်စုံပြီး ဘဝအတွက် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန် ချနိုင်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အချိန်ကျမှ ဖူးမွန် ကိုကြီးကို လက်ထပ်ချင်သေးတယ်ဆိုရင် ကိုကြီးတို့ လက်ထပ်မယ်"

"အဲဒါ ဘယ်လောက်စောင့်ရမှာလဲ၊ တစ်နှစ်လား၊ နှစ်နှစ်လား"

"အတိအကျတော့ ပြောလို့မရသေးဘူး ဖူးမွန်၊ ယာယီအားဖြင့်ပြောရရင်တော့ အနည်းဆုံး ဖူးမွန် ဘွဲ့ရတဲ့အထိ လေးနှစ်၊ ဒီထက်ကြာဖို့သာရှိတယ်၊ ဒီထက် စောစရာအကြောင်းမရှိဘူး"

"ဟာ. . . ဖူးမွန် အဲလောက်ထိ မစောင့်နိုင်ဘူး၊ ခုပဲ လက်ထပ်မယ်"

"မဖြစ်ဘူး ဖူးမွန်၊ ဖူးမွန်ဖေဖေ ပြောတာမှန်တယ်၊ ဖူးမွန်အိမ်ထောင်ပြုဖို့ အရမ်းငယ်သေးတယ်၊ လိုအပ်တဲ့ ပညာရပ်တွေ ရှာရဦးမယ်၊ လိုအပ်တဲ့ ဘဝအတွေ့အကြုံတွေ ရှာရဦးမယ်၊ ခုချိန်မှာ ဖူးမွန် လက်ထပ်လိုက်ရင် ဖူးမွန် အရမ်းမှားသွားမယ်"

"ဘာဆိုင်လို့လဲ ကိုကြီး၊ ဒီကိစ္စက အနေ့ကမှ ဖြစ်လာတဲ့ကိစ္စ၊ မနေ့ကမနက်အထိ ကိုကြီး ဖူးမွန်ကို လက်ထပ်ဖို့ စီစဉ်ပြီးသား၊ မနေ့ကမနက်နဲ့ ဒီနေ့ကြားမှာ ဖူးမွန်ဘာမှ ထူးပြီး ငယ်မသွားဘူး၊ တစ်ရက်တောင် ပိုကြီးလာသေးတယ်"

ဖူးမွန်ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် သူမ၏ ငယ်ရွယ်ခြင်းကို သူမ ပုန်းတီးသွားမိသည်။

ကိုကြီးက ခေါင်းခါ၍. . . .

"ဒါပေမယ့် အခြေအနေက လုံးဝမတူတော့ဘူး ဖူးမွန်၊ မနေ့ကမနက်အထိ ဖူးမွန်က မိမရှိဖမရှိတော့တဲ့ ခိုကိုးရာမဲ့ ဆင်းဆင်းရဲရဲမိန်းကလေး၊ ဒီနေ့ညနေမှာ ဖူးမွန်က မြန်မာပြည်မှာ



အချမ်းသာဆုံး စာရင်းဝင် သူကြွယ်ကြီးတစ်ယောက်ရဲ့ သမီးဖြစ်နေပြီ၊ ဖူးမွန်မှာ ပြည့်စုံအားကိုးလောက်တဲ့ မိဘရှိနေပြီ"

"ဩော်. . . ဒါဖြင့် ကိုကြီးက ဖူးမွန်မှာ ဖူးမွန်ဘဝအတွက် တာဝန်ယူမယ့်သူရှိပြီ၊ ဒါကြောင့် ဖူးမွန်ဘဝကို တာဝန်မယူနိုင်တော့ဘူး၊ စောစောက မလွဲသာလို့ တာဝန်ယူရတာ၊ မလိုအပ်ဘဲနဲ့ အဲဒီဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို တာဝန်မယူနိုင်တော့ဘူး၊ အဲလိုလား"

"မဆိုင်ဘူး ဖူးမွန်၊ ကိုကြီးကို အဲလို အထင်မလွဲနဲ့၊ ကိုကြီးအခုလိုဆုံးဖြတ်တာ ဖူးမွန်အတွက်၊ အဲဒီစကားကို အကြွင်းမဲ့ယုံပါ ဖူးမွန်၊ ကိုကြီးအတွက် ဘာတစ်ခုမှ မပါပါဘူး၊ ဖူးမွန်အတွက်ပါ"

"ဖူးမွန်အတွက်၊ ဟုတ်လား. . . ကိုကြီး၊ ဖူးမွန်အတွက် အဲဒါဘာလုပ်ရမှာလဲ၊ ဖေဖေ့ဆီက ရမယ်ဆိုတဲ့ အဲဒီဥစ္စာစည်းစိမ်ငွေကြေးတွေကိုလဲ ဖူးမွန် မမက်ဘူး၊ ကိုယ့်အဖေကို ပြန်တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့် ဒီနေ့မနက်အထိ ဖူးမွန်မှာ အဖေမရှိခဲ့ဘူး၊ ဖူးမွန်ဒီအရွယ်ရောက်တဲ့အထိလဲ အဖေမရှိဘဲ ကြီးခဲ့ရတာပဲ၊ အဲဒီအဖေနဲ့ ဥစ္စာပစ္စည်းတွေရဖို့ ကိုကြီးနဲ့ လဲယူရမယ်ဆိုရင် အဲဒါတွေ ဖူးမွန် ဘာမှမလိုချင်တော့ဘူး"

"အဲလိုမဟုတ်ဘူး ဖူးမွန်၊ ဒီလိုဖြစ်လာတာကိုက ဖူးမွန်ကံကောင်းလွန်းလို့၊ ဒါမျိုးအခွင့်အလမ်းဆိုတာ လူတိုင်းရနိုင်တာမဟုတ်ဘူး"

"ဖူးမွန်ကံတော့ ဟုတ်တယ် ကိုကြီး၊ မနက်ဖြန်ကျရင် ဖေဖေ့ကို ပြောလိုက်တော့မယ်၊ ဖေဖေ သမီးကို သမီးအဖြစ် အသိအမှတ်မပြုချင်လဲနေတော့၊ ဖူးမွန်ကိုလဲ ဘာတစ်ပြားမှ မပေးစရာမလိုဘူး၊ ဖူးမွန် ကိုကြီးကိုပဲ လက်ထပ်မယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် ဖူးမွန် ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုချသည်။

ငိုရင်းနှင့်လည်း စကားတွေပြော၏။

"ဟုတ်တယ်လေ၊ အဲဒါတွေရမယ့်အတူတူ ဒီနေရာလေးမှာ နဂိုတုန်းကလို ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့နဲ့ ကိုကြီးနဲ့ အတူတူ နေရမယ့်ဘဝလေးကို ဖူးမွန် ပိုမက်တယ်၊ အဲဒီလိုပဲ ပြန်နေမယ် ဒါပဲ"

❋ ❋ ❋ ❋

ကိုကြီးက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဟုတ်ပြီလေ၊ ကိုကြီးလိုချင်တာလဲ ဒါပါပဲ၊ ဒါဖြင့် ဒီလိုလုပ် ဖူးမွန်"

ဖူးမွန် ငိုနေရာမှ ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။

"ဖူးမွန်ဘဝမှာ တခြားဘာတွေပဲရှိရှိ ကိုကြီးမရှိလို့ မဖြစ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်က အခိုင်အမာပဲလား"

"အခိုင်အမာပဲ"

"ဘယ်တော့မှကော မပြောင်းလဲဘဲရှိနိုင်လား"

"ဘယ်တော့မှ မပြောင်းဘူး"

"ဘာတွေပဲကြုံကြုံ"

"ဘာတွေပဲကြုံကြုံ"

"ကောင်းပြီ၊ အဲဒါဆို ကိုကြီးတို့ အချိန်တစ်ခုကို ဖြတ်သန်းရအောင်"

"ဘယ်လိုဖြတ်သန်းမှာလဲ"



"ဖူးမွန် မနက်ဖြန်ကျရင် အန်ကယ်နဲ့သွားတွေ့ပြီး အန်ကယ့်ဆီမှာပဲ အပြီးနေလိုက်ပါ"

"နေပြီးတော့"

"နေပြီးတော့ အန်ကယ်ချပေးတဲ့ အစီအစဉ်အတိုင်း သန်းကြွယ်သူဌေးတစ်ယောက်ရဲ့ သမီးအနေနဲ့ စည်းစိမ်အပြည့်အဝ ခံစားပြီး ဖူးမွန် တဝကြီးပျော်မော်လိုက်ပါဦး၊ တက္ကသိုလ်ကျောင်းတို့ ဘာတို့မှာလဲ အဆင့်အတန်းမြင့်မြင့် ပညာတွေသင်လိုက်ပါဦး၊ ပြီးတော့ ဖူးမွန်နဲ့ အဆင့်အတန်းတူ၊ သက်တူရွယ်တူထဲက ရုပ်ချောသဘောကောင်း၊ ချစ်စရာကောင်းတဲ့ ယောက်ျားလေးတွေနဲ့ ဖူးမွန် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး တွဲကြည့်နေကြည့်၊ ချစ်ကြည့်လိုက်ပါဦး၊ အဲလိုဘဝနဲ့ ကာလအတိုင်းအတာတစ်ခုအထိ နေပြီးလို့မှ ဖူးမွန်ဘဝမှာ ကိုကြီးမရှိလို့မဖြစ်ဘူး၊ ကိုကြီးအပြင် ရွေးချယ်စရာ မရှိဘူးဆိုရင် ကိုကြီးနဲ့ဖူးမွန် ဒီတစ်သက် လုံးဝ မခွဲရတော့ဘူး"

"ဘာထူးလဲ ကိုကြီး၊ အဲဒါ ခုန ကိုကြီးပြောတဲ့စကားပဲ"

"ကိုကြီး ဆုံးဖြတ်ချက်ကလဲ ဒါပဲဖြစ်နေတယ် ဖူးမွန်"

"ဒါဖြင့် ကိုကြီး ဖူးမွန်ကို အခုလုံးဝ လက်မထပ်နိုင်ဘူးပေါ့"

"တောင်းပန်ပါတယ် ဖူးမွန်ရယ်၊ ခုချိန်မှာ ဖူးမွန်ကို ကိုကြီး ဘယ်လိုမှ လက်မထပ်နိုင်ဘူး၊ ဘာမှ အသိမကြွယ်သေးတဲ့ ကလေးလေးတစ်ယောက်ကို သိမ်းသွင်းလက်ထပ်ပြီး ဒီကလေးရဲ့ ဥစ္စာပစ္စည်းတွေ အပိုင်စီးတယ်လို့ ပြောတာမျိုးကိုလဲ ကိုကြီး မခံနိုင်ဘူး၊ အဲဒီလိုပဲ ဒီကလေးရဲ့ဘဝ တိုးတက်ကြီးပွားမှာကို မငဲ့ဘဲ ကိုကြီးတစ်ကိုယ်ကောင်းဆန်တယ်လို့လဲ အပြောမခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အဲဒါတွေမပြောပါနဲ့၊ တည့်တည့်ပဲပြောပါ၊ အခု ဖူးမွန်ကို ကိုကြီး လက်မထပ်ဘူးမဟုတ်လား"

"လက်မထပ်ဘူး ဖူးမွန်"

"ကောင်းပြီလေ၊ ဒါဆိုလဲပြီးတာပဲပေါ့၊ ရပါတယ်၊ ဟား. . . ဟား"

ရုတ်ခြည်းပြောင်းလဲသွားသော ဖူးမွန်အမူအရာကြောင့် မင်းထက် စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။

ဖူးမွန် ရူးသွပ်သွားတာတော့ မဟုတ်။

သို့သော် သူရှင်းပြသမျှကို ဘာမှလက်မခံတော့တဲ့ ဖူးမွန် အရမ်းနာကြည်းသွားပြီဆိုသည်ကို ဖူးမွန်မျက်နှာကြည့်၍ မင်းထက် နားလည်လိုက်၏။

❋ ❋ ❋ ❋



## အခန်း (၆)

"နေဦး ဖူးမွန်၊ ကိုကြီးပြောဦးမယ်"

မင်းထက်က လှမ်းပြောလိုက်သည်။ သို့သော် ဖူးမွန်၏ စူးရဲနာကြည်းသောအကြည့်တစ်ခုက မင်းထက် ဆက်ပြောမည့် စကားများထက် အလျှင်ရောက်ရှိလာသည်။

ဖူးမွန်က ခေါင်းခါ၍ လက်ကာလိုက်ပြီး. . .

"တော်ပြီကိုကြီး၊ တော်ပါတော့၊ စေတနာပါ၊ ဖူးမွန်အတွက် ပါဆိုတဲ့ စကားလုံးလှလှတွေသုံးပြီး ဖူးမွန်ကို လှည့်စားဖို့ မကြိုးစား ပါနဲ့တော့၊ ဖူးမွန် ကိုကြီးသဘောကို သိသွားပြီ၊ ရပါတယ်ကိုကြီးရယ်၊ ကိုကြီးဖြစ်စေချင်တာတွေ ဖူးမွန် ဖြစ်အောင်လုပ်ပြပါ့မယ်"

"ကိုကြီးပြောသလိုပဲ သန်းကြွယ်သူဌေး တစ်ယောက်ရဲ့ သမီး စည်းစိမ်အပြည့်နဲ့ နေလိုက်ဦးမယ် ဟုတ်လား၊ နေပြမယ် ကိုကြီး၊ သန်းကြွယ်သူဌေးသမီးဘဝမှာ တိုက်ကြီးနဲ့၊ ကားကြီးနဲ့ ငွေတွေကို ပျော်ဒီလို လက်ထဲမှာ အထပ်လိုက်ကိုင်ပြီး ကိုကြီးရှေ့မှာ စည်းစိမ်နဲ့နေပြမယ်၊ တက္ကသိုလ်ကျောင်းကိုလဲ သိန်းချောက်ဆယ်

www.burmeseclassic.com



လောက်တန်တဲ့ ကားကြီးစီးပြီး တက်ပြမယ်. . .

ပြီးတော့ ဖူးမွန် သက်တူရွယ်တူ၊ အဆင့်အတန်းတူ ရုပ်ချော သဘောကောင်း ယောကျ်ားလေးတွေနဲ့ တွဲရဦးမယ် ဟုတ်လား၊ တွဲပြမယ်ကိုကြီး၊ ကိုကြီးထက် အဆတင်ချောင်လောက်သာတဲ့ ငယ်ငယ်ရွယ်ရွယ် ချောင်လေးချောချောတွေနဲ့ တစ်နေ့တစ်ယောက် ထည်လဲတွဲပြလိုက်ဦးမယ်. . .

ဒါပေမယ့် အဲဒီအချိန်မှာ ဖူးမွန်ကို ကိုကြီး လုံးဝမချော်လင့်နဲ့တော့. . .

ဖူးမွန် ကိုကြီးကို မခွဲနိုင်တာ ခု၊ ကိုကြီးကို အသည်းနှင့်အောင်ချစ်တာ အခု၊ လေးငါးနှစ်လောက်အချိန်ကြီးကို ဘာမှမဖြစ်သလိုစည်းစိမ်နဲ့ ပျော်ပြီးခွဲနေနိုင်မှတော့ အဲဒီအချိန်မှာ ကိုကြီးကို ဖူးမွန် ယူမလား၊ ကိုကြီးထက် အများကြီးသာပြီး သက်တူရွယ်တူ အဆင့်အတန်းမြင့်မြင့် ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ရွေးယူလိုက်တော့မှာပေါ့. . .

ဒီမှာကိုကြီး၊ ကိုကြီးပြောသလိုပဲ ဖူးမွန်က ငယ်သူပါ။ အချိန်နဲ့စက်ပြီး ယှဉ်ကြေးဆိုရင် ဖူးမွန်တို့ လူငယ်တွေ တက်လူတွေကို ကိုကြီးတို့ ဘယ်လိုမှမယှဉ်နိုင်ပါဘူး. .

ပြီးတော့ လူငယ်ဆိုတာ သတ္တိရှိတယ် ကိုကြီး၊ ကိုကြီးတို့လို သတ္တိကြောင်တဲ့လူတွေ မဟုတ်ဘူး၊ အချစ်ချင်းလဲ ယှဉ်ရဲတယ်. . . .

ကိုကြီးပြောဖူးတဲ့ ဥပမာနဲ့ပဲ ပြန်ပြောမယ်. . .

ဖူးမွန်ဟာ ကိုကြီးနဲ့နေသမျှ ကာလတစ်လျှောက်လုံးမှာ တောင်လိုပဲနေခဲ့တယ်၊ မလှုပ်ရှားနိုင်တဲ့ သက်မဲ့တစ်ယောက်လိုပဲ



သဘောထားပြီး ကိုကြီးထားသလိုနေတယ်၊ ကိုကြီးပြုသလိုနေတယ်၊ ဘဝရော၊ အနာဂတ်ရော၊ နှလုံးသားတစ်ခုလုံးကိုရော ကိုကြီးဆီမှာပဲ ပုံထားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးကိုချစ်လို့၊ ယုံလို့၊ အားကိုးလို့. . .

ဒါပေမယ့် ကိုကြီးက ဖူးမွန်အဲလိုနေတာကို မကြိုက်ဘူး၊ ကိုကြီးအနားမှာ တွယ်ကပ်နေတဲ့ ဝန်ထုတ်ဝန်ပိုးလို သဘောထားပြီး ခါချ၊ ဖွဲ့ထုတ်ဖို့ အတင်းကြိုးစားတယ်. . .

ကိုကြီးကိုယ်တိုင်လဲ တောင်လိုမနေချင်ဘဲ တိမ်လိုငှက်လို ဖျံ့ဖို့တက်ဖို့၊ လှုပ်ရှားနေဖို့ပဲ စဉ်းစားတယ်. . .

ရတယ်ကိုကြီး၊ ရတယ်. . .

အဲလိုနေတာကြိုက်ရင် အဲလိုနေတာမျိုး ဖူးမွန်က ပိုတတ်တယ်၊ ဒီနေ့ကစပြီး တောင်လိုငြိမ်မနေတော့ဘူး. .

ကိုကြီးပြောတဲ့ တိမ်လို၊ ငှက်လို လှုပ်ရှားတော့မယ်၊ ကိုကြီးအနားကနေ အဝေးကို ပျံ့ထွက်တော့မယ်. . .

ဖူးမွန်ဟာ ကလေးသာသာဆိုပေမယ့် သူငယ်နှပ်စား မဟုတ်ဘူး၊ ပြီးတော့ အသက်မရှိ၊ နှလုံးသားမရှိ၊ အချစ်မရှိ၊ မာနမရှိ၊ ဦးနှောက်မရှိတဲ့ အရုပ်တစ်ရုပ်မဟုတ်ဘူး. . .

ငယ်ပေမယ့် ချစ်တတ်တဲ့နှလုံးသားနဲ့ အသက်ရှိ၊ အချစ်ရှိ၊ မာနရှိ၊ ဦးနှောက်ရှိ၊ နာကြည်းမှုရှိတဲ့ လူငယ်မိန်းကလေးတစ်ယောက်. . .

နှုတ်ဆက်လိုက်ပါတယ် ကိုကြီး. . .

ဒီနေ့ကစပြီး ဖူးမွန်ကို တောင်ကြီးတစ်တောင်လို မြင်နေတဲ့ အမြင်ကို မေ့ပစ်လိုက်ပါတော့၊ ဖူးမွန် တောင်မဟုတ်ဘူး၊ တောင်ပေါ်

www.burmeseclassic.com



ကတိမ်၊ တိမ်ပေါ်ကငှက်. . . .

ငှက်တောင်မှ တိမ်ပေါ်က တစ်လံလောက်ပဲ တက်ရဲတဲ့ အစုတ်အပြတ် ငှက်မဟုတ်ဘူး၊ ဟိုးစကြာဝဠာအဆုံးအထိ ပျံရဲတဲ့ ငှက်၊ သတ္တိရှိတဲ့ငှက်"

ရှည်လျားသော စကားများဖြင့် နာကြည်းစွာ ပြောဆိုနေသည်ကို မင်းထက် အစအဆုံး စောင့်နားထောင်သည်။

ပြီးမှ. . .

"ကောင်းပါတယ် ဖူးမွန်၊ ဖူးမွန် အဲဒီလို ဆုံးဖြတ်လိုက်တာကို ကိုကြီး လက်ခံပါတယ်၊ ဒါပေမယ့် တစ်နေ့ကျရင်တော့ ဖူးမွန် ကိုကြီးကို နားလည်လာမှာပါ. .

အထူးသဖြင့် ကိုကြီးအရွယ်မျိုး ရောက်လာတဲ့ အချိန်ပေါ့ ကိုကြီးပြောတဲ့စကားကို ယုံပါ ဖူးမွန်၊ ကြိုးစားပြီးတော့ ယုံကြည်ပါ"

"ကိစ္စမရှိပါဘူး ကိုကြီး၊ အဲဒါတွေက နောင်မှဖြစ်လာမယ့် ကိစ္စတွေပါ၊ ဒါတွေ ဖူးမွန် လုံးဝစိတ်မဝင်စားဘူး၊ ကဲ. . . ဒါပဲ မဟုတ်လား၊ ဒါပဲဆိုရင် ကိုကြီး ပြန်တော့၊ ကိုကြီးအခန်းမှာပဲ ကိုကြီး ပြန်နေပါ၊ ဖူးမွန်ကစ်ယောက်တည်း နေတတ်သွားပါပြီ"

"ဟင်း"

မင်းထက် သက်ပြင်းချသည်။

သူ့ဘက်က စေတနာလွန်သော ဆုံးဖြတ်ချက်တွေ ချမိတာ မှားများသွားပြီလား။

သို့သော် ထိုဆုံးဖြတ်ချက်များပြင်ရန်တော့ လောလော ဆယ် သူမစဉ်းစားချင်တော့။

ယောကျ်ားပီပီ လုပ်သင့်လုပ်ထိုက် တာတစ်ခုကို ရဲရဲဝံ့



ဖြတ်ပြတ်သားသားပင် လုပ်ရမည်။ ငယ်သူတစ်ယောက်၏ ချစ်စိတ် နာကြည်းနေသော စကားများကို လက် ခံစဉ်းစားနေ၍မဖြစ်။

ထိုနာကြည်းမှုကိုအခြေခံ၍ သည်ကလေးဘဝ တိုးတက် မြင့်မားပြီး သူ့ကို မေ့ပျောက်သွားနိုင်သည်ဆိုလျှင်လည်း သူ့အနစ် နာခံ ရင်ကွဲရကျိုးနပ်ပါသည်။

သည်ကလေးငယ်၏ဘဝ အောင်မြင်တိုးတက်ပါစေ၊ အများအယွင်းကင်းပါစေဟု ဆုတောင်းပြီး မင်းထက် ထိုနေရာမှနေ သည့်ထွက်လာခဲ့သည်။

ဖူးမွန်နှင့် အတော်ဝေးသောနေရာရောက်မှ သူ့မျက်လုံး များမှာ မျက်ရည်ကြည်များဖြင့် ရစ်ဝဲလာသည်။

သူ ရှေ့ဆက်လျှောက်ရမည့်လမ်းကိုပင် ကောင်းစွာမမြင်ရ တော့။

အလားတူပင် သူ့အနာဂတ် ဘဝခရီးလမ်းတစ်လျှောက် လည်း မှုန်ဝါးဝေသီလွန်းလှ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

တစ်ထည်လျှင် တစ်ထောင်ကျော်ပေးရသော ဘူးပါတိတ် ဝမ်းဆက်ဝတ်စုံလေး။

အခန်းထဲရှိ သံသေတ္တာလေးထဲတွင် တရိုတသေသိမ်းထားရာက ဖူးမွန် ထုတ်ယူလိုက်သည်။ သည်အင်္ကျီလုံချည်လေး မြင်လိုက်သည်နှင့် ထိန်းချုပ်၍မရတော့ဘဲ ပါးပြင်ပေါ်သို့ သွယ်စီးကျလာသည်။

သည်ဝတ်စုံလေးက ကိုကြီးနှင့် ရုံးမှာ လက်မှတ်ထိုးသည့်နေ့တွင် ဝတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မထိရက်မကိုင်ရက် သိမ်းထားရသော ဝတ်စုံလေး။

မေမေ့အသုဘရက်မှာကတည်းက ကူငွေရ ပိုက်ဆံနှင့် လက်ထဲမှာကျန်သော ပိုက်ဆံ လက်ဝတ်လက်စား အနည်းငယ်ကို ကိုကြီးလက် ဖူးမွန်အပ်သည်။

ကိုကြီးက မင်္ဂလာဆောင်သည့်အခါ ဝတ်ဆင်ရအောင် ဝယ်ဖို့ခြမ်းဖို့ သိမ်းထားဟု ပြောသည်။



ဖူးမွန်က တရားရုံးမှာ လက်ထပ်သည့်နေ့ဝတ်ဖို့ သည်ဝတ်စုံနှင့် အရပ်ထဲက လူကြီးများနှင့်အိမ်နီးနားချင်းများကို အသိပေးဧည့်ခံမည်ဖြစ်သော မင်္ဂလာဆွမ်းကျွေးနှင့် ဧည့်ခံပွဲနေ့မှာ ဝတ်ဖို့ ဇာဝတ်စုံလေးတစ်စုံ တိတ်တိတ်ဝယ်ထားခဲ့သည်။

ပါတိတ် အဖိုးတန်ဝတ်စုံလေးကိုတော့ သူမဟာသူမ မြမူနှင့်တိုင်ပင်ပြီး ချုပ်ထားပြီး၍ ဇာဝတ်စုံလေးကတော့ ပိတ်စများအတိုင်း ရှိသေးသည်။

ခုတော့ ထိုအရာများနှင့် စိတ်ကူးယဉ် မျှော်လင့်ချက်အားလုံးသည် ဆပ်ပြာပူဖောင်းတစ်ခု ပေါက်ကွဲသလို ပေါက်ကွဲလွင့်စဉ် ပျက်စီးသွားခဲ့ပြီ။

အိမ်မက်လေး တစ်ခုပါပဲလား။

တကယ့်ကို ရိုးရိုးစင်းစင်းနှင့် ပျော်စရာကောင်းခဲ့သည့် အိပ်မက်လေးတစ်ခု။

ထိုအတူ အိပ်မက်ပီသစွာပင် အိပ်ရာက နိုးထလာတော့ အာတစ်ခုမှ အကောင်အထည်မရှိတော့ဘဲ လွင့်စဉ်၍ ပျက်ပြယ်သွားသည်။

ခုဆိုလျှင် အိပ်မက်နယ်မြေမှ အပြီးအပိုင် နိုးထစွန့်ခွာပြီးဖြစ်လျက် နောက်နာရီအနည်းငယ်အတွင်း ရောက်လာမည့် ဖေဖေ့ တားကြီးနှင့် ဖေဖေပိုင်ဆိုင်သော ဟိုတယ်ကြီးဆိုသော နေရာကို သွားတွေ့ရတော့မည်။

တစ်ခုတည်းသော အကောင်းဆုံး ဝတ်စုံအဖြစ် ရှိနေသည့် ထိုပါတိတ်ဝတ်စုံလေးကိုပင် ဖူးမွန်ဝတ်ရတော့ မည်ဖြစ်၏။

တကယ်တမ်းကျတော့လဲ ဖူးမွန် မနာကြည်းနိုင်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရယ်"

ဖူးမွန် ရင်ထဲက တီးတိုးပြောလိုက်သည်။

မနေ့ညနေတုန်းကတော့ ဖူးမွန် အထပ်ထပ် ခယတောင်းပန်နေသည့်ကြားက အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆန်နေသည့် ကိုကြီးကို ကြည့်၍ ဖူးမွန်အရမ်းနာကြည်းသွားသည်။

ရင်နာနာနှင့် ကိုကြီးစိတ်ကို ထိခိုက်စေမည့် စကားလုံးများ သုံးပြီးတော့လည်း ကိုကြီးကို ပစ်ပစ်ခါခါ ပြောဆိုနှင်ထုတ်လိုက်မိသည်။

သို့သော် ဖူးမွန် မျက်စိအောက်က ခေါင်းငိုက်စိုက်ချပြီး ထွက်သွားသော ကိုကြီးပုံရိပ် မကွယ်ပျောက်ခင်မှာပင် ဖူးမွန် ဝမ်းနည်းပက်လက်နှင့် ရှိုက်ကြီးတငင် ငိုကြွေးနေမိပြီ။

ညကလည်း တစ်ညလုံး မအိပ်နိုင်။

မှောင်မည်းနေသည့် အခန်းကျဉ်းလေး၏ အမိုးအကာနံရံ တစ်ခုလုံးမှာ ကိုကြီးနှင့်သူမတို့ ဖြတ်သန်းခဲ့ရသည့် ဘဝခရီးမှ ပုံရိပ်ကားချပ်လေးများ ပြည့်နှက်နေသလို ဖြစ်နေသည်။

ဖူးမွန်ကြောင်လေး သစ်ပင်ပေါ်ကနေ မဆင်းတတ်ဖြစ်နေသည့်နေ့မှစ၍ မနေ့က နံနက်ခင်း ကိုကြီး အလုပ်မသွားမီ နံနက်စာ ထမင်းကြမ်းနှင့် ပဲပြုတ်စားနေသော အချိန်အထိ ဖြစ်စဉ်များအားလုံးကို တစ်ခုစီပြန်၍မြင်ယောင်ရင်း မက်မောတွယ်တာစွာ တမ်းတမိသည်။

"ဝေးလို့ ဖူးမွန်၊ ကိုကြီးအလုပ်လုပ်တဲ့ နေရာနဲ့ ဖူးမွန်တစ်ယောက်တည်း ကျန်ခဲ့ရတဲ့နေရာက ဝေးလွန်းလို့"

"ကိုကြီး မနေ့က လမ်းငါးဆယ်ဘက်မှာတောင် တိုက်ခန်း



တစ်ခန်းငှားမယ်ကြားလို့ သွားကြည့်သေးတယ် ဖူးမွန်၊ လက်ထပ်ပြီးရင် အဲဒီပြောင်းနေမလားလို့"

"ကိုကြီးက ဖူးမွန်တစ်ယောက်တည်း အိမ်မှာကျန်ရစ်ခဲ့ရင် အားငယ်နေမှာစိုးလို့ပါ"

သည့်စကားတွေသည် စင်စစ်အိပ်မက်ထဲက စကားတွေ မဟုတ်။

မနေ့ကနံနက်ကမှ ဖူးမွန်နားမှာထိုင်ပြီး ကိုကြီးနှုတ်က သေသေချာချာပြောသွားသည့် စကားတွေဖြစ်သည်။

မနေ့ကနံနက်အထိ ကိုကြီးစိတ်ထဲမှာ ဖူးမွန်နှင့်လက်ထပ်ဖို့ တုံးတုံးချ ဆုံးဖြတ်ထားတာ သေချာသည်။

မနေ့ကနံနက်နှင့် သညီနေ့ညနေကြားမှာ ဖေဖေဟုဆိုသောလူတစ်ယောက် ရောက်လာရုံမျှနှင့် အခြေအနေတွေက အားလုံး ပြောင်းပြန်ဆန့်ကျင်ဘက်တွေ ဖြစ်ကုန်ရပြီလား။

ညက တစ်ညလုံး ကိုကြီး သူမအပေါ်ကောင်းခဲ့သည့် အကြောင်း၊ ချစ်ခဲ့သည့်အချစ်၊ စောင့်ရှောက်ခဲ့သည့် အစောင့်အရှောက်များကို ပြန်တွေးပြီး ကိုကြီးအပေါ်တွင် နာကျင်စိတ်များ ပျောက်ပြယ်သွားခဲ့သည်။

သို့အတွက် နံနက် လင်းအားကြီး အချိန်မှာထပြီး ကိုကြီးကို တောင်းပန်သည့်စာလေးတစ်စောင် ရေးနေမိသည်။

မနေ့က ပြောမှားဆိုမှား ဖြစ်ခဲ့တာကို ခွင့်လွှတ်ဖို့အကြောင်း၊ ဖေဖေဆိုသော လူတစ်ယောက်ရောက်လာမှ ပြောင်းလဲကုန်ရသည့် အပြောင်းအလဲများကို မေ့ပစ်လိုက်ဖို့အကြောင်း၊ ကိုကြီးစကားကို နားထောင်ပြီး အချိန်တစ်ချိန် သူမ စောင့်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုသည့်အကြောင်း၊ သူမ တစ်သက်လုံး ကိုကြီးကိုချစ်သွားမှာပါဆိုသောအကြောင်းနှင့် ကိုကြီးကလည်း သူမကို ဘယ်တော့မှ မေ့မပစ်ဖို့နဲ့ သူမနှင့် မနီးမဝေးမှာပဲရှိပြီး ကိုကြီး စောင့်ချင်သည့်အချိန်ထိစောင့်ပါ။

ဖူးမွန်လည်း စိတ်ရှည်ရှည်နှင့် ကိုကြီး စိတ်ကြိုက်နေပေးပါမည်ဆိုသည့် အကြောင်း။

ထိုစာကလေးကိုရေးပြီး အသင့်ကိုင်၍ ကိုကြီး အလုပ်အသွားကို စောင့်သည်။

အခန်းထဲမှ အပြင်ထွက်ပြီး အလုပ်သွားလျှင် ဟိုးအရင်က အမြဲတမ်း သူမကို လာနှုတ်ဆက်ပြီးမှ သွားလေ့ရှိသည်။

နှုတ်မဆက်ဖြစ်တောင် သူမရှိရာဘက်သို့ စိတ်မချသလို တစ်ခါနှစ်ခါ လှမ်းကြည့်ပြီးမှ ခြံပြင်ထွက်သည်။

သည်နေ့နံနက်လည်း အဲလိုလှမ်းအကြည့် သို့မဟုတ် နှုတ်လာအဆက်မှာ ဒီစာလေးပေးပြီး ကိုကြီးကို ခြေထောက်ဖက်တောင်းပန်ရတောင်းပန်မည်ဟု စိတ်ကူးနှင့် စောင့်နေမိသည်။

သို့သော် ကိုကြီးက အလုပ်သွားဖို့ ထွက်လာသောအခါ ဖူးမွန်နှင့် ဖူးမွန်တို့အခန်းဘက်ကို တစ်ချက်မှ လှည့်မကြည့်တော့။ သူ့အခန်း လှေကားဘက်မှနေ ခြံဝင်းအပြင်ကို သုတ်သုတ်သွက်သွက်ခြေလှမ်းများဖြင့် နောက်ကြောင်းကိုပင် တစ်ချက်မှ ပြန်လှည့်မကြည့်ဘဲထွက်သည်။

မျက်နှာကိုလည်း ခပ်တင်းတင်းလုပ်ထားသည်ကို ရိပ်ခနဲမြင်လိုက်ရသည်။

သည်မှာ ဖူးမွန် စိတ်လုံးဝပြောင်းသွား၏။



လက်ထဲမှစာကို တစ်စစီဖြစ်အောင် အစိတ်စိတ်ဆုတ်ဖြဲပစ်လိုက်ပြီး ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးကို စိမ်းစိမ်းကြည့်သည်။

မနေ့က နာကြည်းခဲ့သောစိတ်များလည်း အလုံးအရင်းနှင့် ရင်ထဲပြန်ဝင်လာ၏။

ကိုကြီးက ဖူးမွန်အပေါ် သည်လောက် ပြတ်သားရက်စက်နေပြီလား။

ထိုစဉ်ကတည်းက ထွက်ခဲ့သည့်ဒေါသ ခု ပါတိတ်ဝတ်စုံလေးပြန်မြင်မှ လျော့ပါးဝမ်းနည်းလာခြင်း ဖြစ်၏။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် အရာအားလုံးသည် ဘာမှ မတတ်နိုင်တော့။

❋ ❋ ❋ ❋

"မမ တစ်ခါတည်း အပြီးသွားနေတော့မှာလား"

ဖူးမွန် အဝတ်အစားလဲနေစဉ် မြမူက မျက်နှာငယ်ငယ်နှင့် လာမေးသည်။

"မသိသေးပါဘူး မြမူရယ်၊ ဘာဖြစ်လို့လဲ"

"မမ အပြီးသွားနေတော့မှာဆို မြမူ ဒီမှာ တစ်ယောက်တည်း ဘယ်လိုလုပ်နေရမလဲ စဉ်းစားမိလို့ပါ"

"အင်း. . . ဟုတ်တာပေါ့၊ နေဦးဟာ၊ ဖေဖေနဲ့ငါ တိုင်ပင်ကြည့်ဦးမယ်၊ နင့်အတွက် ငါ တစ်ခုခုတော့ စီစဉ်ပေးမှာပါ"

"အင်းပါ၊ တကယ်လို့ မမလဲ ဟိုမှာလိုက်နေရမှာဆိုရင်လဲ

www.burmeseclassic.com

www.burmeseclassic.com



မြမှုကို ဒီစက်ကလေး ထားပေးခဲ့လို့ ပြောမလို့ပါ၊ အဲဒါဆို မြမှု ဒီမှာဆက်နေသွားလို့ရပါတယ်။ ဒါနဲ့ အဲဒီပါတိတ်လေးနဲ့ မမနဲ့ အရမ်းလိုက်တာပဲ၊ အဲဒီအကျီနဲ့လုံချည်က အစက မမ ကိုကိုကြီးနဲ့ လက်ထပ်တဲ့နေ့ကျမှ ဝတ်ဖို့နော်"

"မြမှု၊ တော်တော့ဟာ၊ အဲဒီအကြောင်းတွေ ဘာမှ မပြော နဲ့တော့၊ ဟော. . . ဟိုမှာ ကားတောင်လာနေပြီ"

"ဟုတ်ပါရဲ့၊ ကားကြီးကလဲ လှလိုက်တာနော် မမ၊ မမ ကံအရမ်းကောင်းတာပဲ၊ နေ့ချင်းညချင်းကို သူဌေးသမီးကြီး ဖြစ် သွားတာ၊ နောက်ဆို အဲဒီကား မမပိုင်တော့မှာ"

အဲဒါ ကံကောင်းသတဲ့လား။

အခု မြမှုက ပြောသည်။

ကိုကြီးကလည်း မနေ့ကပြောခဲ့သည်။

ဒီလိုဖြစ်လာတာကိုက ဖူးမွန်ကံကောင်းလွန်းလို့၊ ဒါမျိုးကံ အခွင့်အလမ်းဆိုတာ လူတိုင်းရနိုင်တာ မဟုတ်ဘူးတဲ့။

ဘာလဲ. . . ကံကောင်းတဲ့သူဆိုတာ ငွေတွေ၊ စည်းစိမ်တွေ၊ ကားကြီးတွေရပြီး အသည်းနှလုံးကျတော့ အစိတ်စိတ်အမွှာမွှာ ကြေကွဲရတဲ့အဖြစ်ကို ပြောတာလား။

"မမလေး၊ ကားရောက်ပြီ"

မနေ့က ဖေဖေနှင့်ပါလာသော ကားဒရိုက်ဘာ ကိုမောင် ကျော်ဆိုသူက အိမ်ရှေ့ဖိနပ်ချွတ်အထိတက်ပြီး ရိုရိုသေသေ လှမ်း ပြောသည်။ မမလေးဆိုပါလား။

ကိုမောင်ကျော်ဆိုသည့်လူက ဖူးမွန်ထက် လေးငါးနှစ် အနည်းဆုံးကြီးသည်။



ဪ. . . သူဌေးသမီးကို ကြီးသူတွေကတောင် မမလေး လို့ ခေါ်ရတာပဲ။

"ဟုတ်ကဲ့ ကိုမောင်ကျော်၊ ကျွန်မရော အဆင်သင့်ဖြစ်ပါ ပြီ"

ပြန်ပြောရင်းနှင့် ဖူးမွန် သူ့နောက်ကနေ ဆင်းလိုက်လာ ခဲ့သည်။ ကိုမောင်ကျော်က ဖူးမွန်ကားပေါ် အဆင်သင့်တက်နိုင် အောင် နောက်တံခါးကို ဖွင့်ပေးသည်။ ဖူးမွန် ဝင်ထိုင်သည်။

အား. . . လောကကြီးမှာ ပိုက်ဆံရှိတယ်ဆိုတဲ့ လူတွေဟာ မတရားကို စည်းစိမ်ခံနေကြပါလား။

လမ်းသွားရင်းစီးသော မော်တော်ကား တစ်ခုထဲမှာပင် တာဝတိံသာမှ နတ်စည်းစိမ်တမျှ ခမ်းနားထည်ဝါ အိစက်ညက် သော လင်းလက်တောက်ပနေသည်။

အင်းလေ. . . သည်ကားတစ်စီးရဲ့တန်ဖိုးကလည်း ဖူးမွန် တို့ဆင်းရဲသားရပ်ကွက် တစ်ရပ်ကွက်လုံးကို သုံးနှစ်လောက် နေ့စဉ် နံနက်ည ထမင်းကျွေးထားနိုင်လောက်တဲ့ ပိုက်ဆံတွေပဲဟာ။

ကားမောင်းထွက်လာသောအခါ ကားထဲမှ လေအေးစက်က ပြင်ပလူ့လောကထဲမှ အပူဒဏ်များနှင့် အဆက်ဖြတ်ပေးလိုက်သည်။ ကားထဲမှ ဘယ်လိုနားထောင်၍ ကောင်းမှန်းမသိသော ကက်ဆက်အ ကောင်းစားမှ ပေါ်ထွက်လာသည့် တေးသံကလည်း ရပ်ကွက်ထဲမှဆူ သံ၊ ပူသံ၊ ညည်းသံများ မကြားရနိုင်အောင် ဖုံး လွှမ်းပေးလိုက်၏။

စည်းစိမ်ဥစ္စာ ချမ်းသာခြင်းဆိုတာ ဒါတွေပဲပေါ့။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ပန်းဖူးမွန်ဟိုတယ်"

မြန်မာပြည်မှာ ဒါမျိုးတွေပေါ်နေပြီဟု သတင်းစာသမား ဖြစ်သော ကိုကြီး ပြောပြထား၍ ကြားတော့ကြားဖူးနေသည်။ သို့သော် တစ်ခါမှလည်း မမြင်ဖူး၊ အနားလည်း မရောက်ဖူးခဲ့။ အဝေးကကြည့်တော့ သည်နေရာပတ်ဝန်းကျင်ရှိ အခြားတိုက်တာများနှင့် ခပ်ဆင်ဆင်မို့ သိပ်မထူးခြားသလို အောက်မေ့ရသည်။ အနီးကပ်မြင်လိုက်သောအခါမှ ဒါမျိုးတွေ၏ ခမ်းနားထည်ဝါသော အပြင်အဆင်၊ အဆောင်အယောင်များကို သေချာသိရသည်။ ဂိတ်ဝကစ၍ ဟိုတယ်အဝင်ပေါက်အထိမှာပင် အတော်ခမ်းနားနေပြီ။

ခေတ်မီခေတ်သစ် ဗိသုကာအတတ်ပညာဖြင့် အဆင့်အတန်းမြင့်မြင့် ပြင်ဆင်ထားသော အဆောက်အအုံ ဂိတ်တံခါး၊ အဝင်လမ်းပန်းခြံ၊ မီးဆိုင်း၊ မီးတိုင် စသည်များနှင့် တူညီဝတ်စုံဝတ် ဟိုတယ်အမှုထမ်းများအားလုံး မြန်မာပြည်ထဲမှာ ရှိနေသည်ဆိုသောအသိကို မနည်းမှတ်မိအောင် လုပ်ယူနေရသည်။



ဆင်ဝင်အောက်မှာ ကိုမောင်ကျော်က ကားကြီးကို ငြိမ့်ခနဲရပ်၏။ ဟိုတယ်အမှုထမ်းတစ်ယောက် ပြေးလာပြီး ဖူးမွန်ဘေးမှတံခါးကို ရှရှလေးနှင့် ရိုရိုကျိုးကျိုးလေး ဖွင့်ပေးသည်။ ဖူးမွန်က မဆင်းသေးဘဲ ဟိုတယ်ထဲအဝင် လှေကားရှိ ဧရာမ လှပခံ့ညားသော ခြေသုတ်ခုံကြီး၊ မှန်တံခါးကြီးများကို လှမ်းကြည့်ပြီး. . .

"ကိုမောင်ကျော်၊ ဒါ ဖေဖေပိုင်တဲ့ ဟိုတယ်ကြီးလား"

"ဟုတ်တယ်လေ မမလေး၊ ဒါကြောင့်လဲ ဟိုတယ်က မမလေးနာမည်နဲ့ ဖြစ်နေတာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ သိချင်လို့ပါ၊ လူတွေကော တော်တော်များများ လာတည်းကြလား"

"တည်းပါတယ်၊ အများအားဖြင့်ကတော့ နိုင်ငံခြားသားတွေပေါ့၊ သူတို့က ဒေါ်လာနဲ့တည်းတာဆိုတော့ သူတို့ကိုပဲ အဓိကထားငှားတာပါပဲ"

"မြန်မာလူမျိုးထဲကကော"

"တချို့လဲတည်းပါတယ်၊ သိပ်ပိုက်ဆံရှိတဲ့လူတွေပေါ့"

"တစ်ယောက်ကို တည်းခိုခ ဘယ်လောက်ပေးရလဲ"

"မြန်မာငွေနဲ့ တစ်ညကို သုံးထောင့်ငါးရာလောက်ကျတယ်၊ အစားအသောက်မပါဘူး"

"အမယ်လေး"

ဖူးမွန်ကြားရုံနှင့်ပင် မိုက်ခနဲဖြစ်သွား၍ ရှေ့ထိုင်ခုံကို တမန်း ဖက်တန်း လက်နှင့်လှမ်းကိုင်လိုက်ရသည်။

ကိုမောင်ကျော်က ရယ်ပြီး. . .

"ကဲ. . . ဆင်းလိုက်ဦး မမလေး၊ ဟိုမှာ မန်နေဂျာကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က မမလေးကိုကြိုနေတယ်"

ရင်တုန်ပန်းတုန်ဖြစ်သွားသော ဖူးမွန် ကျနွေ့ရအောင် မနည်းထိန်း၍ ကားပေါ်မှဆင်းလိုက်သည်။ ဖာတ်ဟိုက်ထားသလို အသင့်စောင့်နေကြသော လူပုဂ္ဂိုလ်တချို့က ပြေးဆင်းကြိုပြီး. . .

"သမီးကို အန်ကယ်လ်တို့ကြိုနေကြတာ၊ လာလာ သမီး၊ သမီးဖေဖေ အပေါ်ထပ်က စောင့်နေတယ်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

ထိုပုဂ္ဂိုလ်ကြီး၏ ဦးဆောင်မှုဖြင့် ဖူးမွန် ဟိုတယ်တွင်းသို့ ဝင်သည်။

ဟား. . . ပွဲတော်တမျှပါလား။

ဟိုတယ်ပိုင်ရှင်၏သမီး နန်းဆောင်ပေါ်သို့ကြွရောက်ခန်း မို့ထင်သည်၊ ရှိသမျှ ဟိုတယ်ဝန်ထမ်း အမျိုးသား၊ အမျိုးသမီး အကုန်လုံးက အဝင်လမ်းတစ်ဖက်ဝဲယာကနေ ခရီးဦးကြိုကြသည်။

နှုတ်ဆက်ပန်းစည်းလေး လှမ်းပေးသူက ပေးသည်။

ဖူးမွန် မျက်လုံးများပြာနေပြီး ဘာမှ သဲသဲကွဲကွဲမမြင်ရ တော့၊ သို့သော် ထိုမမြင်မကန်းနှင့်ပင် အားလုံးကို ပြုံးပြသည်။ ပြီးတော့ ဟိုတယ်ကြီးတစ်ခုလုံး၏ ခမ်းနားထည်ဝါလှပတင့်တယ်မှု ကိုလည်း မြင်လိုက်ရသည်။

ကားပေါ်တုန်းက နတ်ဘုံနတ်နန်းဟုထင်ခဲ့သော အပြင် အဆင်အနေအထားများသည် သည်ထဲရောက်တော့ တဲကုတ် သာသာ ဖြစ်သွား၏။

"ဖျပ်"

ထိုအချိန်မှာ လျှပ်စစ်မီးရောင်များ ဖျတ်ခနဲလင်းလာပြီး



အပေါ်ထပ်တက်သည့် လှေကားကျယ်ကြီးထိပ် နံရံမှ ကတ္တီပါ လိုက်ကာလေးတစ်ခု ပွင့်သွားပြီး. . .

"**WELCOME TO THE PRINCESS OF PAN HPU MON**"

ဆိုသော စာတန်းရေးထားသည့် ဖဲပြားပိတ်စကြီးအား ဆလိုက်မီးများထိုးလျက် မြင်ရသည်။

ကိုကြီး သင်ပေးထားသော အင်္ဂလိပ်စာ အခြေခံကြောင့် စာတန်းသည်. . .

"ပန်းဖူးမွန် သခင်မလေးအား ကြိုဆိုပါ၏" ဟု အဓိပ္ပာယ် ရမှန်း ဖူးမွန် သိလိုက်သည်။

ဖူးမွန် ပြုံးလိုက်စဉ် တစ်ခန်းလုံး လက်ခုပ်သံများ ဆူညံ သွားသည်။ ဒါတွေဟာ ဖေဖေ့အစီအစဉ်တွေပဲ၊ ဘဝသစ်၏ ခမ်းနား မှုနှင့် အရှိန်အဝါကို ဖူးမွန်သိအောင် တမင်မိတ်ဆက်ပေးလိုက်ခြင်း ပဲဟု နားလည်သည်။

ဖူးမွန်ပြုံးပြီး အားလုံးကို နှုတ်ဆက်နေရသော်လည်း နား ထဲမှာ မင်္ဂလာဒုံအိမ်လေးထဲက မေမေ့စက်ချုပ်သံများကြားနေ ရသည်။

အခု သူမ နင်းထားသော မွေးပွကော်ဇောကြီး၏ ခြေတစ် လှမ်း၏ တန်ဖိုးကျသင့်ငွေ ပိုက်ဆံလောက်သာ မေမေရလိုက်လျှင် ထာဝရပိုက်ဆံမလောက်၍ စိတ်ညစ်နေရသော မေမေ ဘယ် လောက်ဝမ်းသာလိုက်မည်လဲ။

ဖူးမွန်မျက်လုံးထဲမှာ မျက်ရည်များရစ်ဝိုင်းလာသည်။ အားလုံးကတော့ ဖူးမွန် ဝမ်းသာ၍ မျက်ရည်လည်သည်ဟု ထင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်။

"သမီး၊ အပေါ်ကြွ"

ဖေဖေ့မန်နေဂျာ ဖြစ်ဟန်တူသော ပုဂ္ဂိုလ်ကြီးက အပေါ်ထပ်တက်သော တက်လမ်းအတိုင်း လက်ဟန်ဖြင့်ပြ၍ ဖိတ်ခေါ်သည်။ ဖူးမွန် ခြေလှမ်းများ တည်ငြိမ်အောင်ထိန်း၍ လှေကားအတိုင်းတက်လာခဲ့သည်။

အောက်ထပ်မှာကျန်ခဲ့သော အမှုထမ်းအမျိုးသမီးအုပ်စုထဲမှ . . .

"ဘော့စ်သမီးက ချစ်စရာလေးနော်၊ အရမ်းလှတာပဲ"

"အေးဟယ်၊ ငယ်ငယ်လေးနော်၊ ကော်ပတ်ရုပ်လေးကျနေတာပဲ"

ထိုအသံများကို ဖောက်ထွင်း၍ ရင်ကို ဆို့နင့်စေသော အသံတစ်သံကလည်း ရင်တွင်းမှ နားစည်မွှေးကို ရိုက်ခတ်သည်။

"သန်းကြွယ်သူဌေးကတော်ရဲ့ သမီးအနေနဲ့ စည်းစိမ်အပြည့်အဝ ခံစားပြီး ဖူးမွန် တဝကြီး ပျော်လိုက်မော်လိုက်ပါဦး"

"ဟင်း"

ဖေဖေ့အခန်းထဲသို့ မဝင်ခင်လေးမှာ ထပ်၍ ဖူးမွန် သက်ပြင်းချလိုက်၏။

* * * *

"အထဲဝင်လိုက် သမီး၊ အထဲမှာ ဘော့စ် စောင့်နေတယ်၊ အန်ကယ်လ်တို့ မလိုက်တော့ဘူး၊ သမီးတို့သားအဖ လွတ်လွတ်



လပ်လပ် စကားပြောကြ"

ဖေဖေ့အခန်းက ဟိုတယ်အဆောက်အအုံ၏ အပေါ်ဆုံးထပ်မှာရှိသည်။ အဆောက်အအုံက နှစ်ထပ်ခွဲပုံစံဆောက်ထားပြီး အောက်ထပ်နှင့် အပေါ်ထပ်သာ ဟိုတယ်တည်းခိုခန်းအဖြစ် အသုံးပြုပြီး အပေါ်ဆုံးမှ သီးသန့်အခန်းကျယ်ကြီးကို ဖေဖေ့အတွက် သပ်သပ်ဖယ်ထားဟန်တူသည်။

မန်နေဂျာကြီးက အကျိုးအကြောင်းပြောပြီး အခန်းတံခါးနှစ်ချပ်ကြီးကို ဟပေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်ကယ်လ်"

ဖူးမွန်က ကျေးဇူးတင်စကားပြောပြီး အခန်းထဲဝင်လိုက်သည်။

"ဟင်း"

သည်နေ့အဖို့ အဆောက်အအုံများ၊ ပရိဘောဂများ၊ ဧည့်ခန်းအလှအပ အသုံးအဆောင် ပစ္စည်းများ၏ လှပခမ်းနားထည်ဝါခြင်းများကို အံ့သြ၍ ဆုံးနိုင်ပါတော့မလားမသိ။

ဖေဖေ့အခန်းက သပ်သပ်ရပ်ရပ်နှင့် ရှင်းရှင်းလင်းလင်းလေးသာဖြစ်သည်။ သုံးထားသော ပရိဘောဂ အသုံးအဆောင်များကတော့ အောက်ထပ်တွေက လုပ်ငန်းသုံးပရိဘောဂ အဆောင်အယောင်များနှင့် ဘာမျှမဆိုင်တော့ပြန်။

တကယ့်ကို ကွကြွေရပြီး ခေတ်မီအဖိုးတန်လှသော ပရိဘောဂနှင့် အပြင်အဆင်များ။ ဖေဖေက ဧည့်ခန်းဆိုဖာ မီးခိုးရောင်နေပေါ်မှာ ထိုင်ရင်း စာအုပ်တစ်အုပ်ကို ဖတ်နေရာက မော့ကြည့်ပြီး ပြုံးလျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်. . . သမီး၊ ဘယ်လိုလဲ၊ အောက်ထပ်က သမီးအလုပ်သမားတွေ သမီးကို ကြိုဆိုကြတာ သဘောကျရဲ့လား"

"သူတို့ သမီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါတယ်"

"အင်း. . . ဒီနေ့ ဖေဖေ့ရဲ့ ပျောက်ဆုံးနေတဲ့ တစ်ဦးတည်းသောသမီးလေးကို ပြန်တွေ့တဲ့အထိမ်းအမှတ်ဆိုပြီး သူတို့ကို လစာနဲ့ မဆိုင်တဲ့ အထူးဆုငွေတွေ ပေးလိုက်တယ်၊ ဒါကြောင့် သူတို့က သမီးကို အရမ်းကျေးဇူးတင်ပြီး သမီးရောက်လာတာကို ဝမ်းသာနေကြတာပေါ့"

ဖူးမွန်က ဖေဖေနှင့်အနီးဆုံးဖြစ်သော ဆိုဖာထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ရင်း. . .

"သူတို့က သမီးကို **Princess of** ပန်းဖူးမွန်တဲ့ ဖေဖေ"

"ဟုတ်တယ်လေ၊ တစ်ချိန်ကျရင် သမီးက မန်းဖူးမွန်မှာ **Queen** ဖြစ်လာမှာပဲ"

"သမီး ဘာဆုံးဖြတ်တယ်ဆိုတာ ဖေဖေ မမေးတော့ဘူးလား"

မေးဖို့မလိုဘူးလို့ ဖေဖေ ထင်ပါတယ် သမီး၊ ဖေဖေ ဖေးထားတဲ့ အကြံဉာဏ်က တရားမျှတတာပဲ၊ မောင်းမင်းထက်ကိုလဲ ဖေဖေ ယုံတယ်၊ မောင်းမင်းထက်က ဘာပြောလဲသမီး"

"သမီးတို့ လက်ထပ်ဖို့အစီအစဉ်ကို ဖျက်လိုက်ပြီတဲ့၊ တကယ်လို့ လက်ထပ်ဖြစ်ဦးမယ်ဆိုရင်တောင်မှ အချိန်တစ်ချိန်ကို ဖြတ်သန်းပြီး အဲဒီအချိန်မှာ သမီးဆုံးဖြတ်ချက်ကို ကြည့်ပြီး လက်ထပ်မယ်တဲ့"

"ဒါ အမှန်ပဲ သမီး၊ ဖေဖေပြောတာလဲ ဒါပဲ၊ ခုချိန်ဟာ



သမီး လက်ထပ်ဖို့ သိပ်ငယ်သေးတယ်၊ သမီးမှာ ဖြတ်သန်းရမယ့် အတွေ့အကြုံသစ်တွေ၊ ဘဝကြောင်ဖော်အဖြစ် သတ်မှတ်ဖို့ ရွေးချယ်မှုအသစ်တွေ သမီးကို ပြည့်စုံစေချင်သေးတယ်"

"သမီးနောက်ထပ် ဘယ်သူ့ကိုမှ ထပ်ရွေးချယ်စရာမလိုတော့ပါဘူး၊ ဒါပေမယ့် သမီး သူ့ကိုတော့ မေ့ပစ်လိုက်ပြီ"

"ဒါကတော့ သမီး ကြိုက်သလိုဆုံးဖြတ်ပါ၊ အဲဒီကိစ္စတွေမှာ ဖေဖေ ဘာမှဝင်မစွက်ဘူး၊ ဒါပေမယ့် ဖေဖေအကြံတစ်ခုပေးချင်တယ်၊ အဲဒါကတော့ မေ့ပစ်လို့မရမယ့် ကိစ္စတစ်ခုကို မေ့ပစ်ဖို့ ကြိုးစားတာဟာ မအောင်မြင်နိုင်ဘူး ဆိုတာပဲ၊ အဲဒီတော့ မေ့ပစ်မယ့်အစား ဘဝမှာ ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံတစ်ခုအနေနဲ့ ကဏ္ဍတစ်ခုမှာ ဒီအတိုင်းထားလိုက်ပါနောက်ထပ် အတွေ့အကြုံသစ်တွေလဲ ထပ်ရှာပါ၊ တစ်ချိန်ကျ အားလုံးကို ချင့်ချိန်စဉ်းစားနိုင်တာပေါ့"

"သမီး အဲဒါတွေအားလုံးကို သတိမရချင်တော့ဘူး"

"ကဲပါလေ၊ သမီးနဲ့ဖေဖေ ဒါတွေ ဆွေးနွေးဖို့ စောပါသေးတယ်၊ ကဲ. . . အခု သမီးတစ်ခါတည်း အပြီးပြောင်းလာပြီးလား၊ အိမ်ကို တစ်ခေါက်ပြန်ပြီး ယူစရာတွေရှိသေးလား"

ဖူးမွန်က မြမူကိစ္စ ပြောပြလိုက်သည်။ ဖေဖေကခေါင်းညိတ်ပြီး. . .

"သူ့ကိုပါ ခေါ်ထားလိုက်ပေါ့ သမီး၊ သူ့အတွက် နေရာထိုင်ခင်း ဖေဖေ စီစဉ်ပေးမှာပေါ့၊ သူ့ကိုထားခဲ့စရာမလိုပါဘူး"

ဖူးမွန်ခေါင်းထဲမှာ တစ်စုံတစ်ခုကိုလည်း သတိရသည်။

"အဲဒါဆို သမီး ချေပီးကိုလဲ ခေါ်ထားချင်တယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ချေပီးဆိုတာ ဘယ်သူလဲ သမီး"

"သမီးကြောင်လေးပါ၊ သူ့ကိုလဲ တစ်ကောင်တည်း ထား မပစ်ခဲ့ချင်ဘူး"

ဖေဖေကပြုံး၍. . . .

"ခေါ်လိုက်ပေါ့ သမီး၊ သမီး လိုအပ်တာတွေ အကုန်ယူခဲ့ ပါ၊ သမီးမလိုအပ်တဲ့ ပရိဘောဂတွေ၊ ပစ္စည်းတွေတော့ အပင်ပန်း ခံသယ်မလာနဲ့တော့၊ သမီးတို့ အိမ်ရှင်ကိုသာ အကုန်ပေးခဲ့တော့ ဒါတွေထက်ကောင်းတဲ့ ပစ္စည်းတွေအများကြီး ဒီမှာရှိတယ်"

"အဲဒါဆို သမီး သူတို့ကို သွားပြန်ခေါ်လိုက်မယ်"

"ဖြည်းဖြည်းပေါ့ သမီး၊ သမီး ဒီမှာ နားနားနေနေနေပြီးမှ သွားခေါ်ပါ၊ ဪ. . . သမီးနေရမယ့်အခန်းကိုလဲ သမီး ကြည့် လိုက်ဦး၊ လောလောဆယ်တော့ ဒီပေါ်မှာပဲ ဖေဖေနဲ့ အတူနေလို့ ရအောင် စီစဉ်ထားတယ်၊ ဒီနေရာက ဖေဖေ မြန်မာပြည်ရောက် တဲ့အခါ တည်းခိုဖို့ထားတဲ့နေရာဆိုတော့ အိမ်နဲ့တော့ မတူသေးဘူး ဒါပေမယ့် ဖေဖေနဲ့သမီးနေဖို့ ခြံဝင်းကျယ်ကျယ် တစ်ထပ်တိုက် လေး တစ်လုံးတော့ ဖေဖေ့မန်နေဂျာကို ရှာခိုင်းထားပါတယ်"

ပြောရင်းနှင့်ဖေဖေက ဖူးမွန်နေရမည့် အခန်းလေးထဲ လိုက်ပြသည်။

"အို. . ."

အခန်းလေးမဟုတ်။ အခန်းကြီးဖြစ်သည်။

အိပ်ရာ၊ ဗီရို၊ မှန်တင်ခုံ၊ ကုလားထိုင်၊ စားပွဲအစရှိသည့် ပရိဘောဂအားလုံးက ဖေဖေ့အခန်းမှ အပြင်အဆင်အတိုင်း အားလုံး ခေတ်မီ အဖိုးတန်ချည်းဖြစ်သည်။



မှန်တင်ခုံမှ အလှပြင် ပစ္စည်းများကလည်း ဈေးအကြီးဆုံး အလှပြင်ဆိုင်က ပစ္စည်းများထက် ဆယ်ဆမက များပြားသည်။

ဖေဖေက အဝတ်အစားဗီရိုကို ဖွင့်ပြရင်း. . . .

"အဝတ်အစားတွေလဲ အတော်များများ ဖေဖေဝယ်ထား တယ်၊ အားလုံးက သမီးဝတ်လို့ရမယ့် **Free sige** ချည်းပဲ၊ နောက် ထပ် သမီး ဝတ်ချင်ချုပ်ချင်တာရှိရင်လဲ ထပ်ဝယ်ထပ်ချုပ်ပေါ့၊ အဲဒါကြောင့် သမီး အိမ်ပြန်ပြီး ပစ္စည်းတွေယူတဲ့အခါ မလိုအပ်တာ တွေ ဘာမှမယူနဲ့တော့လို့ ပြောတာ"

သည်အတိုင်းဆို ဟိုမှာကျန်ခဲ့သော ပစ္စည်းများထဲက မြမှု နှင့် ချေပီးကလွဲလျှင် ဘာမှယူစရာမလိုတော့။

ဖေဖေကဆက်ပြီး. . .

"အဲဒီတော့ အေးအေးဆေးဆေး နားနေပြီးမှ မောင်ကျော် ကိုခေါ်ပြီး သွားယူလိုက်ပါ၊ မောင်ကျော်နဲ့ကားကို အောက်မှာ အဆင်သင့်ထားပေးမယ်၊ ဖေဖေလဲ အလုပ်ကိစ္စတစ်ခုရှိသေးလို့ ဝန်ကြီးများရုံး ခဏသွားလိုက်ဦးမယ်၊ အေးအေးဆေးဆေးမှသွား၊ ဟိုနေရာနဲ့ ဒီနေရာက ဘာမှဝေးတာမဟုတ်ဘူး၊ မသကာ ဆယ်မိုင် ပေါ့၊ ခဏလေးနဲ့ရောက်သွားမှာ"

ဆယ်မိုင်. . . ဟုတ်လား ဟု ဖူးမွန်က စိတ်ထဲကနေ ပြန် မေးလိုက်သည်။ မဖြစ်နိုင်။ ဆယ်မိုင်ဆိုတာ လုံးဝမဖြစ်နိုင်။

ဖူးမွန်စိတ်ထဲမှာတော့ ဟိုနေရာနှင့် သည်နေရာ ကမ္ဘာ တစ်ခုစီ ခြားနေသည်ဟုပဲ နားလည်နေ၏။

✵ ✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မြမူနှင့် ချေပီးကို ညနေစောင်းမှ ဖူးမွန် သွားခေါ်ဖြစ်သည်။

အခြားကိစ္စဝိစ္စတွေရှိနေ၍ မဟုတ်။ ဘယ်လိုဘယ်လို ပြန်ရောက် ရောက်လာမှန်းမသိသော မျှော်လင့်ချက်လေးဖြင့် ညနေစောင်းဆိုလျှင် ကိုကြီး ပြန်ရောက်နေနိုင်သည်။

ကိုကြီးပြန်ရောက်လျှင် သူမ တကယ်ထွက်ခွာသွားတော့မည်ဆိုသည့်အခါ ကိုကြီးစိတ်များ တစ်မျိုးပြောင်းမလား၊ တစ်ခုခု ထူးခြားလာနိုင်လား စိတ်ကူးလေးနှင့်ဖြစ်၏။

တမင် ညနေငါးနာရီခွဲလောက် အရောက်ချိန်၍သွားသည်။

ခြံရှေ့မှာ ကားရပ်လိုက်သည်နှင့် အိမ်နီးနားချင်းများ၊ ရပ်ကွက်ထဲမှ အသိမိတ်ဆွေများ ကားနားသို့ ဝိုင်းအုံလာကြသည်။

ဖူးမွန် ကားပေါ်မှဆင်းသည်နှင့် . . .

"ဖူးမွန်၊ နင့်အဖေကို ပြန်တွေ့ပြီဆို၊ အေးဟယ်၊ နင် အရမ်း



တဲ့ကောင်းတာပဲ၊ ဒါဆို နင် အရမ်းချမ်းသာသွားပြီပေါ့"

"ချမ်းသာသွားတာမှ နည်းနည်းနောနောတောင် မဟုတ်ဘူးဟ၊ ကားကြီးကိုကြည့်ပါလား၊ ကားတင် ဘယ်နှစ်သိန်းလောက် တန်နေမှန်း မသိဘူး"

"ချမ်းသာသွားပေမယ့် တို့ကို မမေ့ပါနဲ့ ဖူးမွန်ရာ၊ တို့ဆီလဲ မကြာခဏ လာလည်ပါဦး"

"အေးဟယ်၊ ဒီလိုမှန်းသိ အစက မြမူလိုပဲ နင့်ဆီမှာ ဝင်စက်ချုပ်နေပါတယ်"

စသဖြင့် စသဖြင့် တစ်ယောက်တစ်ပေါက် မျိုးစုံပိုင်းပြောကြသည်။

ဖူးမွန်က ထိုအဖွဲ့ကို လက်မလည်အောင် နှုတ်ဆက်စကားပြောရင်း လှစ်ခနဲ ကိုကြီးအခန်းဘက်ကို လှမ်းကြည့်သည်။

အခန်းတံခါး သော့ခတ်ထား၏။

ကိုကြီး ခုထိ ပြန်မရောက်သေးပါလား။

ဖူးမွန် ခဏခွင့်တောင်း၍ မြမူတို့ရှိနေသော အခန်းလေးဘက် တက်လာခဲ့သည်။

မြမူက အထုပ်အပိုးလေးများနှင့် အဆင်သင့် စောင့်နေ၏။

"မမ၊ မြမူတို့ကို ဒီနေ့လာခေါ်မှာပဲဆိုတာ သိနေတယ်၊ ဒါကြောင့် တမင်ပြင်ဆင်ထားတာ"

"ပစ္စည်းတွေ သိပ်အများကြီး မသယ်နဲ့ မြမူ၊ ချေပီးရယ်၊ နင့်အဝတ်အစားနည်းနည်းရယ် ဒါပဲ ယူခဲ့၊ ငါ့အဝတ်အစားတွေ အကုန်လုံးလဲ နင်ပဲယူလိုက်၊ ကျန်တာတွေ အိမ်ရှင် အဘိုးနဲ့ အဘွား

www.burmeseclassic.com

www.burmeseclassic.com



ကို ပေးခဲ့လိုက်"

"ဟယ်. . . မမကလဲ၊ နှမြောစရာကြီး"

"ဟိုရောက်ရင် ဘာတွေတွေ့မလဲဆိုတာ လိုက်ကြည့်ပါဦး မြမူရယ်၊ ငါပြောတာ နားထောင်စမ်းပါ၊ ဒါနဲ့ အဲဒီလူတွေက ငါ့ကိုစွ ဘယ်လိုလုပ် သိကုန်လဲ"

"မြမူ လျှောက်ပြောထားတာ၊ ဒီနားက အိမ်စေ့အကုန် မြမူ လိုက်ပြောပြီးပြီ မမ၊ သူ့အဖေနဲ့ ပြန်တွေ့ပြီလို့၊ မမ အဖေက သူဌေးကြီးဖြစ်နေတယ်၊ အခု မမလဲ အရမ်းချမ်းသာသွားပြီ၊ မြမူ တို့လဲ အဲဒီကို လိုက်သွားရတော့မယ်လို့"

"ကောင်းရော၊ ကဲ. . . ကဲ၊ ထားပါတော့၊ ငါပြောသလို ပစ္စည်းနည်းနည်းပဲယူပြီး ကားပေါ်သွားတော့ မြမူ၊ ချေပီးလဲ ခေါ် သွား၊ အဲဒီကောင်ကို ကားပေါ်မှာ ငြိမ်ငြိမ်နေပစေ၊ ငါ အဘိုးနဲ့ အဘွားကို သွားနှုတ်ဆက်ပြီး သော့အပ်လိုက်မယ်"

အဘိုးနဲ့အဘွားကို သော့အပ်၍ ကျန်ခဲ့သော ပစ္စည်းများ ကို ယူလိုက်ဖို့နှင့် နှုတ်ဆက်ခဲ့ပါကြောင်းပြောပြီး ကန်တော့သည်။

ခဏကြာသောအခါ ဖူးမွန်ကားပေါ် ပြန်ရောက်ပြီး ထိုနေ ရာလေးမှ အပြီးအပိုင် ထွက်ခွာစပြုသည်။

မြမူနှင့် ချေပီး အခြေအနေကို လှမ်းကြည့်လိုက်သောအခါ မြမူကတော့ ကားကြီး၏ခမ်းနားထည်ဝါမှုကြောင့် မနေတတ်မထိုင် တတ် ဖြစ်နေပုံရပြီး ချေပီးကတော့ သည်ကားမျိုးစီးရမှာ ကြိုသိပြီး သေချာလေ့ကျင့်ထားသလား အောက်မေ့ရသည်။

နောက်ခန်းမှာပင်မထိုင်ဘဲ ရှေ့ခန်းက ရှမ္ဗိုင်ကူရှင် ထိုင်ခုံ ပေါ်မှာ စမတ်ကျကျဖြင့် ငြိမ်သက်စွာ သွားထိုင်နေ၏။



ဖူးမွန်က တစ်ချက်ပြုံးပြီး. . .

ကိုကြီးအခန်းကို လှမ်းကြည့်သည်။

ခုထိ တံခါးမဖွင့် သော့မဖွင့်သေး။

ထိုစဉ် မြမူက လှစ်ခနဲ. . .

"သြော်. . . မမကိုပြောရဦးမယ်၊ ကိုကိုကြီးလဲ ဒီမှာမနေ တော့ဘူး သိလား မမ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"မသိဘူး၊ နေ့ခင်းကတည်းက ကားတစ်စီးနဲ့မစ္စည်းတွေ လာယူပြီး အဘိုးနဲ့အဘွားဆီ အခန်းပြန်အပ်သွားတယ်"

"အို. . ."

သြော်. . . သူကတောင်စပြီး ဒီအရပ်ကို စွန့်ခွာသွားနိုင် တာပဲ။

ဖူးမွန်စိတ်ထဲ ပိုနာကျင်စိတ်လေးများ ပြန်ဝင်လာသည်။

သိပ်အသည်းတွေမာပြီး ယုံကြည်ချက်တွေ ပြတ်သားနေ သည်ပေ့ါ။

တွေ့ကြသေးတာပေ့ါ ကိုကြီးရယ်၊ အဲလို အသည်းမာကြေး ဆိုရင်လဲ ဖူးမွန်က ကိုကြီးထက် ဆယ်ပြန်မက အသည်းမာပြနိုင်ပါ တယ်။

ကိုကြီးက လှုပ်ရှားနိုင်ရင် တောင်ကိုမမှုတဲ့ အိမ်လောက်ပဲ ရှိမှာပေ့ါ၊ ဖူးမွန်က မမှုတော့ဘူးဆိုရင် တိမ်ကိုတောင်မမှုတဲ့ တိမ် ပေါ်ကငှက် ကိုကြီးရဲ့။

ခုဆို တောင်ပံတွေကလဲ အများကြီးဖြစ်နေပြီ။

တောင်ပေါ်ကတိမ်နဲ့ တိမ်ပေါ်ကငှက် ဘယ်သူက ပိုအ

www.burmeseclassic.com

www.burmeseclassic.com



စွမ်းထက်တယ်၊ အသည်းမာတယ်ဆိုတာ တွေ့ကြသေးတာပေါ့။

ကား ကြီးက ထိုရပ်ကွက်ငယ်လေးထဲမှနေ တရွေ့ရွေ့ ထွက်ခွာသွားသည်။

ဖူးမွန် ပါးပေါ်သို့ မျက်ရည်တစ်စက် ဖြည်းညင်းစွာ လိမ့်ဆင်းကျလာ၏။

❋ ❋ ❋ ❋



# အပိုင်း (သုံး)

## နာကြည်းမှုနှင့် ပေါက်ကွဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အကြားဆန်းသော လျှပ်စစ်သံစဉ်များ ပူးကပ်နေသည့် ဂီတသံနှင့်အတူ ဆိုဟန်ထူးခြားသော တေးသံများ ခြံအတွင်း မြက်ခင်းပြင်မှာ မုန်တိုင်းအသေးစားတစ်ခု ကျရောက်သလို လွင့်ပျံ့နေသည်။

'Ice Ice Baby....Ice Ice Baby,

All right stop, collaborate and Listen.

Ice is back with my brand new invention.

Something grabs a hold of me tightly.

Then I flow like a harpoon daily and nightly'

တီထွင်ထားသော ဆိုနည်းတစ်မျိုး၊ ကနည်းတစ်မျိုးပဲဖြစ်မည်ဟု ဖူးမွန် မမိမကမ်း နားလည်ယူရသည်။

ဆိုနေသော သီချင်းစာသားများ၏ အဓိပ္ပာယ်ကိုလည်း လုံးစေ့ပတ်စေ့ဖမ်းမရ။



နားထောင်နေရင်းနှင့်မှ Ice Ice Baby ဆိုသည်မှာ သီဆိုသူ **Vanilla Ice** ကနေ သူ့ကိုယ်သူ Ice Ice ရဲ့ အချစ်ကလေးရေဟု သူ့အဆိုအကကို ကိုယ်ရည်သွေး အမည်နာမတပ်ပြောနေမှန်း ဖူးမွန် နားလည်သလို ဖြစ်လာသည်။

**All right stop. collaborate and Listen.**

"ကောင်းပြီ၊ ခဏရပ်ပါ၊ ငါတို့နဲ့ပူးပေါင်းပါ။ ပြီးတော့ နားဆင်ပါ။

Ice ဆိုတာ ငါ့ရဲ့ အသစ်ကျစ်ချွတ် တီထွင်မှုတွေကို အမှီပြုထားတာပါ။

ငါ့ရဲ့ မိမိရရလွှမ်းမိုးမှုအောက်မှာ တစ်စုံတစ်ခုကို ချက်ချင်း လက်ရသိမ်းပိုက်မိမှာပါ။

ပြီးတော့ ငါဟာ မှိန်းတစ်ခုလို နေ့စဉ်ညစဉ် အဆက်မပြတ် ရှုတလှုပ်ရှားနေမှာပါ"

နားလည်သလို အဓိပ္ပာယ်ပြန်ရင်း စိတ်ဝင်စားစွာ ကြည့်နေမိသည်။

ကနေသော လူငယ်အုပ်စု၏ ခက်ခက်ခဲခဲ ချိုးဆစ်နေရသော ခန္ဓာကိုယ်လှုပ်ရှားမှုများကိုလည်း အံ့သြနေမိသည်။

"သဘောကျလား ဖူးမွန်၊ အဲဒါ ရက်ပ်လို့ ခေါ်တဲ့နောက်ဆုံးပေါ် အကတစ်မျိုးပေါ့"

"ခြော်. . ."

လွှမ်းမိုးနိုင်၏အမေးကို တုံ့ပြန်ခြင်းမျိုးထက် ခြော်. . . သာကမ္ဘာ ဒါတွေရှိနေတာယ်လား၊ တို့တော့ မသိပါဘူးဆိုသော

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ရသည့် အာမေခိုတ်မျိုးသာ ဖူးမွန် ပြန်ပြုနိုင်သည်။

လွှမ်းမိုးနိုင်က သူ့မိတ်ဆွေတစ်ယောက်၏ မွေးနေ့ပါတီပွဲလေးတစ်ခုကို လိုက်ခဲ့ပါဟု ဆိုစဉ်က ဖူးမွန်မလိုက်တော့ဘူးဟု ငြင်းလိုက်ရန် စဉ်းစားသေးသည်။

ဖေဖေ့ကိုပြန်ပြောပြတော့ ဖေဖေက. . .

"လိုက်သွားပေါ့ သမီးရဲ့၊ ဘာဖြစ်လဲ၊ ဒါတွေဟာ ပိုက်ဆံရှိတဲ့လူတွေရဲ့ သားသမီးတွေကြားမှာ အမြဲတမ်းရှိနေတဲ့ ကိစ္စတွေပဲ၊ လောကကြီးမှာ ဒါမျိုးတွေရှိနေတယ်ဆိုတာ သမီးသိရတာပေါ့"

ဟု ပြောသည်။

လွှမ်းမိုးနိုင်ကို ပြန်မေးသောအခါမှာလည်း လွှမ်းမိုးနိုင်က ရှုပ်ရှုပ်ယှက်ယှက်တွေ မပါပါဘူး၊ ပွဲသန့်သန့်လေးပါဟု ဆိုသဖြင့် လိုက်ခဲ့ခြင်းပင်။

"ဘီယာသောက်မလား ဖူးမွန်"

"ဟင့်အင်း"

ဖူးမွန် ခေါင်းခါလိုက်သည်။

ခေါင်းထဲမှာလဲ ဆုံးဖြတ်ချက်တစ်ခုက ပြတ်ပြီးသား။

နောက်နေ့မှာ ဖေဖေကညက ဖူးမွန်တက်ခဲ့သည့် သည်ပါတီနှင့်ပတ်သတ်၍ ထုံးစံအတိုင်း 'ဒီကိစ္စကိုကော ဘယ်လိုသဘောရလဲသမီး'

ဟု မေးလျှင် ဖြေရန်စကားက. . . .

"သူတို့ ဘာတွေလုပ်တယ်ဆိုတာ သမီးတွေ့ခဲ့မြင်ခဲ့ပါပြီ ဖေဖေ၊ သမီးစိတ်မဝင်စားဘူး၊ ပျော်လဲမပျော်ဘူး၊ ဒါမျိုးတွေနဲ့



ပတ်သက်လို့ နောက်ထပ်လဲ လေ့လာစရာမလိုတော့ပါဘူး"

ဟု သာဖြစ်၏။

❋ ❋ ❋ ❋

ဖေဖေနှင့် ဖူးမွန်တို့၏ အနေအထားကတော့ ဒါပဲဖြစ်သည်။

ဖေဖေနှင့်နေရတာ ဖူးမွန်မှာ ဘာပြဿနာမှမရှိ။ ဖေဖေက ဖူးမွန်ကို အကောင်းဆုံးဖြစ်မည် ထင်တာလေးတွေ ရှာကြံလုပ်ပေးသည်။

ထိုအရာများနှင့် ပတ်သတ်၍ ဖူးမွန်က မကြိုက်ဘူးပြောလျှင်လည်း ဘာမှမပြော။ ဖူးမွန် ကြိုက်မည်ထင်တာ၊ ကောင်းမည်ထင်တာ၊ ပျော်မည်ထင်တာလေးတွေ နောက်ထပ် တတ်အားသရွေ့ ရှာကြံစီစဉ်ပေးသည်။

ဖေဖေ့ကို ဖူးမွန် သဘောကျသည်။ ချစ်သည်။ ဖခင်တစ်ယောက်အနေနှင့် အလွန်တာဝန်ကျေသည်ဟုလည်း ခံယူသည်။

တစ်ခုပဲစိတ်မကောင်း။ တခြားမဟုတ်။ သည်လိုဘဝမျိုးမှာ မေမေ့ကို နေစေချင်ခြင်းဖြစ်သည်။ ဖေဖေ့မှာ ငွေတွေများများကြီးရှိသည်။ ပစ္စည်းဥစ္စာ အလျှံပယ် ချမ်းသာကြွယ်ဝသည်။

မေမေသည် ဖူးမွန်တစ်သက် ငွေဟူ၍လည်းဘယ်တော့မှ လောက်ငသည် မရှိ။ ဘာစည်းစိမ်ချမ်းသာမှုလည်း မခံစားသွားရ။

"တကယ်က ဖူးမွန်ထက်စာလျှင် မေမေက ပိုခံစားထိုက်သူ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေမေကျတော့ ဆင်းဆင်းရဲရဲ နေသွားရပြီး ချို့ချို့တဲ့တဲ့ ကွယ်လွန်ခဲ့သည်။

သည်ခံစားမှုကို ဖူးမွန် ဘယ်လိုမှ မကွယ်ဝှက်နိုင်။

ဖေဖေ့ဆီကို သမီးပြောင်းလာသည့်နေ့ကပင် သည်ခံစားမှု ပွင့်အန်ခဲ့သည်။

ထိုနေ့က မြမှုနှင့် ချေပီးတို့ကခေါ်ပြီး ပန်းဖူးမွန်ကို ပြန်လာခဲ့သည်။ ဖေဖေ့ မှာထားချက်အရ မြမှုကို ဟိုတယ်က အမှုထမ်းများက ဟိုတယ်တွင်း အမှုထမ်းတန်းလျားတွင် နေရာချပေးသည်။

ချေပီးကိုတော့ ဖူးမွန်က သူမအခန်းထဲမှာပင် ခေါ်ထားသည်။

ညနေစောင်းတော့ ဖေဖေ ပြန်လာသည်။

ဧည့်ခန်းထဲမှာ ချေပီးနှင့်အတူ ဆော့ရင်း အခန်းထဲရှိ ဖေဖေ့ကိုယ်ပိုင် အခွေများနှင့် ဗီဒီယိုထိုင်ကြည့်နေသော ဖူးမွန်ကို ဖေဖေက. . . .

"ဘယ်လိုသဘောရလဲ သမီး၊ ဖေဖေ့ဆီမှာ နေရတာ သမီး အဆင်ပြေရဲ့လား"

ဖူးမွန်ခေါင်းညိတ်ရင်း. . .

"ပြေပါတယ် ဖေဖေ တစ်ခုပဲရှိတယ်"

"ဘာလဲ သမီး"

"မေမေ့ကို သတိရတယ်၊ မေမေဟာ ဒီလိုဘဝမျိုးမှာ တစ်ခါမှနေမသွားရရှာဘူး၊ မေမေ့ဘဝက အရမ်းပင်ပန်းခဲ့တယ်



ဖေဖေ"

ဖေဖေ့မျက်နှာ သိသိသာသာ ညှိုးသွားသည်။ မျက်ရည်များရစ်ဝဲနေသော ဖူးမွန်ကို နားလည်စွာကြည့်ရင်း. . .

"တကယ်စိတ်မကောင်းစရာပါ သမီး၊ ဖေဖေလဲ သမီးတို့သားအမိကို တော်တော်လေးရှာခဲ့ရပါတယ်၊ ဒါပေမယ့် သမီးမေမေကိုယ်နှိုက်က ဖေဖေလိုက်ရှာလို့ မတွေ့အောင် ဖတ်မြှုပ်နေခဲ့တယ် ဆိုတော့. . ."

"ဟုတ်ပါတယ်၊ ဖေဖေ့ကို သမီး အပြစ်မတင်ရက်ပါဘူး၊ မေမေ့ကံကြမ္မာကိုပဲ တွေးပြီး စိတ်မကောင်းမိတာပါ"

"ဒါတွေမတွေးပါနဲ့ သမီးရယ်၊ တွေးနေလို့လဲ စိတ်မကောင်းရုံကလွဲလို့ ဘာမှတတ်နိုင်တော့တာမှ မဟုတ်တာ၊ အရေးကြီးတာက သမီးပျော်အောင်နေပါ၊ ပြန်မရနိုင်တော့တဲ့ အတိတ်ကိုပြန်တွေးပြီး စိတ်ဆင်းရဲနေမယ့်အစား သမီးအနာဂတ်ကို သမီးအကောင်းဆုံးနဲ့ အပျော်ဆုံးဖြစ်အောင် စီမံပါ၊ သမီး လိုအပ်တာရှိရင်လဲ ဖေဖေ့ကိုပြော"

ပြောနေရင်းမှ ဖေဖေက တစ်ခုခု သတိရသွားပုံရသည်။ အနောက်တိုင်းဝတ်စုံပင် ဝတ်ထားဆဲဖြစ်သော ဖေဖေက သူ့အကျႌအိတ်များကိုစမ်းရင်း. . .

"နေ့ခင်းက ဖေဖေမေ့သွားတယ်၊ သမီး လိုအပ်တာလေးတွေဝယ်ဖို့ သုံးချင်တာလေးတွေသုံးဖို့ ဖေဖေ ပိုက်ဆံပေးထားမလို့ နေဦးသမီး၊ ဖေဖေ အခန်းထဲ သွားယူလိုက်ဦးမယ်"

ပြောလည်းပြော၊ စကားမဆုံးခင် အခန်းဘက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ နှစ်ရာတန် ငွေစက္ကူ တစ်ထုပ်ပါလာသည်။

"ရော့ . . သမီး အဲဒါယူထား၊ သမီးလိုအပ်တာသုံး"

များလွန်းသော ပိုက်ဆံတွေကြည့်ပြီး ဖူးမွန်အံ့ဩသွားသည်။

"နည်းနည်းပဲပေးပါဖေဖေ၊ အဲလောက် သမီးမလိုပါဘူး"

ဖေဖေကရယ်၍ . . .

"ဖေဖေ့အတွက် အဲဒါနည်းနည်းလေးပါ၊ ယူသာထား"

ထိုစဉ် ဖူးမွန်ခေါင်းထဲမှာ လက်ခနဲ စိတ်ကူးတစ်ခုပေါ်လာ၍ . . .

"ဖေဖေ၊ သမီးတစ်ခုပြောမယ်၊ ဒီပိုက်ဆံထဲက တစ်ဝက်ကို ခွဲပြီး ကိုကြီးကို သမီးပြန်ပေးချင်တယ်"

"ဘာအတွက်လဲ သမီး"

"သူ သမီးအတွက် အများကြီး အကုန်အကျခံထားခဲ့တယ်၊ မေမေ့အသုဘတုန်းကလဲ သူပဲ အစအဆုံး တာဝန်ယူ လုပ်ပေးခဲ့တာ၊ မကုန်ဘူးဆို သုံးလေးထောင်ကုန်မှာ"

ဖေဖေကစဉ်းစားရင်း ခေါင်းခါ၍ . . .

"မကောင်းဘူးထင်တယ်သမီး၊ သူသုံးလေးထောင်ကုန်တာကို ဖေဖေတို့ သုံးလေးသောင်းမက သုံးလေးသိန်းလဲ ပြန်ပေးလို့ရပါတယ်၊ ဒါပေမယ့် ကူညီလုပ်ပေးခဲ့တဲ့ ကျေးဇူးတရားကြွေးကို အဲလိုသွားဆပ်လိုက်ရင် သူ ပိုစိတ်ထိခိုက်သွားလိမ့်မယ်"

"သူ့ကိုသမီး စိတ်နာတယ်၊ သူ့ကျေးဇူး သမီးအပေါ်



အတင်မခံချင်ဘူး"

"မနာပါနဲ့သမီးရယ်၊ သူ သမီးအပေါ်မှာ အများကြီး ကောင်းပါတယ်၊ အဲဒီလိုသွားလုပ်ရင် သမီးပဲ စိတ်ဆင်းရဲရမှာ"

ဖေဖေ့စိတ်က သည်လိုစိတ်ဖြစ်၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

သို့သော် ဖူးမွန်စိတ်ကျတော့ အဲလိုမဟုတ်။

ပြန်တွေးလိုက်တိုင်း ကိုကြီးကို နာကြည်းမိသည်။ ခုသိရသလောက် ကိုကြီး သူမအပေါ် သည်လောက် ပြတ်ပြတ်သားသား ဆုံးဖြတ်စရာ ဘာအကြောင်းမှမရှိ။

ဖေဖေကိုယ်နှိုက်က ကိုကြီးနဲ့လက်ထပ်ပြီး သူ့ဆီလာနေချင်လျှင်လည်းရသည်ဟု ပြောခဲ့ပြီးသား။

ဖြစ်နိုင်လျှင် လက်မထပ်သေးဘဲ နေစေချင်သေးသည်။ ဆုံးဖြတ်တာတော့ သမီးဘဝသမီးပဲ ဆုံးဖြတ်ဟု ပြောခဲ့သည့်ကိစ္စ။

သို့အတွက် ဖူးမွန့်ကလည်း လက်ထပ်မည်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်မည်ဟု ဆုံးဖြတ်ခဲ့သည်ပဲ။

သည်ကြားထဲက သူက လက်ထပ်ဖို့ ဖွတ်ငြင်းပယ်ခြင်းဖြစ်သည်။

ဒါဆို ကိုကြီးအချစ်က ဘာအချစ်လဲ။ မကောင်းတတ်၍



ဖူးမွန် အားကိုးရာမဲ့နေသောဘဝကို တာဝန်ယူဖို့ စဉ်းစားပြီး ထိုတာဝန်ကို လွှဲအပ်ရမည့်သူပေါ်လာသည်နှင့် ကိုယ်လွတ်ရုန်းထွက်သွားသလို ဖြစ်မနေဘူးလား။

ချစ်ရသော အတိုင်းအတာနှင့်အမျှ ကိုကြီးကို ဖူးမွန် စိတ်နာသည်။

သို့အတွက် သည်လောက်ဖြစ်လှသော၊ သည်ချမ်းသာကြွယ်ဝသော ဘဝမှာ အပျော်ကြီးပျော်၊ အမော်ကြီးမော်၍ ကိုကြီးနှင့်မနီးမဝေးနှင့်ပတ်ဝန်းကျင်မှနေ လက်မထောင်ပြလိုက်ဦးမည်ဟု ဆုံးဖြတ်ခဲ့သည်။

သည်ဘဝမှာ အပျော်ကြီးပျော်၊ အမော်ကြီးမော်နိုင်အောင်လည်း သည်အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ သူမ ဝင်ဆံ့နိုင်သလောက် ဝင်ဆံ့ခေါင်းမော့နိုင်အောင်လုပ်မည်ဟု ကြိုးစားခဲ့သည်။

သည့်ထက်ပိုဖြစ်လျှင် သူမ လက်ခံနိုင်လောက်သော အနေအထားရှိသည့် ယောကျ်ားတစ်ယောက် တွေ့ပါက ကိုကြီးရှေ့မှာပင် မခံချင်စွာ တွဲပြလိုက်ဦးမည်ဟုလည်း ကြံရွယ်ထားသည်။

ကိုကြီးစကားကို သူမ ဘယ်တော့မှမမေ့။

"ဖူးမွန်နဲ့ အဆင့်အတန်းတူ၊ ဆက်တူရွယ်တူထဲက ရုပ်ချောသဘောကောင်း ချစ်စရာကောင်းတဲ့ ယောကျ်ားလေးတွေနဲ့လဲ ဖူးမွန် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးတွဲကြည့်၊ နေကြည့်၊ ချစ်ကြည့်လိုက်ပါဦး" တဲ့။

တွေ့ရမှာပေါ့ ကိုကြီးရာ။

www.burmeseclassic.com

www.burmeseclassic.com



သူပြောသလို ပိုက်ဆံရှိ၊ အဆင့်အတန်းမြင့်တဲ့ ယောက်ျားလေး ချောချောတွေ့တိုင်း လျှောက်တွဲပြီး လူပြောသူပြောခံရမည့် အလုပ်မျိုးတော့မလုပ်။

တွေ့တဲ့အထဲက တစ်ယောက်ချင်း ခေါင်းခေါက်ပြီး စိတ်ကြိုက်ရွေးတွဲတဲ့ အလုပ်ပဲလုပ်မည်။

တွဲနေသမျှ ထိုတစ်ယောက်ကလည်း ကိုယ့်ကို အသေချစ်နေရမည်။

ကိုယ်ကတော့ အပြီးအပိုင် ဆုံးဖြတ်ချက်မချမချင်း ဘာအဖြေမှ ပေးစရာမလို။ ချစ်စရာလည်းမလို၊ ချစ်စရာ အသည်းလဲမရှိတော့။ ကွဲစရာနှလုံးလည်း မကျန်တော့။

လောကကြီးကို အထက်စီးကနေ ထင်ရာလုပ်ပစ်လိုက်မည်။

ဤဆုံးဖြတ်ချက်များဖြင့် ဖူးမွန် လွှမ်းမိုးနိုင်ကို တွဲနေပြီး ခုလို ပါတီပွဲတွေဘာတွေ ရောက်နေရခြင်းဖြစ်၏။

✹ ✹ ✹ ✹

ဖူးမွန်မှာ ငယ်ငယ်လေးကတည်းက ဖြစ်ချင်တာတစ်ခုရှိလျှင် ခုချက်ချင်းထလုပ်၍ မဖြစ်ဖြစ်အောင်လုပ်တတ်သော သဘာဝရှိခဲ့သည်။

ခုလို ပွဲပိုးထောက်ပံ့နိုင်သော အင်အားတွေ ရှိနေချိန်မှာ



ဖူးမွန် ဘာကိုမှမလုပ်နိုင်စရာ အကြောင်းမရှိတော့။

ပထမဆုံး သည်အသိုင်းအဝိုင်းမှာ မျက်နှာမငယ်ရအောင် တက္ကသိုလ်ကျောင်းတွေဘာတွေလည်း မတက်ရခင်စပ်ကြား ဖေဖေ့ကိုပြောပြီး အင်္ဂလိပ်စာကို တကယ့် အင်္ဂလိပ်အစစ်ဆရာမကြီးတစ်ယောက်နှင့် ဟိုတယ်ကို သီးသန့်ခေါ်ပြီး အားချင်းသင်သည်။

ဖေဖေ့ကားကို သူမကိုယ်တိုင်မောင်းနိုင်ရန်လည်း ဖေဖေ့ကားနှင့်ပင် အမြန်ဆုံး အမောင်းသင်လိုက်သည်။

ဝတ်စားဆင်ယင်မှုနှင့် ဖြီးလိမ်းခြယ်သမှုတွေကိုလည်း ခေတ်မီရုံမက ခေတ်ရှေ့ပြေးကပင် နည်းနည်းလေးပြေးနေလို့ရအောင် တတ်ကျွမ်းနားလည်သူတွေနှင့် ပြုပြင် ပြင်ဆင်ဝတ်စားလိမ်းခြယ်သည်။

ဒါတွေက ဘာမှမခက်၊ ပိုက်ဆံရှိလျှင် တကယ့်ထိပ်တန်းမြန်မာပြည်မှာ အတော်ဆုံးဆိုသည့် ပညာရှင်တွေ တစ်ဒါဇင်လောက် ခေါ်ထားလို့ရသည်။

ဒါက မြန်မာပြည်အဆင့်ပဲရှိသေးသည်။ နောက်ပိုင်းကျလျှင် ဖေဖေနှင့်အတူ နိုင်ငံခြားလိုက်သွားပြီး ဟိုမှာပါသည့်ထက် ပိုတော်သူတွေနှင့် အပြတ်ပြင်ဆင်ဝတ်စား ခြယ်သပစ်လိုက်မည်။ သည်ကိစ္စကို ဖေဖေကလည်း သဘောတူသည်။

တကယ်ဖြစ်ချင်၍ တကယ်လုပ်ပြီး လုပ်သမျှ ပံ့ပိုးနိုင်သည့် ငွေကြေးလည်းရှိသည်ဖြစ်ရာ ထိုကိစ္စများအားလုံးကို လပိုင်းနှင့်ပင် အတော်တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့၏။

ဤနည်းဖြင့် ဖူးမွန်ဆံပင်ကအစ ဖိနပ်အဆုံး လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံက အနေအထားနှင့်မဆိုင်တော့။ ထိုပုံထိုပန်း၊ ထိုအားငယ်မှုတွေက ထိုအုရပ်မှာပင် မေမေ့အပ်ချုပ်စက်နှင့်အတူ ထားပစ်ခဲ့ပြီ။

သို့အတွက် လွှမ်းမိုးနိုင်နှင့် တွေ့သောအခါ ဖူးမွန်သည် ပန်းဖူးမွန်၏ ထိပ်ထားလေးစင်စစ် ဖြစ်နေပြီဖြစ်၏။

❋ ❋ ❋ ❋



## အခန်း (၃)

လွှမ်းမိုးနိုင်. . . . ။

သူ့ကို ဖူးမွန် ညှော်ခံပွဲတစ်ခုမှာ စတွေ့ခဲ့ခြင်းဖြစ်သည်။ ဖေဖေ့ပတ်ဝန်းကျင်မှာ ညှော်ခံပွဲတွေက အမျိုးစုံပြီး များပြားသည်။ စီးပွားရေးလုပ်ငန်းအကြောင်းပြု၍ လုပ်သည့်ပွဲ၊ မင်းပွဲစိုးပွဲ၊ လူမှုရေးပွဲ စသည်ဖြင့် အမျိုးအစားစုံသည်။

မင်းပွဲစိုးပွဲနှင့် လုပ်ငန်းဆိုင်ရာပွဲများမှာတော့ အများအားဖြင့် ဖေဖေတစ်ဦးတည်းသာသွားပြီး မိသားစုပါသင့်သည့် ပွဲလောက်သာ ဖူးမွန်ကို ခေါ်သွားပွဲထုတ်သည်။

လူမှုရေးနှင့်ဆိုင်သော မင်္ဂလာဆောင်၊ မွေးနေ့၊ အလှူ၊ မိတ်ဆုံ၊ ဘုရားကိုးဆူ ဆိုတာမျိုးတွေကိုတော့ အများအားဖြင့် အန်တီခင်နှင့် ဖူးမွန်ကိုသာ ဖေဖေက လွှတ်သည်။

အန်တီခင်ဆိုသည်က တခြားမဟုတ်။

ဖူးမွန် ဖေဖေ့ဆီရောက်စက မန္တလေးက လုပ်ငန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အခြေချရေးကိစ္စအတွက် ခရီးထွက်နေသဖြင့် ချက်ချင်းမတွေ့ခဲ့ရသော ဖေဖေနှင့်လုပ်ငန်းတူ အလုပ်လုပ်ဖက် မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်သည်။ အမည်အပြည့်အစုံက ဒေါ်မြတ်မဥ္ဇူခင်။

အသက်သုံးဆယ်ပတ်ဝန်းကျင် ကိုကြီးတို့လောက်သာရှိသေးသော်လည်း အတော်ထက်မြက်ပေါက်ရောက်သည့် အမျိုးသမီး။ အန်တီခင့်အဖေက အရင်ခေတ် အစိုးရပိုင်းတွင် အတော်အဆင့်မြင့်တာဝန်ကို ထမ်းဆောင်ခဲ့ဖူးသော အငြိမ်းစားပုဂ္ဂိုလ်ကြီးတစ်ဦး။ အမေဘက်ကလည်း နဂိုအစဉ်အဆက်ကပင် ချမ်းသာခဲ့သော မိုးကုတ် တွင်းပိုင်များ။

အန်တီခင်ပြောပြချက်အရ တက္ကသိုလ်ကနေ အင်္ဂလိပ်စာမေဂျာဖြင့် ဘွဲ့ရပြီးကတည်းက ယောက်ျားများနှင့် ရင်ပေါင်တန်းပြီး စီးပွားရေးအလုပ်များကို လုပ်နေခဲ့သူဖြစ်သည်။

အန်တီခင်ကလှသည်။ မျက်နှာကလည်း ချစ်စရာကောင်းပြီး ကိုယ်လုံးကိုယ်ထည်ကလည်း ကျစ်ကျစ်လျစ်လျစ် ဖွံ့ဖွံ့ဖြိုးဖြိုးဖြင့် အတော်ကြည့်ကောင်းသည်။ တက္ကသိုလ်တုန်းကရော ခုထိရော အန်တီခင့်ကို သေလုမြောပါး လိုချင်ကြသူတွေ ရိုက်သတ်လို့မကုန်ဟု ဆိုသည်။ မဖြစ်နိုင်စရာလည်း မရှိ။

သို့သော် အန်တီခင်က ဒါတွေကို တစ်ခုမှစိတ်မဝင်စား။ အထူးသဖြင့် တက္ကသိုလ်တုန်းက ကြုံခဲ့ဖူးသည့် အချစ်ကိစ္စတစ်ခုကို အကြောင်းပြု၍ စိတ်နာ တန်ဖိုးမထားမယုံကြည်တော့ဟုလည်း ပြောပြသည်။ လက်ရှိလည်း အိမ်ထောင်မပြုရသေးသော အပျိုကြီး။

တော်ပြီး ထက်မြက်သည့်နေရာမှာတော့ မိန်းမသားထဲမှာ



ရှား၏။ အနေအထိုင်ကလည်း ပြတ်သားသည်။ ပွင့်လင်းဖော်ရွေစွာဆက်ဆံတတ်သော်လည်း တော်ရုံယောက်ျားတစ်ယောက်က မော်မကြည့်ရဲအောင် အနေအထိုင်မှန်သည်။

လုပ်ငန်းများ အဆင့်ဆင့် တိုးတက်အောင်လည်း ဖေဖေနှင့် ခင်မင်ရင်းနှီးသွားကာ နောက်ပိုင်းမှာ ဖေဖေနှင့် ရှယ်ယာပါတာနာဖြစ်လာသည်။ အခု ဖေဖေတို့ကြိုးစားနေသည့် နိုင်ငံတော်ပိုင် ဟိုတယ်ကြီးကို နှစ်ချုပ်ဖြင့်ဝယ်ယူမည့်လုပ်ငန်းကို အန်တီခင်က စတင်စိတ်ကူးရခဲ့ခြင်းဖြစ်သည်။ ထိုလုပ်ငန်းကို ဖေဖေနှင့် အန်တီခင် အပါအဝင် အစုဝင်ငါးဦးဖြင့် လုပ်ကြမည်ဖြစ်၏။

ဖေဖေက တစ်ဦးတည်းပိုင် "ပန်းဖူးမွန်" ဟိုတယ်မျိုးတစ်ခုလည်း "မြတ်မဥ္ဇူ" ဟိုတယ်အမည်ဖြင့် ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်မှာ ဖွင့်ထားသည်။

ဖေဖေ့ကိုလည်း အတော်ခင်မင်လေးစားသည်။ တော်တည့်မှန်ကန်သော ယောက်ျားတစ်ယောက်ဟုလည်း ဖေဖေ့ကွယ်ရာမှာ ဖူးမွန်ကို မကြာခဏ ပြောပြသည်။

အန်တီခင် မန္တလေးက ပြန်လာသောအခါ ဖေဖေက ဖူးမွန်နှင့်တွေ့ပေးရင်း...

"သမီးကို ဒေါ်မဥ္ဇူလို လှပထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင် ပြုစုပေးပါ၊ ကျွန်တော့်ကို အဲဒီတစ်ခုတော့ ကူညီပါ ဒေါ်မြဥ္ဇူခင်၊ သမီးလေးမှာ အနီးကပ် အုပ်ထိန်းပေးမယ့် မိခင်တို့၊ အဒေါ်တို့၊ အစ်မတို့ မရှိလို့ပါ"

ဖေဖေ့စကားအဆုံးမှာ အန်တီခင်ကပြုံးရင်း ဖူးမွန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်ပွေ့၍...

"စိတ်ချ ဦးချစ်အောင်၊ သမီးကို ခင် သမီးအရင်းတစ်ယောက်လို စောင့်ရှောက်ပေးပါ့မယ်၊ ဒီထက်စိတ်ချချင်ရင် သမီးလေးကို ခင့် အပိုင်ပေးလိုက်လေ၊ ခင်လဲ တိုးတိုးဖော် ဒီလိုချစ်စရာကောင်းတဲ့ သမီးလေးတစ်ယောက် လိုချင်နေတာနဲ့ အတော်ပဲ"

"ခဏပဲ အပ်ထားပါရစေဗျာ၊ အပိုင်တော့ မပေးပါရစေနဲ့၊ ကျွန်တော့်မှာလဲ စုစုပေါင်းမှ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာပါ။ သမီးနဲ့ပတ်သတ်လို့ အစစအရာရာ သွန်သင်ဆုံးမပါ၊ ဒေါ်မချုခင် ကျွန်တော် အပ်ပါတယ်"

ဖေဖေ့အမှာစကားအတိုင်း အန်တီခင်ကလည်း ဖူးမွန်ကို ဂရုစိုက်ပါသည်။

လွမ်းမိုးနိုင်ကိုလည်း အန်တီခင်နှင့်အကြောင်းပြု၍ ဖူးမွန် သိခဲ့ရခြင်းဖြစ်၏။ လွမ်းမိုးနိုင်က အန်တီခင်၏ တူဝမ်းကွဲ တော်စပ်သည်။

အန်တီခင့်အစ်ကိုကြီး ဝမ်းကွဲတစ်ယောက်၏သား။ ထိုပုဂ္ဂိုလ်ကြီးကလည်း သေးသေးမွှားမွှား ပုဂ္ဂိုလ်ကြီးမဟုတ်။ အန်တီခင့်ဖခင်လိုပင် ထိတ်ထိတ်ကြဲထဲကဖြစ်၍ အခြားစီးပွားရေးလုပ်ငန်းတွေလဲရှိသည်။

သားသမီးလေးယောက်ထဲမှ အငယ်ဆုံးသား၊ ဖူးမွန်နှင့် ရွယ်တူသာသာလောက်ပဲရှိမည်။ ခေတ်ဆန်ဆန် လူပုံကလည်း ဖြူသွယ်သွယ်နှင့် မင်းသားရုံ့ လောက်အောင် ချောသည်။

တက္ကသိုလ်မှာ ပထမနှစ်တက်နေသော ကျောင်းသားဖြ



၍ သူ့ဘက်ဆိုင်ရာ မေဂျာတန်းမှာ ကင်းရဲထားသော ရှားပါးပုဂ္ဂိုလ်လေးတစ်ယောက်ဖြစ်၏။

ထိုပုဂ္ဂိုလ်လေး၏ အသက်ဆယ့်ကိုးနှစ် မွေးနေ့မင်္ဂလာအခမ်းအနားကို အန်တီခင်ခေါ်သဖြင့် ဖူးမွန်မဆိမဆိုင် သွားရောက်ခဲ့ရသည်။

ထိုပွဲမျိုး ပထမဆုံး သွားရောက်ခြင်းဖြစ်ပြီး ထိုရောက်မှ အထက်တန်းလွှာ ပိုက်ဆံရှိအသိုင်းအဝိုင်းမှ လူငယ်တွေ၊ သူမနှင့် သက်တူရွယ်တူ ယောကျ်ားလေး၊ မိန်းကလေးတွေ ဘယ်လိုဝတ်စားနေထိုင်ပျော်မြူးကြသည်ဆိုသည်ကို ဖူးမွန် မျက်ဝါးထင်ထင် မြင်တွေ့သည်။

လူ့အလွှာတစ်ခုလုံးမှ လူငယ်များဟု မပြောနိုင်သော်လည်း သူမမြင်တွေ့ရသည့် အများစုကတော့ ထိုအလွှာထိုအဆင့်အတန်းမှ လူငယ်တွေချည်း ဖြစ်သည်။

လာလိုက်ကြသည်မှာ ကားတွေ ကားတွေနှင့်။ လူသေးသေးလေးတွေက ကိုယ်တိုင် ကားယူလာကြသော်လည်း ကားတွေက တန်ဖိုးသေးသေးတွေ တစ်စီးမှမတွေ့။

ဖူးမွန်က နေရာကောင်း တစ်ခုမှနေ အကုန်ပုံးကို မြင်နေရသည်မို့ ထိုပုဂ္ဂိုလ်ထီးလေး၊ ပုဂ္ဂိုလ်မလေးတွေ ကားရပ်တာကအစ၊ ကားပေါ်က ဆင်းလာပုံ၊ ညှို့ခံပွဲပြုလုပ်နေသည့် ခြံဝင်းထဲဝင်လာပုံ၊ နေထိုင်ပုံ၊ လှုပ်ရှားပုံတွေကို အကုန်မြင်နေရသည်။

လူငယ်တစ်ယောက်၏ပွဲမို့ မလွဲမရှောင်သာ လူကြီးသောလူကြီးနည်းနည်းကလွဲလျှင် အားလုံးလိုလိုကား အသက်နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်နှစ်ဆယ်ကျော်လောက်ပဲ ရှိမည်ဖြစ်သော လူငယ်များ။

မိန်းကလေးအားလုံး တစ်ယောက်မှ ထဘီမပါ။

စကပ်အတိုအရှည်မျိုးစုံ၊ ဂါဝန်အကျပ်အပွမျိုးစုံ၊ ဘောင်းဘီ တိုရှည်ကျပ်ပွ ရောင်စုံမျိုးစုံ၊ အင်္ကျီတွေကလည်း ရင်သပ်ရှုမော ဖွယ်တွေချည်း၊ ရင်ညွန့်အထက်မှာ ကြိုးသေးသေးလေး နှစ်ချောင်းကို မလွှဲသာမရှောင်သာ တပ်ထားသည်က အများစု၊ တချို့ဆို ရင်ညွန့်အပေါ်ပိုင်းမှာ ဟင်းလင်းနီးပါးရှိနေသည်ကိုပင် အားမရပဲ စကပ်အထက် ဝမ်းဗိုက်သားအချို့ကို လှစ်ဟထားသေးသည်။

တချို့က စွပ်ကျယ်လက်ပြတ်လို ဟာမျိုးလေးများ၊ ခန္ဓာကိုယ်အသားနှင့် အသားကပ်ပလတ်စတစ်အသားကြား လေခိုဝင်စရာနေရာမရှိ။ အဝတ်ပါသည် ပြောလို့ရတာ တစ်ခုပဲရှိသည်။

ဆံပင်၊ မျက်နှာ စသည်တို့ကလည်း မက်ဒေါနားစတိုင်လ်၊ မို့မို့မြင့်အောင်စတိုင်လ်၊ တင့်တင့်ထွန်းစတိုင်လ်များနှင့် ဖူးမွန် အမည်မတပ်တတ်သော နိုင်ငံခြားဖက်ရှင်စာအုပ်၊ ဗီဒီယိုရုပ်ရှင်တွေထဲကမှ မင်းသမီးတွေ စတိုင်လ်များ။

ယောကျ်ားလေးတွေကျတော့လည်း အားလုံးက တွမ်ခရု(စ်) အသေးစား၊ ဗင်နီလာအိုက်စ် အသေးစား၊ မိုက်ကယ်ဂျက်ဆင် အသေးစား၊ ထုံချိုင်းအတုတွေချည်း ဖြစ်နေသည်။ မည်းမည်းပြုပြု ကပ္ပလီကြီး အမ်စီဟမ်းမား၏ စတိုင်တောင် သိပ်အလွတ်မပေး။ မည်းမည်းသေးသေးလေးတွေက လိုက်လုပ်ကြသေးသည်။

ဖူးမွန် သူတို့ကိုကြည့်ပြီး အံ့သြသဘောကျစွာ ပြုံးနေမိ၏။ ဘာပဲပြောပြော သူတို့ဟာနှင့်သူတို့တော့ ပျော်စရာကောင်းသည်။



တချို့ဆို ကားမရပ်ခင်ကတည်းက ကားပေါ်မှာ ကက်ဆက် အကျယ်ကြီးဖွင့်ပြီး ကခုန်လာကြသည်မှာ ကားရပ်ပြီးအောက် ဆင်းတော့လည်း ကလျက်၊ ခုန်လျက် ကားထဲက ဖွင့်ထားသော တက်ဆက်သံဖြင့် ကားဘေးမှာရပ်ပြီး ဝိုင်းကခုန်နေသေးသည်။

အကတွေ၊ အခုန်တွေကလည်း အမိုက်စား၊ အကြမ်းစား၊ နိုင်ငံခြားရုပ်ရှင်တွေမှာ တွေ့ရသည့် ကပ္ပလီသေးသေးလေးတွေ လောက်ကို တော်သည်။

**Moon walk** ခေါ် လပေါ် လမ်းလျှောက်သည့်ပုံစံမျိုး လောက်ကတော့ ခပ်ညံ့ညံ့ကောင်လေးတွေပင်လုပ်နိုင်သည်။ တသည့်သီချင်းတွေကလည်း **Ice Ice Baby** တို့၊ **Ninja Rap** တို့အောက် သိပ်မလျှော့။

ကားပေါ်မှ စဆင်းလာကတည်းက **"Go Ninja, Go Ninja, Go"**

နေကြသည်။ တော်သေးတာပေါ့၊ လိပ်နင်ဂျာလို ဝတ်မလာကြတာ။ သိပ်တော့မပြောနိုင်။ မနက်ဖြန် သန်ဘက်ခါလောက်ဆို ဒီကောင်တွေဝတ်ချင်ဝတ်ကြမှာ။

ခြံတွင်းက ကာရာအိုကေဝိုင်းမှာ **JOANJETT** လောက်က **JASON DONOVAN** လောက်က စာရင်းထဲမရှိတော့။ **RICHARD MARK** ၏ **RIGHT HERE WAITING** လောက်က ညင်သာဆုံး ဖြစ်သွားသည်။ **MC HAMMER**၏ **U CAN'T TOUCH THIS** လောက်ကို အသာလေး လုပ်ပြသွားနိုင်သည်။

ဖူးမွန်နှင့် လွမ်းမိုးနိုင်ကို စရောက်ကတည်းက အနုတီခင်

www.burmeseclassic.com



က မိတ်ဆက်ပေးထား၍ သိနေကြပြီဖြစ်သော်လည်း ပွဲတော်တော် လေး စနေသည်အထိ တစ်ယောက်နှင့် တစ်ယောက် မရင်းနှီးလေ

သူလည်း သူ့ဧည့်သည်တွေနှင့် အလုပ်ရှုပ်နေသည်။

ဖူးမွန်ကို စရောက်ကတည်းက မကြာခဏ ကွက်ကြည့် ကွက်ကြည့်လုပ်နေသည်ကိုတော့ သတိထားမိ၏။

မှတ်မှတ်မိမိ ချာတိတ်အုပ်စုတွေကို ခပ်ကြမ်းကြမ်း Rap တွေအပြီး Slow လေးတွေဖြင့် စုံတွဲစုံတွဲ ကနေချိန် ကပွဲလီလူလတ် ပိုင်းအဆိုတော် George benson ၏ You are the Love of my life သီချင်းလေးလာနေခိုက်မှာ လွှမ်းမိုးနိုင် သူမဆီလာ၍ စကားမရှိ စကားရှာပြီး ရင်းနှီးအောင် လာလုပ်ခြင်းဖြစ်၏။

❋ ❋ ❋ ❋



## အခန်း (၄)

"မင်းဟာ ငါ့ဘဝရဲ့ အချစ်ပါပဲ"

**You are the Love of my life.**

**I know it right from the start.**

**The moment I looked at you.**

**You found the place in my heart.**

မင်းဟာ ငါ့ဘဝရဲ့ အချစ်ပါပဲ. . .

ဒါကို အစကတည်းက ငါ သေချာသိခဲ့ပါတယ်။

မင်းကို ငါ လှမ်းကြည့်လိုက်မိတဲ့ ခဏလေးမှာပဲ. . .

မင်းဟာ ငါ့ရဲ့နှလုံးသားထဲမှာ နေရာယူ အခြေစိုက်လိုက် တာကိုး။

လွှမ်းမိုးနိုင် သူမနားရောက်လာသည်ကို ရုတ်တရက် ဖူးမွန် သတိမထားလိုက်မိ။

ဂျော့ဘင်ဆင်၏ သီချင်းစာသားလေးများတွင် အာရုံစိုက်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"တစ်ယောက်တည်း ပျင်းနေလား ဖူးမွန်"

ဖူးမွန် လန့်ပြီး ဆတ်ခနဲ ဖြစ်သွားသည်။ လွှမ်းမိုးနိုင် အနားရောက်လာသည်ကို မသိဘဲ သူစကားပြောလိုက်မှ ဂရုထားမိသွားသောကြောင့်ဖြစ်၏။

သူမအနားမှာ အန်တီခင် ဘယ်အချိန်က ထသွားသည်ဆိုသည်ကိုလည်း မသိလိုက်။

လွှမ်းမိုးနိုင် ရောက်လာချိန်တွင် ဖူးမွန် တစ်ယောက်တည်း ဖြစ်နေသည်။

"ဟို. . . ဟို. . . မပျင်းပါဘူး၊ ဖူးမွန် သီချင်းနားထောင်နေတာ"

"သီချင်းနားထောင်ရုံပဲလား၊ ကကော မကဘူးလား၊ တို့နဲ့ အတူတူ ကရအောင်လေ"

"ဟင့်အင်း. . . ဖူးမွန် မကတတ်ဘူး"

"ရပါတယ်၊ ဒီလိုပဲ ဟိုလှုပ်ဒီလှုပ်ပေါ့"

"ဒါဖြင့် တို့ ဒီမှာထိုင်ပြီးတော့ကော စကားပြောလို့ရမလား"

"ရပါတယ်၊ လွှမ်းမိုးနိုင်က ဘာပြောမလို့လဲ၊အန်တီခင်ကော"

"အန်တီခင်အိမ်ထဲမှာ ဖေဖေတို့နဲ့ စကားပြောနေတယ်၊ ခြံထဲမှာ လူငယ်တွေချည်းဆိုတော့ မနေချင်လို့ နေမှာပေါ့"

"ဖူးမွန်ကော အိမ်ထဲလိုက်သွားလို့ရမလား"

"ဟာ. . . မသွားပါနဲ့၊ ဟိုမှာ လူကြီးတွေချည်း ပျင်းစရာ



ကြီး၊ ဘာလဲ၊ တို့နဲ့ စကားမပြောချင်လို့လား"

"မဟုတ်ပါဘူး၊ ခုပြောနေတာပဲ"

"ဒါဖြင့် နောက်ထပ် နည်းနည်းကြာကြာ ထပ်ပြောလိုက်ဦးမယ်၊ ဖူးမွန် ဘာသောက်မလဲ၊ အချိုရည်ချည်းပဲလား၊ ဘီယာကော မသောက်ဘူးလား"

"မကြိုက်ဘူး"

"ကောင်းပါတယ်၊ ဒါပေမယ့် တို့တော့ ဘီယာ နည်းနည်း သောက်ထားတယ်နော်၊ နောက်ထပ်လဲ နည်းနည်းသောက်ဦးမယ်၊ အနှောက်အယှက်မဖြစ်ဘူး မဟုတ်လား"

"ရပါတယ်"

လွှမ်းမိုးနိုင်က မွေးနေ့ရှင်မို့လားမသိ။

အနောက်တိုင်းဝတ်စုံ အဖြူဆွတ်ဆွတ်ကို သေသပ် သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

ကိုးရိုးကားရားတွေကြားမှာ ဖူးမွန်မျက်စိနှင့်တော့ သည်လိုပုံစံက ပိုအဆင်ပြေသည်။

ဖူးမွန်ကရယ်လိုက်ပြီး. . .

"ညှိသည်တွေအများကြီးကို ညှိခဲ့လိုက်ပါဦး၊ တို့က သူနဲ့ သိပ်ရင်းနှီးတာလဲမဟုတ်ဘဲ၊ အန်တီခင်က လိုက်ခဲ့ပါဆိုလို့သာ တို့က လိုက်လာခဲ့တာ"

"အဲဒါကြောင့် ရင်းရင်းနှီးနှီးခင်ရအောင် စကားလာပြောတာပေါ့။ ဒီနေ့ တို့ညှိသည်တွေထဲမှာ ဖူးမွန်လောက်အရေးကြီးတဲ့သူ တစ်ယောက်မှ မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖူးမွန်ကရယ်သည်။

"တို့နာမည်ကို အန်တီခင်က နှစ်ခါသုံးခါ ထပ်ပြောထားလို့ မှတ်မိနေတာလား"

"မဟုတ်ပါဘူး၊ အန်တီခင် စ,မိတ်ဆက်ပေးကတည်းက တစ်ခါတည်းနဲ့ အပြီးမှတ်ထားလိုက်တာ၊ ဖူးမွန်က အန်ကယ်ဦးချစ်အောင်ရဲ့သမီးဆို"

"ဟုတ်တယ်"

"အန်ကယ်ဦးချစ်အောင်မှာ ဖူးမွန်လို သိပ်လှတဲ့သမီးတစ်ယောက်ရှိမှန်း တို့မသိဘူး"

"တို့က ဖေဖေ့သမီးပြန်ဖြစ်တာမှ သိပ်မကြာသေးဘဲ၊ အသေးစိတ်သိချင်ရင် အန်တီခင့်ကို မေးကြည့်ပေါ့"

လွှမ်းမိုးနိုင်ကရယ်ရင်း. . .

"တို့မေးပြီးပါပြီ၊ ဖူးမွန်နဲ့ အန်ကယ်ဦးချစ်အောင် ပြန်တွေ့တာ သိပ်မကြာသေးဘူးဆိုတာ တို့သိပြီးသား"

"ဒါဖြင့် ဘာလို့မေးတာလဲ"

"ရင်နှီးအောင် ဒီလိုပဲ လျှောက်ပြောရတာပေါ့၊ တို့ကိုကော ခင်ချင်စိတ် ရှိရဲ့လား၊ ခင်နိုင်ရဲ့လား"

"ခင်နိုင်ပါတယ်၊ အဲဒါ ဘာအပန်းကြီးတဲ့ အလုပ်မှမဟုတ်ဘဲ"

"ခင်တဲ့သူတွေ အများကြီးရှိလို့လား"

"ဟင့်အင်း၊ တို့မှာ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်မှမရှိဘူး"



"တစ်ယောက်တော့ လက်ခံပါကွာ၊ အဲဒီလူက လွှမ်းမိုးနိုင်ဆိုတဲ့ တို့"

"ရပါတယ်၊ ခင်ကြည့်တာပေါ့"

"ဟာ. . .ဝမ်းသာစရာပဲ၊ ဒီနေ့ တို့ရတဲ့ မွေးနေ့လက်ဆောင်ထဲမှာ ဖူးမွန်ဆီကရတဲ့ ဒီလက်ဆောင်က တန်ဖိုးအရှိဆုံး ဖြစ်သွားပြီ"

တို့မှာ သူ့မွေးနေ့ကိုလာပြီး ဘာလက်ဆောင်မှမပါခဲ့ဘူး၊ အန်တီခင်က နီးမှကပ်ပြောပြီး မလိုပါဘူးဆိုလို့ ဘာမှမယူခဲ့ဘူး"

"မလိုပါဘူး၊ ခုနလက်ဆောင်ကို တို့ အမြတ်နိုးဆုံးပေါ့"

"ဘယ်လာလဲ"

"ရပါတယ်၊ ခင်ကြည့်တာပေါ့ဆိုတဲ့ စကား"

"ဩော်. . . ဟား. . . ဟား၊ အရေးထဲ သူက ကဗျာလာစပ်နေပြန်ပြီ"

ဖူးမွန်က ရယ်သည်။ လွှမ်းမိုးနိုင်ကလည်း လိုက်ရယ်သည်။ သူတို့နှစ်ယောက် ရယ်သံများက နောက်တစ်ပုဒ်သို့ ကူးပြောင်းသွားပြီဖြစ်သော **DIRG SERAITS** ၏ **So far Away** သီချင်းသံနှင့် ရောပြွမ်းသွား၏။

* * * *

ထိုနေ့ကစပြီး လွှမ်းမိုးနိုင် ဖူးမွန်ဆီကို တစ်ရက်မှမပြတ်

www.burmeseclassic.com

www.burmeseclassic.com



သလောက် ရောက်ရောက်နေတော့သည်။ ဗီဒီယို အခွေသစ်တွေ သူငယ်ချင်းတစ်ယောက် နိုင်ငံခြားကပါလာလို့ဆိုပြီး လာပို့တာက တစ်မျိုး လေဆာ Disk သီချင်းခွေပြား အကောင်းစားလေးတွေ ဖူးမွန် နားထောင်မလားလို့ ဆိုတာကတစ်ဖုံ။

ခဏခဏလည်း စတိတ်ရှိုးလက်မှတ်လေးတွေ ရရလာသည်။ ယူလာလျှင်လည်း ငါးရာတန်းအောက်မလျော့၊ ဟုတ်လား မဟုတ်လားလည်း မပြောတတ်။

ကြော်ငြာမှာ မေတ္တာလက်ဆောင် လက်မှတ်မပေးပါဟု ပေါ်တင်ရေးထားသောပွဲမျိုးမှာပင် သူက လက်မှတ်တွေ ရရလာသည်။

ရံဖန်ရံခါတော့ ဖူးမွန် လိုက်သွားသည်။ အခေါက်တိုင်းတော့မလိုက်။

မှန်တာပြောရလျှင် အဲသည်စတိတ်ရှိုးတွေ၊ ပါတီပွဲတွေလည်း ဖူးမွန် သိပ်စိတ်မဝင်စားတော့၊ နဂိုကမှ မပျော်ရသည့်အထဲ အပ်ကြောင်းတွေကလည်း ထပ်နေသည်။

နောက်ပိုင်းမှာ အများအားဖြင့်တော့ ဟိုတယ်မှာပဲ သည်တိုင်း ထိုင်စကားပြောဖြစ်တာ များသည်။

သိပ်မကြာခင်မှာပင် လွှမ်းမိုးနိုင်က ချစ်ရေးဆိုစကားပြောသည်။ တစ်ချိန်ကျ သည်လို ဖြစ်လာမည်ဆိုသည်ကို ကြိုသိနေသူမို့ ဖူးမွန်က. . .

"အေးအေးဆေးဆေး နေပါဦး လွှမ်းမိုးနိုင်ရယ်၊ တို့ ဒါတွေ မစဉ်းစားချင်သေးဘူး"



"စဉ်းစားတဲ့အခါကျတော့ကော တို့ကိုထည့်စဉ်းစားမှာလား"

"အင်း. . . အဲလောက်တော့ဖြစ်ပါတယ်"

"မဆိုးပါဘူးကွာ၊ ဒါဆို တို့ကျေနပ်ပါတယ်၊ ဒီကြားထဲမှာတော့ တို့ကို ခုလိုပဲ သူငယ်ချင်းပုံစံနဲ့ ဆက်နေပေးမယ် မဟုတ်လား"

"ရပါတယ်၊ အဲဒါလဲ ပြဿနာမရှိပါဘူး"

"ဖူးမွန်ကို တို့ တစ်ခုတော့အံ့ဩတယ်ကွာ၊ တို့ဘက်ကသာ သိပ်လှုပ်ရှားနေတာ၊ ဖူးမွန်ကျတော့ အေးအေးဆေးဆေးပဲ၊ အဲဒါဘာဖြစ်လို့လဲ"

ဖူးမွန်ကရယ်သည်။

"အစကတည်းက တို့ပုံစံက ဒီလိုပဲဟာ၊ ဘာလဲ. . . ခုမှထူးပြီး ပြောင်းလဲသွားလို့လား"

"အဲလိုတော့မဟုတ်ပါဘူး၊ တို့တွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေနဲ့ မတူလို့"

"အဲလိုတော့ အမှန်ပဲ လွှမ်းမိုးနိုင်၊ တို့ကို တခြားမိန်းကလေးတွေကိုတော့ မတွက်နဲ့၊ မတူဘူး"

"အင်း. . . အဲဒါကြောင့် ဖူးမွန်ကျတော့ တို့ အသေကြွေသွားသလားမသိဘူးနော်"

"ဖြစ်နိုင်ပါတယ်"

"တို့ကို စိတ်ကောဝင်စားရဲ့လား"

"လေ့လာကြည့်ပေါ့၊ ဒီစကားကို တို့ပြန်ဖြေလို့ ဘာဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှားတယ် ဖူးမွန်ရာ၊ ဒီပွဲမှာတော့ တို့ ရေရေလည်လည် ကျွတ်တာပဲ"

ဖူးမွန် ရယ်သည်။

စိတ်ထဲကတော့ မကောင်း။

အမှန်တော့ ဖူးမွန် ဘယ်သူ့ကိုမှ မလှည့်စားချင်ပါ။ အမှန်အတိုင်း ပြောမပြချင်၍သာ ရှောင်ဖယ်နေခြင်း ဖြစ်သည်။

တကယ်တမ်းကျတော့ ဘယ်သူတွေဘယ်လိုပဲ ဖြစ်နေဖြစ်နေ ဖူးမွန်ရင်ထဲ ဘာအကြောင်းနှင့်မှ စွဲဝင်ငြိတွယ်စရာမရှိ။

ဘဝမှာ နှစ်ခါချစ်၍ မရသည့် မိန်းကလေးဖြစ်ကြောင်းလည်း ကိုယ့်ဘာသာသိနေမိ၏။

❋ ❋ ❋ ❋



## အခန်း (၅)

"ဟင်"

ဖူးမွန်ရင်ထဲ ဆတ်ခနဲ တုန်ခါသွားသည်။

"သူပါလား"

တကယ်ပင် သူမြင်လိုက်ရသည်မှာ မင်းထက်မှ မင်းထက်အစစ်ဖြစ်၏။

"သူ ဒီကိုဘာလာလုပ်ပါလိမ့်"

နေရာက အန်တီခင်ပိုင်ဟိုတယ်ဖြစ်သော မြတ်မဥ္ဇူ ဟိုတယ်ထဲမှာ။

အန်တီခင်က ဒီနေ့ စကော့ဈေးသွားမည်ဟု ချိန်းထားပြီးမှ အလုပ်ကိစ္စတစ်ခုရှိ၍ လူတစ်ယောက်ကို စောင့်လိုက်ဦးမယ်၊ ခဏလေးနော်၊မကြာဘူး၊ အဲဒီကိစ္စလေးပြီးမှ အန်တီခင်တို့သွားကြတာပေါ့ဟု ဆိုသဖြင့် ချိန်းဆိုထားသောလူကို စောင့်ရင်း ဧည့်ခန်းထဲမှာ ထိုင်စကားပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟိုတယ်အဝင်တံခါးဘက်မှာ ရိပ်ခနဲ ကိုကြီးကို လှမ်းမြင်လိုက်ခြင်း ဖြစ်၏။ ခွဲခွာပြီးကတည်းက ပထမအကြိမ် ပြန်မြင်ရခြင်း။

တစ်ယောက်နှင့်တစ်ယောက် မတွေ့တာ အတော်လေး ကြာနေပြီဖြစ်သည့်တိုင် ကိုကြီး၏ ဟန်ပန်သွင်ပြင်များက ဖူးမွန် မမှတ်မိစရာမရှိ။

ရိပ်ခနဲ မြင်လိုက်ရသော စက္ကန့်ပိုင်းလေးမှာပင် မှတ်လည်း မှတ်မိသည်။

ရင်ထဲမှာလည်း လှုပ်ခါသွားသည်။

"ဟော. . . အန်တီခင်နဲ့ ချိန်းထားတဲ့လူတောင် လာပြီ"

"ဟုတ်လား၊ ဒါဖြင့် အန်တီတို့စကားပြောကြနော်၊ ဖူးမွန် လက်ထရိန် ခဏလေးသွားလိုက်မယ်"

"သွား. . . သွား၊ ဖူးမွန်၊ အန်တီခင် လိုက်ပို့ရဦးမလား"

"မလိုဘူး အန်တီ၊ ရတယ်"

သိပ်စကားရှည်ရှည်ဝေးဝေးလည်း မပြောတော့ဘဲ အမြန် ဆုံး လစ်ထွက်လာခဲ့၏။

ညှော်ခန်းထောင့်ချိုးအကွယ်ကို ခဏလေးနှင့် ရောက်လာ ၍သာ တော်တော့သည်။ ပြီးတော့ ကိုယ်က ကြိုဟင်လှမ်းမြင်မိတာ လည်း ကံကောင်းသွား၏။

ဖူးမွန် ကိုကြီးနှင့် မျက်နှာချင်းမဆိုင်ချင်။ ဆိုင်လည်းမဆိုင် ရဲ။

ကိုကြီးရှေ့မှာ ဘယ်လိုမှ ဣန္ဒြေရမှာ မဟုတ်။



လွမ်းမိုးနိုင်ရှေ့မှာလို အေးဆေးတည်ငြိမ်နေဖို့က ဝေးစွ။

အခန်းထောင့်ချိုးအကွယ်ရောက်မှ ဖူးမွန် သက်မချနိုင် သည်။

အံ့ဩစရာကောင်းလိုက်တာဟုလည်း အောက်မေ့သည်။ တကယ်တမ်းကျတော့ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပဲ ဖြစ်နေပါ လား။

ဘယ်တော့မှပြန်မတွေ့နိုင်တော့ဘူး ဟူသောအထင်နှင့် တည်ငြိမ်နေသော ကာလတွင် မဆီမဆိုင်သောအရပ်မှာ မမျှော် လင့်ဘဲ ပြန်တွေ့ရသည်။

တွေ့ပြီဆိုသည်နှင့်လည်း ဖူးမွန်ရင်များက အရင်လိုပဲ ပြန် လှုပ်ရှားလာသည်။ မီးဝေးလျှင် ချိပ်မာသည်။

ချစ်သူချင်းလည်း အနေဝေးလျှင် သွေးအေးသွားသည်ဆို သော စကားများက ဘယ်ကမ္ဘာမှာ သွားမှန်ကန်နေမည်တော့ မ သိ။

ဖူးမွန်ဘဝမှာတော့ ဘာမှ မပြောင်းလဲ။

ကိုကြီးနှင့်တွေ့လျှင် သူဌေးသမီးဘဝနှင့် မော်ပြ၊ လက်မ ထောင်ပြလိုက်ဦးမည်ဟု နာကြည်းစိတ်ဖြင့် ဆုံးဖြတ်ထားခြင်းများ က ကြက်ပျောက်ငှက်ပျောက် လွင့်စဉ်သွားကြပြီ။

ဖူးမွန်ဘာလုပ်ရ မှန်း မသိသဖြင့် နောက်ဘက်လှေကားမှ အပေါ်ထပ်တက်သွားပြီ အပေါ်ထပ်တည်းခိုသူများအတွက်ထား သော ညှော်ခန်းထဲမှာ သွားထိုင်နေလိုက်သည်။

သည်အတိုင်းဆို အန်တီခင်နှင့် အလုပ်ကိစ္စတစ်ခုချိန်းဆို

www.burmeseclassic.com

www.burmeseclassic.com



ထားသူဆိုသည်မှာ ကိုကြီးပေါ့။ ဘာလုပ်ရမှန်းတော့ ဖူးမွန်မသိ။ ကိုကြီးနှင့် အန်တီခင် အလုပ်လုပ်ဖြစ်သည်ဆိုလျှင် ကိုကြီးနှင့် မကြာခဏ မျက်နှာချင်းဆိုင်မိဦးမှာလား။

ခုလိုကော မကြာခဏ တိမ်းရှောင်ထွက်ပြေးနိုင်ပါ့မလား။

မဟုတ်သေးပါဘူးဟု ဖူးမွန် ရှောင်ထွက်လာခဲ့ခြင်းအပေါ် နောင်တရမိသည်။

အမှန်က ဘာမှ ရှောင်ထွက်လာစရာမလို။

မလွှဲမရှောင်သာ ခုလိုကြုံလျှင် ကိုယ်က အေးအေးဆေးဆေးနှင့် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ပြနိုင်ရမည်။

ဖြစ်နိုင်လျှင် ကိုယ်က မသိချင်ယောင်ဆောင်နေလိုက်ပြီ အန်တီခင်က မိတ်ဆက်ပေးတာတို့ လုပ်လျှင်ပင် 'ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်၊ ဦးမင်းထက်'ဘာညာနှင့် ဟန်မပျက် ခပ်စိမ်းစိမ်းနေပြရမည်။

ဒါမှလည်း ကိုယ်က အထက်စီးအနေအထားကို ပြရမည်ပေါ့။

ခုလိုသာ ကြောက်လန့်တကြား ရှောင်ထွက်ပြေးကြောင်း သူသိလျှင် ကိုယ် သူ့ကို ကြိမ်းဝါးထားတာတွေ အလကားဖြစ်သွားမှာပေါ့။ ပိုကောင်းတာက သူ့ရှေ့မှာ လွှမ်းမိုးနိုင်လို ကောင်လေးမျိုးနှင့် ပို ရွှင်ရွှင်ပျပျလုပ်ပေးရမည်။

ဒါမှ သူ့ရင်ထဲ ကျလိကျလိဖြစ်လေ ကိုယ်က အနိုင်ရလေဖြစ်မှာပေါ့။

သတ္တိမွေးစမ်း ဖူးမွန်၊ အဲဒီလူကို အနိုင်ယူနိုင်အောင် ကြိုး



စားစမ်းပါ။ အဲဒီလူဟာ နင့်ဘဝမှာ အနာကြည်းဆုံး ဖြစ်ရမယ့်လူ။ အပြတ်မုန်းပြ၊ စိမ်းပြ၊ ဂရုမစိုက်နိုင်လေ ကိုယ့်ဘက်က နိုင်လေပဲ အောက်မေ့။

အရှုံးမပေးနဲ့၊ အနိုင်ရအောင်ယူ...ဟု ကိုယ့်ကိုယ်ကို အတင်းပြန်တိုက်တွန်းသည်။

ပေါ်ပေါက်ခဲ့ဖူးသော နာကြည်းစိတ်များကိုလည်း မရရအောင် ပြန်ခေါ်ယူသည်။

ထို့နောက် အံတင်းတင်းကြိတ်ပြီး ထိုင်နေရာမှ ထရပ်လိုက်၏။

ရှောင်နေစရာမလိုတော့။

ခုချက်ချင်းပဲ ပြန်ရင်ဆိုင်မည်။ ဒါမျိုး နောက်တစ်ခါကြုံဖို့ မလွယ်ဘူးဟုလည်း ကိုယ့်ကိုယ်ကို အားပေးလိုက်၏။

* * * *

"ဟော...ဖူးမွန်၊ ခုမှရောက်လာတယ်၊ အန်တီတောင် ဧည့်သည်နဲ့ မိတ်ဆက်ပေးမလို့ စောင့်နေတာ၊ ကိုမင်းထက်လဲ သူ့မှာလဲ ကိစ္စရှိသေးလို့ဆိုပြီး ကမန်းကတန်း ပြန်သွားလို့"

ဖူးမွန် လှမ်းကြည့်၍ အန်တီခင်တို့ကို မြင်နိုင်လောက်သော နေရာမှာပင် ကိုကြီးမရှိတော့ကြောင်း သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကစ်ခါလည်း ဖူးမွန် လုပ်ချင်တာ မဖြစ်ရပြန်ဘူးဟု အားလျှော့သွားသည်။

ဖူးမွန်က ဘာမှပြန်မပြောသောအခါ အန်တီခင်ကလည်း ထိုအကြောင်း ဆက်မပြောတော့။

ခဏကြာသောအခါ အန်တီခင်နှင့်အတူ ဖူးမွန် ဈေးဘက် ထွက်ခဲ့ကြ၏။

ထိုနေ့က ဈေးဝယ်ထွက်ရသည်မှာ ဖူးမွန် လုံးဝစိတ်မပါ။

❋ ❋ ❋ ❋



## အခန်း (၆)

"သမီးအခြေအနေလေးလဲ ဖေဖေ့ကို ပြောပြပါဦး"

"ဘာလဲ ဖေဖေ၊ ဘာအခြေအနေကို ဖေဖေက သိချင်လို့လဲ"

"သမီး ဒီပတ်ဝန်းကျင်မှာ နေရထိုင်ရတာ အဆင်ပြေမပြေပေါ့၊ အဲဒါမှ ဖေဖေ ဘာလုပ်ပေးဖို့လိုသေးတယ်ဆိုတာ သိမယ်လေ"

"မလိုပါဘူးဖေဖေ၊ သမီး အဆင်ပြေပါတယ်"

"သမီး အန်တီခင်နဲ့ကော မကြာခဏ ဆုံဖြစ်ရဲ့လား၊ သူနဲ့ကော သမီးစိတ်ချမ်းသာရဲ့လား"

"တွေ့ပါတယ် ဖေဖေ၊ စိတ်လဲချမ်းသာပါတယ်၊ အန်တီခင်ကလဲ သမီးကို ဂရုစိုက်ပါတယ်"

"ဒါနဲ့ သမီးကို မေးရဦးမယ်၊ သမီးဆီ အမြဲလာနေတဲ့ ကောင်လေးက ဘယ်သူလဲ၊ အဲဒါ အန်တီခင့်တူလေးဆို"

"ဟုတ်တယ် ဖေဖေ၊ လွှမ်းမိုးနိုင်ပါ"

"အေး. . . အေး. . .၊ ဟုတ်တယ် လွှမ်းမိုးနိုင်၊ သူနဲ့ကော

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ သမီး၊ သူကြည့်ရတာ သမီးကို စိတ်ဝင်စားနေပုံပဲ"

"ဟုတ်ကဲ့. . . သူ သမီးကို ချစ်ရေးဆိုထားပါတယ်"

"သမီးကကော ဘယ်လိုအဖြေပေးထားလဲ"

"သမီး ဘာအဖြေမှမပေးသေးပါဘူး၊ စဉ်းစားဦးမယ်လို့ပဲ ပြောထားတယ်"

"သမီးကကော တကယ်စဉ်းစားမှာလား"

"မပြောတတ်သေးဘူး ဖေဖေ၊ လောလောဆယ်တော့ သမီးရင်ထဲမှာ ဘယ်သူ့ကိုမှ အစားထိုးလို့ မရသေးတာအမှန်ပဲ"

"မောင်မင်းထက်နေရာမှာ အစားထိုးဖို့ပြောတာလား"

"ဟုတ်ပါတယ်"

"မဟုတ်သေးဘူး သမီးရဲ့၊ ဘာကိစ္စ မောင်မင်းထက်နေရာမှာ အစားထိုးရမှာလဲ၊ ဒါမျိုးဆိုတာ အစားထိုးလို့ရတာမှ မဟုတ်ဘဲ၊ မောင်မင်းထက်ကိစ္စကို သမီး ဒီတိုင်းထားလိုက်ရမှာ၊ အခု လွှမ်းမိုးနိုင်ကိစ္စကို လွှမ်းမိုးနိုင်ကိစ္စအနေနဲ့ပဲ သီးခြားစဉ်းစား"

"ခုလောလောဆယ်တော့ သမီး ဘာကိုမှ မစဉ်းစားချင်သေးဘူး ဖေဖေ"

"ဒါလဲရတာပဲ သမီး၊ မစဉ်းစားချင်သေးရင် မစဉ်းစားနဲ့ပေါ့၊ ဖေဖေကလဲ ဒါတွေစဉ်းစားစေချင်လို့ မေးနေတာ မဟုတ်ဘူး၊ သမီးအခြေအနေသိချင်လို့သာ မေးတာပါ၊ သမီးတို့ကိစ္စမှာ ဖေဖေ ဘာမှ ဝင်မစွက်ဖက်ပါဘူး"

"သမီး ဟိုနေ့က ကိုကြီးနဲ့တွေ့ခဲ့တယ်"

ဖေဖေက စိတ်ဝင်စားသွားဟန်ဖြင့်. . .

"ဟုတ်လား၊ ပြောပါဦး သမီး၊ တွေ့တော့ဘာဖြစ်လဲ"



"ဘာမှမဖြစ်ပါဘူး၊ သူက အန်တီခင်တို့နဲ့ အလုပ်တစ်ခု လုပ်ဖို့ အန်တီခင့်ဆီလာတာ၊ သမီးက အဲဒီအချိန် အန်တီခင်နဲ့ အတူရှိနေလို့ သူ့ကို သမီးတွေ့လိုက်တာပါ၊ စကားမပြောဖြစ်ပါဘူး၊ သူကလဲ သမီးကို မတွေ့ပါဘူး၊ သူဟာသူ အန်တီခင်နဲ့ စကားပြောပြီး ပြန်သွားတာ"

"မဋ္ဌုခင်ကို မေးမကြည့်ဘူးလား၊ သူတို့ ဘာအလုပ်လုပ်မှာလဲဆိုတာ"

"ဟင့်အင်း. . . အဲဒါလဲ သမီး စိတ်မဝင်စားတာနဲ့ မေးမကြည့်ဘူး"

ဖေဖေက ရယ်သည်။

"ဒီအတောအတွင်းမှာ သမီး စိတ်ဝင်စားတာ တစ်ခုခု ဖေဖေ့ကို ပြောပြပါလား"

ဖူးမွန်ကပါ ရယ်၍. . .

"အမှန်အတိုင်း ပြောရရင်တော့ သမီးစိတ်ဝင်စားတာ ဘာတစ်ခုမှမရှိသလောက်ဘဲ ဖေဖေ၊ သမီး စိတ်ရှုပေါက်ရာတွေ လျှောက်လုပ်နေတာပဲရှိတယ်"

"အဲဒါဆို သမီး စိတ်ဝင်စားမယ်ထင်တာတစ်ခု ဖေဖေ ပြောပြမယ်၊ သမီးစိတ်ဝင်စားရင် အဲဒီကိစ္စကို ဖေဖေနဲ့ကူစဉ်းစား ဖေဖေ့ကိုဘာလုပ်သင့်သလဲဆိုတာ အဖြေပေး၊ ဘယ့်နှယ်လဲ၊ နား ထောင်မလား"

"ပြောပါ ဖေဖေ၊ သမီးလဲ တစ်ခုခုကို စိတ်ဝင်စားချင်တယ်"

"တခြားတော့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားပါးပါးမြင်ဖူးသော မြင်ကွင်းအဖြစ် ဖေဖေ့မျက်နှာမှာ ရှက်ကိုးရှက်ကန်းအပြုံးတစ်ခု ပေါ်လာသည်။

ထိုအပြုံးကြောင့် ဖေဖေသည် လက်ရှိအသက်ထက် အများကြီး နုပျိုသွားသည်ဟုလည်း ဖူးမွန် သုံးသပ်လိုက်၏။

ရှက်ပြုံးတစ်ခု လက်ကနဲပေါ်လာပြီးမှ ဖေဖေက. . . .

"ဖေဖေ မဥ္ဇူခင်နဲ့လက်ထပ်ရ ကောင်းမလားလို့ စဉ်းစားနေတယ် သမီး"

"ရှင်. . ."

"ဖေဖေ အပြီးအပိုင်ဆုံးဖြတ်ပြီးသား မဟုတ်ဘူးနော်၊ စဉ်းစားနေတာကိုပြောတာ၊ ဖေဖေ ဒီလိုစဉ်းစားနေတာကို သမီးတော စိတ်ဝင်စားမလားလို့ ကူစဉ်းစားခိုင်းတာ"

"အန်တီခင့်ကိုကော ဖေဖေ ဖွင့်ပြောပြီးနေလို့လား"

"ပြောတော့ ပြောပြီးပြီ သမီး၊ ဒါပေမယ့် ဖေဖေ့အသက်အရွယ်နဲ့ ဒါကို ဇရ်ခွန်စရာကိစ္စတစ်ခုအနေနဲ့ သဘောထားပြီး ဖွဲ့နွဲ့နေစရာမလိုပါဘူး၊ သမီးကို ပြောပြသလိုပဲ ဖေဖေ သူ့ကို စိတ်ဝင်စားတယ်၊ လက်ထပ်ရရင် ကောင်းမလား စဉ်းစားနေတယ်လို့ပဲ ပြောပြတာပါ"

"အဲဒီတော့ အန်တီခင်ကကော ဘာပြောလဲ"

"ဖေဖေ့ဘက်က ပြတ်အောင် စဉ်းစားပါဦးတဲ့၊ ဖေဖေဘက်က ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီးတော့ မငြင်းဘူးပေ့ါ"

"လုံးဝမဖြစ်နိုင်ဘူးလို့တော့ မငြင်းဘူးပေ့ါ"

"မငြင်းဘူး သမီး၊ ဖေဖေ့အထင်ပြောပြရရင်တော့ ဖေဖေ့ဘက်က အနိုင်အမာပြောရင် သူလက်ခံလိမ့်မယ်ထင်တယ်၊ ဘယ်



လိုလဲ၊ သမီး စိတ်ဝင်စားလား"

"အင်း. . . သမီး စိတ်ဝင်စားပါတယ်၊ ဒီလိုဖြစ်လာမယ်လို့ သမီး လုံးဝထင်မထားတဲ့ကိစ္စပဲ၊ ဒါပေမယ့် အဲဒီကိစ္စကို သမီး ချက်ချင်းတော့ အဖြေမပေးချင်ဘူး"

"ရပါတယ် သမီးရဲ့၊ ဖေဖေကလဲ ချက်ချင်းဖြေပါလို့ မပြောပါဘူး၊ ဖေဖေကလဲ အလုပ်ကိစ္စတွေတစ်ဖက်မို့ အဲဒီကိစ္စကို အချိန်ယူ မစဉ်းစားနိုင်ဘူး၊ အဲဒီတော့ သမီးပဲ စဉ်းစားပေးပါ၊ အဖြေရတော့မှ ဖေဖေ့ကို ပြောပြပေ့ါ"

ဖေဖေ့စကားအဆုံးမှာ ဖူးမွန် သက်ပြင်းတစ်ခု ခိုးချသည်။

ဖေဖေ့ကို အားနာသလိုရှိ၍ ချက်ချင်းအဖြေမပေးလိုက်သော်လည်း စိတ်ထဲမှာတော့ စောစောကထက်တောင် ပို၍နောက်ကျိသွားသည့်အပြင် ဆုံးဖြတ်ချက်တစ်ခုလည်း ချလိုက်သည်။

အန်တီခင်နှင့် အရင်ကလို အထင်ကြီးလေးစားစွာဖြင့် ချစ်ချစ်ခင်ခင်မနေတော့ဟု။

✵ ✵ ✵ ✵

"ဖူးမွန် မလိုက်ဘူးလို့ပြောနေတယ် လွှမ်းမိုးနိုင်၊ နင် ငါ့ကို အတင်းမခေါ်နဲ့၊ ငါက မလိုက်ဘူးဆိုရင် နင်ပြန်တော့"

ရှိုင်းတော့ ရှိုင်းမှန်းသိသည်။ သို့သော် ခုရက်ပိုင်းမှာ အရာအားလုံးကို သိပ်သည်းမခံချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဖူးမွန် အလိုလိုလည်း စိတ်တွေ တိုနေမိသည်။ ခုလည်း သူ့ဘက်ကတော့ ခါတိုင်းလိုပင်မှတ်ပြီး ဝမ်း သာအားရလာခေါ်သည့်ကိစ္စ။

ဖူးမွန်က ပထမဆုံးအကြိမ်အဖြစ် နင်တွေငါတွေသုံးပြီး ပြောချလိုက်သည်။

လွှမ်းမိုးနိုင် မျက်နှာလေးငယ်သွားပြီး. . . .

"ငါက အကောင်းခေါ်တာပါ ဖူးမွန်ရာ၊ တောင်ကြီး တန်ဆောင်တိုင်ဆိုတာ ပျော်စရာအရမ်းကောင်းတယ်လို့လဲ ကြားဖူးထားတယ်၊ ခုသွားမှာကလဲ ခရီးထွက်လို့ အရမ်းကောင်းတဲ့ ဒီကားနဲ့ နင်များသွားချင်မလားလို့ဆိုပြီး ငါ့မှာတမင် ဒီကားကို ဒီနေ့မှ အလိုက်ပေးပြီး လဲလာခဲ့တာ"

လွှမ်းမိုးနိုင်က နောက်ဆုံးနံပါတ်နှင့် အသစ်စက်စက် **Master Ace** ဟု တံဆိပ်တန်းထိုးထားသော အမိုးမြင့် ပေါင်မုန့်ကားလုံးကြီးကို လက်ညှိုးညွှန်ပြရင်း ပြောသည်။

ဟုတ်တော့ဟုတ်သည်။ ခရီးသွားဖို့တော့ အတော်ကောင်းမည့်ကားကြီး။ **Moon Roof, Sun Roof** ခေါ် နေမြင်လမြင် ခေါင်မိုးပေါက်တွေလည်း ပါသည်။

နောက်ခန်းမှာလည်း ဆုံလည် ကုလားထိုင်တွေ ဘာတွေနှင့်။ လေအေးစက်က ရှေ့တစ်ခုနောက် တစ်ခု။ ဆယ်သိန်းကျော် ဈေးပေးလိုက်ရသည်ဆိုတာလည်း အမှန်ဖြစ်သည်။

ဖူးမွန် ဆက်မြင်းချရင်း. . .

"ဒါဖြင့်လဲ နေဦး လွှမ်းမိုးနိုင်ရာ၊ နင် အခု ခဏပြန်သွားဦး၊ ငါစဉ်းစားပြီးမှ လိုက်မယ်ဆိုရင် နင့်ဆီ ဖုန်းဆက်လိုက်မယ်၊



ငါ ဖုန်းမဆက်ရင်တော့ မလိုက်ဖြစ်လို့ဘဲ၊ သွားမှာက သုံးလေးရက်တောင် လိုသေးတာပဲ"

"သိပ်တော့မကြာနဲ့ဟာ၊ နင်လိုက်မယ်ဆိုမှ ငါကသွားမှာ၊ သွားမယ်ဆိုရင်လဲ နင်တစ်ယောက်တည်းဖြစ်နေရင် ငါ့ကို စိတ်မချမှာစိုးလို့ ငါ့အစ်မနဲ့ ငါ့အစ်မသူငယ်ချင်းတွေ ခေါ်ခဲ့ရဦးမှာ"

ဖူးမွန်က ရယ်ချင်သွားရင်း. . . .

"အေးပါ၊ ငါသွားမယ်ဆိုရင် ဒီညပဲ ငါဖုန်းဆက်လိုက်မှာပါ"

"ဒါဖြင့် ငါသွားမယ်"

"အင်း"

ဖူးမွန် ခိုးလိုးခုလု လုပ်လွှတ်လိုက်သောကြောင့် လွှမ်းမိုးနိုင် မအီမလည်ကြီးနှင့် ပြန်သွားသည်။ အမှန်တော့ ခုချိန် စိတ်ရှုပ်ရှုပ်နှင့် တောင်ကြီးတန်ဆောင်တိုင်ပွဲသွားမည့်ခရီးလေး စိတ်ပြေလက်ပျောက် လိုက်သွားလိုက်ချင်သည်။

သို့သော် ဖေဖေ့ကိစ္စနှင့် ပတ်သက်ပြီး အန်တီခင့်ကိုလည်း နည်းနည်းမုန်းနေသောကြောင့် အန်တီခင့်တူဆိုသော အစွဲဖြင့် လွှမ်းမိုးနိုင်ကိုပါ စိတ်ချဉ်ပေါက် နေခြင်း ဖြစ်သည်။

အန်တီခင့်ကို ဖူးမွန် တကယ်မုန်းသွား၏။

ပြောတော့ ယောကျာ်းတွေ စိတ်နာသလေး၊ ဒါတွေ စိတ်မဝင်စားဘူးလေးနှင့် ဖေဖေ့ကျတော့ ဘာဖြစ်လို့ မငြင်းရတာလဲ။

သည်တော့မှလည်း သူမမှာ ဖူးမွန်လို သမီးလေးတစ်ယောက် ရှိချင်ကြောင်း၊ ဖူးမွန်ကို အပိုင်လိုချင်ကြောင်း ဖူးမွန်နှင့် စတွေ့တွေ့ချင်းက အပိုတွေပြော၍ ဖူးမွန်ကို မတရားရစ်ကိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများသည် ဖေဖေ့ကို ရေလာမြောင်းပေး လုပ်နေခြင်းသာဖြစ်ကြောင်း အဖြစ်မှန်ပေါ်လာသည်။

အန်တီခင့်ကိုပင် မကြည်မလင်ဖြစ်မိသည်မဟုတ်။ ဖေဖေ့ကိုလည်း သိပ်မကျေနပ်။

ဖေဖေကရော ဘာကိစ္စ သည်မိန်းမကျမှ ယော်မူပြန်ချင်စိတ် ပေါ်လာရသနည်း။

ပြောရလျှင် ဖူးမွန် ဘယ်သူ့ကိုမှ သိပ်မကျေနပ်ချင်တော့သည်ကြားထဲ မမျှော်လင့်ဘဲ ထပ်စိတ် ညစ်စရာတစ်ခုကလည်း ပေါ်လာပြန်၏။

❋ ❋ ❋ ❋



## အခန်း (၇)

“ချေးပိုးရယ် လာဟာ၊ ငါ အရမ်းစိတ်ညစ်နေပြီ၊ ငါ ဘယ်သူနဲ့မှလဲ မတွေ့ချင်တော့ဘူး၊ တဖြည်းဖြည်းနဲ့ လူဆိုတာတွေကို တောင် ငါကြောက်လာပြီ၊ လူဆိုရင် ဘယ်သူနဲ့မှကို ငါ မပေါင်းချင်တော့တာ၊ လူမဟုတ်တဲ့နင့်ကို ငါချစ်တော့မယ်”

စိတ်ညစ်စရာတွေက ဘယ်လောက်ကောင်းသလဲဆိုသော် လွှမ်းမိုးနိုင် ပြန်ထွက်သွား၍ မကြာမီ ဒေါ်မြတ်မဥ္ဇူခင် ရောက်လာသည်။

ရောက်ရောက်ချင်း မေးခွန်းက ကြည့်ပါဦး။

“သမီး ဖူးမွန်၊ ဖေဖေရှိလား”

ဒေါ်မြတ်မဥ္ဇူခင် အမူအရာကတော့ ခါတိုင်းလိုပင် ဖူးမွန်ကို ဂရုတစိုက်နှင့် ရင်းရင်းနှီးနှီးရှိသည်။

သို့သော် နဂိုကမှ ဖေဖေ ပြောထားသည့် ကိစ္စနှင့်ပတ်သက်၍လည်း အမျိုးသမီးကို မုန်းတုန်းတုန်းဖြစ်နေရသည့်အထဲ

www.burmeseclassic.com

www.burmeseclassic.com



စ,မေးမေးချင်း မေးခွန်းက "ဖေဖေရှိ လား" ဆိုတာ ဖြစ်နေသဖြင့် ဖူးမွန်စိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။

ခါတိုင်းလိုဝေးစွ ဟန်ဆောင်ပန်ဆောင် ပြုံးမပြချင်တော့ဘဲ. . .

"ရှိတယ်၊ ထိုင်လေ၊ ခေါ်ပေးမယ်"

ညှော်ခန်းမှာ ထိုင်ခိုင်းပြီး ဖေဖေ့ကို ခေါ်ပေးလိုက်သည်။ ဖေဖေကလည်း ဒေါ်မြတ်မဥ္ဇူခင်ဆိုသည်နှင့် ပျာပျာသလဲ ဖြစ်သွားပြီး ချက်ချင်းထွက်တွေ့သည်။

ဖူးမွန် နှစ်ယောက်စလုံးကို ကြည့်မရတော့သဖြင့် သူမ အခန်းထဲ သူမ ဝင်လာခဲ့သည်။

အခန်းထဲမှာ တိုက်တိုက်ဆိုင်ဆိုင်သွားတွေ့သူက ချေပီး။ ထုံးစံအတိုင်း ချေပီးကတော့ ဖူးမွန်ကိုတွေ့သည်နှင့် ကိုယ်လေးလှုပ်ခါပြီး ပြေးလာသည်။

ထို့နောက် ဖူးမွန်ခြေထောက်ကို ကိုယ်လေးနှင့် ပွတ်ပြီး နှုတ်ဆက်သည်။

ဖူးမွန် ကနေ့အဖို့ စိတ်နှင့်တွေ့သူမှာ ချေပီးတစ်ကောင်သာ ဖြစ်သွားသည်မို့ ကြောင်လေးကို ကောက်ယူပြီး ရင်ဖွင့်စကား ပြောလိုက်ခြင်း ဖြစ်သည်။

ချေပီးက ပြောသည့်စကားကို နားလည်သွား၍လား သို့မဟုတ် ကာလတော်တော်ကြာ မတွေ့ရသော သခင်မလေး၏ အယုအယမှာ ကျေနပ်သွား၍လား မပြောတတ်။ ညောင်ဟု တစ်ချက်မြည်ပြီး ဖူးမွန်ရင်ခွင်ထဲ တိုးဝှေ့သည်။



ဖူးမွန် သဘောကျသွား၏။

သူမစိတ်လေးကို ကြည်လင်ကြည်သာအောင် လုပ်ပေးလိုက်သလိုလည်း ဖြစ်သွားသဖြင့်. . .

"နင့်ကိုပဲ ငါ ချစ်တော့မယ် သိလား ချေပီးရဲ့"

ဟု ဆိုကာ ချေပီးနှာခေါင်းလေးနှင့် မထိတထိနမ်းလိုက်သည်။ ချေပီးနှင့် သူမ ချစ်နေဆဲမှာ ညှော်ခန်းဘက်က အသံတိတ်လှချည်လား' အောက်မေ့သဖြင့် အခန်းဝကနေ မသိမသာ လှမ်းကြည့်သည်။

"ဟင်"

ဖူးမွန် မျက်လုံးများ ပြာသွားသည်။ ခေါင်းထဲမှာလဲ မိုက်ခနဲ ဖြစ်သွားသဖြင့် ကာမန်းကာတန်း နံရံကို မှီလိုက်ရသည်။

ဖူးမွန် ကြောင်လေးကို ပွေ့ဖက်လျက်ပင် နံရံကိုကျောမှီ၍ လျှောချပြီး ဒူးတုပ်ထိုင်လိုက်သည်။ ဖေဖေနှင့် အန်တီခင် ဒီလိုတောင်ဖြစ်နေကြပြီပဲ။

ဖေဖေ မတရားဘူးဟု စိတ်ထဲကနေ ပြောလိုက်သည်။ သည်လိုသာဆို ဘာအတွက် ဖူးမွန်ကို သူ့ဆီခေါ်သေးလဲ။ ဖေဖေ့ဆီရောက်ဖို့အတွက် ဖူးမွန်မှာ သိပ်ချစ်ရသော ချစ်သူတစ်ယောက်ကို ဆုံးရှုံးခဲ့ရသည်။

ထိုကဲ့သို့ နှလုံးသားအကြေကွဲခံပြီး ဖေဖေ့အရိပ်ကို ခိုဝင်လိုက်ခါမှ ဖေဖေက ခုလို နောက်အိမ်ထောင်ပြုတော့မည်ဆိုတော့ ဖူးမွန်မှာ အလိုလို မိထွေးလက်အောက်သို့ ရောက်ရဦးမည်။ မိထွေး ဦးစီးသိမ်း၊ မိထွေး ဦးဆောင်သမျှ၊ မိထွေးလက်အောက်မှာ ဖူးမွန်က

www.burmeseclassic.com

www.burmeseclassic.com



လက်ဝေခံဘဝဖြင့် နေရတော့မည်။

ခုတော့ ဖူးမွန် ချစ်သူကိုလည်း ဆုံးရှုံးရ၊ ဖခင်ကိုလည်း ဆုံးရှုံးရ ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။

ဖြစ်ချင်တာဖြစ်ဟု သဘောထား၍ စိတ်တိုတိုနှင့် ဖူးမွန် ချေပီးကို ပိုက်ပွေ့ရင်းပင် ထရပ်လိုက်ပြီး အခန်းတံခါးကို ဖွင့်ထွက်လာခဲ့သည်။

"ဟင်"

သည်တစ်ခါလည်း ဖူးမွန် ထပ်အံ့ဩသွားရပြန်သည်။ ဧည့်ခန်းထဲမှာ ဖေဖေရော အန်တီခင်ပါ မရှိတော့။ ဖူးမွန် ဧည့်ခန်းအနှံ့ ပတ်ချာလည်၍ ရှာကြည့်သည် မတွေ့။

ဖေဖေ့အခန်းဘက် လှမ်းကြည့်သည်။

အခန်းတံခါး ပိတ်ထားသည်ကိုတွေ့ရသည်။

ဖေဖေနှင့် အန်တီခင် အခန်းထဲပဲ ဝင်သွားကြတာလား၊ ဒါမှမဟုတ် အပြင်ထွက်ဖို့ အောက်ပဲ ဆင်းသွားကြတာလား။ ဖေဖေ့အခန်းထဲထိတော့ ဖူးမွန်လိုက်မချောင်းကြည့်ချင်။ သည်လိုအခြေအနေမျိုးဆိုလျှင်လည်း သည့်ထက်ပိုပြီး စိတ်ညစ်ရသည်မှအပ ဘာမှထူးခြားတော့မည်မဟုတ်။

သို့အတွက် ဖေဖေတို့ ဘယ်ရောက် သွားသည်ဆိုခြင်းကိစ္စကို မေ့ပစ်လိုက်ပြီး ချေပီးနှင့်အတူ အောက် ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ဆုံးထပ် လှေကားနံရံမှ ပန်းချီကားကြီးကို လှမ်းကြည့်သည်။ ခုခါမှ ပုဂံခေတ်ဆေးရေး ပန်းချီပုံတစ်ခုကို ပြန်ကူးယူ



ရေးဆွဲထားသော ပန်းချီကားကြီး တစ်ချပ်က နေရာယူထားသည်။

ပုဂံခေတ် အနုပညာလက်ရာများဖြစ်သော ပန်းပု၊ ပန်းချီများရှိ လူရုပ်နတ်ရုပ်များတွင် အမြဲတွေ့ရသည့် တိဝင်ခေါ် ကိုယ်ဟန်သုံးဆစ်ချိုးနွဲ့၍ ရပ်နေသော ကိုယ်ဟန်ဖြင့် မိန်းကလေး တစ်ယောက်၏ပန်းချီပုံ။

ပန်းချီကားအောက်ခြေတွင် နိုင်ငံခြားသားများကို အဓိက အားထားသော ဟိုတယ်မို့ 'PRINCESS' ဟု ရေးထိုးထားသည်။

ဖူးမွန် သူမ ရောက်လာသောနေ့က ထိုနေရာတွင် ဖဲသား ပိတ်စပေါ် စာလုံးဖော်ထားသည့် " WELCOME TO THE PRINCESS OF PAN HPU MON "ပန်းဖူးမွန် သခင်မလေးအား ကြိုဆိုပါ၏ဆိုသော စာသားလေးကို အမှတ်ရသည်။

ခုတော့ အခြေအနေတစ်မျိုး ပြောင်းတော့မည်။

ခုပင် ထိုနေ့က ကြိုဆိုသည့်အထဲမှာ မပါသော ပန်းဖူးမွန် ဘုရင်မ အလောင်းအလျာမိထွေးမကြီးက ပန်းဖူးမွန်သခင်မလေးကို အရာမှချထား အောက်ဆင်းခိုင်းလိုက်ပြီလေဟု နာကျင်စွာ တွေးမိသည်။

အောက်ဆုံးထပ် အခန်းထဲမှနေ အပြင်ဘက် ထွက်လိုက်သောအခါ အပြင်ဘက်မှာ ဖေဖေ့ကားကို မတွေ့ရတော့။ ဖူးမွန် ဇဝေဇဝါ ဖြစ်သွားသည်။ ကားချည်းပဲ အပြင်ထွက်ခိုင်းလိုက်တာလား၊ ဒါမှမဟုတ် ဖေဖေနှင့် အန်တီခင်နှစ်ယောက်ပဲ အပြင်ထွက်သွားတာလား သေချာမပြောတတ်။

အန်တီခင့်ကားလည်း မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာပဲဖြစ်ဖြစ်ပေါ့လေ ဖူးမွန်မျက်လုံးထဲမှာ တစ်ယောက်နှင့်တစ်ယောက် မှတ်သိပ်စွာ ဖက်ပြီး နမ်းရှုပ်နေကြသော မြင်ကွင်းက မပျောက်။

သို့အတွက် ချေပီးကိုသာ မျက်နှာရှေ့ ဆွဲမြှောက်ပြီး. . .

"ကဲ. . . ချေပီးရေ နင်နဲ့ငါနဲ့ နှစ်ယောက်ပဲ လောကကြီးထဲမှာ ပျော်ပျော်နေတော့မယ်၊ လာဟာ၊ တို့ငယ်ငယ်တုန်းကလိုပဲ နင်နဲ့ငါနဲ့ ပြေးတမ်းလိုက်တမ်း ဆော့ရအောင်"

ပြောရင်းနှင့် ချေပီးကိုလည်း မြေကြီးပေါ် ချပေးလိုက်သည်။ အဝင်လမ်းက ဆင်ဝင်အောက်အထိ ရောက်သည်။ လမ်းနှင့်ကွန်ကရစ်အခင်းအစပ်မှာ အုတ်ရိုးပေါင်လေးခံ၍ အုတ်ရိုးပေါင်နှင့် ခြံစည်းရိုးအုတ်တံတိုင်းအကြားမှာ မြက်ခင်းပြင်နှင့် ပန်းဥယျာဉ်လေး လုပ်ထားသည်။

ထိုဥယျာဉ်မြက်ခင်းပြင်လေးမှာ ဖူးမွန်နှင့် ချေပီး ပြေးတမ်းလိုက်တမ်း ကစားနေသည်။

ထိုမိနစ်ပိုင်းလေးမှာပင် အပြောင်းအလဲတစ်ခုက ဖြစ်သွားသည်။

❋ ❋ ❋ ❋

ဖူးမွန်နှင့်ချေပီး ပြေးလွှားဆော့ကစားနေရာကနေ ရုတ်တရက် ချေပီး ထရပ်လိုက်သည်။

ဘာလဲဆိုတော့ ထုံးစံအတိုင်း မြက်ခင်းပေါ် ဆင်းလာနား



သည့် စာကလေးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့်ပင်။

စာကလေးက ခုန်ဆွခုန်ဆွနှင့် ဟိုနေရာ သည်နေရာ ရွှေ့သည်။ ချေပီး စာကလေးတွေ့လျှင် ငယ်ငယ် ကတည်းက ဘယ်လိုမှ မနေနိုင်။ ကားခနဲ မြေကြီးပေါ်မှာ ထိုးကပ်လိုက်ပြီး စာကလေးကို ခုန်အုပ်ရန် ချောင်းသည်။

ဖူးမွန်က လှမ်းမြင်လိုက်သဖြင့်. . .

"ဟေ့. . . ချေပီး၊ မလုပ်နဲ့နော်၊ စာကလေးကိုမဖမ်းနဲ့"

သို့သော် မမီလိုက်တော့၊ စာကလေးကို ဖွတ်ခနဲ ခုန်အုပ်သည်။ စာကလေးက သူ့ထက်ပိုလျှင်စွာဖြင့် ရုတ်ခနဲ ထပျံသည်။ ပြီးတော့ အုတ်ရိုးပေါင်အနိမ့်လေးပေါ် သွားနားသည်။

ချေပီးက လိုက်၏။ စာကလေးက ကားလမ်းမ ပေါ်အထိ ပျံဆင်းသွားသည်။

"ဟဲ့. . . မလိုက်နဲ့တော့ ချေပီး၊ တော်တော့"

ပြော၍မှစကားမဆုံးသေး ကားတစ်စီးက ဖွင့်ထားသော ဂိတ်တံခါးမှနေ မောင်းဝင်လာသည်။ လမ်းဟိုဘက်အထိရောက်သွားသော ချေပီး ဖူးမွန်ခေါ်သံကြောင့် ပြန်ကူးအပြေးနှင့် ထိုနေရာကို ကားဖြတ်အမောင်းနှင့် ကြုံသည်။

"ကျွီ"

ကားဘရိတ်အုပ်လိုက်သော်လည်း မမီလိုက်တော့။ ဘရိတ်အနင်း ကားဘီး လုံးဝရပ်မသွားခင်စပ်ကြားလေးမှာ ချေပီးက ကားဘီးတည့်တည့်အောက် ရောက်သွားသည်။ ချေပီးကို ကားရှေ့ဘီးဖြင့် တက်ကြိတ်လိုက်သည်ကို ဖူးမွန် မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အား. . . အမယ်လေး. . . သေပါပြီ"

ဖူးမွန် ငယ်သံပါအောင် အော်ထည့်လိုက်သည်။ တကယ်လည်း ချေပီး အသက်မရှိတော့။ ကားဘီးဖြတ်နင်းသွားသည့်အတွက် ရှေ့ဘီးနှင့် နောက်ဘီးအကြား လမ်းပေါ်မှာ သွေးအိုင်ထဲလဲ၍ ချေပီး အသက်ပျောက်နေသည်။ ဖူးမွန် တအားပြေးသွားသည်။

သို့သော် ကားပေါ်က ကားမောင်းလာသူက သူမထက်ပိုလျှင်မြန်သည်။ ကားပေါ်ကဆင်းပြီး ကြောင်လေးကို ပွေ့ယူလိုက်သည်။

"ဟင်"

ဖူးမွန် ချောက်ချားနေရသည့်အထဲ ထပ်မံ၍ အံ့သြတုန်လှုပ်သွားသည်။ ကားပေါ်မှဆင်းပြီး ကြောင်လေးကို ချီပွေ့လိုက်သူက တခြားမဟုတ်။ ကိုမင်းထက်ခေါ် ကိုကြီး ဖြစ်နေလေသည်တကား။

✹ ✹ ✹ ✹



## အခန်း (၈)

"ဆောရီးပဲ ဖူးမွန်ရယ်၊ ကိုကြီး အရမ်းစိတ်မကောင်းဖြစ်တာပဲ၊ ချေပီး ပြေးလာတာကို ကိုကြီး မြင်လိုက်တယ်၊ မြင်မြင်ချင်းပဲ ဘရိတ်အုပ်လိုက်ပါတယ်၊ ဒါပေမယ့်. . ."

မင်းထက်က ကြောင်လေးကို ယုယုယယပွေ့ထားရင်း အက်ကွဲသောအသံဖြင့် ပြောသည်။ သူ့လက်များတွင်လည်း ချေပီးကိုယ်မှထွက်လာသော သွေးများဖြင့် စွန်းထင်းနေ၏။ ဖူးမွန်မျက်နှာတင်းခနဲ ဖြစ်သွားသည်။

"ဒါပေမယ့် ချေပီးကိုတော့ ကိုကြီးကားနဲ့ တက်ကြိတ်လိုက်တာပဲ မဟုတ်လား၊ ခု ဘယ်လိုလုပ်မလဲ၊ ချေပီးသေသွားပြီ၊ မုန်းတယ် . . . မုန်းတယ်၊ ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်၊ ချေပီးကို ရှင်သတ်တာ"

"မတော်တဆဖြစ်သွားတာပါ ဖူးမွန်၊ ကိုကြီး ချေပီးကို သတ်တာမဟုတ်ပါဘူး"

"အိုး. . . သတ်တာ. . . သတ်တာ၊ ကျွန်မ သိတယ်၊ ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ဒုက္ခပေးရတာ အားမရလို့ ကျွန်မသိပ်ချစ်တဲ့ကြောင်လေးကိုပါ ထပ်သတ်တာ၊ ပေးပါ ကျွန်မကြောင်၊ ရှင်မကိုင်ပါနဲ့၊ ရှင့်လိုရက်စက်တဲ့လူက ကျွန်မကြောင်လေးအသားကို မထိပါနဲ့၊ အို. . . မုန်းတယ်၊ မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတာပဲ"

ဖူးမွန်က ငိုလည်းငို၊ အော်လည်းအော် လုပ်ရင်းကနေ ချေပီးကို မင်းထက်လက်ထဲမှ လုယူသည်။ မင်းထက်က ဖူးမွန်လက်ထဲမှ ကြောင်လေးကို ပြန်ယူရင်း. . .

"ဘာလုပ်မလို့လဲ ဖူးမွန်၊ ပေးပါ၊ ကိုကြီးကိုပဲ ပြန်ပေးပါ၊ ကိုကြီး သူ့ကို ကောင်းကောင်းမွန်မွန် မြှုပ်ပေးပါ့မယ်၊ ဖူးမွန်လက်တွေတောင် သွေးတွေပေသွားပြီ"

"အို. . . မသိဘူး မသိဘူး၊ ဘာမှလာမပြောနဲ့၊ ရှင့်အသံလဲ မကြားချင်ဘူး၊ ရှင့်မျက်နှာလဲ မကြည့်ချင်ဘူး၊ ရှင့်ကိုမုန်းတယ် သိရဲ့လား၊ ရှင့်ကို အရမ်းမုန်းတယ်"

ပြောပြောဆိုဆိုနှင့် ဖူးမွန် ချာခနဲ လှည့်ပြေးထွက်သွားသည်။

နောက်ကို လုံးဝလှည့်မကြည့်တော့ဘဲ ဟိုတယ်ထဲ ပြန်ဝင်၍ အပေါ်ထပ်ရောက်အောင် လှေကားအတိုင်း ပြေးတက်သွားသည်။

မင်းထက်က သက်ပြင်းကြီးချရင်း ဖူးမွန်ကို မျက်စိတစ်ဆုံးလှမ်းကြည့်ရင်း ကျန်ခဲ့၏။ သူလည်း ဘာမှမလုပ်တတ်တော့။

❋ ❋ ❋ ❋



ဖူးမွန်စိတ်ထဲမှာ နာကြည်းလွန်းသဖြင့် မျက်ရည်ပင် မကျနိုင်တော့။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လက်သီးကိုသာ ကျစ်ကျစ်ဆုပ်ထားမိသည်။ ခုချိန်မှာ မင်းထက်သာ သူမရှေ့မှာရှိပါက စိစိညက်ညက်ခြေပစ်လိုက်မည်ဟု ဒေါသနှင့်အတူ တွေးလိုက်သည်။

ခုလေးတင်ပဲ ဖူးမွန် စိတ်သက်သာရာရခဲ့သော ခံစားမှုလေးဖြင့် ပျော်ရသည်။ ချက်ချင်း သူကလာ၍ သူမ၏အပျော်များကို ဖျက်ဆီးသွား၏။

နှစ်ခါရှိပြီဟု ဖူးမွန် နာကျည်းစွာ တွေးသည်။

ပထမတစ်ခါက ဖူးမွန်ဘဝတွင် အပျော်ဆုံးအချိန် ဖြစ်နေသည့် အချိန်လေးမှာ သူကိုယ်သူ ဖူးမွန်ဘဝထဲမှ ဆွဲထုတ်သွားရင်း ဖူးမွန်နှလုံးသားများကို ချေဖျက်ခဲ့သည်။

ခုတစ်ခါ သူပစ်ခွာထားခဲ့သည့် ဘဝမှာ ဖူးမွန် အလိုမကျမှုများစွာဖြင့် စိတ်ညစ်နေရာက ပျော်မည်ဟု ကြံရုံရှိသေး ဖူးမွန်ချစ်သောကြောင်လေးကို ဖူးမွန်ဘဝထဲမှ ဆွဲထုတ်သွားပြန်သည်။

သည်လိုလူမျိုးတစ်ယောက်ကို ခွင့်လွှတ်နိုင်စရာ မရှိတော့။ လူယုတ်မာကြီး၊ ငါ့ဘဝကို အကြိမ်ကြိမ်ဖျက်ဆီးတယ်ဟု စိတ်ထဲကနေ ကျိတ်ဆဲလိုက်သည်။

"မရဘူး၊ ဒီအတွက် သူ့ကို ဘယ်လိုမှခွင့်မလွှတ်နိုင်တော့ဘူး၊ ဒီဒုက္ခမျိုး သူခံစားဖူးအောင် တစ်နည်းနည်းနဲ့ လက်စားချေရမယ်၊ ဒုက္ခပြန်ပေးရမယ်"

စိတ်ထဲကနေ အခဲမကျေစွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့မှာပေါ့ ကိုမင်းထက်ရယ်၊ ဘယ်တော့မှ မတွေ့ရဘူးလို့ထင်တဲ့ ရှင်နဲ့ကျွန်မတောင် ခဏခဏ ပြန်တွေ့နေရသေးတာပဲ၊ ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေးပါ။ ဘယ်နည်းနဲ့ ပြန်ဒုက္ခပေးရပေးရ ရှင့်စိတ်ကို ဒုက္ခပြန်ပေးရမှ ကျွန်မ ကျေနပ်မယ်၊ ရှင့်ကို တစ်သက်မကျေဘူး"

လက်စားချေစရာ နည်းလမ်းများကိုလည်း ဘယ်လိုမှ စဉ်းစား၍မရ။ နောက်ဆုံး ဒေါသဖြစ်ဖြစ်ဖြင့် ခုတင်ပေါ်မှာ မှောက်ပြီး အားရပါးရ ငိုပစ်လိုက်သည်။

ငိုရင်းနှင့်မောပြီး ဖူးမွန် မေးခနဲ အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ မင်းထက်ရင်ကို ဖူးမွန် အားရပါးရ ထုရိုက်နေမိသည်။

* * * *

အိပ်ရာမှနိုးပြီး ရေမိုးချိုး၊ ဒေါသမပြေသေးသော်လည်း အိပ်မပျော်ခင်ကလောက် မပြင်းထန်တော့။ သည်အချိန်မှာ တယ်လီဖုန်းက အသံမြည်လာသည်။

လွှမ်းမိုးနိုင်ဆီကပဲဖြစ်မည်ဟု ဖူးမွန် တွက်လိုက်၏။

အရေးထဲ သည်ဘာမှန်းညာမှန်းမသိတဲ့ကောင်က သူနှင့် ခရီးသွားဖို့ပဲ ထပ်ပြောဦးမယ်၊ ပြောလေ၊ ခုနေပြောလို့ကတော့ အပြတ်ကို အော်ထုတ်ပစ်လိုက်မည်ဟု တွေး၍ တယ်လီဖုန်းကို ဆောင့်ကြီးအောင့်ကြီး မ,ယူလိုက်သည်။

"ဟယ်လို"



တစ်ဖက်မှအသံကို အရင်ကြားရသည်။ ဖူးမွန်နည်းနည်း ကြောင်သွားသည်။ သည်အသံပိုင်ရှင်ကို သူမ ရုတ်တရက် ဘယ်သူမှန်းမသိ။ ဖေဖေလည်းမဟုတ်၊ လွှမ်းမိုးနိုင်လည်းမဟုတ်။ သည်အခန်းကို အောက်ထပ် တယ်လီဖုန်းစက်ခလုတ်ခုံက တိုက်ရိုက်ဆက်သွယ်ပေးလိုက်သဖြင့် ဖုန်းကတော့ သူမအတွက် ဖုန်းပဲဖြစ်သည်။

"ဟယ်လို"

တစ်ဖက်မှအသံ ထပ်မံပေါ်ထွက်လာသည်။

"ဟယ်လို. . . ပြောပါ၊ ဘယ်သူပါလဲ"

ဖူးမွန်က အသံပြန်ပြုလိုက်သည်။ တစ်ဖက်မှအသံ ခဏရပ်သွားပြီး၊ ပြီးမှ တိုးလျှိုးသောလေသံဖြင့် ပြန်ပေါ်လာသည်။

"ဖူးမွန်. . . ဖူးမွန်လား၊ ကိုကြီးပါ ဖူးမွန်၊ မင်းထက်ပါ"

ဖူးမွန် စက္ကန့်ပိုင်းမျှ အသက်ရှူရပ်သွားပြီး ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားသည်။

ဖူးမွန် ပြန်ချပစ်လိုက်လျှင် ကောင်းမည်လား။ သို့သော် မသိစိတ်ကလည်း ကိုကြီးအသံကို ဖုန်းထဲမှာ မမှတ်မိဘူး၊ လူကြီးတစ်ယောက်အသံနှင့် တူနေတယ်ဆိုသော အတွေးလေးဝင်ပြီး ကိုကြီး ဘာပြောမလို့လဲ စိတ်ဝင်စားနေသည်။'

"နေ့ခင်းက ဖူးမွန်ရဲ့ကြောင်လေးကိစ္စကို ကိုကြီး ထပ်တောင်းပန်ပါတယ်၊ သူ့ကို ကိုကြီး ကောင်းကောင်းမွန်မွန် မြှုပ်ပေးလိုက်ပါတယ်၊ ဒါပေမယ့် အဲဒီကိစ္စထက် အရေးကြီးတဲ့ကိစ္စတစ်ခု ကိုကြီး ပြောစရာရှိလို့"

ဖူးမွန် ဘာမှမပြောဘဲ ငြိမ်နားထောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ကိစ္စ" ဘာကိစ္စများလဲ။ ဖူးမွန်စိတ်ဝင်စားသွား၏။ မင်းထက်က ဆက်ပြီး. . .

"အဲဒီတုန်းက အဲဒီအရေးကြီးတဲ့စကားတစ်ခွန်း ပြောချင်လို့ ကိုကြီး ဖူးမွန်ဆီ လာခဲ့တာပါ၊ ဒါပေမယ့် ကြောင်လေးကိစ္စ ပေါ်သွားတော့ ကိုကြီး ဘာမှမပြောခဲ့ရဘူး၊ ကိုကြီးပြောတာ နားထောင်နေရဲ့လား ဖူးမွန်၊ ဟယ်လို. . . ဟယ်လို"

"ပြောပါ၊ နားထောင်နေပါတယ်"

အရေးကြီးသောကိစ္စ ဆိုသည်ကို ဖူးမွန် စိတ်ဝင်စားသွားတာ အမှန်ပင်ဖြစ်၏။

ဘာလဲ။ ကိုကြီး ဖူးမွန်ကို လက်မထပ်ဘူးလို့ပြောခဲ့တာ မှားမှန်းသိနေပြီလား။ တကယ်ဝေးကွာသွားတော့မှ ချစ်သူကို စွန့်လွှတ်ရခြင်းကိစ္စသည် ဘယ်လောက်ပင်ပန်းမှန်း ကိုကြီးသိနေပါပြီဟု ပြောမလို့လား။ ဖူးမွန်စိတ်ထဲ မျှော်လင့်ချက်လေး ဝင်းလက်သွားသည်။

"ဒီလို. . . ဖူးမွန်၊ ကိစ္စက တခြားမဟုတ်ဘူး၊ အခု ဖူးမွန် ဒေါ်မြထိမ်ညွှန့်ခင်ရဲ့တူ လွှမ်းမိုးနိုင်ဆိုတဲ့ကောင်လေးနဲ့ တွဲနေတယ် မဟုတ်လား"

ဖူးမွန်မဲ့ပြုံးပြုံးလိုက်သည်။ ဘာလဲ။ သူများလက်ပါတော့မယ်ဆိုမှ ကိုကြီး နှမြောနေမိပြီလား။ ဖူးမွန်တို့ မင်္ဂလာဒုံရပ်ကွက်လေးထဲမှာ အလှူတို့၊ မွေးရုံဆွမ်းလောင်းပွဲတို့မှာ အမြဲဖွင့်ဖွင့်နေပြီး မေမေကလည်း အမြဲဆိုဆိုပြနေသဖြင့် မှတ်မိနေသော ဇာတ်စကားတစ်ပုဒ်ကို သတိရသည်။

မေမေတို့ငယ်ငယ်တုန်းက နာမည်ကြီး ဇာတ်မင်းသား



ရွှေကျီးညိုနှင့် နာမည်ကြီးမင်းသမီး ပဲခူးမြတို့၏ သဒ္ဒါသုမနဇာတ်ထဲမှ မင်းသမီးက မင်းသားကိုခနဲ့သော စာသားလေး။

ဇာတ်လမ်းထဲမှာ သူဌေးသားကိုသောနနှင့် အလျှုအတန်းပေး ရက်ရောသော မယ်သုမနက ကိုသောနတို့အိမ် လိုက်နေသည်။

ကိုသောနနှင့် မယ်သုမနတို့ကို သဘောမတူသော ဖခင်သူဌေးကြီးက ကိုသောနကို ဥပါယ်တံမျဉ်ဖြင့် အခြားအရပ်သို့ ကုန်ရောင်းလွှတ်ပြီး သားအငယ် စူဠသောနကို ကိုသောနယောင်ဆောင်စေ၍ မယ်သုမနကို မပေါင်းနိုင်ဘူးဟုဆိုကာ ရိုက်နှက်နှင်ချခိုင်းသည်။ ကိုသောနအစစ်ထင်၍ မယ်သုမန ကြေကွဲစွာဖြင့်ဆင်းသွားသည်။ ထိုမယ်သုမနကို ရှင်ဘုရင်က တွေ့သောအခါ သဘောကျသဖြင့် မိဖုရားမြှောက်သည်။

ကိုသောန အိမ်ပြန်ရောက်၍ မယ်သုမနမရှိတော့ဟု သိသိချင်း နောက်ကလိုက်ရှာသည်။ သည်ရောက်တော့ မိဖုရားဖြစ် နေသော မယ်သုမနနှင့် တွေ့သည်။ မယ်သုမနကို ပြန်လိုက်ခဲ့ဖို့ ပြောရာ ကိုသောနကို စိတ်နာနေသော မယ်သုမနက ပြောသောစကားလေး။

"ဒီမှာ ကိုသောန၊ သုမနကို သေချာကြည့်စမ်းပါ၊ ကိုကို့လို သူဌေးသားက မပေါင်းချင်လို့ စွန့်ပစ်လိုက်ပေမယ့် မိဖုရားလောက်တော့ ဖြစ်ပါသေးတယ်တော့" တဲ့. . .

ခုလည်း လွှမ်းမိုးနိုင်နှင့် တွဲနေသည့်အတွက် နှမြောစကားနှောင်တစကားဆိုလာလျှင် နည်းနည်းလေးလောက်တော့ မှတ်လောက်သားလောက်ဖြစ်သွားအောင် ခနဲ့လိုက်ဦးမည်ဟု တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကျတော့ ဘယ်သူကမှ သူ့ကိုယ်စား ဝင်သရုပ်ဆောင်၍ နှင်လွှတ်သည် မဟုတ်ဘဲ သူကိုယ်တိုင် သူ့ဆုံးဖြတ်ချက်နှင့် နှင်လွှတ်ခဲ့သူ။

"ဒီမှာလေ ကိုမင်းထက်ရဲ့ ဖူးမွန်စကားကို သေချာနားထောင်စမ်းပါ။ ကိုမင်းထက်တို့လို အယ်ဒီတာ အစုတ်ပလုတ်က မပေါင်းချင်လို့ နှင်လိုက်ပေမယ့် သူဌေးသားကတော် လူကြီးချွေးမတော့ ဖြစ်နိုင်ပါသေးတယ်တော့" ဟု။

ခုမှတော့ နှမြောစကားဆိုဖို့ မစဉ်းစားနဲ့ ကိုကြီးရေ။ မယ်သုံမနပြောသလိုပဲ ပြောလိုက်ဦးမယ်။

"ကိုသောန၊ သုမနကိုနှမြောသလား"
ခုမှ နှမြောကြသလား မောင်ရဲ့
ဟောဒီက သုမနကျော ဒဏ်ရာတွေနဲ့
ပြန်ပါလေ ရိုက်နှင်ပစ်တာကြောင့်
တစ်ယောက်ကြင် နောက်လင်စစ်ကယ်နဲ့
မဟေသီ ဒေဝီဖြစ်ခါမှ ကိုသောနရယ်
အခုတော့ ချစ်လို့မဖြစ်ကြတော့ဘူး ကိုသောနရဲ့
မဟေသီ ဒေဝီဖြစ်တော့မှ
ကိုသောနရေ . . ပျို့မောင်ကြီးရဲ့
အမလေး ချစ်ကြပြန်သလား။

ဆိုပြီး ဝိုချင်းလေးတစ်ပုဒ်လောက်ပင် ဝိုဝိုမိုမို ဆိုပြလိုက်ဖို့ ကောင်းသည်။

အတွေးဖြင့် ပျော်သလိုဖြစ်သွားသူ ဖူးမွန်က . .

"ဟုတ်တယ်လေ ကိုမင်းထက်၊ ကျွန်မ အခု လွှမ်းမိုးနိုင်



ဆိုတဲ့ တက္ကသိုလ်ကျောင်းသား သက်တူရွယ်တူ၊ ရုပ်ချောချောသူဌေးသားလေးနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် တွဲနေတယ်၊ အဲဒါဘာဖြစ်လဲ"

တစ်ဖက်မှ သက်ပြင်းချသံကို ဖုန်းထဲမှ ပီပီသသကြားလိုက်သည်။ သက်ပြင်းချသံဆုံးမှ . . . .

"ကိုကြီးလဲ အစကတည်းက ဒီလိုပဲဖြစ်စေချင်လို့ ဖူးမွန်ကိုသူဌေးသမီးဘဝနဲ့ စည်းစိမ်အပြည့် ခံလိုက်ပါဦးလို့ပြောခဲ့တာပေါ့ဖူးမွန်ရယ်၊ အခုကိစ္စက ဖူးမွန်ကို မနာလိုလို့၊ လွှမ်းမိုးနိုင်ကို မရှုစိမ့်လို့ ပြောမယ့်စကားမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"လွှမ်းမိုးနိုင်ဟာ အစစအရာရာပြည့်စုံပြီး ဖူးမွန်နဲ့ အရမ်းလိုက်ဖက်တဲ့ အဖော်မွန်တစ်ယောက်ပါ။ ဒါပေမယ့် ကိုကြီး သိရသလောက် လွှမ်းမိုးနိုင်မှာ တော်ရုံလူ ဘယ်သူမှမသိတဲ့အဖြစ်တစ်ခုရှိတယ် ဖူးမွန်၊ အဲဒီအဖြစ်က ဖူးမွန်အတွက်ရော သူ့အတွက်ရော မကောင်းဘူး၊ အဲဒါလေးတော့ သူ့ကိုဆင်ခြင်ဖို့ ဖူးမွန် သူ့ကိုသေချာပြောပြပါ"

"ဘာအဖြစ်လဲ"

"ကိုကြီးမှာ ခိုင်လုံတဲ့ သက်သေအထောက်အထားမရှိဘဲ ဒီလိုလူတစ်ယောက်ကို မစွပ်စွဲချင်ဘူး ဖူးမွန်၊ ဒါပေမယ့် တော်တော်ယုံကြည်လောက်တဲ့ တစ်နေရာကနေ ကြားရတဲ့သတင်းက မကောင်းဘူး၊ ဒါလောက်ပဲ ကိုကြီး ပြောပါရစေ"

မင်းထက်စကားများက သူမထင်ထားသလို ဖြစ်မလာသဖြင့် ဖူးမွန်က ဒေါသအရင်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ အဲဒီအပြစ်ကြောင့် ကိုမင်းထက်က ကျွန်မကို သူနဲ့ သဘောမတူဘူးပေါ့"

"မဟုတ်ပါဘူး ဖူးမွန်၊ ဘယ်သူနဲ့မှ ကိုကြီးက သဘောမတူဘူးဆိုတာ မရှိပါဘူး"

"ဩော် . . . ကိုယ်မလိုချင်လို့ ပစ်လိုက်ပြီပဲ၊ ကျီးထိုးထိုး၊ ခွေးစားစား ဆိုတဲ့သဘောပေါ့"

"ဘာတွေပြောနေတာလဲ ဖူးမွန်၊ ဘာဖြစ်လို့ ကိုကြီးကို နားလည်မှုလွဲဖို့ပဲ စဉ်းစားနေတာလဲ၊ ဖူးမွန် အခု ကိုကြီးကို မေးရမှာက အထောက်အထား ခိုင်လုံလုံ၊ မခိုင်လုံလုံ လွှမ်းမိုးနိုင်မှာ ရှိတဲ့အပြစ်၊ ဒါမှမဟုတ် ချွတ်ယွင်းချင်ဆိုတာ ဘာလဲဆိုတဲ့မေးခွန်းပဲ မေးသင့်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သူ့ဟာသူ ဘာအပြစ်ရှိရှိ၊ ဘာပဲချွတ်ယွင်းချွတ်ယွင်း ကျွန်မကြိုက်ရင် ကျွန်မ ယူမယ်၊ ဒါပဲ၊ ကျွန်မကို ရှင်ဘာမှလာပြီး ဆရာလုပ်နေစရာမလိုဘူး"

ပြောရင်းဆိုရင်းနှင့်ပင် ခွပ်ခနဲ ဖုန်းကို ချလိုက်သည်။ ဒေါသများ ရင်ထဲမှာ လှိုင်းလုံးကြီးများကဲ့သို့ လိမ့်၍လိမ့်၍ တက်လာ၏။

❋ ❋ ❋ ❋

သည်တစ်ချက်ဟာ အကွက်ကောင်းပဲဟု ဖူးမွန် တွေးလိုက်သည်။ ခုတိုင်းဆို လွှမ်းမိုးနိုင်နှင့်ကိစ္စကို ကိုကြီး တစ်ခုခု စိုးရိမ်ပူပန်



နေတာကတော့ သေချာပြီ။ ဘာမှန်းသာ ဖူးမွန်မသိတာ။ နို့မို့သာဆို တကူးတက တစ်ခေါက်လာပြီး၊ ဖုန်းတစ်ခေါက်ဆက်ပြီး ဘာမှပြောနေဖို့မလို။

အကယ်၍သာ ခုချက်ချင်း လွှမ်းမိုးနိုင်နှင့် ဖူးမွန် တစ်ခုခု လုပ်ပြလိုက်လျှင် ကိုကြီး စိုးရိမ်ပူပန်စိတ်တွေက သည်ထက်ပိုကြီးမားလာမှာ အမှန်။

သည်တိုင်းဆို လွှမ်းမိုးနိုင်မှာ ရှိနေသည်ဆိုသည့် အပြစ်က သေးသေးမဟုတ်ပဲ အကြီးကြီးဖြစ်နေပါစေဟုပင် ဆုတောင်းရမလို ဖြစ်နေပြီ။

အပြစ်ကြီးလေ ကိုကြီး သောကက ပိုကြီးလေဖြစ်မည် မဟုတ်ပါလား။ ဘာအပြစ်ရှိရှိ ကိုကြီး မဖြစ်စေချင်သော ကိစ္စတစ်ခုကို ဖွတ်ဖြစ်ပြလိုက်ဖို့သာ အရေးကြီးသည်။

ဖူးမွန် ဆုံးဖြတ်ချက်တစ်ခု ချက်ချင်းချလိုက်ပြီး ဖုန်းခွက်ကို မြှန်မ,လိုက်၏။

လွှမ်းမိုးနိုင်ဆီ ဖုန်းဆက်ဖို့။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"လွှမ်းမိုးနိုင်နဲ့ ဟုတ်လား သမီး"

"ဟုတ်တယ် ဖေဖေ"

"နှစ်ယောက်တည်းလား"

"ဟုတ်ကဲ့. . . နှစ်ယောက်တည်းပဲ ဖေဖေ"

"တောင်ကြီးကိုနော်"

"ဟုတ်ကဲ့. . . တောင်ကြီးကို"

"တစ်ပတ်လောက်ကြာမယ် ဟုတ်လား"

"ဟုတ်ကဲ့၊ တစ်ပတ်လောက် ကြာပါမယ်"

"ဖြစ်ပါ့မလား သမီး၊ ဖေဖေက သမီးကို အများကြီး အလိုလိုက်ချင်ပါတယ်၊ ဒါပေမယ့် အဲလောက်ကြီးတော့ ဖေဖေစိတ်မချဘူး"

အစီအစဉ်များက ဆက်တိုက်လိုလို အံဝင်ခွင်ကျဖြစ်ချင်နေတော့ လွှမ်းမိုးနိုင်ဆီ ဖုန်းဆက်ပြီး မကြာခင် ဖေဖေ အပြင်က ပြန်ရောက်လာသည်။ စောစောက ဖေဖေနှင့် အန်တီခင် ပျောက်



သွားခြင်းမှာ အခန်းထဲဝင်သွားခြင်းမဟုတ်တာတော့ သေချာသွား၏။

သို့သော် ဖေဖေ့အပေါ်မှာလည်း မကျေနပ်စိတ်လေးကရှိနေသေးဆဲမို့ ဖေဖေ့စကားအဆုံးမှာ ဖူးမွန်က စိတ်ထဲကနေကျိတ်ရယ်လိုက်ပြီး. . .

"ကောင်းပါတယ် ဖေဖေ၊ ဖေဖေ့စိတ်ထဲ ကသိကအောက်ဖြစ်တော့ သမီးဝမ်းသာရဖာပေါ့၊ ဖေဖေလဲ ခုနလေးတင် သမီးစိတ်ကသိကအောက်ဖြစ်အောင် လုပ်ခဲ့သေးတာပဲ၊ ဘာ်ာထူးလဲ၊ အတူတူပဲ၊ ဖေဖေလဲ ကိုကြီးလိုပဲ သမီးကို နှိပ်စက်တဲ့အထဲမှာ ပါတာပဲ၊ လုပ်ပြမယ် ဖေဖေ၊ ဖေဖေတို့ ကိုကြီးတို့ မကြိုက်တာတွေမှန်သမျှ အားလုံးကိုရှာပြီး ဖူးမွန် လုပ်ပြတော့မယ်" ဟု တွေးသည်။ နှုတ်ကတော့. . .

"စိတ်မချစရာ ဘာမှမရှိပါဘူး ဖေဖေ၊ လွှမ်းမိုးနိုင်က ကလေကချေမှ မဟုတ်ဘဲ၊ လူကြီးလူကောင်း သားသမီး၊ အန်တီခင့်တူပဲဟာ"

"မဟုတ်ဘူး သမီး၊ လွှမ်းမိုးနိုင်က လူကြီးလူကောင်း သားသမီး၊ ပြီးတော့ ခင့်တူဆိုပေမယ့် သူနဲ့ပတ်သက်ပြီး ခင်ကိုယ်တိုင်က ဖေဖေ့ကို စိုးရိမ်စိတ်နဲ့ တစ်ခုပြောထားတာရှိတယ်"

"ဟင်. . ."

'ခင်' ဆိုပါလားဟု ဖူးမွန်စိတ်ထဲကနေ ရေရွတ်လိုက်သည်။ မနေ့တစ်နေ့ကမှ ဒေါ်မဠခင်ကတွေ ဘာတွေပဲရှိသေးသည်။ ခုကျတော့ 'ခင်' ဖြစ်နေပါပကော။

ဒါကျတော့ သူမက ဘာမှမပြောရတော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



အလကားပဲ။ သူတို့လုပ်တာကျတော့ အကုန်ကောင်းသည်။ ကလေးပေါ့ လုပ်တာကျတော့ ဘာတစ်ခုမှ သဘောမကျ။ ဟိုကလှည့် အပြစ်မြင်၊ သည်ကလှည့်အပြစ်မြင်။ လူငယ်တွေရဲ့ခံစားမှု၊ လူငယ်တွေရဲ့နှလုံးသား၊ လူငယ်တွေရဲ့ဘဝကျတော့ သူတို့ ဘာမှ စာနာ နားလည်နိုင်ဖို့ မကြိုးစားကြဘူး။

"အဲဒါတွေ သမီး သိပ်စိတ်မဝင်စားဘူး ဖေဖေ၊ ဖေဖေ သမီးကို ပြောပြပြီးသား၊ သမီးတို့ကိစ္စမှာ ဖေဖေတို့ ဘာမှ ဝင်မစွက်ဖက်ပါဘူးလို့၊ အန်တီခင်နဲ့ ဖေဖေ့ကိစ္စကိုလဲ သမီးဘာမှ ဝင်မစွက်ဖက်ဘူး မဟုတ်လား"

"သမီးကိစ္စမှာ ဖေဖေ ဝင်စွက်ဖက်တာမဟုတ်ဘူး၊ ခုလဲ လွှမ်းမိုးနိုင်ကို သမီးလက်ခံသင့် လက်မခံသင့် အဆုံးအဖြတ် ပေးနေတာမဟုတ်ဘူး၊ သမီးအတွက် စိုးရိမ်ရတဲ့ ကိစ္စတစ်ခုရှိနေတယ် ဆိုတာရယ်၊ တောင်ကြီးကို ဒီလိုသွားဖို့ သင့်မသင့်ဆိုတာရယ်ပဲ ဖေဖေ စဉ်းစားနေတာ"

"စဉ်းစားမနေနဲ့တော့ ဖေဖေ၊ လွှမ်းမိုးနိုင်ကို သမီးဖုန်းဆက်ပြီးပြီ၊ သူကလဲ သမီးနဲ့သွားဖို့ ပြင်ဆင်ပြီးနေလောက်ပြီ"

"ဟင်. . . သမီးက ဘယ်တော့သွားမှာမို့လို့လဲ"

"ဒီညပဲထွက်မှာ"

"ဟာ. . . တန်ဆောင်တိုင်ရောက်ဖို့က လေးငါးခြောက်ရက်လောက် လိုသေးတာပဲ"

"ဟုတ်တယ် ဖေဖေ၊ ဒါပေမယ့် သမီး အဲဒီရက်အတော်နောက်ထပ်သုံးလေးရက် ဒီရန်ကုန်မှာ မနေချင်တော့ဘူး၊ ဒီတိုင်းရန်ကုန်မှာ ဆက်နေရင် သမီးကိုယ်သမီး တစ်ခုခု လုပ်မိလိမ့်မယ်"



တကယ်လည်း လွှမ်းမိုးနိုင်ကို သူမ ခုညပဲ ထွက်မည်ဖြစ်ကြောင်း ပြောထားခဲ့ပြီးဖြစ်၏။

* * * *

"ဟယ်လို. . . လွှမ်းမိုးနိုင်ပါ"

"လွှမ်းမိုးနိုင်၊ ငါ ဖူးမွန်ပါ"

"ဟား. . . ဖူးမွန် ပြော၊ ဘယ်လိုလဲ. . . သွားဖြစ်မလား"

"သွားဖြစ်တယ်၊ ဒါပေမယ့် နင်ပြောတဲ့ အစီအစဉ်နဲ့ မဟုတ်ဘူး၊ ငါသွားချင်သလို စီစဉ်ပေးရင် ငါလိုက်မယ်"

"ရတယ်လေ၊ ပြော၊ ငါဘယ်လိုစီစဉ်ပေးရမလဲ"

"ငါ ဒီညထွက်ချင်တယ်"

"ဟင်. . . ဒီည ဟုတ်လား"

"ဟုတ်တယ်၊ ဒီည၊ ဒီညမှာ နင်နဲ့ငါ ရန်ကုန်မြို့ကနေ အနည်းဆုံး မိုင်တစ်ရာကျော်လောက်ဝေးတဲ့ တစ်နေရာမှာ ငါ ရောက်နေချင်တယ်"

"ဒါဆို"

"ဒါဆိုတွေဘာတွေ လုပ်မနေနဲ့၊ ဒို့ပြင်လူလဲ ဘယ်သူမှ မခေါ်နဲ့၊ နင်နဲ့ငါ နှစ်ယောက်တည်း သွားမယ်၊ ဟိုမှာလဲ ကြာချင်သလောက်ကြာမယ်၊ ပိုက်ဆံ လုံလုံလောက်လောက်ထည့်လာခဲ့၊ ဖြစ်မလား"

"ပိုက်ဆံက ဖြစ်ပါတယ်၊ လေးငါးသောင်းတော့ ယူလာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ မျှားနိုင်သလောက်သာ မျှားအောင်ယူလာ၊ ဒီထက်ပိုရအောင် ရှာနိုင်ရင်လဲ ပိုကောင်းတယ်"

"အဲဒါက ဖြစ်ပါတယ်၊ ငါ့မှာ ပိုက်ဆံက ဘယ်ကဲဆွဲဆွဲ အကြောင်းမဟုတ်ဘူး၊ သိတယ်မို့လား၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ကမန်းကတန်းကြီး ဆိုတော့"

"ဘာလဲ၊ မသွားချင်ဘူးလား လွှမ်းမိုးနိုင်၊ အဲဒီအစီအစဉ်ကို ဖျက်လိုက်ရမှာလား"

"ဟာ. . .မဟုတ်ပါဘူးဟာ၊ သွားတာတော့ သွားမှာပေါ့"

"အေး. . . သွားမှာပေါ့ဆိုရင် ငါပြောသလိုပဲလုပ် လွှမ်းမိုးနိုင်၊ ဖြစ်နိုင်ရင် နောက်တစ်နာရီနှစ်နာရီအတွင်းမှာ ငါ အိမ်ကထွက်ချင်တယ်"

"ပြဿနာပဲဟာ၊ ငါကလဲ သွားဖို့ရက်လိုသေးတယ်ဆိုပြီး အိမ်ကို ဘာမှမပြောရသေးဘူး၊ အေးလေ. . . ဒါပေမယ့် ဖြစ်တဲ့နည်းနဲ့ရအောင် ထွက်ရမှာပေါ့"

"နင့်ဟာနင် ထွက်ချင်တဲ့ပုံစံနဲ့ထွက် လွှမ်းမိုးနိုင်၊ ငါ ဒါတွေ ဂရုမစိုက်ဘူး၊ ငါ အခု အိမ်မှာမနေချင်တော့ဘူး၊ ဒါပဲ"

"အေး. . . အေး၊ အဲဒါဆို နင်ပြောသလိုပဲ ငါ မဖြစ်ဖြစ်အောင်စီစဉ်ပြီး လာခဲ့လိုက်မယ် ဖူးမွန်၊ နင်သာ အဆင်သင့်လုပ်ပြီးစောင့်နေ"

လွှမ်းမိုးနိုင်နှင့်က သည်လိုသဘောတူညီမှု ရပြီးသားဖြစ်၏။

✺ ✺ ✺ ✺



ဖူးမွန်စကားအဆုံးမှာ ဖေဖေက စိတ်မသက်သာစွာဖြင့် သက်ပြင်းချသည်။ ပြီးမှ. . .

"သမီး ဖေဖေ့စကားကို နားမထောင်တော့ဘူးလား"

"သမီးဘဝအတွက် အရေးကြီးဆုံးဖြစ်တဲ့ ကိစ္စတုန်းက ဖေဖေ့စကား နားထောင်ခဲ့ပြီးပြီ ဖေဖေ၊ ခုဟာက သမီးဘဝအတွက် ဘာမှအရေးအကြီးဘူး၊ လွှမ်းမိုးနိုင့်ကလည်း သမီးကို လက်ဖျားနဲ့တောင်မတို့ရဲဘူး၊ လာတို့ရင်လဲ သမီးက အသက်နဲ့လဲပစ်လိုက်မှာ၊ ခုဟာက သမီး စိတ်ပြေလက်ပျောက် အလည်ခရီး၊ အပျော်ခရီး ထွက်တာ"

"အဲဒါဆို သမီးအန်တီခင့်ကို အဖော်ခေါ်သွားမလား"

"သမီး ဖေဖေတို့စိုးရိမ်သလို လုံးဝမဖြစ်ဘူးလို့ အာမခံတယ်ဖေဖေ၊ သမီးကိုယ်သမီး အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်တယ်၊ သမီး ဘယ်သူ့မှ အဖော်မခေါ်ချင်ဘူး၊ အထူးသဖြင့် အန်တီခင်နဲ့ဆို ပိုမသွားချင်သေးတယ်"

"သမီး"

ဖေဖေ့အသံက တစ်မျိုးကြီးဖြစ်နေသည်။ ခါတိုင်းလို မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့်အဝရှိသော အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက်၏ အသံမျိုး၊ အမူအရာမျိုး မဟုတ်တော့။

သမီးဖြစ်သူအတွက် တကယ်သောကရောက်နေသော ဖခင်တစ်ဦး၏ အမူအရာမျိုး ပိုပီသလာသည်။ ဖေဖေ့မျက်နှာ ချက်ချင်း အိုမင်းသွားသည်ထင်ရ၏။

ဖေဖေ ပင်ပန်းကြီးစွာဖြင့် စကားတစ်ခွန်းကို ဆိုသည်။

"ဖေဖေ သမီးနဲ့ပတ်သက်လို့ စိတ်ကူးတွေးပြီး အမှား

www.burmeseclassic.com

www.burmeseclassic.com



အယွင်းတစ်ခုခု လုပ်မိပြီထင်တယ်၊ ဖေဖေအားလုံးကို အစကနေ ပြန်ပြီးပြုပြင်ဖို့ စဉ်းစားစေချင်တယ် သမီးရယ်၊ သမီး တစ်ရက်လေး တော့ ဖေဖေ့ကို ပြန်ပြုပြင်ဖို့ အချိန်ပေးပါလား၊ တကယ်လို့ ဖေဖေ ပြန်ပြုပြင်ပေးတဲ့ အချက်တွေကို မကြိုက်ရင် မနက်ဖြန်ညနေကျ သမီး စိတ်ကြိုက်လုပ်ပါ၊ သမီးသွားချင်ရာသွား၊ ဖေဖေ မတားတော့ ဘူး"

"မဖြစ်ဘူးဖေဖေ၊ သမီး အားလုံးစီစဉ်ပြီးသွားပြီ"

ဖေဖေက ခေါင်းခါရင်း လေပူတစ်ချက် မှုတ်ထုတ်သည်။

"အင်းလေ. . . တားမရရင်တော့ သမီး သိပ်သွားချင်နေတဲ့ခရီးကို သွားပါ၊ ဖေဖေ ခွင့်ပြုပါတယ်၊ ဒါပေမယ့် ဖေဖေ တစ်ခု တော့မှာလိုက်ချင်တယ်"

ဖေဖေက စကားကို ခဏရပ်သည်။ ဖူးမွန် ငြိမ်ပြီးနားထောင်နေသည်။

"စိတ်ထင်ရာကို စိတ်လိုက်မာန်ပါ လျှောက်လုပ်ချင်တဲ့ စိတ်ကို တတ်နိုင်သလောက် လျှော့ပါသမီး၊ တစ်ခုခုကို လုပ်တော့ မယ်ဆိုရင် စိတ်ကို နည်းနည်းတည်ငြိမ်အောင်ထားပြီးမှ ဆုံးဖြတ်ပါ ဘဝမှာ တချို့အမှားဟာ ပြင်ရခက်တယ် သမီး"

"ကိစ္စမရှိပါဘူး ဖေဖေ၊ သမီးဆုံးဖြတ်ချက်နဲ့သမီး တစ်ခုခု လုပ်လို့မှားရင်လဲ အဲဒီအမှားဒဏ်ကို သမီး ရဲရဲခံမှာပါ၊ အားလုံး ကို သမီး အလျှော့ပေးခဲ့တာများပြီ၊ ဒီတစ်ခါတော့ သမီး ဘယ်သူ့ ကိုမှ အလျှော့မပေးတော့ဘူး၊ သမီးစိတ်နဲ့သမီးကိုယ် သမီးလုပ်ချင် တာပဲ သမီးလုပ်တော့မယ်၊ ဖြစ်နိုင်ရင် ဖေဖေ တစ်ခုပဲ သမီးကို အကူအညီပေး၊ ဒီကိစ္စကို ကိုမင်းထက်သိအောင် ခုညတွင်းချင်း



အကြောင်းကြားပေးပါ၊ သူကလဲ ခုနလေးတင် သမီးဆီ ဖုန်းဆက် ထားသေးတယ်၊ လွှမ်းမိုးနိုင်နဲ့ပတ်သက်ပြီး သူ့မှာ စိုးရိမ်စရာတစ်ခု ရှိလို့တဲ့"

ဒါ အပြီးပြတ်စကားပဲဟု ဖူးမွန် မိုက်မိုက်ကန်းကန်းပင် တွေးလိုက်သည်။ သည်တစ်ခါ အားလုံးကို သူမ တစ်ချက်တည်းနှင့် အနိုင်ယူလိုက်နိုင်သည်ဟုလည်း ကျေနပ်သွားသည်။

နောက်နာရီဝက်အတွင်းမှာ ခရီးထွက်ရန်အတွက် ဖူးမွန် အဆင်သင့်ဖြစ်နေပြီဖြစ်၏။

ခုမှ တကယ့်ကို သူမဖြစ်ချင်လွန်းနေသည့် တိမ်များပေါ် က ငှက်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (လေး)

## ပေါက်ကွဲမှုနှင့် အဆုံးသတ်အဖြေ



### အခန်း (၁)

ဖေဖေနှင့် စကားပြောပြီး သိပ်မကြာခင်မှာပင် လွှမ်းမိုးနိုင် ရောက်လာသည်။

အောက်ထပ်ကနေ သူရောက်နေပြီဖြစ်ကြောင်း ဖူးမွန်ဆီ လှမ်းအကြောင်းကြားသည်။

ဖူးမွန်ကလည်း ခုလာခဲ့မည်ဟု ပြောပြီး အဝတ်အစား ထည့်၊ သေတ္တာဆွဲ၍ အခန်းထဲမှ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှ ဖေဖေက ငုတ်တုတ်။

"သမီးသွားမယ် ဖေဖေ"

ဖေဖေက ခေါင်းညိတ်ရင်း. . . .

"သိပ်မကြာစေနဲ့နော် သမီး"

"အခြေအနေအရပဲ ဖေဖေ"

ဖူးမွန် ကိုယ့်ဟာကိုယ် ကိုယ်လုပ်နေသော အလုပ်တွေ မဟုတ်မှန်းသိသည်။ သို့သော် တစ်ခါတစ်လေ လောကကို အဲလို အရွဲ့တိုက်တာ အရသာရှိလွန်းနေသဖြင့် နောင်တတွေဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ရမနေတော့ဘဲ ခပ်စိမ်းစိမ်းပင်ထွက်လာခဲ့သည်။

လွှမ်းမိုးနိုင်ကားဆီ ရောက်သောအခါ နောက်ခန်းထိုင်ခုံပေါ်မှာ ပစ္စည်းများတင်၍ သူက ရှေ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း. . .

"ရပြီ လွှမ်းမိုးနိုင်၊ သွားတော့"

လွှမ်းမိုးနိုင်ကဘာမှမပြောတော့ဘဲ ကားကိုသာ မောင်းထွက်သည်။ ပန်းဖူးမွန်ဝင်းထဲကနေ အပြင်ကိုရောက်မှ လွှမ်းမိုးနိုင်က ကားကို ဘေးကပ်ရပ်ရင်း. . .

"ဖူးမွန်၊ ငါ အရေးတကြီးလိုအပ်နေတဲ့ ပစ္စည်းလေးတစ်ခုရှိလို့ မြို့ထဲ ခဏသွားချင်တယ်ဟာ၊ ဖြစ်မလား"

"ဘာပစ္စည်းလဲ"

"မဟုတ်ပါဘူး၊ ငါ့အတွက်လိုအပ်တဲ့ ပစ္စည်းလေးတွေ ဘာရယ်မဟုတ်ဘူး၊ ဝယ်သွားချင်လို့၊ ကမန်းကတန်းကြီး ထွက်လာရတော့ ငါ့မှာ ဘာမှ ပြည့်ပြည့်စုံစုံပါမလာဘူး၊ တစ်လက်စတည်း ညနေစာလဲ ဒီမှာပဲ စားသွားကြတာပေါ့"

အင်းလေ. . . အမိဂေဟ အိမ်က အထွက်ပြဖို့ပဲဟာ၊ အိမ်ကထွက်လာပြီးရင် သူ့ဟာသူ ဘယ်သွားသွား၊ ဘာလုပ်လုပ် ကိုယ်နှင့်ဆိုင်သောကိစ္စ မဟုတ်တော့။ ဘယ်အချိန်ကျမှ ဘယ်ရောက်ရောက် ဘာမှအရေးမကြီးသဖြင့်. . .

"သဘောပဲလေ၊ ရတယ်. . . သွား"

လွှမ်းမိုးနိုင် ပျော်သွားပုံရသည်။ အလွန်တက်ကြွသွားသော အမူအရာဖြင့် ကားကို ပြန်မောင်းထွက်လိုက်၏။

ထွက်လာချိန်က ညနေခြောက်နာရီလောက်ရှိပြီ။

မိုးမချုပ်သေး၊ နေ့အလင်းရောင် မကုန်သေး၍ ညအမှောင်လည်း မရောက်သေး။



❋ ❋ ❋ ❋

ဟိုလှည့်သည်လှည့်နှင့် ညခုနစ်နာရီခွဲလောက်မှ ထမင်းစားဖို့ အခန်းကျော်ရောက်သည်။

ဖူးမွန် လွှမ်းမိုးနိုင်ကိုပါ စိတ်တိုလာသဖြင့်. . .

"နင်ကလဲ ဘာတွေလျှောက်ရစ်နေတာလဲ လွှမ်းမိုးနိုင်၊ နင့်ဥစ္စာက ပြီးလဲမပြီးနိုင်တော့ဘူး၊ ဘယ်တွေလျှောက်သွားမှန်းလဲ မသိဘူး၊ ရန်ကုန်တစ်မြို့လုံးကို နှံ့နေတာပဲ၊ အဲဒါ ဘာလုပ်တာလဲ"

လွှမ်းမိုးနိုင်က ရယ်ကျဲကျဲနှင့်. . .

"ဘာမှမဟုတ်ပါဘူး၊ ဒီလိုပဲပေါ့၊ ကိစ္စလေး နည်းနည်းရှိလို့"

ဖူးမွန် နည်းနည်းတော့ သူ့ကို မသင်္ကာ၊ သူ့ဟာက လမ်းခရီးမှာ လိုအပ်လျှင်သုံးဖို့ ရိုးရိုးတန်းတန်း ပစ္စည်းလိုက်ဝယ်သည့်ပုံမပေါက်ဘဲ ပစ္စည်းတစ်ခု ဆင်းအလစ်သုတ်လာသည့်ပုံစံမျိုးဖြင့် ခိုးကြောင်ခိုးဝှက်နိုင်သည်။ ပျာပျာသလဲနှင့် ကျိုးကန်းတောင်းမှောက် အမူအရာတွေလည်း ရှိနေသည်။

"ခုကော ပြီးပြီလား၊ နင့်ကိစ္စနည်းနည်းက ကျန်သေးလား"

"ပြီးပါပြီ၊ အားလုံးအဆင်ပြေသွားပြီ၊ ကဲ. . . ထမင်းစားရအောင်၊ ဘယ်မှာစားမလဲ ဖူးမွန်"

"မသိဘူး၊ စားချင်တဲ့နေရာမှာသာ စား"

"အဲဒါဆို လွယ်လွယ်ကူကူ ဆယ့်ကိုးလမ်းက တရုတ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေမှာပဲ သွားစားလိုက်ရအောင်၊ စားပြီးရင် တစ်ခါတည်း တန်းထွက်သွားလို့လဲ လွယ်တယ်"

"ရတယ်. . . သွား"

မြို့ထဲကနေ လမ်းမတော်တရုတ်တန်းဘက် ထွက်ခဲ့ကြသည်။

ထိုအချိန် (၁၉)လမ်း စားသောက်ဆိုင်တန်းလေးက လူစည်၏။ တရုတ်အစားအစာနှင့် တိုလီမိုလီ စားချင်ဖွယ်ရာ အစုံအလင်လည်းရ၏။

သည်အစီအစဉ်ကိုတော့ ဖူးမွန်လည်း သဘောအကျသား။

* * * *

"ဟင်"

ဖူးမွန် မျက်လုံးများ မိုက်ခနဲဖြစ်သွားသည်။

(၁၉)လမ်းဆိုင်တန်းက လူစည်ကားသော်လည်း ထိန်လင်းနေသော မီးရောင်များဖြင့် လမ်းပေါ်မှာချခင်းထားသော စားပွဲခုံများကြောင့် တစ်စားပွဲကတစ်စားပွဲ စားနေသည့်လူများကို မြင်နေရသည်။

လွှမ်းမိုးနိုင်က ဘဲကင်စားသည်။

ပြီးလျှင် သည်ဘက်မှာ ကြက်ဥနို့ပေါင်းတွေဘာတွေ သည်မှာစားလို့ရသည်ဆိုပြီး ကားကို လမ်းထိပ်မှာရပ်ထားခဲ့၍ ဘဲ ကင်ဆိုင်နှင့် ကြက်ဥနို့ပေါင်းရောင်းသောဆိုင် ကပ်နေသော စားပွဲမှာ



ထိုင်သည်။

စစချင်းတော့ ဖူးမွန်လည်း သတိမထားမိလိုက်။

အစားအသောက်များ မှာပြီး မလာခင် ထိုင်စောင့်ရင်း ပတ်ဝန်းကျင်ကို လျှောက်ကြည့်နေတော့မှ သူတို့ကို လှမ်းမြင်လိုက်ရခြင်းဖြစ်၏။

သူတို့ဆိုသည်က တခြားမဟုတ်။ မင်းထက်နှင့် ကောင်မလေးတစ်ယောက်။

ဖူးမွန်တို့ ထိုင်နေသည့်နေရာက လမ်းတစ်ဖက်ခြမ်း မှောင်ရိပ်နည်းနည်းကျသော နေရာမို့ သူတို့ဆီကနေသည်ကို မြင်ချင်မှ မြင်ရမည်ဖြစ်သော်လည်း သည်ကနေ လှမ်းကြည့်လျှင်တော့ သူတို့အတွဲကို ထင်းနေအောင်မြင်ရသည်။

ကောင်မလေးက ဖူးမွန်တို့အရွယ် ခပ်ငယ်ငယ်လေး။ ခပ်သွယ်သွယ်၊ အသားဖြူဖြူ၊ ဆံပင်ဖားလျားလေးနှင့် လှသည်။ အတော်လှသည်။ ဝတ်ထားသောအကျီကလည်း အဝါရောင်တောက်တောက်လေးမို့ မီးရောင်အောက်မှာ ထင်းနေသည်။ ကောင်မလေးက ဖူးမွန်နှင့် မျက်နှာချင်းဆိုင် အနေအထားမှာ။

ကိုကြီးကတော့ လမ်းမဘက် မျက်နှာမူ၍ ဘေးတိုက်ခပ်စောင်းစောင်း ထိုင်နေသည်။ ဖူးမွန်နေရာကနေ လေးဆယ့်ငါးဒီဂရီ ထောင့်ချိုးလောက်မြင်နေရသည်။

ဘယ်လောက် ကြည်နူးပျော်ရွှင်နေကြသည်မသိ။ ပတ်ဝန်းကျင်က ဘယ်သူတွေက လှမ်းမြင်ပြီး ဘာတွေဖြစ်နေသည်ကိုပင် သိပုံမပေါ်။ နှစ်ယောက်သား စကားပြောလိုက်၊ ရယ်လိုက်၊ အစားစားလိုက်ဖြင့် လောကကြီးကို မေ့နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး စကားတစ်ခုခု ပြောလိုက်တိုင်း ကောင်မလေးက ဆံပင်လေးများ လှုပ်ယမ်းကာ ခိုးခိုးခစ်ခစ် ရယ်သည်။ ရယ်လိုက်သောအခါ ထိုကောင်မလေး၏ အပြုံးလှလှ၊ သွားလှလှလေးအပြင် ပါးပြင်ပေါ်တွင် ရစ်ခွေနေသော ပါးချိုင့်လှလှလေးကိုလည်း မြင်ရသည်။

ဖူးမွန်ရင်ထဲမှာ မနာလိုကြေကွဲစိတ်တွေ များပြားလာသည်။

သင်းက ဒါကြောင့် ငါ့ကိုပစ်ထားပြီး ကျိုးထိုးထိုး ခွေးစားစားဆိုတဲ့သဘောတွေ ထားနိုင်တာပေါ့။ သင်းက ဒါမျိုးကောင်မလေးတစ်ယောက်နဲ့ ဟန်ကျနေတာကိုး။

နာကြည်းဒေါသဖြစ်ရသလို ခုချက်ချင်း သည်နေရာတင် ထိုင်ငိုပစ်ချင်လောက်အောင် ဝမ်းနည်း အားငယ်စိတ်တွေ ဝင်လာသည်။ တဖြည်းဖြည်း လက်လျှော့စွန့်လွှတ်ရ၍ ရေးရေးမျှပင်ကျန်တော့သော မျှော်လင့်ချက်မှိန်မှိန်လေးကလည်း ခုတော့ အပြီးတိုင် ပျောက်ကွယ်သွားပြီဟု ခံစားရသည်။

သည်တိုင်းဆို သည်တစ်သက် ကိုကြီးနှင့် သူမ ပြန်ဆုံစရာလမ်းမရှိနိုင်တော့။

ရက်စက်လိုက်တာ ကိုကြီးရယ်၊ ဖူးမွန်ကိုတော့ ငယ်သေးလို့၊ ဘာသေးလို့ဆိုပြီး ဖေဖေနဲ့ အတင်းထည့်။ ခုကျတော့ ကိုကြီးက ဖူးမွန်ထက်တောင်ငယ်ဦးမယ့် ကောင်မလေးတစ်ယောက်နဲ့ အကြည်ဆိုက်နေတယ်။

သူတို့ပုံစံက အတော်လေး ရင်းနှီးကျွမ်းဝင်နေကြပြီး ဖြစ်သည့်အနေအထားမှာရှိသည်။ အချိန်ကိုလည်း ကြည့်ပါဦး။ သည်



အချိန်က သူငယ်ချင်းမိတ်ဆွေတွေ သွားလို့လာလို့ လွယ်တော့သည့် အချိန်မဟုတ်။

သွားလေ့သွားထလည်းမရှိ။

ကိုကြီးမှာ သည်အရွယ် ညီမအရင်း၊ ညီမဝမ်းကွဲ စသည်တို့လည်း လုံးဝမရှိ။ ရှိလျှင် အစောကြီးကတည်းက ဖူးမွန် သိရမည်။

သေချာပါတယ်။ ကိုကြီးဖူးမွန်ကို ပစ်ထားခဲ့ပြီး သည်ကောင်မလေး၊ ဒါမှမဟုတ် သည်ကောင်မလေးအပါအဝင် သည်ကောင်မလေးလို ကောင်မလေးမျိုးတွေနှင့် ပျော်နေပြီပေါ့။

ဖူးမွန်စိတ်ထဲ ပိုသေချာအောင် လုပ်ချင်စိတ်တွေ တဖွားဖွား ပေါ်နေမိသည်။

အနားမှာ လွှမ်းမိုးနိုင်သာ ရှိမနေလျှင် ထိုစားပွဲသို့ ဒါရိုက်သွားပြီး အပြတ် ပြဿနာပင်ရှာနေမိမည်။ ခုတော့ နေမထိထိုင်မသာနှင့် ဘာလုပ်လို့ လုပ်ရမှန်း မသိတော့။

ထိုစဉ် စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်တစ်ခု ဖြစ်လာသည်။

"ဟာ. . .ဟိုမှာ ကိုမင်းထက်ကြီးပါလား၊ မတွေ့ဘူးဗျာ၊ ပုဂ္ဂိုလ်ကြီးက တယ်ဟုတ်နေပါလား၊ ကောင်မလေး အမိုက်စားလေးနဲ့"

လွှမ်းမိုးနိုင်က ပြောလိုက်ခြင်းဖြစ်သည်။ ဖူးမွန် အံ့ဩသွားသည်။ ကိုကြီးနှင့် လွှမ်းမိုးနိုင် သည်လောက်သိနေကြသည်ဟု မထင်။

"သူက ဘယ်သူလဲ လွှမ်းမိုးနိုင်"

"ကိုမင်းထက်ဆိုတာပါ၊ အနီတီခင်နဲ့ ကျောင်းတုန်းက

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ၊ တို့နဲ့တော့ သိပ်မရင်းနှီးပါဘူး၊ သိတယ်ဆိုရုံလောက်ပဲ၊ ဟိုတလောက အနှိတီခင်ပြောနေတာတော့ ကိုမင်းထက်နဲ့ သူတွဲပြီး အလုပ်တစ်ခု လုပ်ဦးမလို့ဆိုလားပဲ"

သူမနှင့် ကိုကြီး ဆက်နွယ်မှုရှိသည်ကို လွှမ်းမိုးနိုင်မသိ။

"ကောင်မလေးက ချစ်စရာလေး၊ အဲဒါ သူ့ကောင်မလေးလား"

ဖူးမွန်က ဟန်မပျက်မေးလိုက်သည်။ လွှမ်းမိုးနိုင်ကပြုံး၍. . .

"ဟုတ်မှာပေါ့၊ ဒါပေမယ့် နင့်လောက်တော့ ချစ်စရာမကောင်းပါဘူးဟာ၊ ဘာလဲ၊ နင်က ငါ ကိုမင်းထက်ကို အကြောင်းပြုပြီး အဲဒီကောင်မလေးကို ငမ်းနေတယ်ထင်လို့လား၊ ဝေးသေး၊ ငါ့ဘေးနားမှာ အဲဒီကောင်မလေးနဲ့ ပြိုင်ရင် ဘက်ပေါင်းစုံကနေ အပြတ်အသတ်အနိုင်ရမယ့် ကောင်မလေးတစ်ယောက် ရှိနေရဲ့သားနဲ့ ငါ အဲလောက်မမိုက်ဘူး"

ဖူးမွန်ကပြုံးသည်။ လွှမ်းမိုးနိုင် ချဲ့ပုံကို သဘောကျ၍ဖြစ်သည်။ သို့သော် ဓိတ်ထဲမှာတော့. . . .

"ခုလောလောဆယ်မှာတော့ အဲဒီကောင်မလေးကို ငါ အပြတ်အသတ်ရှုံးနေတာ နင်မှမသိဘဲ လွှမ်းမိုးနိုင်"

ရင်ထဲမှာ ကြေကွဲသောကတို့ဖြင့် ပြည့်လျှံသွားသည်။ ဘာမှ စားချင်စိတ်လဲ မရှိတော့။ စိတ်လေသွားသော ဖူးမွန်က. . .

"လွှမ်းမိုးနိုင်၊ ငါ့ကို ကားသော့ခဏပေး၊ မှာထားတာတွေ နင့်ဟာနင်စားပြီး လာခဲ့တော့၊ ငါ ကားထဲမှာစောင့်နေမယ်"

"ဟာ. . . မဟုတ်တာ၊ နင်ပဲ ခုနက ဗိုက်ဆာတယ်ပြောပြီး



တော့၊ ခု ဘာဖြစ်ပြန်တာလဲ ဖူးမွန်"

"အဆာလွန်သွားလို့လား မသိဘူး၊ ငါ ဘာမှ စားချင်စိတ်မရှိဘူးဟာ၊ ပြန်ဆာရင်လဲ လမ်းကျမှ တစ်ခုခုစားတော့မယ်၊ ပေး. . . သော့"

လွှမ်းမိုးနိုင်က လုံးဝမနိုင်ပါလား ဖူးမွန်ဆိုသော မျက်နှာလေးနှင့် ကြည့်ပြီး မူရင်းသော့နှင့် သော့အပိုတစ်ချောင်းနှစ်ချောင်း တွဲချိတ်ထားသော သော့တွဲလေးကို လှမ်းပေးသည်။

ဖူးမွန် ကားသော့တွဲကိုယူ၍ မင်းထက်တို့ဘေးမှ ခပ်တည်တည်ပဲ ဖြတ်သန်းလျှောက်ထွက်လာခဲ့သည်။ မင်းထက် တစ်ချက်လှမ်းကြည့်ပြီး အံ့ဩသင့်သွားပုံရသည်ကို မြင်လိုက်သည်။ ခုမှ မင်းထက်လည်း မြင်သွားပုံရ၏။

ထိုစဉ် မင်းထက်ဘေးမှ ကောင်မလေးက မင်းထက် ဖူးမွန်ကို လှမ်းငေးလိုက်သည်ကို မြင်သွားပုံရသည်။ ရယ်သံဖြင့်ရော၍. . .

"ဖှော့. . . ကိုကို၊ ဘာငေးနေတာလဲ၊ စားလေ၊ ကိုယ့်ဟာကိုယ် စားစရာရှိတာကို စားတာမဟုတ်ဘူး"

ထိုအသံကို ဖူးမွန် ပီပီသသကြားလိုက်သည်။ ဖူးမွန် ငိုချင်စိတ်ကို မနည်းထိန်းချုပ်ပြီး ကားဆီအရောက်ပြန်လာခဲ့ရ၏။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဖူးမွန် ကားပေါ်မှာ တစ်ယောက်တည်း ငိုနေမိသည်။

ကောင်မလေးက ရွှတ်နောက်နောက်နှင့် လှမ်းပြောလိုက်သော "ဟော့. . . ကိုကို" ဟု ခေါ်သံက နားထဲမှမထွက်။

ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို မောင်နှမဝမ်းကွဲတို့ ဘာတို့နှင့် ထိုင်နေတာဖြစ်ပြီး အထင်လွဲတာတို့ဘာတို့ မဖြစ်နိုင်တော့။ ထိုမိန်းကလေးငယ်၏ အသံထဲမှာ မိန်းမချင်းသာ အဓိပ္ပာယ်ဖော်နိုင်သော မနာလိုသံလေးတွေ ပါနေသည်။

ပြီးတော့ အဲလိုအနေအထားမျိုးဆို မင်းထက် ချက်ချင်းထ၍ ဖူးမွန်ကို နှုတ်မဆက်ရဲစရာမရှိ။

ခုတော့ အရာအားလုံးသည် ဖူးမွန် ထင်ထားသလို ဖြစ်မလာတော့။

အရာအားလုံးကို ဖူးမွန် အရှုံးပေးလိုက်ရပြီလား။

ဖူးမွန် စီးကျလာသော မျက်ရည်များကို သည်အတိုင်း



လွှတ်ပေးထားပြီး မှောင်ထဲမှာ ငုတ်တုတ်ထိုင်နေမိသည်။ ကျစမ်း . . . သည်လောက်ကျချင်တဲ့ မျက်ရည်တွေ။ ကျပစ်လိုက်စမ်း၊ မျက်ရည်တွေအိုင်ထွန်း၍ ကားတစ်စီးလုံး မျက်ရည်တွေ ပြည့်လျှံသွားလျှင် ထိုမျက်ရည်အိုင်ထဲမှာ နစ်မြုပ်ခံ၍ ဖူးမွန် သေလိုက်မည်။

ထိုစဉ်ကားဘေးမှာ ရိပ်ခနဲ လူတစ်ယောက် ကပ်လာသည်ကို မြင်လိုက်သည်။

လွှမ်းမိုးနိုင် ပြန်ရောက်လာပြီထင်ပြီး ဖူးမွန် မျက်ရည်ကမန်းကတန်း သုတ်လိုက်သည်။

သို့သော် မဟုတ်။ ဖူးမွန် ပြတင်းပေါက်ကိုကျော်ပြီး ထိုသူက ရှေ့ထွက်သွားသည်။

တခြားလူမဟုတ်၊ မင်းထက်။

မင်းထက်က ဖူးမွန်ကို တွေ့ပုံမပေါ်၊ ဖူးမွန်က မှန်များကို တစ်ဝက်ကျော်တင်ထားသည်။

စတစ်ကာတပ်ထားသော မှန်များကြောင့် ရုတ်တရက် အထဲလည်း မမြင်နိုင်။

သည်တော့မှ သူမ ထိုင်နေသည့်ကားဘေးမှ ကားသည် မင်းထက်တို့ကားဖြစ်နေမှန်း သတိပြုမိသည်။ မမှတ်မိစရာမရှိ။ နေ့လယ်က သူမကြောင်လေး ချေပီးကို တိုက်သတ်ခဲ့သည့်ကား။

မင်းထက်က ဖူးမွန်ဘက်အခြမ်းမှနေ ကားတံခါးဖွင့်ပေးပြီး ခေါင်းဘက်ကလှည့်၍ ယာဉ်မောင်း သူထိုင်ခုံဘက်ကို သွားသည်။

စောစောက မင်းထက်နှင့် ထိုင်နေသော မိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com



မင်းထက် အဆင်သင့်ဖွင့်ပေးထားသော ကားတံခါးအတွင်း ဝင်ရပ်သည်။ တစ်ဘက်မှ ကားသော့ဖွင့်နေသော မင်းထက်ကိုလှမ်းပြီး . .

"အိမ်တန်းမပြန်ချင်သေးဘူးနော် ကိုကို၊ ချိုချို Dream ကိုသွားပြီး လစ်ပ်တန်တီး သောက်ချင်သေးတယ်"

မင်းထက်က ခေါင်းညိတ်၍ . . .

"ရပါတယ်၊ ချိုချို့သဘော"

"ဟုတ်ပြီ၊ အဲဒီလိုလိမ္မာမှပေါ့၊ အဲဒါကြောင့် ကိုကို့ကို ချိုချိုချစ်ရတာ၊ ကိုကိုနဲ့ တစ်ညလုံး ချိုချိုနေမယ်နော်"

ထို့နောက် နှစ်ယောက်စလုံး ကားထဲဝင်၍ တံခါးပြိုင်တူပိတ်သည်။

ထို့နောက် ကားလေးက ဖူးမွန်တေးမှနေ ငြိမ့်ခနဲမောင်းထွက်သွားသည်။

ကဲ . . . ဘာလွဲမှားစရာ ရှိသေးသနည်း။ ကိုကို့ကို အပိုင်ကြီးပိုင်နေသော ချိုချိုက သူမလိုချင်သော အရာအားလုံးကို ဖန်တီးသွားနိုင်ခဲ့ပြီ။ မင်းထက်ကို ဟိုမိန်းကလေးက ကောင်းစွာထိန်းချုပ်ထားနိုင်ပုံရသည်။

ဖူးမွန်ရင်ထဲက ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။

လွှမ်းမိုးနိုင်ရောက်လာပြီး ကားတံခါးဖွင့်၍ တက်သည်။

"ကဲ . . . တစ်ခါတည်း တန်းထွက်တော့မယ်၊ ဘာလိုဦးမလဲဖူးမွန်"

"မလိုတော့ဘူး၊ မောင်းတော့"

"ဒီနေရာကနေပြီး ဝေးသထက်ဝေးတဲ့နေရာ ရောက်



အောင်သာမောင်းတော့၊ ဖြစ်နိုင်ရင် နောက်ကမ္ဘာတစ်ခုအထိ ရောက်သွားအောင် မောင်းတော့ လွှမ်းမိုးနိုင်" ဟု စိတ်ထဲကနေဆက်ပြီးပြောလိုက်၏။

ဟုတ်သည်လေ . . .

ဖူးမွန် အားလုံးကို အရှုံးပေးလိုက်ရပြီပဲ။

❋ ❋ ❋ ❋

ထိုည ညသန်းခေါင်ကျော်လောက်မှာ တောင်ငူကိုဝင်သည်။

ထူးခြားမှုတစ်ခုကိုတော့ ဖူးမွန် သတိထားမိ၏။

ထိုအချက်ကတော့ တခြားမဟုတ်။ လွှမ်းမိုးနိုင် ကားမောင်းရင်း မကြာခဏ ရေသောက်သောက်နေခြင်းနှင့် ရန်ကုန်ကစထွက်ပြီး ထောက်ကြံ့လောက်မှာ တစ်ခါ၊ ညောင်လေးပင်အဝင်လောက်ကတစ်ခါ ကားတံခါးဘေးအံထဲမှ လစ်ပိုပုလင်းအရွယ်ပုလင်းလေးကို ထုတ်ထုတ် မော့သောက်နေခြင်းပင်။

ညောင်လေးပင်အဝင်မှာတုန်းကတော့ သောက်ပြီး ပုလင်းခွံကို အပြင်လွှင့်ပစ်ခဲ့သည်။

ခုန တောင်ငူမှာတုန်းကတော့ ကားပေါ်ကမဆင်းခင် ပုလင်းလေးတစ်လုံး ထွက်လာပြန်၍ တစ်ချက်မော့မလိုလုပ်ပြီးမှ မမော့တော့ဘဲ ညလုံးပေါက်ဖွင့် လက်ဖက်ရည်ဆိုင်မှာ ပေါင်မုန့်နှင့်ကော်ဖီသောက်ပြီး ဘီယာတစ်ဘူး ဝယ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တောင်ငူမှထွက်လာပြီး မကြာခင် တစ်ဆက်တည်း အပြီးမှောသောက်သည်။

သည်နောက်ပိုင်းမှာတော့ လွှမ်းမိုးနိုင် စကားသိပ်မပြောတော့ဘဲ ငြိမ်သွားသည်။ ကားမောင်း လည်းကြမ်းလာ၍ တော်ရုံတန်ရုံ ချိုင့်တွေဘာတွေကိုပင် မရှောင်တော့ဘဲ ဖြတ်မောင်းသည်။

သို့သော် ဘာပဲသောက်သောက် လောကကြီးကို သိပ်စိတ်ဝင်စားမှုမရှိတော့သော ဖူးမွန်ကတော့ သည်လိုပဲ လမ်းဘေးအမှောင်ထုထဲကို ငေးကြည့်ရင်း လိုက်ပါလာခဲ့သည်။

လွှမ်းမိုးနိုင် ရန်ကုန်ကစထွက်ကတည်းက ဘာတွေမှန်းမသိ၊ စကားတွေဖောင်နေအောင် ပြောသည်။ ဖူးမွန် ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား မသိ။

ဘာပြန်ပြောမိမှန်းလဲ မမှတ်မိ။ စိတ်သည် အမှောင်ထဲမှာသာ လေလွင့်ပြီးရင်း လေလွင့်နေတော့သည်။

❋ ❋ ❋ ❋

အနာဂတ်သည် ဘာမှအဓိပ္ပာယ်မရှိတော့။

ကြေကွဲစရာ တွေးတောနေမိခြင်းများက 'ချိုချိုဆိုတာ ဘယ်သူလဲ'၊ 'သူနဲ့ ချိုချို ဘယ်လိုဆုံသွားကြတာလဲ'၊ 'ဖူးမွန်ပေါ် သူထားခဲ့တဲ့အချစ်တွေ သေဆုံးသွားရတဲ့ အဓိကအကြောင်းရင်းဟာ ချိုချိုလား"



ဒါမှမဟုတ် ဖေဖေက သူနဲ့ဖူးမွန်ကို သဘောမတူဘူး ဆိုသည့်အတွက် ဖူးမွန်အပေါ်ထားရှိသည့် မျှော်လင့်ချက်တွေ ဖျက်ပစ်ပြီး ခုလို ကားတွေ၊ အလုပ်တွေ အရန်သင့်စီစဉ်ပေးသည့် ချိုချိုဆီ ကိုကြီး ရောက်သွားတာလား။

ချိုချိုနှင့် ကိုကြီး တစ်ညလုံးနေပြီး ဘာတွေလုပ်ကြမှာလဲ။ မေးခွန်းတွေ ဆက်တိုက်ပေါ်နေသည်။

သို့သော် အဖြေမရ။ နောက်ဆုံးရရှိသည့် အဖြေက. . .

"မုန်းတယ်ကွာ၊ သိပ်မုန်းတာပဲ၊ ကိုကြီးဆိုတဲ့လူ၊ မင်းထက်ဆိုတဲ့လူကို ငါ အရမ်းမုန်းတာပဲ"

ဟူသည့် အဖြေသာဖြစ်၏။

❋ ❋ ❋ ❋

"တစ်ညလုံး တောက်လျှောက်မောင်း၊ နောက်တစ်နေ့လဲ တောက်လျှောက်မောင်းရရင်တော့ ငါ သိပ်သက်သာမှာ မဟုတ်ဘူး ဖူးမွန်၊ နောက်ပြီးတော့ မနက်ဖြန်သွားရမယ့်ခရီးကလည်း တောင်တက်လမ်း၊ တို့ လမ်းမှာ တစ်နေရာဝင်နားပြီး အိပ်ရရင် ကောင်းမလားမသိဘူး"

လွှမ်းမိုးနိုင် အသံပေါ်လာသည်။

ဖူးမွန် ဘာမှပြန်မပြောဖြစ်၊ လွှမ်းမိုးနိုင်က စိတ်ရှည်ဟန်ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာကြားလား ဖူးမွန်"

"ကြားသားပဲ"

"ကြားရင်ပြောလေဟာ၊ ငါ ဘာလုပ်ရမလဲ"

"မသိဘူးဟာ၊ နင့်ဟာနင် လုပ်ချင်တာလုပ်၊ ငါ ဘာမှ မပြောတတ်ဘူး"

လွမ်းမိုးနိုင်လည်း ဘာမှမပြောတော့ဘဲ ဆက်မောင်းသည်။

ပျဉ်းမနားရောက်တော့ ဆက်မမောင်းဖြစ်တော့ဘဲ လမ်းဘေးတစ်နေရာမှာ ကားရပ်၍ သူတို့နှစ်ယောက် ညအိပ်လိုက်ကြ၏။

* * * *



## အခန်း (၃)

နောက်တစ်နေ့ နံနက်စောစောထပြီး ကားပြန်မောင်း၏။

သည်ကနေစပြီး ဖူးမွန် တောင်တွေ၊ တိမ်တွေ စမြင်လာရ၏။

နားထဲမှာလဲ ကိုကြီးပြောခဲ့သော စကားများ ပြန်ကြားယောင်သည်။

"ရွှေ့လျားဖို့၊ ပြောင်းလဲဖို့လိုအပ်လာရင် တိမ်တွေလို အနှောင်အဖွဲ့ကင်းကင်းနဲ့ ရွှေ့လျားပြောင်းလဲရဲရမယ်၊ ပျံတက်ဖို့ လိုအပ်လာရင်လဲ ငှက်တွေလို လေဟုန်ကိုဆန်ပြီး ရဲရဲ ပျံတက်ရဲရမယ်"

ဟုတ်မှာပေါ့။ ခုတောင် သူက တိမ်တွေလို အနှောင်မဖွဲ့ ကင်းကင်းနှင့် ရွှေ့လျားပြောင်းလဲပစ်လိုက်ပြီပဲ။

ဖူးမွန်က အရှိန်ပြင်းပြင်း မောင်းနှင်နေသော ကား၏ ရှေ့မြင်ကွင်း တရိပ်ရိပ်ပြေး ဝင်လာသည့် လမ်းမကြီးကို ငေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ငါ့မှာလဲ လုပ်စရာ တစ်ခုပဲရှိတော့တယ်၊ အတောင်ပါတဲ့ ငှက်တွေလို လေဟုန်ဆန်ဖြတ်ပြီး ရဲရဲပျံတက်ဖို့ပဲပေါ့၊ တိမ်တွေပေါ် ရောက်မရောက်တော့ မသိဘူး၊ တိမ်နဲ့တူတဲ့ သူနဲ့ဝေးရာကို ငါပျံတော့မယ်၊ သူနဲ့ တစ်သက်လုံးဝေးတဲ့ နေရာမှာပဲ ငါနေတော့မယ်"

ညက ကားရပ်ပြီး လွမ်းမိုးနိုင်အိပ်သော်လည်း ဖူးမွန် မအိပ်။

ကားထိုင်ခုံကို ပက်လက်လှန်ပြီး အိပ်ပျော်နေသော လွမ်းမိုးနိုင်ကို လုံးဝလှည့်မကြည့်ဘဲ ဖူးမွန် အမှောင်ထဲကိုသာ ထိုင်ငေးနေမိသည်။

လွမ်းမိုးနိုင် အိပ်မောကျနေချိန်မှာ ဖူးမွန် ကားကက်ဆက်လေးကို တိုးတိုးဖွင့်ထားလိုက်သည်။

ကားကက်ဆက်ထဲမှ အမှတ်မထင် အဆင်သင့်ဖွင့်လိုက်မိသော သီချင်းလေးတစ်ပုဒ်ကိုသာ ဖူးမွန် အထပ်ထပ် ပြန်ရစ်ဖွင့်နေမိသည်။

ထိုသီချင်းလေးက. . .

**"I hate my self for loving you"**

မင်းကိုချစ်နေသေးတဲ့အတွက် ငါ့ကိုယ်ငါ မုန်းတယ်. . . ဟုဖြစ်၏။

❋ ❋ ❋ ❋

"ငါ့နှလုံးသားကိုလဲ မင်းယူတယ်၊ ပြီးတော့ ငါ့ရဲ့ဣန္ဒြေ



သိက္ခာကိုလဲ အဝေးရောက်အောင် ဆောင်ယူသွားတယ်. . .

မင်းကိုချစ်နေသေးတဲ့အတွက် ငါ့ကိုယ်ငါ မုန်းတယ်. . .

မင်းပြုလုပ်ခဲ့တဲ့အရာတွေကနေ လွတ်မြောက်သွားအောင် ငါ မဖြို့ခွဲနိုင်ဘူးကွယ်. . .

ငါ ခြေဦးတည့်ရာ လျှောက်သွားတာပဲ၊ ဒါပေမယ့် နောက်ဆုံးကျတော့ မင်းဆီကိုပဲ ငါပြေးလာနေမိတယ်. . .

အဲဒါပဲ. . . အဲဒါတွေကြောင့်ပဲ. . .

မင်းကိုငါ ချစ်နေသေးတဲ့အတွက် ငါ့ကိုယ်ငါ မုန်းတယ်"

တိုက်တိုက်ဆိုင်ဆိုင် တိမ်များ၊ မြူများဆိုင်းနေသော ရှမ်းတောင်တန်းကြီးများပေါ် တွေ့ပတ်ပတ်နေရင်း ကားကက်ဆက်ထဲမှ **JOAN JETT** ၏သီချင်းသံလေး ပြန်ကြားရသည်။

သည်ပွဲကို အပြီးဖြတ်လိုက်တော့မည်ဟု ဖူးမွန် ဆုံးဖြတ်၏။

သည်တိုင်း ကြာရှည်စွာ ဆက်ခံစားနေရလျှင် ဖူးမွန် ရူးသွပ်ချင်ရူးသွပ်၊ မရူးသွပ်လျှင် သေဆုံးသွားနိုင်သည်။

အရာအားလုံးကို ပြည်ဖုံးကား ချလိုက်ချင်ပြီ။

ဒါတွေအားလုံး ပြီးပြတ်သွားအောင် ဘာလုပ်ရမလဲ။

လွမ်းမိုးနိုင်ကတော့ ဒါတွေ ဘာမှရိပ်မိပုံမရ။

သူ့ဟာနှင့်သူ ရှင်ပျတက်ကြွနေသည်။

မနေ့ညက ပျဉ်းမနား မဝင်ခင်မှာ အတော်လေးငြိမ်ကုပ်၍ စိတ်တိုခြင်း၊ ကားမောင်းကြမ်းလာခြင်းများ ဖြစ်သော်လည်း သည်နံနက်အိပ်ရာထပြီး ကားပြန်မောင်းခါနီးမှာ ညက မသေချာဖြစ်သော ပုလင်းလေးကို တစ်ဝက်လောက် မော့လိုက်သည်။

ဖူးမွန်အတိုင်း လွမ်းမိုးနိုင် ရှင်ပျလာသည်မှာ ခုထိ၊ ခုထိ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်လည်း စောစောက လက်ကျန်ပုလင်းကိုမော့ပြီး ပုလင်းခွံကို ကားထဲက လွှင့်ပစ်လိုက်သည်ကို ဖူးမွန် မြင်လိုက်မိသေးသည်။

"နင် ဘာတွေသောက်သောက်နေတာလဲ လွှမ်းမိုးနိုင်"

သည်တစ်ခါတော့ ဖူးမွန် မနေနိုင်၍ မေးလိုက်သည်။ လွှမ်းမိုးနိုင်ကရယ်ပြီး. . .

"ဘာမှမဟုတ်ပါဘူး၊ လစ်ပိုပါတာ၊ အိပ်ရေးပျက်ပြီး ကားဆက်တိုက်မောင်းလာရလို့ မအိပ်ချင်အောင် သောက်လာတာပါ"

"ဪ"

ဟုတ်ချင်လည်း ဟုတ်မှာပဲဟု တွေးသည်။

သို့သော် ဟုတ်ချင်မှလည်းဟုတ်မည်။ သူ့လစ်ပိုပုလင်းတွေက ဆိုင်ကပုလင်းအသစ်တွေလို သောက်ခါနီးမှ သတ္တုအဖုံးဆက်ကို လှည့်ဖွင့်ရသော ပုလင်းအဖုံး အသေတွေမဟုတ်။

လစ်ပိုပုလင်းထဲ တစ်ခုခုထည့် သောက်နေသလားလည်း မဆိုနိုင်။

ထားပါလေ။ ဒါက အရေးမကြီးပါဘူးဟု တွက်လိုက်ပြီး. . .

"ငါ တစ်ခုပြောမလို့ လွှမ်းမိုးနိုင်"

"ပြော၊ တစ်ခုမဟုတ်ဘူး၊ အများကြီးပြောလို့ရတယ်"

ထုံးစံအတိုင်း အဲဒါတွေသောက်ပြီးလျှင် လွှမ်းမိုးနိုင် လျှာသွက်သည်။

ဖူးမွန်က သက်ပြင်းချပြီး. . .

"နင် ငါ့ကို တစ်ခါတုန်းက ချစ်တယ်ပြောတာ တကယ်ပဲလား"



လွှမ်းမိုးနိုင် မျက်လုံးပြူး၍ လှည့်ကြည့်သည်။

အကြာကြီး ကြည့်နေသဖြင့် ဖူးမွန်က ရှေ့လက်ညှိုးထိုးပြီး. . .

"ကဲ. . . ရှေ့ကြည့်မောင်း၊ ငါ့ကို အဲလို ပြူးကြည့်မနေနဲ့၊ နှစ်ယောက်စလုံး သေကုန်မယ်"

"ဪ. . အေး၊ တကယ်ပေါ့ဟာ၊ ဘာဖြစ်လို့လဲ ဖူးမွန်၊ အဲဒီကိစ္စ နင် ဘာလို့ပြန်မေးတာလဲ"

"တကယ်ဟုတ်မဟုတ် သိချင်လို့ပါ"

"တကယ်ပါဟာ၊ ငါ နင့်ကို တကယ်ချစ်တာပါ"

"အဲဒါဆို ငါ တစ်ခုမေးမယ်၊ နင် ငါ့ကို လက်ထပ်မလား"

"ဟာ. . . လက်ထပ်မှာပေါ့၊ ဘယ်တော့လဲ၊ ဘယ်တော့ လက်ထပ်မှာလဲ"

"အခု"

"တင်. . . အခု ဟုတ်လား"

"အေး. . . ဟုတ်တယ်၊ အခုဆိုတာ ဒီခရီးမှာ ပြောတာပါ၊ နင်နဲ့ငါ အခု ခရီးသွားရင်းနဲ့ပဲ ဒီမှာ လက်ထပ်လိုက်မယ်. .

. . ပြီးရင် ရန်ကုန်ကို ငါ တော်တော်နဲ့မပြန်ချင်ဘူး၊ ဒီမှာ အကြာကြီးနေလို့ ရမလား"

"ဟာ. . . သိပ်ရတာပေါ့၊ ပိုက်ဆံမလောက်ရင် ဒီကားကို တောင်ကြီးမှာ ပြန်ရောင်းပြီး အပြတ်နေပစ်လိုက်မယ်ဟာ၊ တစ်သက်လုံးတောင် နေလို့ရသေးတယ်"

"နင် တကယ်ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ဖူးမွန်၊ နင်နဲ့ပတ်သတ်ရင် ငါ့ဆိုတဲ့ လွှမ်းမိုးနိုင်မှာ ဘာတစ်ခုမှ မဖြစ်ဘူးဆိုတာ မရှိဘူး"

"အေး. . . အဲဒါဆို လက်ထပ်ဖို့ကိစ္စ နင် စီစဉ်လိုက်"

"သေချာရဲ့လား ဖူးမွန်ရယ်၊ နင့်ဟာက အဖြေပေးချင်တော့လဲချက်ချင်း၊ လက်ထပ်ချင်တော့လဲ ချက်ချင်းကြီးပါလား"

"မရှည်နဲ့ လွှမ်းမိုးနိုင်၊ ငါပြောသလို လုပ်မလားမလုပ်ဘူးလား၊ ဒါပဲပြော"

"လုပ်မယ်၊ ဒီနေ့တော့ လမ်းမှာ သွားရင်းနဲ့ အဆင်မပြေဘူး၊ ဒီည ဟိုမှာ သေချာနားပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်မယ်၊ မနက်ဖြန်ကျရင် တောင်ကြီးမှာ လက်ထပ်မယ်၊ ဒီလိုလုပ်ဟာ. .

ဒါဆို ငါတို့ တောင်ကြီးတန်းမတက်တော့ဘူး၊ တောင်ကြီးထက်စာရင် အင်းလေးမှာ ပိုနေလို့ကောင်းတယ်. .

. . အဲဒီတော့ တို့ ဒီကနေ တန်းပြီး အင်းလေးဟိုတယ်ကို သွားမယ်၊ အဲဒီမှာ ဒီတစ်ရက်နားပြီး မနက်ဖြန်ကျတော့ ရွှေညောင်လောက်က တရားရုံးမှာ သွားလက်ထပ်မယ်၊ ဘယ်လိုသဘောရလဲ"

"ဘယ်လိုဖြစ်ဖြစ် ကောင်းမယ်ထင်သလိုသာ လုပ်ဟာ၊ ရတယ်"

"ကောင်းပြီလေ၊ ဒါဆို အဲဒီအတိုင်းပဲ စီစဉ်မယ်၊ အင်းလေးမှာ တို့နှစ်ယောက် အေးအေးဆေးဆေး နေကြသေးတာပေါ့"

ဒါပဲ ကောင်းပါတယ်ဟု ဖူးမွန် တွေးလိုက်သည်။

ဒါဆို ပွဲက တစ်ခါတည်း ပြည်ဖုံးကားချပြီးသား ဖြစ်သွားသည်။

ရန်ကုန်ကိုလည်း တော်တော်နှင့်ပြန်စရာမလိုတော့။ စိတ်



ဆင်းရဲစရာကောင်းသော ပတ်ဝန်းကျင်၊ စိတ်ဒုက္ခပေးသော လူတွေနှင့်လည်း ဝေးပြီ။

တောင်များ၏ ခါးထက်ပိုင်းလောင်မှာ အုပ်မိုးနေသော တိမ်များကိုဖောက်၍ထွက်၍ ကလောအတက်၌ ဤဆုံးဖြတ်ချက်ကို ဖူးမွန် အပြီးအပိုင် ချလိုက်ခြင်းဖြစ်သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အင်းလေးဟိုတယ်သို့ ညနေပိုင်းလောက်မှာ ရောက်၍ ဟိုတယ်မှာ တစ်ယောက်တစ်ခန်းယူပြီး နှစ်ယောက်စလုံး သိပ်မဟန်တော့ဘဲ အပြတ်အိပ် အနားယူပစ်လိုက်သည်။

နောက်တစ်နေ့ နံနက်ခင်းမှာ အစောကြီး ဖူးမွန် နိုးလာသည်။ နိုးနိုးချင်း သတိရသည်မှာ လွှမ်းမိုးနိုင်နှင့် သူမ လက်ထပ်မည်ဆိုသော ကိစ္စပင်ဖြစ်၏။

"ဟင်း"

ဖူးမွန် ရင်မောမောနှင့် သက်ပြင်းချသည်။

သည်သတင်းကိုသာ ရန်ကုန်ကလူတွေ ကြားသိလျှင် ဘာတွေဖြစ်ကုန်မည်လဲ။ တစ်အချက်ကတော့ ဖေဖေ ရင်ကျိုးတော့မည်။

ဒါကတော့ သေချာပေါက်ကိစ္စ။ ခုခရီးကိုတောင် ဖေဖေက မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်သည့်ကိစ္စ။

မတတ်နိုင်။ နောက်ဆုံး မကျေနပ်လို့ သမီးအဖြစ်က စွန့်



လွှတ်ချင်လည်း စွန့်လွှတ်လိုက်ပေတော့။ ဖေဖေနှင့် ဆက်နေလျှင်လည်း သူမ စိတ်ချမ်းသာစရာအကြောင်းမရှိ။ ဖေဖေ က အန်တီခင်နှင့် ယူတော့မည့်သူ။

အန်တီခင်က အခုသာ ဖူးမွန်ကို အလိုလိုက်သလို ဘာလိုလိုနှင့် ချစ်ပြနေပေသည်။ မိထွေးဖြစ်သွားသောအခါ ပုံစံတွေပြောင်းတော့မှာ သေချာသည်။ မိထွေးတော် ဂေါတမိကလွဲ၍ ဘယ်မိထွေးမှ မကောင်းဆိုသော စကားရှိသည်။

ဖေဖေ့ကိစ္စကို ဖူးမွန် ဆက်မစဉ်းစားချင်တော့။

ကိုကြီးကော. . .

သည်သတင်းကြားလျှင် မည်သို့ဖြစ်မည်နည်း။ တစ်ချက်ကတော့ မည်သို့မျှဖြစ်မည်မဟုတ်။ သူ့ချိုချိုနှင့်ကိစ္စပင်လျှင် စဉ်းစားဖို့ အချိန်မလောက်နိုင်ဖြစ်နေသည့်အထဲ ဖူးမွန်ကိစ္စကို သူဂရုစိုက်ချင်မှစိုက်မည်။

ဒါမှမဟုတ် လွှမ်းမိုးနိုင်နှင့် ပတ်သက်သောကိစ္စ ပြန်စဉ်းစားရန် ဖုန်းဆက်တိုက်တွန်းချက်အရ ဤသတင်းသာကြားလျှင် ကိုကြီး စိတ်ဆင်းရဲချင်ဆင်းရဲမည်။

ဒါလည်းမတတ်နိုင်။ မတတ်နိုင်သည့်အပြင် ပိုတောင်ကောင်းသေးသည်။ သူ့စကားနားထောင်တော့ရော ကိုကြီးက ဖူးမွန်ဆီ ပြန်လာတော့မှာမှ မဟုတ်တာ၊ သူ့မှာ ချိုချိုဆိုသော ကောင်မလေးရှိနေပြီ။ ချိုချိုသွားချင်သော နေရာတွေ လိုက်ပို့နေရဦးမည်။ ချိုချိုနှင့် တစ်ညလုံးနေရဦးမည်။

ကောင်းပါတယ်။ ဘာမှစဉ်းစားမနေနှင့်။ လုပ်စရာရှိတာသာ အပြတ်လုပ်ပစ်လိုက်။ တကယ်တမ်းကျတော့ ဖူးမွန်ကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကမှ ချစ်ကြတာမဟုတ်။ အားလုံးမှာ သူချစ်သူတွေနှင့်သူ ကိုယ်စီ ရှိပြီးသား။

အဲသည်တော့ ဖူးမွန်ကမချစ်တောင် ဖူးမွန်ကိုချစ်သော သူနှင့် ဖူးမွန်လည်း လက်ထပ်ပစ်လိုက်တာ အကောင်းဆုံး။

အပြစ်။

လွှမ်းမိုးနိုင်မှာ အပြစ်တစ်ခုရှိနေသည်ဟုတော့ ပြောကြသည်။

ရှိပါစေကွာ။ ရှိချင်တာရှိပါစေ။ ဘာပြောပြော ခုနေခါမှာ ဖူးမွန် စိတ်ကြိုက် ဖူးမွန်ဖြစ်ချင်တာတွေကို လက်ငင်းဖြစ်နိုင်အောင် လုပ်ပေးတာ သူတစ်ယောက်ပဲရှိသည်။

လူကြီးတွေက အပြစ်ဟုဆိုတိုင်းလည်း လူငယ်တွေအတွက် အပြစ်ဟုတ်ချင်မှ ဟုတ်မည်။ လူငယ်တွေအတွက် အပြစ်ဟု မယူဆနိုင်သည့် ကိစ္စတွေ တော်တော်များများကို လူကြီးတွေက အပြစ်ဟု မြင်တာတွေ လောကမှာ အများသား။

ခဏကြာသောအခါ ဖူးမွန် အခန်းတံခါးကို လွှမ်းမိုးနိုင် လာခေါက်သည်။ ဖူးမွန်ထပြီး တံခါးဖွင့်ပေးလိုက်သောအခါ လွှမ်းမိုးနိုင်က. . .

"ဟာ. . . ခုထိ ဘာမှမလုပ်ရသေးဘူးလား၊ လုပ်တော့လေ၊ ပြင်တော့လေ ဖူးမွန်၊ ပြင်ပြီးလို့ ဒီမှာ ဘရိတ်ဖတ်စ် စားပြီးတာနဲ့ ရွှေပြောင်သွားကြမယ်၊ ဟိုမှာ ရုံးမဖွင့်ခင် ကြိုစီစဉ်စရာရှိတာတွေ စီစဉ်ပြီး ရုံးဖွင့်တာနဲ့ တစ်ခါတည်း လက်ထပ်လိုက်ကြတာပေါ့၊ မကောင်းဘူးလား"

ဖူးမွန် ခေါင်းညိတ်သည်။



ကောင်းပါသည်။ အကောင်းဆုံးပါပဲ။ ခုလို ဝီရိယရှိစွာနှင့် ဖူးမွန်ကို ဂရုစိုက်တာ ဖူးမွန်အတွက် ကျေနပ်စရာပါပဲ။

"ခဏလေးစောင့် လွှမ်းမိုးနိုင်၊ ငါ အမြန်ဆုံး ပြင်ဆင်လိုက်မယ်"

တကယ်လည်း ခဏလေးနှင့် ပြင်ဆင်ပြီးသွား၏။

❋ ❋ ❋ ❋

"အဲဒီနားမှာ ခဏလေးထိုင် ဖူးမွန်၊ ဟိုမှာ လျှောက်လွှာစာရေးတွေ ဖွင့်နေပြီ၊ သူတို့နဲ့တိုင်ပင်ပြီး ဘာဘာလုပ်ရမယ်ဆိုတာ ငါ ကြိုစီစဉ်လိုက်ဦးမယ်"

ဖူးမွန် အရုပ်တစ်ရုပ်လိုပင် ခေါင်းညိတ်၍ ပြုလိုက်သည်။

တကယ်တမ်းကျတော့ ရုံးရောက်၍ လက်ထပ်ရတော့မည်ဆိုတော့ ဖူးမွန်စိတ်ထဲမှာ ဇဝေဇဝါအတွေးတွေ ပေါ်လာသည်။

ငါ တကယ်ပဲ လွှမ်းမိုးနိုင်နဲ့ လက်ထပ်တော့မှာလား။ တကယ်တမ်းကျတော့ လွှမ်းမိုးနိုင်ကို ငါ ချစ်တာမဟုတ်ဘူး၊ ငါ မချစ်တဲ့လူတစ်ယောက်ရဲ့ရင်ခွင်မှာ ငါ တကယ်ကော တစ်သက်လုံး နေသွားနိုင်ပါ့မလား။

သည်စိတ်ကတစ်ဖက်။ နောက်တစ်ဖက်သော စိတ်ကလည်း. . .

"ခုမှ တွေဝေမနေနဲ့ ဖူးမွန်၊ ဆုံးဖြတ်ပြီးရင် လုပ်စရာအဖြတ်လုပ်၊ သိတယ်မဟုတ်လား၊ ပျံစရာရှိရင် တိမ်ပေါ်ကငှက်တွေလိုပဲ လေယာဉ်ကိုဆန်ပြီး ရဲရဲပျံတက်ရမယ်လေ၊ ဘာပြောပြော ဒီပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နင်နိုင်တယ်၊ အနည်းဆုံး ကိုကြီးကို. . . . "ဒီမှာ ကိုကြီး၊ ဖူးမွန်တို့က ပြတ်စရာရှိရင် ဒီထက်မက ပြတ်ရဲတယ်၊ တွေ့တယ်မဟုတ်လား" လို့ လက်မထောင်ပြောနိုင်တဲ့ကိစ္စ။ တွေဝေမနေနဲ့၊ လုပ်စရာရှိတာ ရဲရဲလုပ်"

ခဏကြာသောအခါ လွှမ်းမိုးနိုင် ပြန်ရောက်လာသည်။ သူ့ဘေးနားမှာလည်း လျှောက်လွှာစာရေးတစ်ယောက် ပါလာသည်။ လွှမ်းမိုးနိုင်က. . .

"ငါ ဟောဒီက ကိုတင်ဝင်းနဲ့ အားလုံးစီစဉ်ပြီးပြီ ဖူးမွန်၊ ဘာမှ အခက်အခဲမရှိဘူး၊ နင့်မှတ်ပုံတင်ပါတယ်မဟုတ်လား၊ စာချုပ်မှာ ကြိုရိုက်ထားလို့ရအောင် မှတ်ပုံတင် ခဏပေးလိုက်"

ဟိုတယ်ကို အကျိုးအကြောင်းပြော၍ ခဏပြန်ယူလာသောမှတ်ပုံတင်ကတ်ပြားကို ပေးလိုက်သည်။ လွှမ်းမိုးနိုင်တို့ တစ်ခေါက်ပြန်ထွက်သွားပြန်၏။ ဖူးမွန်ရင်ထဲမှာ လှုပ်ရှားလာပြန်သည်။

"စဉ်းစား ဖူးမွန်၊ နင် တကယ်လက်ထပ်ရဖို့ အချိန်ပိုင်းလေးပဲ လိုတော့တယ်၊ အဲဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးပြီးရင် နင်နဲ့လွှမ်းမိုးနိုင် လုံးဝလင်မယားဖြစ်သွားပြီ၊ နင် ဒီဘဝနဲ့ တစ်သက်လုံးနေနိုင်လို့လား"

ဖူးမွန် နဖူးစပ်မှာ ချွေးများစို့လာသည်။ ခုနေမှာ ဒီကိစ္စတွေ ဆက်မလုပ်ဖို့ရပ်နိုင်လျှင် ရပ်နိုင်သေး၏။

ရင်ထဲမှာလည်း ပူလာသည်။ ခြေဖဝါး လက်ဖဝါးများမှာလည်း ချွေးများစို့လာသည်။ စိတ်လည်း ဂနာမငြိမ်တော့။ မငြိမ်သောစိတ်များဖြင့် လက်ချောင်းလေးများကို တစ်ဖက်စီချိုးနေမိ၏။

❋ ❋ ❋ ❋



"လာ. . . ဖူးမွန်၊ အားလုံး အဆင်သင့်ဖြစ်ပြီ"

လွှမ်းမိုးနိုင်က ခေါ်သောအခါ ဖူးမွန်ရင်ထဲ ကတုန်ကယင်ကြီးဖြစ်နေသည်။

တော်ပြီ။ ငါ သည်ကိစ္စ ဆက်မလုပ်တော့ဘူးဟု ပြောလိုက်ရ ကောင်းမလား။

တစ်ဖက်ကလည်း 'ခုမှကြောက်မနေနဲ့ ဖူးမွန်၊ ဒီကိစ္စကို မနေ့ကတည်းက နင် သေချာ စဉ်းစားထားခဲ့တာပဲ၊ ဘာ အခုမှ ဘာလို့ကြောက်နေရတာလဲ" ဟု စိန်ခေါ်သည်။

ဖူးမွန် အိပ်မက်မက်ပြီး လမ်းလျှောက်နေသူ တစ်ယောက်လို ခပ်ကြောင်ကြောင် မျက်လုံးများဖြင့် လျှောက်၍ လိုက်ပါသွားသည်။ နားထဲမှာလည်း အသံတွေကြားနေရသည်။

"ဒီမှာလေ ကိုသောနရဲ့၊ သူမနကို သေချာကြည့်စမ်းပါ၊ ကိုတို့လို သူဌေးသားက မပေါင်းချင်လို့ စွန့်လိုက်ပေမယ့် မိဖုရားလောက်တော့ ဖြစ်ပါသေးတယ်တော့"

"ကိုကြီးတို့ အချိန်တစ်ခုကိုဖြတ်သန်းရမယ် ဖူးမွန်၊ အဲဒီလို အချိန်တစ်ခုကို ဖြတ်သန်းပြီးလို့မှ ဖူးမွန်က ကိုကြီးကိုပဲလက်ထပ်မယ်၊ ဖူးမွန်ဘဝမှာ ကိုကြီးမရှိလို့မဖြစ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက် ခိုင်မာနေရင် ကိုကြီး ဖူးမွန်ကို လက်ထပ်မယ်"

"ဖေဖေ အားလုံးကို အစကနေ ပြန်ပြီးပြုပြင်ဖို့ စဉ်းစားဖေ ချင်တယ် သမီးရယ်၊ သမီး ဒီတစ်ရက်တော့ ဖေဖေ့ကို ပြန်ပြုပြင်ဖို့ အချိန်ပေးပါလား"

"အဲဒါကြောင့် ကိုကို့ကို ချိုချိုချစ်တာ၊ ကိုကို့ရဲ့ တစ်ညလုံး ချိုမြိုင်နေမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ပတ်သက်လာရင် ငါဆိုတဲ့လွှမ်းမိုးနိုင်မှာ ဘာတစ်ခုမှ မဖြစ်ဘူးဆိုတာ မရှိဘူး"

"တောင်ခြေတောင်အောက်မှာချည်း အမြဲနေဖို့ စဉ်းစားနေတာဟာ လူမပီသဘူး၊ လူ့ရဲ့တန်ဖိုးကို အကျိုးမဲ့အောင် ဖြုန်းတီးပစ်နေတာလဲ၊ တိမ်ပေါ်ကငှက်တွေထက် မြင့်အောင်မပျံနိုင်တောင်မှ တောင်ပေါ်ကတိမ်၊ တိမ်ပေါ်ကငှက်လောက်တော့ ဘဝကပေးလာတဲ့အခြေအနေမှာ မြင့်နိုင်သလောက်အမြင့်ဆုံးဘဝကို ရနိုင်အောင် ကြိုးစားရမယ်"

ထိုစကားသံများကို ဖောက်ထွင်း၍ ပြင်ပမှစကားသံခုဝင်ရောက်လာသည်။

"ဒီနားမှာ ခဏလေးထိုင်နော်၊ ဟိုက တရားသူကြီးကလှမ်းခေါ်တဲ့အခါ နှစ်ယောက်စလုံး ရှေ့ကိုလာခဲ့ပါ"

နောက်ဆုံးအချိန်နှင့် အလွန်နီးတပ်နေပြီဟု သိလိုက်သည်။ သည်အချိန်မှာ ဆုံးဖြတ်ချက်ကို ပြင်ချင်ပြင်၊ မပြင်နိုင်လျှင် နောက်တစ်ခါ ပြင်ဆို့မရတော့။

တကယ့် တရားရုံးမြင်ကွင်း၊ တရားသူကြီး စသည်တို့ကိုမြင်မှ ဖူးမွန် ချောက်ချားလာသည်။

"တွေ့တယ်မဟုတ်လား ဖူးမွန်၊ နင်ဖြစ်ချင်တာတွေ အားလုံး ဖြစ်နေပြီမဟုတ်လား"

လွှမ်းမိုးနိုင်စကား။

ဟုတ်လား။ တကယ်ပဲ သည်ကိစ္စဟာ ဖူးမွန် ဖြစ်ချင်တာတွေပဲလား။

"တဲ့ . . . သတို့သားနဲ့ သတို့သမီး ကြွပါ"



လျှောက်လွှာစာရေးကခေါ်သည်။

ဖူးမွန် သည်အခန်းထဲမှနေ ချက်ချင်းထွက်ပြေးချင်စိတ်တွေပေါ်လာ၏။

သို့သော် တကယ်တမ်းကျတော့ ဖူးမွန်ခြေလှမ်းများက ရှေ့သို့သာ တိုးနေမိသည်လေ။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ကဲ. . . ဒီနေရာမှာ လက်မှတ်ထိုးပါ"

လျှောက်လွှာစာရေးက စာချုပ်ပေါ်မှာ လက်မှတ်ထိုး
မည့်နေရာမှာ လက်ထောက်ပြသည်။

နောက်ဆုံး. . .။

နောက်ဆုံးမှ တကယ့်နောက်ဆုံးအချိန်လေးပါပဲ။

သည်လက်မှတ်ထိုးပြီးလျှင် သူမဘဝက ပြီးသွားပြီ။ လွှမ်း
နိုင်၏ မိန်းမ။ ဘာမှမစဉ်းစားနဲ့တော့။

သူ့မိန်းမ ငါဖြစ်သွားပြီ။

"ထိုးလေ ဖူးမွန်၊ ဒီဘက်မှာ ငါတောင် ထိုးပြီးသွားပြီ"

ဟုတ်လား။ သူတောင် ထိုးပြီးသွားပြီလား။

ဖူးမွန်မျက်လုံးထဲမှာ ရန်ကုန် (၁၉)လမ်းမှာတုန်းက ပြ
ကွင်း ဖျတ်ခနဲပေါ်လာသည်။

"ဟော့. . . ကိုကို၊ ဘာငေးနေတာလဲ၊ ကိုယ့်ဟာကိုယ် စာ
ရာရှိတာ စားလေ"



ဖူးမွန် မျက်လုံးအစုံ မှိတ်လိုက်သည်။

ထို့နောက် အံကိုတင်းတင်းကြိတ်ပြီး စာရွက်ပေါ်မှာ လက်
တ်ထိုးချလိုက်သည်။

"ဖူးမွန်ချစ်အောင်"

ပြီးပြီ။

အားလုံးက ပြီးသွားပြီဖြစ်၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ကဲ. . . အားလုံးပြီးသွားပြီ ဖူးမွန်၊ ခုချိန်ကစပြီး နင်နဲ့ငါ လင်မယားဖြစ်သွားပြီ၊ နင်ပျော်လား"

"ပျော်လား. . . ဟုတ်လား လွမ်းမိုးနိုင်၊ ငါက ဘာလို့ပျော်ရမှာလဲ"

"အေးပေါ့ဟာ၊ လင်မယားဖြစ်ပြီဆိုမှတော့ နင်လဲပျော်ရမှာပေါ့၊ ငါတို့နှစ်ယောက် အေးအေးဆေးဆေးပဲ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုတော့ဘူး၊ ခု ပိုတယ်ပြန်ရောက်ရင် ညကလို တစ်ယောက်တစ်ခန်းလဲ နေစရာမလိုတော့ဘူး၊ တစ်ခန်းတည်းပေါင်းပြီး နေလိုက်ရုံပဲ၊ အိပ်ရာတောင် တစ်အိပ်ရာတည်း အတူတူအိပ်ရတော့မှာ"

ဖူးမွန်ရင်ထဲ ဒိန်းခနဲဖြစ်သွား၏။

"ဟုတ်တာပေါ့၊ သူနဲ့ငါ လင်မယားဖြစ်သွားပြီပဲ၊ အတူတူနေ၊ အတူတူအိပ်၊ အတူတူစား၊ တစ်သက်လုံး သားတွေသမီးတွေနဲ့ ပျော်ရွှင်တဲ့မိသားစုလေးတစ်ခု ဖန်တီးရတော့မယ်"

ဘုရား. . . ဘုရား၊ သူနဲ့ငါ တစ်သက်လုံး ဘယ်လိုလုပ်



အတူနေရမလဲ။

သူ့ကိုငါ ချစ်မှမချစ်တာ။

ငါချစ်တာ လောကကြီးမှာ တစ်ယောက်တည်းပဲ ရှိတယ်။ အဲဒီလူနဲ့ ငါ အတူမနေရတာနဲ့ တစ်သက်လုံး ငါမချစ်တဲ့သူကို ပေါင်းသင်းသွားရတော့မှာလား။

ငါ့စိတ်ထဲမှာ ထင်ထားတာတွေနဲ့ အကုန်လွဲကုန်ပြီ။

တကယ်ဆိုရင် ခုချိန်မှာ ငါလုပ်ချင်တာတွေ အကုန်လုပ်ပြီးပြီပဲ၊ ငါ ပျော်ရတော့မှာပေါ့။

ဒါပေမယ့် ငါ အခုမပျော်ဘူး။

မပျော်တဲ့အပြင် ငါ ကြောက်နေပြီ။

မဖြစ်နိုင်ဘူး၊ ငါ သူနဲ့ ဘယ်လိုမှ အတူမနေနိုင်ဘူး။

"ဟော့. . . ဘာတွေတွေးနေလဲ ဖူးမွန်၊ နင်ကြည့်ရတာ ကြောင်တိကြောင်တက်နဲ့ဟာ၊ ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်လေး နေပါဟ"

ငါမှားပြီ၊ ငါမှားသွားပြီ လွမ်းမိုးနိုင်။

ဘဝမှာ ငါ ဘယ်လိုမှ ပြင်လို့မရနိုင်တော့တဲ့ အမှားတစ်ခုကို လုပ်လိုက်မိပြီ။

နားထဲမှာ ဖေဖေ နောက်ဆုံးမှာလိုက်သည့် စကားကို ပြန်ကြား၏။

"ဘဝမှာ တချို့အမှားဟာ ပြင်ရခက်တယ် သမီး"

ဟုတ်တယ်၊ အခု ငါ ပြင်ရခက်လွန်းတဲ့ အမှားတစ်ခုကို ကျူးလွန်မိပြီ။

ငါဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား၊ ဘာလဲ ဖူးမွန်၊ ငါက တစ်ခန်းတည်းလာနေတော့မယ်ဆိုတာနဲ့ နင် ကြောက်နေပြီလား၊ မကြောက်ပါနဲ့ဟာ၊ ဒါသဘာဝပါ"

လွှမ်းမိုးနိုင်က တလွဲတွေတွေးပြီး သျှောက်ပြောနေသည်။ ကားလေးက ခေါင်တိုင်လမ်းခွဲမှနေ အင်လေးဟိုတယ်ဘက် လမ်းချိုးအတိုင်း ချိုးလာသည်။

သိပ်မကြာခင်မှာပင် အင်းလေးဟိုတယ်တွင်းသို့ ပြန်ရောက်လာကြ၏။

❋ ❋ ❋ ❋

"ခဏလေး ဖူးမွန်၊ နင် ကားပေါ်က ခဏစောင့်ဦး၊ ငါ ညွှန့်ကြိုဆောင်ကို ခဏသွားလိုက်ဦးမယ်"

ကားရပ်သည့်နေရာနှင့် ညွှန့်ကြိုဆောင်လေးက နည်းနည်းတော့ ဝေးသည်။

ဖူးမွန်က ခုမှ သတိဝင်လာဟန်ဖြင့်. . .

"နင်ဘာသွားလုပ်မလို့လဲ လွှမ်းမိုးနိုင်"

"ငါ့အခန်းပြန်အပ်ပြီး နင့်အခန်းထဲမှာ ငါပေါင်းနေဖို့ သွားလုပ်ရဦးမယ်လေဟာ"

"ဩော်. . . အေး. . . အေး၊ သွား သွား"

လွှမ်းမိုးနိုင် ပျော်ရွှင်တက်ကြွစွာဖြင့် ထွက်သွားသည်။ လွှမ်းမိုးနိုင် အဆောင်တွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ခဏလေး စောင့်လိုက်၏။



လွှမ်းမိုးနိုင် သူမမြင်ကွင်းထဲမှ ပျောက်သွားသည်နှင့် ဖူးမွန် ချက်ချင်း ထိုင်ခုံပြောင်းထိုင်လိုက်သည်။ ကားသော့နေရာကို လှမ်းကြည့်လိုက်သည်။

ကံကောင်းထောက်မစွာပင် ကားထဲမှာ သော့တန်းလန်း ကျန်ခဲ့သည်။

ဖူးမွန် သော့တွဲကိုဖြုတ်၍ သော့တစ်ချောင်း ကမန်းကတန်း ဖြုတ်သည်။ ထို့နောက် အနားမှ ဖြတ်သွားသော ဟိုတယ် အမှုထမ်းတစ်ယောက်ကိုခေါ်၍. . .

"အဲဒီသော့လေး အခုဝင်သွားတဲ့ ကိုလွှမ်းမိုးနိုင်ကို ပေးလိုက်ပါနော်"

အမှုထမ်းက 'ဟုတ်ကဲ့' ဟု ဆိုပြီး ယူသွားသည်။

ဖူးမွန်က စက်နှိုးလိုက်သည်။

ထို့နောက် ကားကို ခပ်ကြမ်းကြမ်းပင် နောက်ပြန်ဆုတ်လိုက်ပြီး ဟိုတယ်ဝင်ထွက်ပေါက်ဆီသို့ဦးတည်၍ ကားကို တအားမောင်းလာခဲ့သည်။

ထို့နောက် အလွန်လမ်းရှင်းနေသော ဟိုတယ်အဝင်လမ်းအတိုင်း ဆယ့်လေးမိုင်ခရီးကို တရကြမ်းမောင်းထွက်ခဲ့သည်။

❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကားလက်ဘေးမှ သစ်ပင်များ၊ အဆောက်အအုံများ၊ တောင်ကြီးများက ရိပ်ခနဲရိပ်ခနဲ နောက်ကျန်နေခဲ့သည်။

ဖူးမွန် ကြောက်ကြောက်လန့်လန့်နှင့် ကားကို တအား မောင်းလာခဲ့သောကြောင့် ကား၏အရှိန်က မတရားများပြားနေသည်။ သို့သော် ဖူးမွန်ခေါင်းထဲမှာ ဒါတွေ တစ်ခုမှ ဂရုမထားနိုင်။ အရေးအကြီးဆုံးက လွှမ်းမိုးနိုင်နှင့် အဝေးဆုံးနေရာ အမြန်ဆုံးရောက်အောင် ထွက်ပြေးဖို့။

ဖူးမွန်သည် ကားကို ရေရှည်သုံးရန် မရည်ရွယ်။ အထူးသဖြင့် ရွှေညောင်အထိပင် သည်ကားကို မယူသွားရဲ။ သို့အတွက် လွှမ်းမိုးနိုင်အတွက် သော့တစ်ချောင်း ပြန်ပေးခဲ့ခြင်းဖြစ်သည်။

ကလော တောင်ကြီး ကားလမ်းပေါ်ရောက်သည်နှင့် ထိုကားကို ထားပစ်ခဲ့တော့မည်။ ကားလမ်းပေါ်ဖြတ်လာသော ကားတစ်စီးစီးကို တားပြီး တောင်ကြီးအထိရောက်အောင်တက်မည်။

ပြီးလျှင် တစ်နေရာရာမှာ သွားပုန်းခိုရမည်။



ဘုရား . . ဘုရား၊ ခုမှ သတိရသည်။ တစ်နေရာရာမှာ သွားပုန်းခိုဖို့ဆိုတာ တည်းခိုခန်းတစ်ခုမှာပဲ ပုန်းရမည့်ကိစ္စ။ တောင်ကြီးမှာ အသိမိတ်ဆွေတောင်မှ ရှိတာမဟုတ်။ တည်းခိုခန်း တည်းဖို့ မှတ်ပုံတင်က သူမဆီပါမလာခဲ့။ ဟိုတယ်မှာ အပ်ထားဖို့ လွှမ်းမိုးနိုင် ပြန်ယူသွားပြီ။

အဝတ်အစားတွေလဲ တစ်စုံမှ အပိုယူမလာ။

"ပိုက်ဆံ"

ပိုက်ဆံကော ပါရဲ့လား။

ဖူးမွန် ပျာပျာသလဲနှင့် သူ့စလင်းဘက်ကို လှမ်းယူသည်။

"ဟင်း"

ပြဿနာမှ ပြဿနာအစစ်။ အိတ်ထဲမှာ ပိုက်ဆံနည်းနည်းပဲ ရှိသည်။ အလွန်ဆုံးရှိမှ လေးငါးရာ။ သူမမှာပါလာသည့် ပိုက်ဆံတွေက ဟိုတယ်က အဝတ်အိတ်ထဲမှာ။

ကားထဲမှာများ ရှိနေမလား၊ ကားဘေးတံခါးအံလေးထဲကို ငုံ့ကြည့်သည်။

"အို"

ဘာပိုက်ဆံမှမရှိ။

ပိုက်ဆံမရှိသော်လည်း တစ်လမ်းလုံး လွှမ်းမိုးနိုင် သောက်လာသည့် လစ်ပိုပုလင်းလေးတွေတော့ ရှိသည်။

ခုမှ စိတ်ဝင်စားစွာဖြင့် ကားကို လက်တစ်ဖက်ဖြင့်ထိန်းရင်း ကျန်လက်တစ်ဖက်ဖြင့် အဖုံးကို ဖွင့်လိုက်သည်။ အဖုံးက လွယ်လွယ်ကူကူပင် ပွင့်သွားသည်။ ပွင့်သွားသောပုလင်းဝမှနေ အတွင်းကို နမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

လစ်ပိုလုံးဝမဟုတ်။ ဒါဖြင့် ဘာတွေလဲ။

သည်အနံ့။

သည်အနံ့ကို ဖူးမွန် ရေးတေးတေး မှတ်မိသလို ဖြစ်နေသည်။ အနံ့က ထန်းလျက်ရည်နံ့လိုလို ဘာလိုလို၊ အရောင်ကလည်း ညိုပုပ်ပုပ်အရောင်။

မှတ်မိပြီ။ ဒါ ချောင်းဆိုးပျောက်ဆေးရည် အနံ့။

ခု ကြီးမှ ချောင်းဆိုးပျောက်ဆေးရည်မျိုး မသောက်ဖူးတော့သော်လည်း၊ ဟိုးခပ်ငယ်ငယ်တုန်းက မေမေသောက်နေကျချောင်းဆိုးပျောက်ဆေးရည်။ သူမလည်း တစ်ခါသောက် လက်ဖက်ရည် တစ်ဇွန်းလောက် သောက်ဖူးသည်။ ဆက်ဒီတော့လို အနံ့။ ဆက်ဒီကော့တော့ ဟုတ်ချင်မှဟုတ်မည်။

ဖူးမွန်ခေါင်းထဲမှာ လက်ခနဲ တစ်ခုသတိရ၏။

"ဖင်ဆီဒိုင်း"

ဖင်ဆီဒိုင်းတွေများ ဖြစ်နေမလား။ ဖင်ဆီဒိုင်းဆိုတာကို တစ်ခါမှမြင်ဖူး၍ အပ်ချမတ်ချတော့မသိ။

သို့သော် ကြားဖူးနားဝရှိသလောက် ဖင်ဆီဒိုင်းဆိုသည်မှာ ချောင်းဆိုးပျောက်ဆေးပင် ဖြစ်သည်။

ကော်မက်သာဇင်တို့၊ ဖင်ဆီဒိုင်းတို့ ချောင်းဆိုးပျောက်ဆေးများမှာ သည်နေ့ခေတ်တွင် ဆေးအညွှန်းထက် အများအပြားပိုသောက်ပြီး မူးရစ်ဆေးဝါးအဖြစ် မှီဝဲနေကြသည်။

လွှမ်းမိုးနိုင်၏ အပြစ်ဆိုသည်မှာ မူးယစ်ဆေး စွဲနေတာပါလား။ ဘုရား. . . ဘုရား၊ ကံကောင်းလို့. . . ကံကောင်းလို့ ဖူးမွန်



ဘိန်းစားမယားဖြစ်တော့မလို့။

သို့သော် ခုလည်း ပြောလို့မရသေး။

သူ့လက်ကလွတ်အောင် မတရားပြေးရဦးမည်။

ဖူးမွန်ရှေ့မှာ ဒုက္ခတွေ ဘယ်လောက်တန်းစီ စောင့်နေဦးမည်မသိ။ ခုပင် ပိုက်ဆံလေးက မဖြစ်စလောက်၊ မှတ်ပုံတင်ကတ်ပြား မပါ၊ သူများကား ခိုးပြီးမောင်းနှင်လာသည့်ဘဝ။ လွှမ်းမိုးနိုင် စိတ်ကူးရ၍ ဟိုတယ်ကနေ ဖုန်းဖြင့် သည်လမ်းကထွက်လို့ရသမျှ ထွက်ပေါက်အားလုံးကို ပြည်သူ့ရဲစခန်းတစ်ခုခု လှမ်းဆက်ပြီး ကားခိုးမှုနှင့် လှမ်းတိုင်၊ ဖမ်းခိုင်းလို့ရသည်။

သည်ခေါင်တိုင်လမ်းအထွက်မှာပင် ရဲစခန်းတစ်ခုရှိသည်။

"ဘုရား. . . ဘုရား၊ သူ့လက်က လွတ်မှလွတ်ပါ့မလား"

ဘုရားကြီးလွှတ်တ၍ ဖူးမွန် ကားကို အမြန်ဆုံးမောင်းသည်။ ကွေ့တစ်ကွေ့။

သည်ကွေ့မှာ တခြားဘက်က ကားလာမလာ မမြင်ရ။

ဖူးမွန် ထိုကွေ့မှာ နည်းနည်း အရှိန်လျှော့လိုက်သော်လည်း မှေ့ပြီး ဟွန်းမတီးလိုက်မိ။ ဘွားခနဲ အကွေ့ကို ကွေ့ချလိုက်မှ မျက်နှာချင်းဆိုင်မှလာသော ကားတစ်စီးကို မြင်လိုက်ရသည်။

"အား"

ဖူးမွန် လန့်ဖျန့်ပြီး ဘရိတ်ကိုနင်းသည်။ ကြောက်လန့်ပြီး မျက်လုံးအစုံကိုလည်း မှိတ်ထားလိုက်သည်။

ကားက လည်ထွက် သွားသည်။ တိုက်ပြီဟု ဖူးမွန် ထင်လိုက်ပြီး ကားနှစ်စီး ရင်ဆိုင်တိုက်မှုကြောင့် ဝုန်းခနဲပေါ်ထွက်လာမည့် အသံကြီးကို စောင့်နားထောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုသူမလည်း သေပြီဟု တွက်ထားလိုက်သည်။

"ကျွဲ"

❋ ❋ ❋ ❋

"ဒုန်း"

ကားချင်းတိုက်မိသည့်အသံ ပေါ်ထွက်လာသည်။

ပြင်းထန်သော အရှိန်ကြီးတစ်ခုဖြင့် တစ်ခုခုက သူမကို လာထိခိုက်တော့မည့်ကိစ္စကို ဖူးမွန် မျက်စိမှိတ်ပြီး စောင့်လိုက်သည်။ သို့သော် ထိခိုက်မှုက တော်တော်နှင့် ရောက်မလာ။

သည်အခါမှ ဖူးမွန် မရဲတရဲ မျက်စိဖွင့်ကြည့်လိုက်သည်။

"ဟင်"

ဖူးမွန် သူ့မျက်လုံးကိုပင် သူမ မယုံ။

နှစ်ဖက်လုံး ဘရိတ်အုပ်လိုက်သဖြင့် နည်းနည်းပါးပါးလေးသာ ထိမိသွားသောကိစ္စ။ ဘာဆို ဘာမှမဖြစ်။

သို့သော် သည့်ထက် အံ့သြစရာကောင်းသော ကိစ္စကတော့ မောင်းလာသောကားနှင့် တိုက်မိသောကားက တခြားမဟုတ်။ အိမ်မှာ ဖေဖေ သူမ စီးဖို့ပေးထားသည့်ကား။ မာစီဒီးနက်ပြာရောင်ကြီး။ ကားပေါ်ကဆင်းလာသူက တခြားမဟုတ်။

အိမ်မှာမောင်နေကျ ဒရိုက်ဘာလည်း မဟုတ်။

ကိုကြီး. . .

ကိုကြီးပါလား။

❋ ❋ ❋ ❋



## အခန်း (၈)

"ဟင်. . . ဖူးမွန်၊ လွှမ်းမိုးနိုင်ကော"

ကိုကြီးက ဖူးမွန်ကိုမြင်သော ခဏ သူမကားဆီသို့ တအားပြေးချလာသည်။

ဖူးမွန်က ပျာ့ပျာသလဲဖြင့်. . . .

"အဲဒါ မေးမနေနဲ့ကိုကြီး၊ အခု ကိုကြီး ဘယ်ကလာတာလဲ၊ ဘာကိစ္စနဲ့ လာတာလဲ"

"ဖူးမွန်ကို လာရှာတာ ဖူးမွန်၊ ကိုကြီး တောင်ကြီးရောက်ခဲ့ပြီးပြီ၊ တောင်ကြီးက ဟိုတယ်ရော၊ တည်းခိုခန်းတွေရော၊ မနေ့ညကတည်းက နှံ့နေအောင်ရှာပြီးပြီ၊ ဒီမနက်ကျမှ သတိရလို့ တောင်ကြီးဟိုတယ်ကနေ အင်းလေးဟိုတယ်ကို ဖုန်းဆက်ပြီးမေးတော့ ဒီမှာ ဖူးမွန်တို့ တည်းနေတယ်ဆိုတာသိရပြီး၊ ခုလိုက်လာခဲ့တာ"

"ဒါဖြင့် ဒီလိုလုပ် ကိုကြီး၊ ဖူးမွန် ဒီကားထားခဲ့မယ်၊ အဲဒီကားနဲ့ ဖူးမွန် လိုက်ခဲ့မယ်၊ ဖူးမွန်ကို ခုလောလောဆယ် ဒီနေရာနဲ့ ဝေးတဲ့နေရာ ခဏခေါ်သွားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဖူးမွန်၊ ဘာတွေဖြစ်လဲဆိုတာ အရင်ပြောပြပါဦး"

"ဒါတွေ နောက်မှမေး ကိုကြီး၊ ဖူးမွန် အရမ်းအရေးကြီးလာတယ်။ သိချင်ရင်လဲ လမ်းကျမှ ဖူးမွန်ပြောပြမယ်။ ဒါမှ မဟုတ်ရင်တော့ ကိုကြီးဖယ်၊ ဖူးမွန်ကိစ္စ ဖူးမွန်ဟာရှင်းတော့မယ်"

ကိုကြီးက ဖူးမွန်ကို တစ်ချက်လှမ်းကြည့်ပြီး. . .

"အဲလိုတော့မဖြစ်ဘူး ဖူးမွန်၊ အဲဒါဆို ကိုကြီးမောင်းလာတဲ့ကားပေါ် ဖူးမွန်တက်၊ ကိုကြီးမောင်းပေးမယ်၊ လွှမ်းမိုးနိုင်ကားကိုကော ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်နဲ့၊ ဒီတိုင်းထားခဲ့မယ်၊ အဲ. . . ဒီအတိုင်းတော့မဟုတ်ဘူး၊ လမ်းဘေးကပ်ရပ်ပြီး ဖူးမွန် တံခါးတွေ အကုန်သော့ခတ်ထားခဲ့မယ်၊ သူ့ကား သူ့ဟာသူ လာယူလိမ့်မယ်၊ သူ့မှာသော့တစ်ချောင်းရှိသေးတယ်"

ဖူးမွန်က ပြောပြောဆိုဆိုနှင့် ကားကို နောက်ဆုတ်ဘေးကပ်ရပ်လိုက်သည်။ တံခါးသော့တွေကိုလည်း ပိတ်လိုက်သည်။ အောက်ဆင်းခါနီးမှာ သတိရ၍ လစ်ပိုပုလင်းတစ်လုံး ကောက်ယူလာခဲ့သည်။

* * * *

"ဟုတ်တယ် ဖူးမွန်၊ အဲဒါဖင်ဆီဒိုင်းတွေပဲ၊ အဲဒါကြီးကားပေါ်သယ်မလာနဲ့၊ လွှင့်ပစ်လိုက်တော့၊ လွှမ်းမိုးနိုင် ဖင်ဆီဒိုင်းတွေသောက်နေတာ တော်တော်ကြာပြီ၊ ဖူးမွန်ကို ကိုကြီး သတိပေး



တာ အဲဒီကိစ္စကြောင့်ပဲ"

ဖူးမွန်က သူမကြုံတွေ့ခဲ့သည့် အဖြစ်အပျက်များအားလုံးကို ပြောပြလိုက်သည်။ လမ်းဆုံမှာ ကားကိုလည်း တောင်ကြီးဘက်မမောင်းနိုင်းတော့ဘဲ ရန်ကုန်ဘက် ပြန်မောင်းခိုင်းသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ နောက်မှ ဘာတွေပဲကြုံကြုံ လောလောဆယ် ဖေဖေ့ဆီပဲ ဖူးမွန် ပြန်မည်။ ဟိုရောက်မှ အကျိုးအကြောင်းပြောပြပြီး သည်ပြဿနာတွေကို တစ်နည်းနည်းနှင့် ဖေဖေ့ကိုပဲ ရှင်းခိုင်းတော့မည်။

ကိုကြီးက သက်ပြင်းချရင်း. . .

"ဖူးမွန်တို့ ထွက်သွားတဲ့ညက ညတွင်းချင်းပဲ အန်ကယ်ဦးချစ်အောင် ကိုကြီးကိုလိုက်ရှာပြီး ဒီအကြောင်းတွေပြောပြတယ်၊ ဒါပေမယ့် ကိုကြီးက နောက်တစ်နေ့မှာ ကိစ္စတစ်ခုလုပ်စရာရှိလို့ နောက်တစ်နေ့ နေ့လယ်မှ ကားနဲ့လိုက်လာခဲ့တာ"

"ဘာကိစ္စလဲ"

"ဆယ့်ကိုလမ်းမှာ ဖူးမွန်တွေ့ခဲ့တဲ့ ချိုချိုကို နိုင်ငံခြားသွားဖို့ လေဆိပ်လိုက်ပို့တာ ဖူးမွန်၊ သူက ကိုကြီးကို ဒေါ်မြတ်မဥ္ဇူခင် လုပ်ခိုင်းထားတဲ့ အလုပ်တစ်ခုရဲ့ပိုင်ရှင် ကိုကြီးအလုပ်ရှင်ရဲ့သမီး"

"ဪ. . . အလုပ်ရှင်သမီးက ကိုကိုတဲ့လား"

"သူက အဲလိုပဲ ကိုကြီးကိုခေါ်တယ်၊ ထားပါလေ၊ ရှင်းရှင်းပြောရရင်တော့ ချိုချိုက ကိုကြီးကို စိတ်ဝင်စားတာအမှန်ပဲ၊ ဒါပေမယ့် ကိုကြီးက သူ့ကို ပွင့်ပွင့်လင်းလင်းပဲပြောပြပြီး ကိုကြီးမှာ ဖူးမွန်ဆိုတဲ့ ချစ်သူရှိတဲ့အကြောင်း အသိပေးထားပါတယ်၊ သူကလဲ နားလည်ပါတယ်၊ အဲဒီနေ့ကတော့ သူကလဲ နောက်နေ့ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှာဆိုတော့ သူစိတ်ချမ်းသာအောင် သူသွားချင်တဲ့နေရာတွေ ကိုကြီး လိုက်ပို့နေတာ"

"တစ်ညလုံးကျတော့ကော"

"တစ်ညလုံးနေမယ်ဆိုတဲ့စကား ဖူးမွန် ကြားလို့လား"

"ကြားတာပေါ့၊ ဖူးမွန်က ဒီဘက်ကားမှာ"

"ဩော် ဒီလိုလား၊ ဒီလို ဖူးမွန်၊ တစ်ညလုံးဆိုတာ စကားအဖြစ်ပြောတာပါ၊ အဲဒီညက ဆယ့်နှစ်နာရီလောက်အထိ သူ့ကိုနေရာစုံလိုက်ပို့နေရတယ်၊ ပြီးတော့ သူ့အိမ်ကို ပြန်ပို့ပေးလိုက်တာပါပဲ၊ ဒါကြောင့် အန်ကယ်ဦးချစ်အောင်နဲ့ ကိုကြီး၊ ကိုကြီးပြောင်းနေတဲ့အိမ်မှာ သွားပြန်ဆုံတာပေါ့"

"ကိုကြီးအိမ်ကို ဖေဖေက သိလို့လား"

"ဒေါ်မြတ်မဥ္ဇူခင်ကို ကိုကြီးလိပ်စာ ပေးထားတာပဲ၊ အန်ကယ်က ဒေါ်မြတ်မဥ္ဇူခင်ကို မေးပြီးတော့ လိုက်လာမှာပေါ့၊ ဩော် . . . ဒါနဲ့ အန်ကယ်နဲ့ဒေါ်မြတ်မဥ္ဇူခင်လဲ လက်မထပ်ဖြစ်တော့ဘူးလို့ အန်ကယ်က ဖူးမွန်ကို သေချာပြောပြလိုက်ပါတဲ့"

"ဘာဖြစ်လို့"

"ဖူးမွန် စိတ်ဆင်းရဲမှာစိုးလို့ နှစ်ဦးသဘောတူ နောက်ဆုတ်လိုက်ကြတယ်တဲ့၊ နောက်ပြီး ကိုကြီးနဲ့ ဖူးမွန်ကိစ္စကို သူ ဘာမှမကန့်သတ်ထားတော့ဘူး၊ ကိုကြီးတို့ လက်ထပ်ချင်တဲ့အချိန်မှာ လက်ထပ်ကြတော့တဲ့"

"အဲဒါကော ဘာဖြစ်လို့လဲ"

"ဖူးမွန် အချစ်ကို သူ လျှော့တွက်လိုက်သလို ဖြစ်သွားတယ်တဲ့။ တကယ်တမ်းကျတော့ ဖူးမွန်စိတ်ဟာ ကိုကြီးအပေါ်မှာ



ကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့ရတော့မှာမဟုတ်ဘူးဆိုတာ သူ နားလည်သွားပြီတဲ့"

"ဒါပေမယ့် ဖူးမွန်က လွှမ်းမိုးနိုင်နဲ့ လက်ထပ်ပြီးနေပြီကိုကြီး"

ကိုကြီး ခေါင်းညိတ်ပြီး. . .

"ဒါတွေကတော့ ဖြည်းဖြည်းချင်း ရှင်းယူရမှာပေါ့ ဖူးမွန်တစ်ခုတော့ရှိတာပေါ့လေ၊ ဒီကိစ္စတွေ ရှင်းလို့မပြီးမချင်း ကိုကြီးနဲ့ဖူးမွန် လက်ထပ်လို့တော့ မရဘူးပေါ့"

"အဲဒီတော့ ကိုကြီးက အရင်လိုပဲ အဝေးကြီးမှာသွားနေဦးမှာလား"

ကိုကြီးက ရယ်သည်။

"မနေတော့ပါဘူး ဖူးမွန်၊ ဖူးမွန်နားမှာ ကိုကြီး အမြဲရှိနေမှာပါ၊ လက်မထပ်သေးတာကလွဲရင် ကိုကြီးနဲ့ ဖူးမွန် မောင်နှမတွေလို အန်ကယ်ဦးချစ်အောင်ရဲ့ စောင့်ရှောက်အုပ်ထိန်းမှုအောက်မှာနေလို့ရပါတယ်"

"ဟင်း"

ဖူးမွန် သက်ပြင်းချသည်။

ဖေဖေပြောသလို ရန်ကုန်မှာ တစ်ရက်လောက်သာ ထင်နေမိလျှင် သည်လိုဖြစ်မှာမဟုတ်ဘူးလို့ နောင်တရစွာ တွေးမိသည်။

ခုကျတော့ ပြဿနာတွေက ရှင်းရဦးမည်။

အမြန်ဆုံး ရှင်းလို့ရပါစေဟုသာ ဆုတောင်းရန် ရှိတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

တောင်ကြီးမှာ လွှမ်းမိုးနိုင် မူးယစ်ဆေးဝါးအမှုနှင့် အဖမ်းခံနေရသည်ဟူသော သတင်း။

ဖြစ်ပုံက ဖူးမွန် ထွက်ပြေးသွားသည့်ပြီးသည့်နောက် လွှမ်းမိုးနိုင် လိုက်ရှာရင်း ကားကိုတော့ ပြန်တွေ့သွားသည်။

ဖူးမွန် ဘယ်ရောက်သွားမှန်း သူမသိ။

သို့အတွက် ကားတစ်စီးနှင့် ရွှေညောင်၊ ညောင်ရွှေ၊ တောင်ကြီးကို လိုက်ရှာသည်။ လိုက်ရှာရင်း သူ့မှာ ပါလာသည့် ဖင်ဆီဒိုင်းများ ကုန်နေသည်ကို သတိရ၍ တောင်ကြီးမှာ လိုက်ဝယ်သည်။

အတော့်ကို ခက်ခက်ခဲခဲ ရှာတော့မှ ရနိုင်သည့်နေရာတစ်ခုကို သူသတိရသည်။

ဖြစ်ချင်တော့ သူသွားဝယ်သည့်အချိန်မှာ ရဲကလည်း အထူးစီမံချက်ဖြင့် ထိုနေရာကို ဝင်ဖမ်းချိန်ဖြစ်သည်။ သူလက်ထဲမှာလည်း ပစ္စည်းတွေ လက်ပူးလက်ကြပ်နှင့် သူရော ရောင်းသူပါ



အဖမ်းခံရသည်။

သူ့နောက်သို့ သူ့အိမ်က လိုက်တော့သွားကြ၏။

ဘယ်လိုဆက်ဖြစ်မည် ဆိုတာကိုတော့ ဘယ်လိုမှ မမျှော်မှန်းနိုင်တော့။

* * * *

"ဖေဖေပြောတဲ့ စကားဟာ အဲဒါပဲသမီး၊ လောကမှာ တချို့အမှားတွေဟာ ပြင်ရသိပ်ခက်တယ်ဆိုတာ၊ အခု သမီးမှာ အဲဒီအတိုင်းဖြစ်ခဲ့တာ၊ ဘာပြောပြော လွှမ်းမိုးနိုင်နဲ့သမီး လက်ထပ်ခဲ့တာ တရားဝင်၊ သူကသာ ကွာမပေးရင် သမီး ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ နောက်ထပ် လက်ထပ်လို့ မရတော့ဘူး၊ လက်ထပ်ရင်လဲ သမီးနဲ့လက်ထပ်တဲ့သူဟာ မယားခိုးမှုနဲ့ တရားစွဲခံရမှာပဲ"

ဖေဖေက စကားကို ခဏရပ်ပြီး ဖူးမွန်နှင့် ကိုကြီးကို လှမ်းကြည့်ပြီးမှ ဆက်၍....

"ဒါပေမယ့် အခုတော့ လွှမ်းမိုးနိုင်ကလဲ ဖြစ်တာတွေ အကြောင်းစုံသိပြီး သူလဲ တရားဥပဒေ အဆုံးအဖြတ်နဲ့ အနည်းဆုံး လေးငါးနှစ်ဆိုသလို ထောင်ကျခံရဦးမှာဆိုတော့ တစ်ဆင့်စကားနဲ့ ပြေလည်အောင် သူလုပ်ပေးမယ်၊ ကွာပေးပါ့မယ်လို့တော့ ပြောလိုက်တာပဲ သမီး၊ တကယ်လို့ လွှမ်းမိုးနိုင်ကသာ စိတ်ပြောင်းပြီး ကွာမပေးရင်တော့..."

"ကိစ္စမရှိပါဘူး ဖေဖေ၊ ဒီကိစ္စက သမီးအပြစ်နဲ့ သမီးဆိုတော့ ဖြစ်သမျှဒဏ် သမီးခံရမှာပေါ့၊ လွှမ်းမိုးနိုင်က ကွာမပေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ဲ့ရင်လဲ သမီး ကိုကြီးနဲ့ လက်မထပ်ပါဘူး၊ အခုအတိုင်းလဲ သမီး နလို့ရပါတယ်၊ ကိုကြီက သမီးအနားမှာ အမြဲရှိနေပြီပဲ"

"လွှမ်းမိုးနိုင် အပြင်ပြန်ရောက်လာရင် သမီးက သူ့မိန်းမ၊ ဉ့မိန်းမကို လက်ခံဖြားယောင်းထားသူကို တရားစွဲမယ်ဆိုပြီး သမီး ိ အတင်းပြန်ခေါ်ရင် သမီး လိုက်သွားရမှာ"

"ဟင်. . . ဟုတ်လား ဖေဖေ"

"ဟုတ်တယ်သမီး၊ ဒါကြောင့် ပြင်မရတဲ့အမှား ဖြစ်မှာ းရိမ်တယ်လို့ ဖေဖေက ပြောတာပေါ့"

"ဒါဖြင့် အခုကော သမီးအမှားက တစ်သက်လုံးပြင်လို့ ရဲတော့ဘူးလား"

"ကဲ. . . မောင်မင်းထက်၊ ဒီကိစ္စကို မင်းပဲ ဆက်ရှင်းပြ ိုက်ပါတော့ကွာ၊ အန်ကယ်လဲ အလုပ်ကိစ္စတွေ ရှိသေးတယ်၊ မင်း ို့မောင်နှမ ဒီမှာအေးအေးဆေးဆေးသာ ဆက်နေပြီး စကားပြော ဦ"

ပြောပြောဆိုဆိုနှင့် ဦးချစ်အောင်က အခန်းထဲမှ ထွက် ွားသည်။

အပေါ်ထပ်ဧည့်ခန်းထဲမှာ ဖူးမွန်နှင့်မင်းထက် နှစ် ယာက်သာကျန်ခဲ့သည်။

ဖူးမွန်က မင်းထက်ကို အားကိုးတကြီး မျက်နှာဖြင့် လှမ်း ကြည့်လိုက်၏။ အခုမှ ဖူးမွန်ရင်ထဲ ပူလာရပြန်ပြီလေ။

✻ ✻ ✻ ✻



# အပိုင်း (ငါး)

နီဂိုးချုပ်

## တောင်များပေါ်ကတိမ်၊ တိမ်များပေါ်ကငှက်

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား၊ ကိုကြီး. . . ဟင်၊ ဒီအတိုင်းဆို ဖူးမွန်နဲ့ ကိုကြီး ဘယ်တော့မှ မပေါင်းရတော့ဘူးလား"

"အန်ကယ် ပြောတဲ့အနေအထားဆိုရင် ဖူးမွန်နဲ့ ကိုကြီး ဘယ်လိုမှ ပေါင်းလို့မရတော့ဘူးပေါ့"

"ဟာ. . . အဲဒါဆို ဘယ်လိုလုပ်မလဲ ကိုကြီးရယ်၊ လုပ်ပါဦး၊ ကိုကြီး မကြံတတ်တော့ဘူးလား၊ ကိုကြီး ဘာမှမလုပ်တတ်တော့ဘူးလား"

ကိုကြီးက ခေါင်းခါပြီး. . .

"ကိုကြီးဘယ်လိုလုပ်တတ်မှာလဲ ဖူးမွန်၊ ဖူးမွန်ပဲ ပြောတာပဲ၊ ကိုကြီးက တောင်ပေါ်ကတိမ်ပဲဆို၊ ဖူးမွန်က တိမ်ပေါ်က ငှက်ဆို၊ တိမ်ပေါ်ကငှက်က ထင်ရာစိုင်း ပျံခဲ့တာကိုး. . .

. . . အတောင်မပါတဲ့ ကိုကြီးက ဘယ်လိုလုပ် လိုက်မီအောင်တက်ပြီး ဖြေရှင်းနိုင်တော့မှာလဲ"

ဖူးမွန် ငိုတော့မည့်အသွင် ဖြစ်လာသည်။



မျက်ရည်များ ကလယ်ကလယ်ဖြစ်လာရင်း. . .

"ဖူးမွန်ကို အဲလို ကလဲ့စားမချေပါနဲ့ ကိုကြီးရယ်၊ အဲဒါတွေအားလုံးဖြစ်ခဲ့တာဟာ ကိုကြီးကို ဖူးမွန် ချစ်လွန်းလို့ပဲ။ ကိုကြီးနဲ့ဘဝမှာ မပေါင်းရတော့ဘူးဆိုပြီး ထင်ရာတွေလုပ်ခဲ့မိတာပါ"

"ကိုကြီးပြောတာ အဲဒါပဲ ဖူးမွန်၊ ဖူးမွန်ကို ကိုကြီး ပြောမြခဲ့တဲ့ တောင်များပေါ်ကတိမ်၊ တိမ်များပေါ်ကငှက်ဆိုတာ အဲလိုမျိုးပရမ်းပတာ လျှောက်လုပ်ဖို့ပြောတဲ့ ကိစ္စမျိုးမဟုတ်ဘူး. .

. . အင်မတန် တန်ဖိုးရှိတဲ့ ဘဝနဲ့ဆိုင်တဲ့ ဥပမာကောင်းလေးအဖြစ်နဲ့သာ သုံးစေချင်တာ"

"ဟုတ်ပါတယ်၊ ဖူးမွန် နောင်တရပါပြီလို့ ပြောနေပြီပဲ"

"မှန်ပါတယ်၊ ခုလဲ ခုန အန်ကယ် ပြောသွားတာတွေက ဖြစ်နိုင်တာတွေ ပြောသွားတာပါ. .

. . ဒါပေမယ့် ဖူးမွန် မစိုးရိမ်ပါနဲ့တော့၊ လွှမ်းမိုးနိုင် လက်မှတ်ထိုးပေးလိုက်တဲ့ ကွာရှင်းစာချုပ် ကိုကြီး လက်ထဲရောက်နေပါပြီ"

"ဟင်. . . တကယ်ပြောတာ၊ ဟုတ်လား ကိုကြီး"

"ဟုတ်ပါတယ် ဖူးမွန်၊ ဒါလဲ ကိုကြီး မညာပါဘူး၊ လွှမ်းမိုးနိုင်ကိုသွားတွေ့တဲ့ သူ့အမေက အဲဒီစာချုပ်ကို ပြန်ယူလာပြီး ဒေါ်မြတ်မဥ္ဇူခင်ကတစ်ဆင့် ကိုကြီးကို ပေးလိုက်တာ၊ ကိုကြီး လက်ထဲရောက်နေပါပြီ"

"ဟာ. . . ဝမ်းသာလိုက်တာ ကိုကြီးရာ၊ ခုမှပဲ ဖူးမွန် စိတ်အေးတော့တယ်"

"ဒါပေမယ့် ဖူးမွန်ကို ကိုကြီး တစ်ခုပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြော ကိုကြီး"

"ကိုကြီးတို့ ခု လက်မထပ်ကြပါနဲ့ဦး ဖူးမွန်ရယ်၊ အကောင်းဆုံး အကြံပေးချင်တာက ခုလိုပဲ အနီးကပ်နေနေတဲ့ ချစ်သူဘဝနဲ့ အချိန်တစ်ချိန်အထိ နေနေလိုက်ရအောင်ပါ"

"လုပ်ပြန်ပြီ ကိုကြီးကလဲ၊ ဘယ်အချိန်အထိလဲ"

"ဖူးမွန် ဘွဲ့ရတဲ့အထိ ပညာစုံမှ ကြင်ယာလဲ စုံကြရအောင်၊ အတောင်မစုံပဲ ပျံတဲ့ငှက်ဆိုတာ မုန်တိုင်းနဲ့မိရင် ဒုက္ခအကြီးအကျယ်ရောက်တတ်တယ်၊ အတောင်စုံတဲ့ ငှက်ကျတော့ မုန်တိုင်းနဲ့ ကြုံလဲ ရအောင်ပြန်ထွက်ဆန်တက်ပြီး တောင်ပေါ်ကိုလဲ တက်နိုင်တယ်၊ တိမ်တွေကိုလဲ ဖောက်နိုင်တယ်၊ အဲဒီလိုခံယူချက်နဲ့ ဖူးမွန်ရဲ့ ဘဝကို တိမ်များပေါ်ကငှက်ဖြစ်အောင် ကြိုးစားပါဦး အချစ်ရယ် . . . နော်"

ဖူးမွန် ခဏငြိမ်နေပြီးမှ ကျေနပ်စွာ ခေါင်းညိတ်သည်။ ထို့နောက် ပြုံး၍ . . .

"ဒါဆို ဖေဖေလဲ အရမ်းစိတ်ချမ်းသာသွားမှာပဲ"

"ဒါပေါ့ ဖူးမွန်၊ မိဘဆိုတာ ကိုယ့်သားသမီးကို ဟိုးအမြင့်တကာ့အမြင့်ဆုံးအရပ်မှာ မြင်ချင်ကြတာပဲ၊ တောင်ခြေတောင်အောက်က မြေပေါ်မှာပဲဖြစ်ဖြစ်၊ တောင်ကြီးလို ငုတ်တုတ်ဘဝ ဒဏ်ကို ခံနေရတာမျိုးဖြစ်ဖြစ် သူတို့စိတ်ထဲမှာ ဘယ်မြင်ချင်ပါ့မလဲ၊ သူတို့ရင်ခွင်ထဲကနေ အတောင်စုံမှ ပျံထွက်စေချင်တယ် . .

. . . ပျံထွက်ပြီဆိုရင်လဲ ဟိုးတိမ်ပေါ်မက လပေါ်၊ နေပေါ်၊ ရှုပ်ကြွယ်ပေါ်ရောက်အောင် ပျံတက်တာမြင်ချင်တာ မိဘ



တိုင်းရဲ့ဆန္ဒ"

"ဖူးမွန်နားလည်ပါပြီ ကိုကြီး၊ ဖူးမွန်အနည်းဆုံး ဘွဲ့တစ်ခုရအောင်တော့ နေပါဦးမယ်၊ ဒီကြားထဲမှာ ဖေဖေ့အမွေဆက်ခံနိုင်တဲ့ အမွေခံထိုက်သူဖြစ်အောင် ဖေဖေ့လုပ်ငန်းတွေကိုလဲ တစ်ဖက်က လေ့လာဦးမှာပေါ့"

"ကိုကြီးလဲ အဲလိုပဲဖြစ်စေချင်ပါတယ် ဖူးမွန်၊ တကယ်တမ်းကျတော့ ဖူးမွန်ဟာ ကိုကြီး မျှော်လင့်ထားတာထက်တောင် အများကြီး ပိုပြီးထက်မြက်ပါတယ်၊ တကယ်ဖြစ်ချင်လို့လုပ်ရင် တကယ်ဖြစ်အောင်လဲ လုပ်တတ်တဲ့မိန်းကလေးပါ

. . ခုလပိုင်းလေးမှာတောင် ဖူးမွန့် ကြိုးစားလိုက်တာနည်းလား၊ အင်္ဂလိပ်စာကိုလည်း ကိုကြီး သင်ထားတာထက်တောင် အများကြီးကျွမ်းနေပြီ၊ ကားမောင်းကျတော့ကော"

"အင်းပါ ကိုကြီးရယ်၊ ကိုကြီးဖြစ်စေချင်သလို ဖြစ်ရမယ်ဆိုတာ ဖူးမွန် ကတိပေးပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်"

"ဘာလဲဖူးမွန်"

"ဖူးမွန်နားမှာတော့ ကိုကြီး အမြဲရှိနေမယ်လို့ ဖူးမွန်ကို ကတိပေးနော်"

"ကတိပေးပါတယ် ဖူးမွန်ရယ်၊ ဖူးမွန်အနားကနေ ကိုကြီး ဘယ်တော့မှ မခွာတော့ပါဘူး၊ ဖူးမွန်အနားမှာပဲ ကိုကြီးအမြဲနေပါ့မယ်"

"အဲဒါကြောင့် ဖူးမွန် ကိုကြီးကို သိပ်ချစ်ရတာ လာပါဦး ဒီနားကို ခဏ၊ ဟိုတုန်းကထုံးစံလေး သတိရလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီကောင်မလေး လုပ်ပြန်ပြီ၊ ဘယ်နှယ့် လူကြီးကို. . . "

နှစ်ယောက်သား ရယ်လိုက်ကြ၏။

ရယ်သံလေးများက အခန်းနံရံများကို ပဲ့တင်ရိုက်၍ အထက်ဘဝဂ်ဆီသို့ တက်သွားလိုက်သည်မှာ တောင်များကိုကျော်၍ တိမ်များပေါ်ထိရောက်သွားသည် ထင်ရပါတော့သတည်း။

ပြီးပါပြီ။

ကြိုးစားပါဦးမည်။

နှမ်ဂျာသိုင်း

www.burmeseclassic.com